www.burmeseclassic.com

# ရင်မိုး

ဆေးတက္ကသိုလ်

မဝေးကြရို့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ရှင်မိုး (ဆေးတက္ကသိုလ်)

## မဖေဝးကြရဖို့

စာမူခွင့်ပြုချက်အမှတ် - ၈၉/၂၀၀၄ (၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၇၆/၂၀၀၄ (၂)

၂၀၀၄ ခုနှစ်၊ ဩဂုတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၃ဝိ/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။



# ရှင်မိုး

## (ဆေးတက္ကသိုလ်)

# မဖေဝးကြရဖို့

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## နိုင်ငံတော်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | နို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | နို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | နို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



အဝင်ဝတံခါးသည် အပြင်မှ တစ်ယောက်ယောက် တွန်းဖွင့်ဝင်လာလျှင် မြည်နေကျအသံအတိုင်း ခြူသံနှင့် ခေါင်းလောင်းသံများ တချွင်ချွင် ဆူညံသွားသောအခါ အလုပ်လုပ်နေဆဲ ဖေဖေရော သူပါ ခဏတ္တဖြုတ် ဖျတ်ခနဲ လှည့်ကြည့်လိုက်ကြလေသည်။

ဝင်လာသူကို မြင်လျှင်မြင်ချင်းပဲ ဖေဖေက သူ့ဘက်ပြန်ကြည့်ကာ ...

"မင်းဆီ လာတာ"

ဟု လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒီနှစ်ယောက်သော လူကြားမှာ နေရတိုင်း ဖြစ်မြဲ ဖြစ်နေကျ မသက်မသာ ခံစားမှုနဲ့အတူ ထိုဝင်လာသူကို ပြုံးပြလိုက်သည်နှင့် ...

"သားပြည့်"

ဟု သူ့ ဘာမှ စကားမစခင် ခေါ်လိုက်ပြီးသား မေမေ့အသံကို ကြားရသည်။

"မေမေ စကားခဏပြောချင်လို့"

"ဟုတ်ကဲ့"

"သားပြည့် ပြီးတော့မှာလား"

"ပြီးတော့မှာပါ၊ နောက်ငါးမိနစ်ဆို ပြီးပါပြီ"

"ဒါဆို မေမေ"

မေမေက ဆိုင်အတွင်းမှာရှိသည့် ညှပ်သည်ခုံတွေမှာပဲ ဝင်ထိုင်စောင့်လိုဟန် အမူအရာ ရှိနေပေမဲ့ ဖေဖေ့ကိုတော့ တစ်ချက် အကဲခတ်လိုက်လေသည်။

ဖေဖေက သူမထံ လှမ်းလည်း မကြည့်သော်ငြား မျက်မှောင်ကြီး တွန့်ချိုးနေတော့လျှင် မေမေ့မှာ ဝင်ထိုင်စောင့်ဖို့ မရဲတော့ဟန်ဖြင့် သက်ပြင်းချလျက် ...





"မေမေ ဘေးက ကော်ဖီဆိုင်လေးမှာ စောင့်နေမယ်နော်"

ဟု ပြောလိုက်ပါသည်။

"ဟုတ်ကဲ့ သား လာခဲ့ပါ့မယ်"

သူသည် မျက်နှာလေး ခပ်ညှိုးညှိုးနဲ့ ဆိုင်ထဲက ပြန်ထွက်သွားသော မေမေ့ကိုတစ်ချက်ကြည့်ပြီး သူ့အလုပ်သူ ဆက်အာရုံစိုက်လိုက်ပါသည်။

သူ့အတွက်တော့ မေမေ မျက်နှာညှိုးသည်ကို တွေ့ဖူးတာဟာ မကြာခဏမို့ သိပ်တော့မထူးဆန်း။

မိဘနှစ်ပါးဟာ သူ ဆယ်နှစ်သား အရွယ်ကျမှ လမ်းခွဲကြတာမို့ သူဟာ ဒီအခြေအနေကို အခုအသက်နှစ်ဆယ် အရွယ်မှာတော့ ရင့်ကျက်စွာ ရင်ဆိုင်နိုင်လေပြီ။

သူ့သဘောနဲ့သူ ဖေဖေနဲ့ နေရစ်ခဲ့ပေမဲ့ မေမေ သူ့ကို တွေ့ချင်၍ လာခေါ်တိုင်း (ထိုအချိန်မှာ ဖေဖေ သူ့အနားမှာ ရှိနေခဲ့လျှင်) သူ့မှာ တစ်ယောက်ယောက်အပေါ် တာဝန်မကျေသလို ခံစားရသော ခံစားချက်က ဖြစ်စမြဲ။ ဖေဖေ အနားမှာ မရှိခဲ့လျှင်တောင် သူ့ကို တွေ့လို၍ လာတွေ့တတ်သော မေမေ့ကို သူ အလိုလို အားနာနေတတ်ပြန်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဖေဖေနဲ့ ကျန်နေခဲ့သည့် အကြောင်းအရာအတွက် မေမေဟာ အပြစ်တင်စကား တစ်ခွန်းမျှပင် မဟခဲ့ပါဘဲ၊ သူက မေမေ့ကို သူ့ဘက်မှာ အပြစ်ကျူးလွန်မိသလို ခုချိန်ထိ ခံစားနေရစမြဲ။

"ဟောကျောင် ... အာရုံမများနဲ့၊ အလုပ်ကို ဂရုစိုက်ဦး။ ငါတို့က ဈေးသည်မဟုတ်ဘူးနော်။ ဈေးသည်တွေက သူတို့ရောင်းတဲ့ပစ္စည်း ပျက်နေရင် ကောင်းတာနဲ့ ပြန်လဲပေးလို့ရတယ်၊ ဆံပင်ညှပ်သမားကတော့ ကိုယ်ညှပ်လိုက်တဲ့ခေါင်းပုံပျက်သွားရင် အကောင်းနဲ့ ပြန်လဲပေးလို့ မရဘူး"

ဖေဖေကတော့ သူ့ကို မေမေ လာခေါ်တိုင်း သူ လိုက်သွားတိုင်း ဖြစ်နေကျဒေါသ ပိုပြင်းစွာပင် သူ့ကိုမဲပြီး ဆူပူတော့လေပြီ။

"ကိုနေမင်းတို့ သားအဖ လက်ရာတော့ ယုံပါတယ်ဗျာ"

သူ ညှပ်ပေးနေသော အန်ကယ်လ်က ရယ်မောရင်း ဝင်ပြောပါသည်။

"ပြီးပြီ အန်ကယ်လ်၊ ဒီမှာ ကြည့်ပါဦး"





သူက ဆံပင်အညှပ်ခံသော အန်ကယ်လ်ကြီး သူ့ခေါင်းပုံစံ သူပြန်မြင်ရအောင် စားပွဲတင်မှန်ဝိုင်းဖြင့် လိုက်ထိုးပြပေးပါသည်။

"အနေတော်ပဲ၊ ရပြီ မောင်ပြည့်"

ကျသင့်ငွေကို လက်ခံယူပြီးလျှင် သူက ဖေဖေ့ဆိုင်ထဲကို ဝေ့ဝဲကြည့်ကာ ...

"ဖေဖေ Customer (ကက်စတန်မာ) သိပ်မရှိတဲ့အချိန် သား ခဏအပြင်ထွက်မယ်နော်"

မေမေ လာခေါ်မှန်း မေမေ့ကို သွားတွေ့မယ်မှန်း ဖေဖေ သိပေမဲ့ သူ ထုတ်မပြောရဲ။ ဖေဖေ့ရှေ့မှာ မေမေနဲ့ သွားတွေ့မည်ဆိုတာ သူ လုံးဝ မပြောရဲသေးပါ။ သိပင် သိသော်ငြား သိသိကြီးနဲ့ မပြောရဲသော အဖြစ်ပင်။

"သိပ်မကြာနဲ့၊ နှစ်နာရီခွဲမှာ မင်းနဲ့ ဆံပင်လျှော်မယ်၊ ညှပ်မယ်၊ ပါးမြိုင်းမွေး ပုံအလှပြင်ပါမယ်လို့ ချိန်းထားတဲ့ ဗီဒီယိုမင်းသားသစ် ကောင်လေး ရောက်လာလိမ့်မယ်၊ ကိုယ့် appointment (အပွိုင့်မင့်) ကိုယ် မမေ့မနေနဲ့"

"သား မှတ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သွား"

ဖေဖေ ဆူဆူအောင့်အောင့်ဖြင့် ခွင့်ပေးလိုက်လေသည်။

သူ ဖေဖေ့ စကားသံအဆုံးမှာ ဆိုင်တံခါးကို ဆွဲဖွင့်ပြီး ဖြစ်နေပါသည်။

အင်း ... ဖေဖေနဲ့ မေမေ့မှာ ဘယ်သူ့ပိုချစ်သလဲလို့ ခုချိန်မေးရှင်လည်း သူ့မှာ အဖြေမရှိပါ။ ဖေဖေနဲ့ နေခဲ့လို့ ဖေဖေ့ကို ပိုချစ်တာလား ဆိုတော့လည်း မဟုတ်ပြန်။ မေမေ လာတွေ့တိုင်း အပြေးအလွှား သွားတွေ့တာကလည်း မေမေ့ကို ပိုချစ်လို့ရယ် မဟုတ်။ တကယ်တော့ သူက ဇဝေဇဝါဖြစ်နေဆဲ သားတစ်ယောက်ပါ။





# အပိုင်း(၁)



www.burmeseclassic.com

www.burmeseclassic.com









## ၁

မျှင် အဲဒီလူကို ကြည့်နေတာ ကြာပြီ။ သူ့ရုပ်က သိပ်အချောကြီး မဟုတ်လှပေမဲ့ အသားဖြူဖြူမှာ မျက်ခုံးမည်းမည်း နှုတ်ခမ်းတွေက နီထွေးလှတာမို့ ကြည့်ကောင်းနေကာ သူက စီးကရက်တွေ တစ်လိပ်ပြီးတစ်လိပ် ဖွာတ်သောက်နေလွန်းလို့ ကြည့်နေမိတာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံ ကြည့်တော့လည်း စီးကရက်ကို သိပ်ကြိုက်ပုံလည်း မရ။ ဖွာရှိုက်တာက နည်းနည်း။ လက်ထဲမှာ အကြာကြီး ညှပ်ထားပြီး အတွေးလွန်နေတာ များများမို့ စီးကရက်က တစ်လိပ်ဆိုတစ်လိပ် ချက်ချင်း ပြာဖြစ်ပြီး ကြွေတာမြန်နေခြင်းပင်။

မျှင် သိထားတာကတော့ စီးကရက်ဆေးပေါ့လိပ်သောက်နေကျလူဟာ နှုတ်ခမ်းတော့ ပန်းသွေးရောင် မလွှမ်းပါဘူး။ သူကတော့ ယောကျ်ားတန်မဲ့ နှုတ်ခမ်းက ဒီလောက် နီထွေးနေတာမို့ စီးကရက် အမြဲသောက်သူလည်း ဟုတ်ပုံ မရ။

မျှင်ကား အသားလည်းမဖြူ ခပ်ညိုညိုနဲ့ မိန်းကလေးဖြစ်ပြီး နှုတ်ခမ်းကလည်း ပန်းရောင်သိပ်မထင်လှတာမို့ ကြိုက်နှစ်သက်ရာ နှုတ်ခမ်းဆိုးဆေး အရောင်ဖျော့ဖျော့တွေကို အမြဲဆိုးထားရသူပါ။

"ဟိတ် ... ငွေမျှင် ... အမျှင်မ ... ငေးလှချည့်လား၊ ဘယ်သူ့မို့လို့လဲ"

ယမင်းက အအေးပုလင်းတွေဖြင့် ပြန်ရောက်လာသည်။





"သိပ်မချောပါဘူးဟယ်၊ ဒါပေမဲ့ နင်က အသားဖြူရင်ပဲ အလကားနေရင်း အမှတ်ပေးနေတာ ဆိုတော့"

"သဘောကျလို့ ကြည့်တာ မဟုတ်ပါဘူး၊ ငါ သူ့ကို တွေ့ဖူးသလိုပဲ၊ ဒါပေမဲ့ ဘယ်မှာတွေ့ဖူးမှန်း စဉ်းစားမရလို့"

"ရုပ်ရှင်ထဲမှာ ဖြစ်မှာပေါ့ ... ဟား ဟား"

"သူက ယောကျ်ားဖြစ်ပြီး နှုတ်ခမ်းက ပန်းသွေးရောင် လွှမ်းနေတယ်နော်"

"အသားဖြူလို့ပါဟယ်"

"အေး ... ဟုတ်မှာပေါ့"

ယမင်းက ပြုံးစိစိ လုပ်နေသည်။ မျှင်က မျက်စောင်းထိုးရင်း ...

"လာစ,မနေနဲ့၊ ငါ ဘာမှမဖြစ်ဘူးနော်၊ ကြုံလို့ကြည့်မိတာ။ စိတ်ထဲမှာ ဘာမှ မရှိထားဘူး"

"အေးပါ၊ ငါသိပါတယ်၊ နင် သူ့ကို ကြည့်ကြည့်နေလို့ ထင်တယ်၊ ဟိုကလည်း နင့်ကို ပြန်သတိထားမိသလိုပဲ"

"ဟယ် ... ဟုတ်လား"

"ပြန်ကြည့်နေပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ ပြည့်လျှံ ပြန်ကြည့်နေမိတာ မဟုတ်။ စိတ်ထဲမှာ ကိုယ့်ကို တစ်စုံတစ်ယောက်က စောင့်ကြည့်နေသည်ဟု ခံစားရကာ ဘေးဘီကို ဝေ့ဝဲကြည့်လျှင် သူ့မျက်ဝန်းထဲမှာ မြင်ဖူးနေကျ မျက်နှာလေးလိုလို၊ တွေ့လိုက်ရ၍ သေချာအောင် ခဏခဏ ပြန်ကြည့်နေမိခြင်း ဖြစ်သည်။

အသားညိုညို မျက်လုံးဝိုင်းဝိုင်းနဲ့ အရုပ်တစ်ရုပ်လိုပဲ ချစ်စရာကောင်းသောရုပ်မျိုး သူ ဘယ်မှာတွေ့ဖူးပါလိမ့်။ ကောင်မလေးက အခုခေတ်စားနေသော ဆံပင်အဖြောင့်သိမ်းထဲဝင်ပြီး ဆံပင်ပခုံးထိ အရှည်လေးကို ဖြောင့်စင်းနေအောင် ပြင်ထားပါသည်။ သို့သော် ငယ်ထိပ်လောက် နေရာမှာရှိတဲ့ ဆံပင်သား လက်ညှိုးတစ်ချောင်းစာလောက်ရဲ့ အကန့်တစ်လွှာကိုတော့ ရွှေရောင် ဆိုးထားပါသည်။ ဆံပင်နက်နက်တွေကြားမှာ ငယ်ထိပ်မှ အောက်ဘက်ပခုံးထိ အရှည်ရှိ တစ်လွှာလုံးကိုတော့ ရွှေရောင်ဆံပင် လုပ်ထားသည်မှာ ဘဏ်မိန်းကလေးမှ သိပ်မထွင်သေးသော ဆံပင်ဖက်ရှင်ပဲ။

ပြည့်လျှံက ဆံပင်ညှပ်သမားမို့ ဆံပင်ဆိုးထားပုံလေး လှပြီး ကြည့်ကောင်းတာကို အမှတ်ပေးမိသည်။





ကောင်မလေးက သူ ပြန်ကြည့်တာကို သိသွားဟန်ဖြင့် ရှက်သလို ခေါင်းငုံ့ပြီး ပြုံးလေသည်။ ပြုံးလိုက်တော့ ပါးချိုင့်တစ်ဖက်က ခွက်ဝင်သွားရာ ပြည့်လျှံ ခေါင်းထဲမှာ ဘာကိုသတိရမှန်းမသိ သတိရသွားပါသည်။

မြင်ဖူးသလိုပဲ၊ တို့ အသိမိတ်ဆွေတွေ ထင်တယ်နော်။ အဲဒီလို သွားပြောကြည့်ရင် ကောင်းမလား။

သူကလည်း ခေတ်လူငယ် အသက်နှစ်ဆယ်အရွယ် ကောင်လေးမို့ ခပ်ရဲရဲပင် ဒီစိတ်ကူးကို အကောင်အထည် ဖော်လိုက်ပါသည်။

သူ လျှောက်လာတော့ ကောင်မလေးတွေ ငြိမ်ပြီး မျက်နှာပိုး သေနေလေသည်။

"မြင်ဖူးသလိုပဲ"

ပြည့်လျှံ စားပွဲဘေးမှာရပ်ပြီး စ,ပြောလိုက်ပါသည်။ ဘော့(ပ)ဟဲဟား ဆံပင်တိုလေးနဲ့ ရုပ်ချောချော ကောင်မလေးက ...

"ဘယ်သူ့ကို ပြောတာလဲ"

ဟု ပြန်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုပေါ့"

ပြည့်လျှံ ကောင်မလေးကို ညွှန်ပြလိုက်တော့ ကောင်မလေးက ခပ်ပြုံးပြုံး လုပ်လျက် ...

"အရင်ဘဝက ဖြစ်မှာပေါ့"

"အရင်ဘဝဆိုတာ၊ ဘာလဲ၊ တကယ်ရှိလား"

"ဟော့ ... လာမရောနဲ့နော်၊ တို့က လူတိုင်းနဲ့ အလွယ်တကူ မိတ်ဆွေ အဖြစ်မခံဘူး"

"မဟုတ်ပါဘူး၊ ကျွန်တော် ရိုးရိုးသားသား ပြောတာပါ၊ သူ့ကို တွေ့ဖူးသလို ထင်လို့ လာပြောတာပါ၊ သူရော ... ကျွန်တော့်ကို သိလား"

"အို ... ကြုံကြုံဖန်ဖန် မသိပါဘူး"

"ဟုတ်ပြီလေ ... ဒါဆိုလည်း အရင်ဘဝက သိဖူးခဲ့လို့ ဖြစ်မှာပေါ့၊ ဒါပေမဲ့ ကျွန်တော် ထင်ပါတယ်၊ ကျွန်တော့် မှတ်ဉာဏ်က အရင်ဘဝကနေ အခုဘဝ နှစ်ပေါင်းနှစ်ဆယ် ကြာတဲ့အထိအောင် လူတစ်ယောက်ကို မှတ်မိသလိုလို မျိုး ခံစားရလောက်အောင် မကောင်းပါဘူး"

"အသက် လာကြော်ငြာနေတာကိုး"





"ဆိုင်ပါ ကြော်ငြာချင်တာပါ၊ ဒါပေမဲ့ ကျွန်တော့်ဆိုင်က အမျိုးသားတွေသာ သီးသန့်အလှပြင်ပေးတဲ့ဆိုင် ဆိုတော့ မိန်းကလေးတွေ စိတ်ဝင်စားမှာ မဟုတ်ပါဘူး။ ဒါပေမဲ့ နီးစပ်ရာလူတွေကို သတိရလို့ လမ်းညွှန်နိုင်အောင် ဒီမှာ ကြော်ငြာကတ်လေး ယူထားလိုက်ပါ"

ပြည့်လျှံက သူ့ရဲ့အိတ်တွေ တစ်ပုံစာစ်ခေါင်းပါသော ဘောင်းဘီပွပွရဲ့ အိတ်တွေထဲက တစ်အိတ်ကိုနှိုက်ပြီး ကတ်ပြားလေးနှစ်ခုကို စားပွဲပေါ် တင်ပေးထားခဲ့ပါသည်။

သူ ဆိုင်ထဲက အပြင်ထွက်လာတော့ ကောင်မလေးတွေ သူ တင်ပေးခဲ့သည့်ကတ်ကို ကိုယ်စီ ကောက်ယူပြီး ကြည့်နေပြီဖြစ်ကြောင်း ပြန်လှည့်ကြည့်လျှင် သိလိုက်ရပါသည်။

သူတို့ ဘာကို တွေ့မလဲ။

"KINGS"(ဘုရင်များ)

BEAUTY SALOON FOR MEN

"အမျိုးသားသီးသန့် အလှပြင်ဆိုင်"

ဟူသော အင်္ဂလိပ်လိုရော မြန်မာလိုပါ ရေးသားထားသည့် စာလုံးများကို တွေ့ကြရမှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါ သူတို့ ဘာပြောကြမလဲ။ ဘာများဝေဖန်

ကြမလဲ။ ယောကျ်ားတွေက ဆံပင်ညှပ်ရုံ ခေါင်းအလျှော်ခံရုံက

လွဲရင် ဘာတွေများ ထပ်ပြီး အလှပြင်မှာမို့လို့၊ အမျိုးသားအလှ

ပြင်ဆိုင်လို့ ကြော်ငြာတာပါလိမ့်လို့ တွေးချင်လည်း တွေးမည်။

မတွေးဘဲနဲ့ ဒီလို ခေတ်ဆန်ဆန် Hip-Hop စတိုင်လ် နေထိုင်

ပြင်ဆင် ဝတ်စားထားတဲ့ ကောင်လေးက ဆံပင်ညှပ်ဆိုင် ဖွင့်ထာ

သလား၊ ဆံပင်ညှပ်တတ်သလားလို့ သူတို့ချင်းချင်း ငြင်းခုန်ပြော

ဆိုချင် ပြောဆိုနေလိမ့်မည်။

ပြည့်လျှံကတော့ အိမ်ကို မြန်မြန်ပြန်လာကာ ခုနက

မြင်ဖူးသလိုလို ဖြစ်ခဲ့သော မျက်နှာပိုင်ရှင်နှင့် ပတ်သက်သည်တ

ကို ရှာဖွေဖို့ တွေးတောပြီး စိတ်လှုပ်ရှားနေပါသည်။





ပြည့်လျှံ အယ်လ်ဘမ်လေးကို ထုတ်ပြီး တစ်ရွက်ချင်း လှန်ကာ ရှာပါသည်။ အလယ်နားလောက် ရောက်တော့ အုပ်စုလိုက်ပုံတစ်ပုံကို သေချာစွာ စိုက်ကြည့်မိပါသည်။

နောက်တန်းမှာတော့ ယောကျ်ား၊ မိန်းမ (ထိုအထဲမှာ ဖေဖေနဲ့ မေမေလည်း ပါနေသည်)တွေ တသီတတန်းကြီး ရပ်ပြီး၊ ရယ်မောနေကြသည်။

ရှေ့တန်းမှာတော့ ထိုယောကျ်ားများ မိန်းမများ (အမှန်တော့ စုံတွဲများ)၏ သက်ဆိုင်ရာ ကလေးအုပ်စု ဘုစုခရု တွေက စုပြုံထိုင်နေသည်။ ကလေးပီပီ ကင်မရာဘက် ကြည့်သူ ကြည့်၊ မကြည့်ဘဲ တစ်ယောက်နဲ့ တစ်ယောက် တွန်းထိုး၍



www.burmeseclassic.com

www.burmeseclassic.com



ဆော့သူဆော့၊ ငိုသူငို၊ ကင်မရာကြည့်ပြီး ပြုံးရယ်အိုက်တင်လုပ် ကတ်သူလုပ်နှင့် အမျိုးစုံ အရွယ်စုံ ဆိုက်စုံသော ကလေးများ ထိုကလေးတွေထဲမှာ ပြည့်လျှံလည်း ပါသည်။ ပြည့်လျှံက သူ့ နံဘေးမှာ အိုက်တင်ထုတ်ပြီး ကင်မရာကို တည့်တည့်ကြည့် ပြုံးနေသော သူနဲ့ရွယ်တူ ကောင်မလေး၏ ခေါင်းပေါ် စက္ကူစုတွေ တိတ်တိတ် ခိုးတင်နေလေသည်။

အဲဒီ ကောင်မလေးပေါ့။ အား ... ဟုတ်ပြီ။ သူပဲ မျက်လုံးဝိုင်းဝိုင်း နှုတ်ခမ်းခပ်လန်လန်နဲ့ ကောင်မလေး ငယ်ငယ် ကတော့ တော်တော် အရုပ်ဆိုးတာပဲ။ အခု ပြန်တွေ့တော့ မျက်လုံးဝိုင်းလေးတွေက တောက်ပ အရည်လဲ့ဖြာလို့။ နှုတ်ခမ်း ထော်ထော်လန်လန် ပုံစံလေးကတော့ အခုချိန်မှာ တစ်မျိုးလေး ဆွဲဆောင်မှုနဲ့ လှကိုလှနေတာ။ စကားပြောလိုက်တိုင်း အပေ သွားတွေ အကုန်ပေါ်တဲ့ ပုံစံမျိုးဟာ ဟောလီးဝုဒ်က မင်းသမီး Angelina Jolie (အင်န်ဂျလီနား ဂျိုလီ)တို့လို ပုံစံမျိုးပဲ။

သူ့နာမည် ...။ ဟာ ... မှတ်မိပြီ။ သူ့နာမည်က မျှင်ပဲ။ မျှင်ငါးပိပဲ။ ငါ နောက်နောက်ခေါ်တဲ့ နာမည် မျှင်ငါး တကယ့် နာမည်ရင်းက ငွေချည်မျှင်တဲ့။ ဩော် ... သူနဲ့မတွေ့





ဖြစ်တာတောင် ဆယ်နှစ်ကျော်ပြီ။ ဒါကြောင့် ပြန်တွေ့ကြတော့ တစ်ယောက်နဲ့ တစ်ယောက် မမှတ်မိကြဘဲ မြင်ဖူးသလိုလိုပဲ ခံစားရတာ

"သား ပြည့် ... ဘာလုပ်နေလဲ"

ဖေဖေ သူ့အခန်းတံခါး စေ့ထားပေမဲ့ တွန်းဝင် လာ။ စည်းကမ်းရှိစွာပင် တံခါးကို အပြင်ကအရင်ခေါက်ပြီး အော်မေးလိုက်ပါသည်။

"ဘာမှ မလုပ်ပါဘူး ဖေဖေ"

"ငါ ဝင်လာမလို့"

"ရတယ် ဖေဖေ၊ ဝင်လာပါ"

ပြည့်လျှံ အယ်လ်ဘမ်ကို သူ့ခုတင်ဘေး စားပွဲပေါ် သောတင်လိုက်စဉ် ဖေဖေ ဝင်လာသည်။

"အယ်လ်ဘမ် ကြည့်နေတာလား"

"ဟုတ်တယ် ဖေဖေ၊ သား မြင်ဖူးတဲ့ရုပ်မျိုး ခုလေးတင် တွေ့ခဲ့လို့ ဘယ်သူများ ဖြစ်မလဲ ဆိုပြီး ပြန်ရှာနေတာပါ"

"တွေ့လား"

"တွေ့တယ် ဖေဖေ၊ သူက ငွေချည်မျှင်ပါ၊ မျှင်ငါးပိလေ



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ"

"ငွေချည်မျှင်"

"ဟိုကောင့် သမီးပဲ"

"ဘယ်သူလဲ၊ သား မျှင်ငါးပိရဲ့ အဖေတော့ မမှတ်မိဘူး"

"ငါနဲ့ ပြိုင်ဘက်၊ ကျော်ငွေ့ သမီးပေါ့"

အဲဒီနာမည် ကြားလိုက်ရတော့ ပြည့်လျှံ ပါးစပ်ပိတ်သွားပါသည်။ ကျော်ငွေ … ဦးကျော်ငွေ ဆိုတာ ဖေဖေ့ သက်တမ်းတစ်လျှောက်လုံးမှာ ပြိုင်လာခဲ့တဲ့ ဖေဖေ့ရဲ့ ပြိုင်ဘက်ကြီးပဲ။

သူငယ်ချင်းမိတ်ဆွေလည်း ဖြစ်သလို ပြိုင်ဘက်ရန်သူတော်တွေလည်း ဖြစ်သေးသည့် ဦးကျော်ငွေ။

ဦးကျော်ငွေ ဆိုလျှင် ဖေဖေနဲ့ စိတ်သဘောချင်းမတိုက်ဆိုင်တော့လို့ လမ်းခွဲသွားသည့် မေမေကပင် ဖေဖေ့နည်းတူ မုန်းနေသေးတာ။

"မင်းတို့ ပြန်တွေ့တာလည်း တွေ့ပေါ့။ ဒါပေမဲ့ ရှေ့ဆက်မတိုးနဲ့။ မပတ်သက်ပါနဲ့။ မတော်တဆ ဆုံရတာကလွဲရင် မင်းဘက်က တမင်သက်သက် ပြန်ဆုံရအောင်တော့ မဖန်တီးပါနဲ့၊ ရှင်းရှင်းပြောရရင် သွားမချစ်မိစေနဲ့။ ငါလည်း





သဘောမတူသလို ကျော်ငွေကလည်း ငါ့ထက်တောင်ပိုဆိုးဦးမယ်။ သူကတော့ အလုကုန်ပစ္စည်းကုမ္ပဏီပိုင်ရှင်သူဌေးကြီး ဖြစ်နေတဲ့အချိန်မှာ ငါတို့ကလည်း နာမည်ကြီး ယောက်ျားသီးသန့် အလှပြင်ဆိုင်၊ ဖက်ရှင်ဒီဇိုင်နာတွေဆိုပေမဲ့ ကျော်ငွေ ဆိုတဲ့ကောင်က ဒီအလုပ်ကို အထင်မကြီးဘူး၊ ရွံတ်ချတယ်၊ ကဲ့ရဲ့တယ်၊ မိန်းမလျှာ အလုပ်လို့ထင်ကိုထင်တယ်။ အလှပြင်ဆိုင်နဲ့ ဖက်ရှင်ဒီဇိုင်နာ အလုပ်လုပ်တဲ့လူဟာ သူ့လောက် မချမ်းသာဘူးလို့ အမြဲယူဆတယ်"

ဖေဖေက စကားရှည်နေ၍ ခဏရပ်လိုက်လေသည်။ ပြီးမှ ဆက်ပြောပါသည်။

"သူ ဝေဖန်တာလည်း ဟုတ်ပါတယ်၊ ငါ မငြင်းပါဘူး။ ငါတို့ သူ့လောက် မချမ်းသာလာဘူး။ ပရာဒိုတွေ ဟွန်ဒါစီအာရ်ဗီတွေ မစီးနိုင်ဘူး။ ဒါပေမဲ့ ကိုယ့်ဘဝကိုယ်တော့ပျော်တာပဲ၊ ကိုယ် ဝါသနာပါတဲ့အလုပ် လုပ်ရတာ စိတ်ချမ်းသာတာပဲ။ ယောက်ျားတစ်ယောက်ဟာ ဘယ်လောက်ပဲရုပ်ဆိုးဆိုး အသားမည်းမည်း ကိုယ် ပြင်ဆင်ညှပ်ဖြူပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ တော်တော်ကြီးကို ကြည့်ကောင်းသွားရင် သူ့ကို ကြည့်ပြီး သူလည်း ပျော်သွားတာကိုကြည့်ပြီး ကိုယ့်ပါ လိုက်ပျော်တာပဲ မဟုတ်လား၊ မော်ဒယ်လ်ပေါက်စကောင်လေးတွေ၊ အဆိုတော်အသစ်လေးတွေ၊ မင်းသားသစ်လုပ်တော့မဲ့ ကောင်လေးတွေ သူတို့ကိုယ်သူတို့ လှဖို့လိုလာပြီ၊ ဖက်ရှင်ကျကျ ဝတ်စားဖို့ လိုလာပြီ ဆိုရင် Kings ကို ချက်ချင်း ပြေးသတိရကြတယ်၊ Kings ကလွဲပြီး ဘယ်နေရာကမှ ယောကျ်ားတစ်ယောက် အဆင့်မြင့်မြင့်နဲ့ တင့်တယ်ကြည့်ကောင်းလာအောင် မလုပ်ပေးနိုင်ဘူးလို့ နာမည်ထွက်တာကိုက ငါတို့ရဲ့ ပညာပဲ၊ ငါ့သား ဒါကို ကျေနပ်ဂုဏ်ယူတတ်ရမယ်။ မရှက်ရဘူး ...

အလှပြင်သမား၊ ဖက်ရှင်ဒီဇိုင်နာမို့ မိန်းမလျာလို့ အပြောခံရလည်း ဂရုမစိုက်နဲ့။ ကိုယ် တကယ်မဟုတ်ရင်ပြီးတာပဲ"

အမှန်တော့ ဖေဖေက ပြည့်လျှံ စိတ်ထဲမှာ ကိန်းအောင်းနေသည့် ခံစားချက်တွေကိုပါ ဦးတည်ဆုံးမလိုက်တာ ဖြစ်ပါသည်။





ပြည့်လျှံသည် လှုငယ်ပီပီ ဖေဖေ့ အလုပ်ကို ရှက်ချင်သည်။ ဖေဖေ အတင်းသင်ပေးပြီး သူ့အလုပ်ထဲ စိတ်ပါအောင် လက်ဆွဲခေါ်ခဲ့သည် ဖြစ်ပေမဲ့ အမှန်တော့ သူ မလုပ်ချင်။ စိတ်မပါ။ ဝါသနာ မပါတာတော့ မဟုတ်။ ဖေဖေ့ ဗီဇသွေးပါ၍ ဝါသနာတော့ ပါပေမဲ့ သူငယ်ချင်းတွေနဲ့ဆုံရင်၊ ဘာလုပ်သလဲ ပြောရရင်တော့ ရှက်ချင် ရှက်နေသေးသည်။

ကိုယ့်ကို မိန်းမလျာလို့ ဝိုင်းဟားခံရမှာ အလွန်အမင်း စိုးရိမ်ပူပန် ကြောင့်ကြလျက်နဲ့ ဒီအလုပ်ထဲ ဝင်ပါနေရတာ ဖြစ်ပါသည်။

ပြည့်လျှံ ဆယ့်သုံးနှစ်လောက်ကတည်းက ဆံပင်စညှပ်တတ်လာတာဖြစ်သည်။ ဆယ်တန်းအောင်ပြီးတော့ Day ဆက်မတက်ဘဲ၊ အဝေးသင်တက္ကသိုလ် ဆက်တက်ကာ ဖေဖေ့ရဲ့ အလှပြင်ဆိုင်ကြီးမှာ လုံးလုံးလျားလျား ဝင်ကူရသောအခါမှာတော့ ယောကျ်ားတွေကို အလှပြင်ဆင်ပေးခြင်း၊ အကျီအဝတ်အစားဖိနပ်၊ မျက်မှန်ကအစ ဖက်ရှင်ထွင်ပေးခြင်းတွေပါ ဖေဖေက တွဲသင်ပေးခဲ့၍ အခုတော့ တော်တော့်ကို ကျွမ်းကျင်နေပြီ။

ဖေဖေကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



“ငါ့ဆီမှာချည်း တပည့်ခံနေလို့မဖြစ်ဘူး၊ မင်းကို ဗန်ကောက်လွှတ်ပြီး ဆက်တက်ခိုင်းရဦးမယ်၊ အဲဒါ ကျောင်းကဘယ်တော့ ခေါ်မလဲ စောင့်ရုံပဲ၊ ငါ အကုန်စီစဉ်ပေးပြီးပြီ”

ဟုလည်း မှာထားပါသည်။

ဖေဖေ ကိုယ်တိုင်လည်း သူ့ခေတ် သူ့အခါတုန်းက
တောင် ဗန်ကောက်မှာ သင်တန်းသွားတက်လာခဲ့သလို အဲဒီသင်
ာန်းကျောင်းမှာလည်း အတော်ဆုံး ကျောင်းသားဆုပင် ရခဲ့သူ
ဖြစ်ပါသည်။

မြည့်လျှံရဲ့ ဖေဖေ ဦးနေမင်းကို ကြည့်လျှင် အသက်
လေးဆယ့်ရှစ်ဟု မထင်ရအောင် အမြဲနုပျိုလန်းဆန်းနေမိသည်။
ကိုယ်တိုင်က အလှပြင်ဆင်ပေးသူမို့ သူ့အသားအရေကအစ
ာက်သည်း ခြေသည်းအဆုံး လတ်ဆတ်သန့်ရှင်းနေပြီး ဆံပင်
စံကလည်း သူကိုယ်တိုင် စိတ်တိုင်းကျ ပြည့်လျှံကို ပုံပေးပြီး
ှုပ်ခိုင်းထားသော ပုံစံပင်။

“ဘယ်လောက်ပဲ အရုပ်ဆိုးနေနေ၊ အဲဒီလူကို သူနဲ့အလိုက်ဖက်ဆုံးဆံပင် ညှပ်ပေးလိုက်ကြည့် Before and after ပုံစံက သိသိသာသာ ကွာခြားသွားတယ်၊ အဲဒါ ပညာပဲ၊ လူ





တစ်ယောက်ရဲ့ ရုပ်ရည်အပြောင်းအလဲဟာ ဆံပင်ပုံနဲ့လည်း ဆိုင်တယ်၊ ဆံပင်အရောင်နဲ့လည်း ဆိုင်တယ်၊ နှုတ်ခမ်းမွေး ပါးမြိုင်းမွေး ထားတတ်တဲ့လူဆိုလည်း အဲဒါတွေကပါ ရုပ်အပြောင်းအလဲကို စကားပြောလာပြီ”

ဖေဖေကတော့ သူ့မျက်နှာနဲ့ အလိုက်ဖက်ဆုံး ဆံပင်ပုံစံမျိုးကို ထားကာ အမြဲတစေ အဆင့်အတန်းမြင့်မြင့် ရုပ်ရည်နဲ့ ကြော့မော့ သပ်ရပ်နေသည်။

ပြည့်လျှံကသာ လူငယ်ပီပီ ဟိုဆံပင်ပုံပြောင်း၊ ဒီဆံပင်ပုံပြောင်း၊ အရောင်ဆိုးချင်ဆိုးလိုက်၊ ပါးမြိုင်းမွေးရိပ်ရိပ်ထားချင်ထားလိုက်၊ ဖျောက်ချင်ဖျောက်လိုက်နဲ့ ပုံစံအမျိုးစုံ မကြာခဏ ပြောင်းနေတတ်တာ။

“မိန်းမတွေ လက်သည်း ခြေသည်း အလှပြင် အရောင်တင်သလို ယောကျ်ားတွေလည်း လုပ်ကြတာပဲ။ ယောကျ်ားပုံစံကတော့ ယောကျ်ားပီပီ လှဖို့မလိုဘူး၊ အရောင်လက်ဖို့ ကြွေရောင်တောက်ဖို့ မလိုဘူးပေါ့။ သပ်ရပ်ညီညာသန့်ရှင်းပြီး ပုံစံကျကျ ပြင်ဆင်ပေးရတာပေါ့ သားရယ်။ ဝက်ခြံ သိပ်ပေါက်တဲ့ ကောင်လေးကလည်း သူ့မျက်နှာက ဖေါ်ခြံ



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖျောက်ချင်မှာပဲ၊ အဲဒါကြောင့် သူ့မျက်နှာ လာပြင်ရင် ပြင်မှာပဲ၊ ဘော်ဒီ အဆီချချင်တဲ့လူကလည်း အလှပြင် ဆိုင်က ဘာများလုပ်ပေးနိုင်မလဲ၊ အဆီကျအောင် ဆေးနဲ့ နှိပ်ပေးနိုင်မလား ဆိုပြီး လာကြမှာပဲ။ လူတွေက ယောကျ်ား တွေရော အလှပြင်သလားဆိုပြီး အံ့သြရင် အံ့သြမယ်၊ တကယ်တော့ ယောကျ်ားလည်း လူပဲကွ၊ ဘယ်သူမဆို နေ့တိုင်း မှန်ထဲမှာ မြင်နေရတဲ့ ကိုယ့်ရုပ်ကြီးကိုယ်တော့ လှတာ ကြည့်ကောင်းတာမျိုးပဲ မြင်ချင်မှာပေါ့”

ဖေဖေက အခွင့်အခါကြုံတိုင်းလည်း ပြည့်လျှံကို စိတ်လိုလက်ရ ပြောပြတတ်လေသည်။

ဖေဖေ ပြောတာလည်း မှန်တာပဲ။ အဲဒါကြောင့် ဖေဖေရဲ့ KINGS ဟာ အလှပြင်ဆိုင်လောကမှာ နာမည်ရနေတာ ပင်။ ဖေဖေနဲ့ ပြည့်လျှံလည်း ခေတ်မီတိုက်ခန်းကျယ်ကြီး ပိုင် လာကာ သားအဖ ကိုယ့်ကားနဲ့ကိုယ် သွားနိုင် လာနိုင် သုံးနိုင် ဖြုန်းနိုင်လောက်အောင် ဝင်ငွေက ကောင်းနေတော့တာ ဖြစ်သည်။





မေမေ့ကို ဆေးခန်းပြပြီးလျှင် ပြည့်လျှံ ဆိုင်ကို တန်းပြန်ရမှာ ဖြစ်သည်။ ဆိုင်မှာ သူနဲ့ပြင်မည့် သတို့သားလောင်းက ရောက်လာမည်။

သတို့သားက ဥရောပဝတ်စုံ ဝတ်မည်။ ဝတ်စုံကို ဖေဖေ့ဆီမှာ အပ်ထားပြီး ဆံပင်ပုံကိုတော့ ပြည့်လျှံက ပြင်ပေးရ မှာ ဖြစ်သည်။ မေမေက အလိုက်သိစွာ ...

“သား ပြည့် ... အလုပ်ကိစ္စ ရှိနေတယ်၊ မေမေ့ကို အိမ် လိုက်ပို့ပေးမနေနဲ့တော့ကွယ်၊ TAXI ငှားပြီး ပြန်လိုက်မယ်”

ဟု ပြောပါသည်။

မေမေ ဒီလိုပြောတော့ ပြည့်လျှံ ရင်နင့်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မေမေကလည်း၊ သား လိုက်ပို့မှာပါ"

"ဒီဆေးခန်းကနေ ဆိုင်ကို မောင်းသွားရင် ခဏနဲ့ရောက်မှာ။ မေမေ့ကို လိုက်ပို့ပေးပြီးမှ ပြန်ရင် ..."

"မဟုတ်ဘူး၊ မီပါတယ် မေမေရယ်၊ ဒီခရီးလောက်လေးကို၊ ကဲပါ ... တက်ပါ သားလိုက်ပို့မှာပါ"

"ကားကို မေမေ မပါတာနဲ့ မြန်မြန်ကြီး ပြန်မောင်းပြီး ဆိုင်ကို မသွားနဲ့နော်"

"စိတ်ချပါ မေမေရဲ့"

သားအမိနှစ်ယောက် အချေအတင် လုပ်နေစဉ် ပြည့်လျှံ၏ ကားနံဘေးသို့ တခြားကားတစ်စီး ပါကင်ဝင်ရပ်လိုက်ပါသည်။

Honda CRV (ဟွန်ဒါစီအာရ်ဗီ)ကားကြီး အတွင်းမှ အသံတစ်သံကို ကြားလိုက်ရသည်။

"ကြည်ဖြူ ... မကြည်ဖြူ မဟုတ်လား"

မေမေ ဖျတ်ခနဲ လှည့်ကြည့်ပါသည်။ ထိုသူက လှပသော နေကာမျက်မှန်ကို ချွတ်ရင်း ကားပေါ်မှ ဆင်းလာသည်။

"ကျွန်တော်လေ ကျော်ငွေလေ"





ကျော်ငွေ ဆိုတာနဲ့ မေမေ့မျက်နှာ နည်းနည်းမှာသွားသည်။ ပြည့်လျှံ ကတော့ ကျော်ငွေ ဆိုတာနဲ့ တစ်ဖက်မှဆင်းလာသူကို အာရုံစိုက်လိုက်မိလေပြီ။ အင်း ... မျှော်လင့်တဲ့ အတိုင်းပဲ။ မျှင်ငါးပိကို ပြန်တွေ့ရပြီ။

"ဟိုတစ်လောကတောင် ရူပါဝမ်း ကုန်တိုက်မှာ တွေ့သေးတယ်၊ မကြည်ဖြူ ဒီလောက် မပိန်သွားပါဘူး ထင်နေတာ၊ မတွေ့တာ တစ်လကျော်လေးအတွင်း အရမ်းပိန်သွားတယ်နော်"

မေမေ့ မျက်နှာ ပိုပျက်သွားပါသည်။ ပြည့်လျှံသည် မေမေ့ကို အားပေးသလိုဖြင့် လက်မောင်းကို အသာတွဲခေါ်လိုက်မိသည်။

"သားလား ... အား ... မှတ်မိပြီ၊ ဒီရုပ်လေးက နေမင်းရုပ်ပဲ၊ နေမင်း့သားပဲ၊ ဟုတ်တယ် မဟုတ်လား"

မျှင်က အံ့သြသလို နှုတ်ခမ်းလေးဟ,ပြီး စိုက်ကြည့်နေသည်။

"ကျွန်တော် နေမင်းပြည့်လျှံပါ အန်ကယ်လ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... သတင်းတွေတော့ ကြားပါတယ်ကွာ၊ မင်းကို သားအဖ ယောကျ်ားအလုပ်ပြင်ဆိုင် သီးသန့်နဲ့ နာမည်ကြီး နေတယ်ဆိုတာ။ နေမင်း ကတော့ ဖြစ်ချင်တာကို ရအောင် လုပ်ယူတဲ့ကောင်ပါပဲ"

ဦးကျော်ငွေ့ စကားက ဘယ်လို အဓိပ္ပာယ်မှန်း မသိပါ။ သို့သော် ... မေမေကတော့ မကြိုက်သလို လုပ်နေသည်။ အလုပ်ပြင်ဆိုင် လုပ်တာနဲ့ပဲ နှိမ်ချင်သလိုမျိုး ပြောသလား မသိ။ ပြည့်လျှံကတော့ လူငယ်မို့ လူကြီးတွေလို မတွေးတတ်။ အတွေး မခေါင်ပါပေ။

"ဆေးခန်းလာတာလား"

"ဟုတ်တယ်"

"နေမကောင်းဘူးလား မကြည်ဖြူ"

"ကောင်းပါတယ်၊ ဒီလိုပါပဲ သွေးလေး ဘာလေး လာစစ် တဲ့ သဘောပါ"

ပြည့်လျှံ မေမေ့ စကားကို အံ့သြသွားပါသည်။ ကင်ဆာဖြစ်နေပြီ ဆိုတာ ဦးကျော်ငွေ့ကို ဘာကြောင့် ပေးမသိ တာလဲ။





"သမီး လေးလေ ငွေချည်မျှင်ပေါ့၊ မကြည်ဖြူ မှတ်မိလား"

"မှတ်မိတယ်ရယ်တော့ မဟုတ်ပါဘူး၊ သေသေချာချာ ကြည့်မှ ငယ်ရုပ်လေး ပေါ်လာလို့ တဖြည်းဖြည်း သိလာ တာပါ"

"အန်တီ့ကိုလည်း မျှင် သိနေပါတယ်၊ မှတ်မိလို့တော့ မဟုတ်ပါဘူး၊ အန်တီကလည်း နာမည်ကြီး ဖက်ရှင်ဒီဇိုင်နာ မဟုတ်လား၊ ဖေဖေက နာမည်ခေါ် နှုတ်ဆက်လိုက်တာနဲ့ ချက်ချင်း သိသွားတယ်၊ ငယ်ငယ်တုန်းက တွေ့ကြဖူးတယ် ဆိုတာတော့ မျှင် သိပ်စဉ်းစားလို့ မရဘူး"

မျှင်က ပြည့်လျှံကိုပါ ဖျတ်ခနဲ လှမ်းကြည့်ပြီး ပြောတာ ဖြစ်ပါသည်။ တွေ့ခါစကတော့ မြင်ဖူးသလိုလိုမို့ သေ သေချာချာ ကြည့်မိနေပေမဲ့ ဘယ်သူမှန်း စဉ်းစားလို့ကို မရခဲ့။ အခုတစ်ခါ ပြန်တွေ့တော့မှပဲ ငယ်ငယ်က ဆုံဖူးတယ်၊ အတူတူ ကစားဖူးတယ်၊ သိပ်အခင်မင် အရင်းနှီးကြီး မဟုတ်ပေမဲ့ မကြာ ခဏ ဆုံဖြစ်သလိုမျိုး ဟူသော အခြေအနေတစ်ခုနဲ့ ပတ်သက်မှု ကို မှတ်မိလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မျှင်က မှတ်ဉာဏ်မကောင်းတာပဲလား မသိ။ သိပ်ပြီး စဉ်းစားလို့ မရ။ သူနဲ့ ဘယ်လိုကစားခဲ့သလဲ၊ ဘယ်လောက်ကြာကြာ ဆုံကြဖူးသလဲ။

"သြော် ... မောင်ပြည့် အဖေကို သတင်းတစ်ခု ပေးလိုက်ပါဦး"

ဦးကျော်ငွေက ပြည့်လျှံကို ဦးတည်ပြောလာသည်။

"အန်ကယ်လ်က အလှကုန်ပစ္စည်းနဲ့ ဆေးပစ္စည်းတွေ ကိုယ်စားလှယ်ယူတဲ့ ကုမ္ပဏီကြီးဆိုတော့ အခုဝင်မဲ့ အလှကုန်ပစ္စည်း promotion (ပရိုမိုးရှင်း)အတွက် sponser (စပွန်ဆာ)တချို့နဲ့ပေါင်းပြီး ထူးခြားတဲ့ ပြိုင်ပွဲတစ်ခု လုပ်ဖြစ်ဖို့ ရှိတယ်ပေါ့၊ သူ စိတ်ဝင်စားမှာပါ"

"ဘာများလဲ ကိုကျော်ငွေရဲ့၊ ကိုနေမင်းက သူ့ရဲ့ဖက်ရှင်ဒီဇိုင်းတွေ ပြိုင်ပွဲမှာပြဖို့တောင် ဘယ်သူ့လာဖိတ်ဖိတ် ပါကို မပါတာ။ သူ စိတ်ပါမယ် မထင်ဘူး"

မေမေက ရယ်တော့ ရယ်ရသည်။ ဖေဖေနဲ့သာ လမ်းခွဲထားတယ်။ အခုထိ ဖေဖေ့ စိတ်သဘောနဲ့ ဖေဖေ့ ခံယူချက်တို့ကို သူမပဲ ဝင်ပါနေဆဲ။ အဆုံးအဖြတ် ပေးလိုဆဲ ဖြစ်နေ





ပါသည်။ ပြည့်လျှံက မေမေ့ ရင်ထဲမှာရှိသည့် အချစ်ကို စိတ်ဝင်စားစွာ တိတ်တဆိတ်သုံးသပ်မိပါသည်။

ဖေဖေနဲ့ မေမေ တစ်ယောက်နဲ့ တစ်ယောက် အခုထိ ရင်ထဲမှာ ချစ်နေကြရက်နဲ့များ ဘယ်လို အကြောင်းကြောင့် လမ်းခွဲဖြစ်သွားကြတာလဲ။

"ဒီတစ်ခါက ပြိုင်ပွဲကို သုံးမျိုးလုပ်မှာ။ တစ်ရက်ကို တစ်မျိုးစီပေါ့၊ ဒါပေမဲ့ ဥပမာ ပြောရရင်ဗျာ ... ကိုနေမင်းရယ်၊ မကြည်ဖြူရယ်၊ မောင်ပြည့်ရယ်က KINGS နာမည်နဲ့ group တစ်ခုဖွဲ့ပြီး ပြိုင်မယ်ဆိုရင် အဲဒီသုံးရက်မှာ သုံးယောက်က သုံးမျိုးဝင်ပြိုင်မှုအပေါ် ရတဲ့အမှတ်ကို ပေါင်းပြီး အဆင့်သတ်မှတ်မှာမျိုးပဲ"

မေမေ့အသံတိတ်နေသည်။ ပြည့်လျှံနဲ့ မျှင်တို့က တော့ လူကြီးတွေ အလစ်မှာ တစ်ယောက်နဲ့တစ်ယောက် အပြုံးချင်း ဖလှယ်နေမိကြပြီ။

"ပထမတစ်ရက် ကိုယ့်မော်ဒယ်လ် ကိုယ်ခေါ်လာပြီး၊ သူ့ဆံပင်ပုံကို ပုံစံတစ်မျိုး ဆန်းသစ်ပြီး ညှပ်ပြရမယ်၊ ထုံးဖွဲ့ပြရမယ်၊ ဒုတိယတစ်ရက် ဘယ်မော်ဒယ်လ်မှ မခေါ်ရ



www.burmeseclassic.com

www.burmeseclassic.com



အကဲဖြတ်တွေရှေ့မှာ မဲနှိုက်ရမယ်၊ မဲကျတဲ့လူကို လက်တန်းဆံပင်ပုံစံအသစ် ညှပ်ပြရမယ်၊ အဲဒီ ကိုယ်မဲကျတဲ့လူဟာ လုံးဝ မော်ဒယ်လ် မဟုတ်ဘူး။ အပြင်လူတွေပေါ့၊ လူတန်းစားပေါင်းစုံ ပါမယ်၊ ကလေးလည်း ဖြစ်ရင်ဖြစ်မယ်၊ အသက်ခြောက်ဆယ်ကျော် အဘိုးကြီးလည်း ဖြစ်ရင်ဖြစ်မယ် ...

ဪ ... မေ့လို့ ပြောရဦးမယ်၊ ပထမတစ်ရက် မော်ဒယ်လ်ကို ဆံပင်ပြင်ထုံးဖွဲ့ရမှာက မိန်းကလေးတွေကို ညှပ်ပေးရမှာမျိုးပဲ။ ဒုတိယတစ်ရက်ကတော့ ယောကျ်ားတွေပဲ၊ ယောကျ်ားတွေကို ညှပ်ပေးရမှာဆိုတော့ ကိုနေမင်း စိတ်ဝင်စားမှာပေါ့ ....

နောက်ဆုံး တစ်ရက်ကတော့ ကိုယ့်ရဲ့ ကိုယ်ပိုင်နောက်ထပ် မော်ဒယ်လ်အသစ် တစ်ယောက်ကို ခေါ်လာပြီး မျက်နှာပြင်ဆင်၊ ဆံပင်ထုံးဖွဲ့၊ အဝတ်အစား၊ ဖိနပ်ဖက်ရှင်ကအစ ဆင်ယင်ပြီး ပြိုင်နိုင်းမှာပဲ၊ နောက်ဆုံးတစ်ရက်ကတော့ မိန်းကလေးမော်ဒယ်လ်ပဲဖြစ်ဖြစ် ယောကျ်ားလေး မော်ဒယ်လ်ပဲဖြစ်ဖြစ် သုံးလို့ရမယ်”





ဦးကျော်ငွေဟာ ဒီပြိုင်ပွဲကြီးအကြောင်းကို အားတက်သရော ရှင်းလင်းပြောပြနေသည်။ သူ့သဘောက မေမေ့ကိုပါ ဝင်ပြိုင်ရဲလား၊ မင်းတို့မိသားစုရဲ့ ပညာကို ပြရဲလား ဆိုတဲ့သဘောနဲ့ စိန်ခေါ်ဟန်ပါ ပါနေပါသည်။ မေမေက သူ့စကားအဆုံးမှာ...

“စိတ်ဝင်စားစရာပဲ”

ဟု ဝန်ခံသလို ပြောပါသည်။

“ဒါပေမဲ့ မလုပ်နဲ့ မကြည်ဖြူရဲ့။ နိုင်တဲ့အုပ်စုကို ကုမ္ပဏီတွေ ရပြီး ဒီတစ်နှစ်လုံးအတွက် အတော်ဆုံး Beautician (ဗျူတီရှင်း)ဘွဲ့ ဒီဇိုင်နာဘွဲ့ ပေးမှာလေ၊ ရတဲ့ဆုငွေကတော့ မကြည်ဖြူတို့လို ဝင်ငွေကောင်းတဲ့သူတွေ အနေနဲ့ မက်မောစရာ မဟုတ်ပေမဲ့ မြန်မာတစ်ပြည်လုံးမှာ အတော်ဆုံးလို့ အသိအမှတ်ပြုခံရတဲ့ဘွဲ့က အရမ်းတန်ဖိုးရှိပါတယ်။ ကျွန်တော်ကတော့ ကိုယ့်မိတ်ဆွေရင်းတွေကို ဝင်ပြိုင်စေချင်တယ်။ ဒီအကြောင်းကို နီးစပ်ရာတွေကတစ်ဆင့် အလှပြင်ဆင်သူတွေ၊ ဒီဇိုင်နာတွေ တော်တော်များများတောင် သတင်းရပြီးလို့ ကိုယ့်အုပ်စုကိုယ်ဖွဲ့ပြီး ကျိတ်လေ့ကျင့်ပြင်ဆင်နေကြပြီ။ ပြိုင်ပွဲအကြောင်း အသေးစိတ်ကတော့ အတိအလင်း မကြေညာရသေးဘူး”



www.burmeseclassic.com

www.burmeseclassic.com



မျှင်က ဘုမသိဘမသိဖြင့် ...

"အန်တီတို့ ဝင်ပြိုင်လိုက်ပါလား၊ ပျော်စရာ ကောင်းပါ တယ်"

ဟု ဝင်ပြောနေသေးသည်။

"သမီးက မော်ဒယ်လ်တော့ မဟုတ်ပေမဲ့ သူ့အသားအရေ အရပ်အမောင်းနဲ့ ဆံပင်သားတွေကို သဘောကျပြီး၊ ခေ မော်ဒယ်လ်ဝင်လုပ်ပေးဖို့တောင် လာကမ်းလှမ်းနေကြပြ မကြည်ဖြူ။ ကိုနေမင်းတို့ မကြည်ဖြူတို့သာ ဝင်ပြိုင်မယ်ဆို ရင် ကျွန်တော့်သမီးကို ဘယ်သူ့ဆီမှာမှ မော်ဒယ်လ်အနေ နဲ့ ဝင်သရုပ်ပြမခိုင်းတော့ဘူး။ ခင်ဗျားတို့ရဲ့ KING အုပ်စု ထဲပဲ ထည့်မှာလို့တောင် စိတ်ကူးထားလို့ ခုထိ ဘယ်သူ့ ကိုမှ အကြောင်းမပြန်သေးဘူး"

"ကျွန်မ စဉ်းစားလိုက်ပါဦးမယ်၊ အခုတော့ ခွင့်ပြုပါဦး၊ သားလည်း ကျွန်မကို အိမ်ပို့ပြီးရင် သတို့သားတစ်ယောက် ကို ဆံပင်ပြင်ပေးဖို့ အပွိုင့်မင့်န် ရှိနေတယ်။ သားပြည့် သား နောက်ကျနေပြီလား"





မျှင်က သားပြည့်ဟု ခေါ်သံကို သဘောကျစွာ တိတ်တဆိတ် လိုက်ခေါ်နေမိသည်။ ပြည့်လျှံလို့ ခေါ်ရမလား၊ ကိုပြည့်လို့ ခေါ်ရမလား၊ ပြည့်လို့ပဲ ခပ်နွဲ့နွဲ့ ခေါ်ရမလား စဉ်းစားနေချိန်မှာ ဒီသားပြည့် ဆိုတဲ့ အခေါ်အဝေါ်က မျှင့် စိတ် နှလုံးအိမ်ထဲ ညင်သာစွာ ဝင်ရောက်နေရာယူလာတော့လေပြီတည်း။

သူတို့သားအမိ လက်ပြပြီး နှုတ်ဆက်သွားသော အခါ၊ ဖေဖေ့မှာတော့ အဲဒီမိသားစုနဲ့ ပတ်သက်ပြီး မျှင့်ကို ပြော စရာတွေ အများကြီး ရှိနေဟန်တွေ တွေ့လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၂

"နေမင်းနဲ့ ဖေဖေက အလယ်တန်းကျောင်းသား ဘဝကနေ အထက်တန်းအောင်တဲ့အထိ တော်တော်ခင်ကြတာပေါ့၊ သူငယ်ချင်းအုပ်စုထဲမှာ သူနဲ့ ဖေဖေကတော့ ပိုခင်ကြတယ်"

မျှင်က ခေါင်းလေးညိတ်ရင်း နားစွင့်နေပါသည်။

"ဒါပေမဲ့ မတည့်အတူနေလို့ ပြောရမလိုဘဲ။ အတူတူတွဲသာ တွဲတယ်၊ စိတ်သဘောချင်းက အမြဲညီမရဖြစ်ပြီး စကားနိုင်လုကြ၊ တစ်ခါတစ်ရံ ထထိုးချင်ထိုးကြနဲ့ ပေါင်းလာတာလေ"





"အင်း ... ဟုတ်တယ်၊ မျှင် ကြားဖူးပါတယ်၊ ယောကျ်ားလေးတွေက အဲ့ဒီလိုပါပဲ၊ တစ်ယောက်နဲ့ တစ်ယောက် ပေါင်းလည်း ပေါင်းကြ၊ ရန်ဖြစ် ထိုးကြိတ်ကြပေမဲ့ မိန်းကလေးတွေလို မဟုတ်ဘူး၊ အတေးအမှတ် မထားဘဲ ဆက်ခင်ကြတာပဲတဲ့"

"ဟား ဟား ... နေမင်း ကတော့ အဲဒီလို မဟုတ်ဘူး၊ သိပ်တေးမှတ်ထားတာကွ၊ မိန်းမဆန်တယ်၊ ဒါကြောင့်လည်း သူက မိန်းမဆန်တဲ့ အလုပ်ကို ရွေးလုပ်တာပေါ့"

ဖေဖေက ခပ်နှိမ့်နှိမ့် ပြောပါသည်။ မျှင်ကား ကိုယ့်အဖေပေမဲ့ ဖေဖေ အဲဒီလို ဝေဖန်တာတော့ မကြိုက်လှ။

ဖေဖေ့သဘောက တစ်မျိုး။ သူလုပ်တဲ့ အလုပ်မှ အကောင်း၊ သူပြောတာပဲ အမှန်ဆိုသည့် စိတ်ထားမျိုး ရှိသူပင်။ ပြီးတော့ သူများလုပ်တဲ့အလုပ် ဆိုရင်တော့ မဆီမဆိုင် နှိမ်စရာမရှိ ရှာကြံနှိမ်တတ်လေသည်။

"သူက ရှစ်တန်းလောက်ကတည်းကပဲ အဲဒီ ဆံပင်ညှပ်တာ ကိုယ့်ကိုယ်ကိုယ် ကြည့်ကောင်းအောင် ပြင်တာကို သိပ် ဂရုစိုက်တယ်ကွ။ လူပျိုပေါက်အရွယ် လူတိုင်းလှချင်ချင်



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ နေမင်း ကျတော့ တစ်မျိုးပဲ။ သူ့ကိုယ်သူတင် မကဘူး။ သူများကိုပါ ဘယ်လိုပုံ ဆံပင်ညှပ်လိုက်ပါလားလို့ ဘာဝတ်ပါလားလို့ ဘာနဲ့ဘာတွဲဝတ်ရင် မိုက်တယ်တို့ လိုက်အကြံပေးတတ်တယ်၊ တစ်ခါတလေ တချို့ကောင်တွေက ငအ,တွေလိုပဲ၊ သူ့ဆီက အကြံတောင်းရင် သူက စိတ်ပါလက်ပါ အိမ်တိုင်ရာရောက် လိုက်ကူတတ်တယ်၊ ဖေဖေက အဲဒါကို လုံးဝကြည့်မရဘူး၊ ယောကျ်ားပဲ ပြင်စရာလိုလား၊ လှစရာ လိုလား၊ ယောကျ်ားဆိုတာ လှချင်စရာ မလိုဘူးပေါ့၊ ယောကျ်ားဖြစ်ပြီး သိပ်လှချင်ရင် အခြောက်ဖြစ်နေပြီဆိုပြီး အမြဲဝေဖန်တော့ သူနဲ့က အမြဲထိပ်တိုက် ရန်ဖြစ်တော့တာပဲပေါ့"

မျှင်ကတော့ ကိုယ့်ကိုယ်ကိုယ် တော်တော်လေးသ,ထားဟန်တူသော ယောကျ်ားပီသစွာ ဖြောင့်ဖြူးကြည့်ကောင်းနေသည့် ရုပ်ရည်နဲ့၊ အပြင်အဆင်နဲ့ တွေ့ခဲ့ရသော ပြည့်လျှံကို မြင်ယောင်ကြည့်မိပါသည်။

ယောကျ်ားဆိုတာ လှအောင်ပြင်စရာ မလိုဘူး ဆိုပေမဲ့ တော်ရုံသင့်ရုံ ပုံစံရှိသော ယောကျ်ားတစ်ယောက်နဲ့ အပြင်အဆင်





သေသပ်ရှင်းသန့်နေသော ယောကျ်ားပီသတဲ့ ပုံစံအပြည့်နဲ့ယောကျ်ားတစ်ယောက်တို့ကို ယှဉ်တွဲအမှတ်ပေးလျှင် ဘယ်သူက အမှတ်ပိုရမလဲ ဆိုတာ မေးကြည့်စရာပင် မလိုပါ။

ဒါကြောင့် အခုတော့ ယောကျ်ားတွေလည်း သူတို့နဲ့ လိုက်ဖက်အောင် ယောကျ်ားပီသစွာ ပြင်ဆင်ထားဖို့လိုတယ် ဟူ၍ မျှင်က လက်ခံချင်လာသည်။

"သူက ဖေဖေ့ကိုရွဲ့ပြီး တမင်ပဲ ဆံပင်ညှပ်သင်တန်းတွေ လျှောက်တက်ပြတယ်၊ ဆယ်တန်းအောင်ပြီးတော့ သူက အဲဒီခေတ်ကတော့ Day မတက်ရင် စာပေးစာယူလို့ခေါ်တဲ့ သင်တန်းရှိတယ်၊ အဲဒီစာပေးစာယူပဲ သူ တက်ပြီး ဆံပင်ညှပ် အလှပြင်ပညာ ဖက်ရှင်ဒီဇိုင်နာပညာတွေ အပတ်တကုတ် လေ့လာသင်ယူတော့တာပဲ။ ဗန်ကောက်မှာလည်း ကျောင်းသွားတက်လိုက်သေးတယ်၊ အဲဒီ အလှပြင်ပညာနဲ့ ပတ်သက်တာပဲပေါ့၊ သူက အတော်ဆုံးကျောင်းသားဆုတောင် ရလာတယ်လို့ သတင်းကြားတယ်၊ သူလည်း သူ့အလုပ်သူ ကြိုးစားပြနေချိန်မှာ ဖေဖေကလည်း ယောကျ်ားဆိုတာ ယောကျ်ားပီသစွာ စီးပွားရှာပြရမယ်၊ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းတွေမှာ အောင်မြင်အောင် လုပ်ပြနိုင်ရမယ်ဆိုပြီး လုပ်ပြတော့တာပဲပေါ့၊ အဲဒီလိုနည်းနဲ့ မကြေညာဘဲ ကျိတ်ပြိုင်လာကြတယ်လေ ...

အခု သူဟာ လမ်းအရှေးမှားလို့ ဖေဖေ့လောက် မချမ်းသာပေမဲ့ သူ့နာမည်ကလည်း မသေးပါဘူး၊ အဲဒါကြောင့် လက်မထောင်နေတာပေါ့"

မျှင်က သိချင်တာလေး ရှိသဖြင့် ဝင်မေးလိုက်ပါသည်။

"အန်တီဒေါ်ကြည်ဖြူကရော"

"ကြည်ဖြူက အရင်ကတော့ မိန်းကလေး အလှပြင်ဆိုင်ရဲ့ ဖက်ရှင်ဒီဇိုင်နာလုပ်သေးတယ်၊ ကိုနေမင်းနဲ့ အိမ်ထောင်ကျတော့ ဘာကြောင့်လဲ မသိဘူး၊ သူ့အလှပြင်ဆိုင်လုပ်ငန်းကို ရပ်လိုက်ပြီး၊ ဒီဇိုင်နာဘဝနဲ့ လုံးလုံးရပ်တည်တော့တာပဲ။ သူတို့ လမ်းခွဲကြတဲ့သတင်းတော့ ကြားတယ်၊ စိတ်သဘောချင်း မတိုက်ဆိုင်လို့ဆိုပြီး သတင်းလွှင့်တာပဲ။ ဘာကြောင့်လဲ ဆိုတာတော့ ဖေဖေ သေသေချာချာ မသိပါဘူး"





"အန်တီဒေါ်ကြည်ဖြူက ရောဂါတစ်ခုခု ခံစားနေရသလိုပဲနော်၊ ဒါပေမဲ့ ချောတော့ တော်တော်ချောတယ်၊ သူ့သားပြည့်လျှံကတော့ အန်တီ့လောက် မချောဘူး"

"အဖေနဲ့ တူတာလေ၊ ကိုနေမင်းက လူချောတစ်ယောက် မဟုတ်ပေမဲ့ ကိုယ့်ကိုယ်ကိုယ် ကြည့်မကောင်း,ကောင်းအောင် ကြံဖန်ပြင်နေတတ်တော့ နဂိုသင့်တင့်တဲ့ရုပ်ရည်က ထွက်လာတာပေါ့"

မျှင်က ဖေဖေ့ကို အကဲခတ်နေသည်။ ဖေဖေကတော့ မျှင့်လိုပဲ အသားညိုညိုပေမဲ့ ဖေဖေ့ရုပ်က ချောသည်။ တကယ့်ကို လူချောတစ်ယောက်ရုပ်ထွက်နေတာ။ မျှင်ကသာ ဖေဖေ့ဆီက အသားညိုကိုရလျက် မေမေ့ရုပ်ရည်မျိုး မိုင်ဆိုင်ထားတာမို့ နှစ်ယောက်ပုံပေါင်းပြီး ဟိုလိုလို ဒီလိုလိုရုပ် ဖြစ်နေသည်။

သို့သော် ကိုယ့်ရုပ်က အဆိုးကြီး မဟုတ်တဲ့အပြင် လူကြားထဲမှာ ပျောက်မနေအောင် ဆွဲဆောင်မှုတစ်မျိုးတော့ ပိုင်ဆိုင်ထားမှန်း ကိုယ့်ဘာသာလည်း ကျေနပ်စွာ သိနေခဲ့ပါသည်။

"သမီးကို ကြိုမှာထားမယ်၊ သူတို့ မိသားစုနဲ့ မပတ်သက်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဖေဖေပဲ သူတို့ဝင်ပြိုင်ရင် မျှင့်ကို မော်ဒယ်လ် အဖြစ်တောင် ပေးသုံးဦးမယ်ဆို"

"တကယ်ထင်မနေနဲ့၊ ဒီလိုပဲ ဟန်လုပ်ပြောရတာ။ သူတို့ လည်း ဖေဖေ့ကို မကြည်တော့ ဒီပွဲကို ပြိုင်မှာမဟုတ်သလို၊ ဝင်ပြိုင်ခဲ့ရင်လည်း ဖေဖေ့သမီးကို သုံးမှာမဟုတ်ဘူး၊ သူတို့ ရဲ့အောင်မြင်မှုဟာ ကျော်ငွေနဲ့ ပတ်သက်မှု တစ်စုံတစ်ရာ မပါဘူး ဆိုတာမျိုး ပြချင်လိမ့်မယ်"

မေမေက မျှင်တို့ အနား လာထိုင်ရင်း ဇန်းနဲ့သယ် လာသည်တို့ကို ကမ်းပေးကာ ...

"ကိုကျော်ရယ် ... ရှင့်မလဲ အဲဒီ နေမင်း အုပ်စုနဲ့ ဒီတစ် သက် တည့်မယ်မထင်ဘူး"

ဟု ရယ်မောပြီး ပြောပါသည်။

"ဘာလဲ ... မေမေ၊ ဒါ ဘာစားစရာလဲ၊ ice cream(အိုက် စကရင်)လည်း မဟုတ်ဘူး"

"အဲဒါ Sundae (ဆန်းဒေး)တဲ့၊ မေမေ့ သူငယ်ချင်း တစ် ယောက် အင်္ဂလန်က ပြန်လာတော့ Jamie Oliver (ဂျေမီ အော်လစ်ဗာ)ဆိုတဲ့ Chef (စားဖိုမှူး)ရေးတဲ့ ချက်ပြုတ်နည်း





စာအုပ် ဝယ်လာပြီး လက်ဆောင်ပေးတယ်၊ အဲဒီထဲက စားစရာလေးတွေ တစ်ခုပြီးတစ်ခု စမ်းပြီးလျှောက်လုပ်ကြည့် နေတာလေ"

"ဒေါ်မွန်မွန် ... ခင်ဗျားမလဲ အဲဒီ ချက်နည်းပြုတ်နည်း စာအုပ်တွေ စု၊ ချက်စားနဲ့ ခန္ဓာကိုယ်လည်း ဘောလုံးဖြစ် နေပြီ"

"အို ... ဝချင်ဝ စားမှာပဲ။ သမီးပဲ အသက်နှစ်ဆယ်ရှိနေ ပြီ လှဖို့မလိုတော့ပါဘူး"

"ငါပြောတာက လှဖို့မဟုတ်ဘူး။ ဝလွန်းရင် မကောင်းဘူး။ အဆီများပြီး ရောဂါတွေ တစ်မျိုးမဟုတ် တစ်မျိုး ဝင်မှာ စိုးလို့ကွ။ အခုတောင် မင့်မှာ သွေးတိုး ဆီးချို စဖြစ်နေပြီ၊ ဆင်ခြင်ဖို့ ပြောတာ။ မကြည်ဖြူကတော့ မင်းနဲ့ရွယ်တူပါပဲ၊ ဒါပေမဲ့ သူ့ကြည့်လိုက်ရင် ပိန်လည်းမပိန်၊ ဝလည်းမဝ ဒီပုံစံပဲ အမြဲတွေ့ရတယ်။ ခုတလောတွေ့မှ တော်တော့်ကို ပိန်လာတယ်"

"ဆေးခန်း လာတာဆိုတော့ သူလည်း လူကြီးရောဂါတွေ ထဲက တစ်ခုခုဖြစ်လို့ နေမှာပေါ့။ ပိန်တာ ဝတာ မဆိုင်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ၊ အိုလာရင် လူက စက်ပစ္စည်းလိုပဲ၊ ဆော်ဒီထဲက ကိရိယာတန်ဆာပလာတွေကပါ အိုလာတော့ ကျန်းမာရေး တစ်ခုမဟုတ်တစ်ခု ချွတ်ယွင်းလာတော့တာပေါ့"

မှုင်က မေမေ့လက်ရာ စားစရာတစ်မျိုးကို နှစ်ခြိုက်စွာ စားနေရင်း ဟိုဘက်မိသားစုအကြောင်းကို တွေးနေခဲ့သည်။

ဖေဖေ့ ဘာသာ မတည့်ချင် မတည့်ပေမဲ့ မေမေက လည်း ခါးခါးသီးသီး မဟုတ်တာမို့ မှုင်လည်း ခါးခါးသီးသီး မဖြစ်ပေါင်။

ပြည့်လျှံကသာ စိတ်လိုလက်ရ ထပ်ဆက်သွယ်လာမယ်ဆိုရင် ပြန်ခေါ်ဖို့ အဆင်သင့်ပါပဲ။

"မင်း, သမီးကို ကျိတ်မှာထားဦး၊ ဟိုကောင့်သားက တကြည့်ကြည့်နဲ့ ညှုနေတာ၊ ပါသွားဦးမယ်၊ ငါတော့ သဘောကို မတူဘူး"

"ဟာ ... ဖေဖေကလည်း မညှုပါဘူး"

"အံမာ ... ငါ လူကြီးပါ၊ အသက်နှစ်ဆယ်အရွယ် ကောင်လေးတစ်ယောက်က ကောင်မလေး တစ်ယောက်ကို ဘယ်လိုကြည့်သလဲဆိုတာတော့ သရုပ်ခွဲတတ်ပါတယ်"





မှုင်က ရှက်ပြီး ရယ်နေသည်။ မေမေကတော့ စိတ်ရှုပ်သလိုဖြင့် ...

"ရှင်နဲ့ ကိုနေမင်းဟာ ဘာပြဿနာမှလဲ ကြီးကြီးကျယ်ကျယ် မရှိဘဲနဲ့။ အလကားနေရင်း ဒေါသထွက်စရာရှာကြံပြီး တွေးမနေပါနဲ့။ မွန်ကတော့ ကလေးတွေကို မချုပ်ချယ်ဘူး။ သူ့ဘာသာ စိတ်ကြိုက် သူ့လမ်းသူရွေးပေါ့။ ကိုယ်ဖြစ် ကိုယ်ခံရမှာပဲလို့ ပြောထားတယ်၊ နေမင်း,သားမို့ မယူနဲ့ မကြိုက်နဲ့ သီးသန့်ကြီး လိုက်မတားဘူး။ အဲဒီလိုပဲ ဘယ်သူ့သားက ကောင်းတယ်၊ ဘယ်ဝါ့သားက လိမ္မာတယ်နဲ့ ပြောပြီးတော့လည်း စပ်ဟပ်တာမျိုး မလုပ်ချင်ဘူး"

မှုင်သည် မေမေ့စကားကို ကျိတ်ပြီး ထောက်ခံနေမိပါသည်။

ထိုအချိန်တွင် စကားဝိုင်းရှိရာကို မှုင့်မောင်လေး ရောက်လာသည်။ မောင်လေး ငွေမောင်း ကတော့ အသက်ဆယ့်ခြောက်နှစ်အရွယ် ဆယ်တန်းကျောင်းသားလေး ဖြစ်သည်။

"မေမေ ဘာလဲ ဘာစားနေတာလဲ၊ သားအတွက်ရော



www.burmeseclassic.com

www.burmeseclassic.com



"သား ပြန်လာမှ လုပ်ပေးမယ်ဆိုပြီး အခု လုပ်မထားဘူး။ စားရင် သွားလုပ်လိုက်မယ်"

"အိုခေ ... မမ ငါ Play Station 2 (ပလေးစတေရှင်းတူး) ရလာတယ်၊ ကစားမလား"

"အေး ... ကစားမယ်"

မောင်လေးက ကွန်ပျူတာဂိမ်းကစားနည်း အသစ်ကို ရလာ၍ မောင်နှမနှစ်ယောက် ကစားဖို့ ထလိုက်ပါသည်။ ဖေဖေကတော့ ပြောဖြစ်အောင် ပြောလိုက်သေးသည်။

"မေမေ ဘာပြောပြော၊ ဖေဖေကတော့ နေမင်း သားကို လုံးဝလက်မခံဘူးနော် သမီးကြီး"





ဒီတစ်ခါ မျက်နှာချင်းဆိုင် ပြန်ဆုံတော့ နှစ်ယောက်စလုံး မတိုင်ပင်ထားပါဘဲ ပြိုင်တူလိုလို ပြုံးပြပြီး ဖြစ်နေသည်။

ပြည့်လျှံက ...

"မျှင် ဘယ်လာတာလဲ"

ဟု စပြီး မေးပါသည်။

"မျှင်ငါးပိလို့ မခေါ်တော့ဘူးလား"

"ဟား ဟား ... နင် မှတ်မိနေသားပဲ"

"စတွေ့တွေ့ချင်းကတော့ နင့်ကို ဘယ်သူမှန်းကို စဉ်းစားမရခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငါရော့ပဲ ... အရမ်းတွေ့ဖူးတယ်ပဲ ထင်တာ၊ ဒါပေမဲ့ အိမ်ပြန်ရောက်တော့ ငါ ထင်ထားတဲ့ လူတစ်ယောက်များ ဖြစ်နေမလားဆိုပြီး အယ်လ်ဘမ်အဟောင်းတွေထဲ ပြန်ရှာမိတယ်၊ အဲဒီမှာ နင့်မှန်း ပြန်သတိရသွားတယ်"

"ဟယ် ... မျှင်ကတော့ ဘယ်မှာဆုံဖူးမှန်းသိတောင် မသိဘူး"

"အဲဒီဓာတ်ပုံ ရိုက်ထားတဲ့ပွဲက ဖေဖေ့ ဆိုင်အသစ်ဖွင့်ပွဲ ပါတီလုပ်တုန်းကလေ နင့်မှာ အဲဒီဓာတ်ပုံ ရှိလား"

"မရှိဘူး ထင်တယ်"

သူတို့ချင်းက အခုတစ်ခေါက် ပြန်အဆုံမှာတော့ ဟန်ဆောင်မှုတွေ မရှိနေတော့ဘဲ လုံးလုံးသူငယ်ချင်းအရင်းတွေလိုပဲ ဖြောင့်ဖြူးစွာ စကားပြောမိကြလေသည်။

"လာ ... အအေးဖြစ်ဖြစ် သောက်ရအောင်"

မျှင်က မငြင်းဘဲ ပြည့်လျှံ ခေါ်ရာနောက် အသာတကြည် ပါလာပါသည်။ အရောင်းစင်တာကြီး တစ်ခုလုံးမှာတော့ ပွဲတော်တစ်ခုရဲ့ရာသီ နီးလာပြီမို့ ဈေးလျှော့ရောင်းသော ကြော်ငြာစာတန်းတွေပြည့်ကာ ဝယ်သူတွေနဲ့ စည်ကားနေသည်။





ပြည့်လျှံနဲ့ မျှင်သည် အရောင်းစင်တာကြီး၏ အထပ်တစ်ထပ်မှ ရှိသော အစားအသောက်အရောင်းခန်းမသို့ ဝင်လာခဲ့သည်။

"အအေးကြိုက်ရဲ့လား"

"ကြိုက်ပါတယ်၊ ငါက အပူအအေး အကုန်ကြိုက်တယ်၊ တစ်ခါတလေ စိတ်မထင်ရင် အိုက်စကရင် စားပြီးမှ ကော်ဖီ၊ လက်ဖက်ရည်သောက်ရင် ထပ်သောက်သေးတယ်"

"ကောင်းတာပေါ့၊ ဘော်ဒီထဲမှာ အပူအအေး မျှတသွားတာပေါ့"

"ပြည့်လျှံ"

"ဘာလဲ"

"နင့်ကို မျှင် သားပြည့်လို့ ခေါ်ချင်တယ်၊ ရလား။ မျှင် ငယ်ငယ်ကတော့ နင့်ကို ဘယ်လိုခေါ်လဲ မမှတ်မိဘူး၊ ဒါပေမဲ့ အခုတော့ သားပြည့်လို့ ခေါ်မယ်နော်"

"မေမေ ခေါ်သလိုမျိုးလား"

"ဟုတ်တယ်၊ ဒါပေမဲ့ မျှင်က နင်အမေတော့ မဟုတ်ဘူးပေါ့၊ အဲဒီလို ခေါ်တာလေးက ကောင်းသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်သလိုခေါ်ပါ၊ ကိစ္စမရှိဘူး၊ ငါ ငယ်ငယ်က နင် ငါ့ကို ဘယ်လိုခေါ်လဲဆိုတာလည်း သေသေချာချာ မမှတ်မိပါဘူး"

ပြည့်လျှံက အအေးပိုက်တံကို လှည့်ကစားနေရင်း...

"နင် ဘာလာဝယ်တာလဲ"

ဟု မေးပါသည်။

"ဝယ်စရာရယ်တော့ သိပ်မရှိပါဘူး၊ မျှင် မောင်လေး ဝိုင်း ကျူရှင်အိမ်က ဒီဘက်မှာမို့ သူ့ကို လိုက်ပို့ပြီး အပြန် အပျင်းပြေ ဝင်တာလေ၊ နင်ရော"

"အား ... ဟုတ်သားပဲ၊ နင့်မှာ မောင်လေးရှိတယ်၊ ငါ မှတ်မိပြီ၊ သူ့ပုံလည်း ဓာတ်ပုံထဲမှာ ပါတာပဲ"

"ငွေမောင်းလေ သူ့နာမည်၊ ငါကတော့ မောင်မောင်းလို့ ခေါ်တယ်။ နင့်မှာတော့ မောင်နှမ မရှိဘူးနော်"

"မရှိဘူး၊ ငါက တစ်ယောက်တည်းပဲ"

"သားပြည့် ... နင်ရော ဒီရှော့ပင်းစင်တာထဲမှာ ဘာလုပ်နေတာလဲ"





"မေမေနဲ့ လာတာလေ၊ ကုမ္ပဏီတစ်ခုက Hair Care Products (ဟဲကဲပရောဒက်စ်)တွေ လာကြော်ငြာထားပြီး ဘယ်လောက်မှာရင် ဘယ်လောက် discount (ဒစ်ကောင့်) ပေးမယ်ပေါ့၊ ကမ်းလှမ်းထားလို့ အဲဒီကုမ္ပဏီရုံးခန်းကို လာတာ။ ဒီ ရှော့ပင်းစင်တာ အပေါ်ဆုံးထပ်မှာ ရုံးခန်း လုပ်ထားတယ်"

"မျှင့်မေမေ ကုမ္ပဏီမှာလည်း အဲဒီလိုမျိုး ကမ်းလှမ်းတာတွေ ရှိပါတယ်၊ စိတ်ဝင်စားရင်"

ပြည့်လျှံက အသံထွက်ရယ်မောနေသည်။ မျှင်ကပါ သူ ဘာကိုရယ်မောသလဲ၊ အထာပေါက်ပြီး ပြောလက်စ စကား ရပ်ပြီး လိုက်ရယ်မိပါသည်။

"သူတို့ မတည့်ကြဘူးနော်"

ဟူ၍လည်း ပြိုင်တူ ပြောလိုက်မိကြသည်။ ကြည့်စမ်းကွယ် ... တို့ ငယ်ငယ်က သိကျွမ်းဖူးတဲ့ အချက်လေးနဲ့ ဒီလောက် စိတ်ချင်းနီးပြီး ချက်ချင်းကြီး ရင်းနှီးသွားစရာလား နော်၊ တစ်မျိုးပါပဲ သားပြည့်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



"မှျင့်ဖေဖေက ပြောပြထားပြီးပြီထင်တယ်"

"သားပြည့် ဖေဖေလည်း အတင်းအုပ်ပြီးရောပေါ့"

"ဟုတ်တယ်"

"ကျောင်းတော်က ရန်စနဲ့ လူကြီးတွေကိစ္စပါ ခေါင်းထဲ မထည့်နဲ့၊ သူတို့ ဘာမှ စိတ်နာစရာ တေးစရာ မရှိဘဲနဲ့ ပြိုင်နေကြတာမျိုးပါ"

"စီးပွားရေးအရ ပြိုင်ရင် မှျင့် ဖေဖေက နိုင်ပြီးသားပါ။ ဖေဖေက မာနချင်းပြိုင်တဲ့ သဘောပါ"

"ဒါဆို အန်ကယ်လ်နေမင်းက ဖေဖေ့ကုမ္ပဏီနဲ့ တခြားကုမ္ပဏီတွေ ပေါင်းလုပ်မဲ့ပွဲကို ဝင်မပြိုင်ဘူးလား"

"ခါးခါးသီးသီးပဲ။ သူ့ရဲ့ပညာကို သူ့ရဲ့ပရိသတ်က လက်ခံထားပြီးပြီတဲ့၊ နာမည် ရထားပြီးသားတဲ့၊ ကျော်ငွေ့ကြောင့် နာမည်ရတာ မဟုတ်ဘူးတဲ့၊ ဟာ ... ဆောရီးနော်၊ ငါ အန်ကယ့်ကို ကျော်ငွေလို့ ခေါ်တာ မဟုတ်ပါဘူး။ ဖေဖေ့ စကားကို ပြန်ပြောပြတာပါ"

မှျင်က ပြုံးပြီး ခေါင်းအသာညိတ်ပြပါသည်။





"အဲဒီလိုလည်း မဟုတ်ပါဘူး၊ ဖေဖေကြောင့် နာမည်ပိုရစရာလည်း ရှိမလာပါဘူးဆိုတာ မှျင် သိပါတယ်။ ဒါပေမဲ့ မှျင်ကတော့ ဝင်ပြိုင်စေချင်တယ်၊ ဒီပွဲက လူတိုင်း စိတ်ဝင်စားတာလေ၊ သိပ်နာမည်ကြီးနေတဲ့ ဆိုင်တစ်ဆိုင်က ဝင်မပြိုင်ရင် ဘာကြောင့်လဲ၊ ဘာ့ကြောင့် မပြိုင်ရဲလဲဆိုတဲ့ သံသယနဲ့ ထိခိုက်သွားမှာလားလို့ တွေးမိလို့ပါ"

ပြည့်လျှံသည် ဒီလို သိလိုက်ရတော့ နည်းနည်း တွေဝေသွားပါသည်။

"မေမေကတော့ စိတ်နည်းနည်းပါတယ်"

"အန်တီက မိန်းကလေးတွေကို ဆံပင်ညှပ်ကောက်၊ အလှပြင်ဆိုင်မျိုး ဖွင့်ဖူးတယ်ဆို"

"ဟုတ်တယ်၊ ဒါပေမဲ့ မေမေက ဒီဇိုင်နာအလုပ်ကို ပိုအားသန်လို့ အဲဒီဘက်ပဲ လုံးလုံးပြောင်းလိုက်တယ်လေ"

"အခု ပြန်လုပ်ကြည့်ရင် ရသေးလား"

"ရပါတယ်၊ ဆိုင်ဖွင့်ပြီး ပြင်တာမျိုး မလုပ်တော့ပေမဲ့ ခင်မင်တဲ့ မိတ်ဆွေတွေက လာအကူအညီတောင်းရင် ညှပ်ပေး ပြင်ပေးပါတယ်၊ တချို့ မိတ်ဆွေတွေရဲ့သမီး မင်္ဂလာဆောင်



www.burmeseclassic.com

www.burmeseclassic.com



ရှင် လာပြင်ခိုင်းရင်လည်း ပြင်ပေးလိုက်တယ်၊ တချို့က အဝတ်အစား ဒီဇိုင်းတင်မက မိတ်ကပ်ဆံထုံးပါ အပ်ချင်တယ်လေ"

"ဒါဆို KING GROUP အနေနဲ့ ဝင်ပြိုင်ရင် အန်ကယ်လ်၊ အန်တီ သားပြည့် သုံးယောက်စလုံး အဆင်ပြေတယ်နော် ဖေဖေ၊ ပြောပြတဲ့ပုံစံနဲ့ ဘောင်ဝင်တယ်"

"ကြိုးစားကြည့်ရဦးမယ်၊ ဖေဖေ့ကိုတော့ သိပ်မပြောရဲဘူး ဟ၊ သူက စိတ်မထင်ရင် ပိတ်ထိုးမှာ။ မေမေကတော့ ရပါတယ်"

"အန်တီက ကြည့်ရတာ သိပ်နေမကောင်းဘူး ထင်တယ်နော်"

ပြည့်လျှံ မျက်နှာညှိုးကာ အသံတိတ်သွားလျှင် မျှင် အားနာသွားသည်။

"ဆောရီး ... ဆောရီး ... မျှင် စကားများသွားပြီ"

"ရပါတယ်"

ပြည့်လျှံသည် မျှင့်ကိုတော့ ပြောပြလိုက်ချင်သော ဆန္ဒရှိ၍ ပြောဖို့ ဆုံးဖြတ်လိုက်မိသည်။





"မေမေ့မှာ ကင်ဆာ စ,ဖြစ်နေပြီ"

"ဟယ်"

"CA breast တဲ့"

"ဟုတ်လား၊ အဲဒါ ဘယ်လိုတဲ့လဲ၊ လှီးထုတ်ရင် ရသေးလား"

"ရပါစေလို့ ကျိတ်ဆုတောင်းနေရတာပဲလေ၊ ဆေးရုံတက် လှီးထုတ်၊ ဓာတ်ကင်၊ ဆေးသောက် လုပ်ရလိမ့်မယ်၊ Breast ကင်ဆာ တချို့လည်း လှီးထုတ်ပြီး အသက်ဆက်ရှင်နေတဲ့လူတွေ အများကြီး။ အမျိုးထဲမှာ အဘွားတစ်ယောက်ဆိုရင် အသက်ရှစ်ဆယ်ထိ နေသွားရတယ်လေ။ မေမေ့ကိုလည်း အဲဒီလို ကံကောင်းပါစေလို့ပဲ ဆုတောင်းရတယ် မျှင်ရယ်"

"အို ... ဟုတ်ပါတယ်၊ အန်တီ့ မျက်နှာလေးက ကြည်နေတာ၊ မျှင် သိပါတယ်၊ အန်တီက စိတ်ထားကောင်းတဲ့လူပဲ၊ ကံကောင်းမှာပါ"

"မေမေက လုချင်တယ် မျှင်ရဲ့"

"ဩော် ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကြီး လှီးထုတ်လိုက်ရတာကိုတော့ သိပ် feel မဖြစ်ပါဘူးတဲ့၊ သူ့ကို ခွာတ်ကင်မယ်၊ ကင်ဆာဆေးတွေသောက်နိုင်းမယ်ဆိုရင် မျှင် ကြားဖူးတဲ့ အတိုင်းပဲလေ၊ ဆံပင်တွေ ကျွတ်ကုန်မှာ၊ ခေါင်းတုံးမ ဖြစ်သွားမှာ၊ အဲဒီတော့ သူ ရုပ်ဆိုးပါပြီဆိုပြီး ဝမ်းနည်းနေတယ်"

"အန်ကီက အလှပြင်ဆရာမ ဒီဇိုင်နာပဲ၊ သူ့ကိုယ်သူ ကြည့်ကောင်းအောင် သူ့ဘာသာပဲ ပြင်တော့မပေါ့။ ဆံပင်တု လှလှလေးတွေ လုပ်ပြီး စွပ်ထားပေါ့၊ နေဦး ... မျှင်နဲ့တွေ့မှ အကြံပေးပြီး အားပေးလိုက်ဦးမယ်"

"သွားမပြောနဲ့ မျှင်။ မေမေက ဘယ်သူ့ကိုမှ မသိစေချင်ဘူး။ မျှင့်ကို ငါ ပြောပြတာတောင် အပြစ်မကင်းဘူးသိလား။ မျှင် မသိချင်ဟန်ပဲ ဆောင်နေလိုက်ပါ။ မေမေက သူ့စိမ်းတွေ ဘယ်သူ့ကိုမှ အသိမပေးချင်ဘူး၊ ငါက မျှင့်ကို ခင်လို့ ပြောမိတာ"

ပြည့်လျှံနဲ့ မျှင်တို့ ကြားတွင် မထင်မှတ်ပါဘဲ နိုင်မြဲလာသည့် ကြိုးလေးတစ်ချောင်းက တစ်စတစ်စ ပီပြင်လာခဲ့တော့သည်။





သူတို့ချင်း မျက်လုံးများမှ တစ်ဆင့် ရင်ထဲ နှလုံးသားထဲကို နားလည်သိမြင်လျက် ခင်မင်မှုသံယောဇဉ်က အရင်းတည်သော တစ်စုံတစ်ရာကား မှုန်ဝါးဝါး စတင်အရိပ်ပြချင်ပြီတည်း။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ငွေတို့ ကုမ္ပဏီပိုင်ရှင်များအုပ်စုမှ ပြိုင်ပွဲဝင်ရန် ဖိတ်စာလှလှကြီးတစ်ခု သူတို့သားအဖ၏ KINGS သို့ ရောက်လာသောအခါ ဖေဖေက မဆီမဆိုင် ဒေါသပုန် ထ,လေသည်။ ပြည့်လျှံကိုလည်း မဲပြီး တစ်နေကုန် လိုက်ဟောက်နေသည်။

"ဟော့ကောင် ... နားသယ်ကို အဲ့ဒီလောက်ကြီး ပါးမပစ်နဲ့"

ဟူ၍ သူ ညှပ်ပေးနေကျ ဖောက်သည်ကောင်လေးရှေ့မှာလည်း ဟောက်သေးသည်။

"မုတ်ဆိတ်မွေး ပါးမြိုင်းမွေး ပြင်တာပဲ၊ အဲဒီလောက် အချိန်ယူရသလား"

လို့ လာဆရာလုပ်ပြီး ဆူလိုဆူ။





"ကိုယ်နဲ့ ညှပ်မဲ့လူ မရှိတဲ့အချိန်မှာ ဆိုင်မှာ ဘယ်နေရာ ဘာလိုသလဲ လိုက်ကြည့်ပြီး ဖြည့်တန်တာ ဖြည့်မှပေါ့၊ ဘာထိုင်လုပ်နေလဲ"

ဟု ဆိုင်မှာ အလုပ်သမားတွေ အများကြီး ရှိတာတောင် ပြည့်လျှံကို ဟိုခိုင်း ဒီခိုင်းလုပ်ကာ မာန်လိုမာန်။

ပြည့်လျှံလည်း ဖေဖေနဲ့ နေလာတာ နှစ်လည်းမနည်းတော့တာမို့ ဖေဖေ ဘယ်လောက် ဆူဆူပြောပြော စိတ်ထဲကမပါ။ တကယ် သူ့ကို ဆူချင်မာန်ချင်လို့ မဟုတ်ဘူးဆိုတာ နားလည်လျက် ခေါင်းငုံ့ခံပြီး ဖေဖေ့အကြိုက် လိုက်လုပ်ပေးနေခဲ့ပါသည်။

ညနေပိုင်း ဆိုင်ပိတ်ပြီး သားအဖနှစ်ယောက် အိမ်ပြန်နားသောအခါမှ ဖေဖေက သူ့ဘာသာ ပြန်တွေးတောဆင်ခြင်မိဟန်ဖြင့် ...

"ဖေဖေ ... ဒီနေ့ စိတ်အလိုလိုတိုပြီး ငါ့သားကို မာန်မိတယ်၊ ဆူစရာမရှိ ရှာကြံဆူမိတယ်ကွာ"

ပြည့်လျှံက ပြုံးပြီး ငြိမ်နေခဲ့ပါသည်။

"ကျော်ငွေ ဖိတ်တဲ့ ပြိုင်ပွဲဟာ ဘာသဘောလဲ၊ တမင် ဖေဖေ့ နာမည်ကို ထိပါးချင်လို့ ဒီလိုပွဲကြီး စလုပ်တို့ သူ



www.burmeseclassic.com

www.burmeseclassic.com



အကြံရသလားပေါ့၊ တွေးမိလာတယ်။ သူ့ပွဲကိုပြိုင်မှ သူတို့က Title (တိုင်တယ်လ်)တပ်မှပဲ နာမည်ကြီးစာရင်း ဝင်ပါတယ်လို့ လူတွေကို သိတင်းလွှင့်ချင်သလားပေါ့။ ပြိုင်ပွဲမဝင်ရင်အဲ ဝင်မပြိုင်ရလို့ဆိုပြီး ...”

“ဟုတ်တယ်၊ သား အဲဒီလို တွေးမိတယ်၊ မေမေလည်း တွေးမိတယ်”

“ဒါပေမဲ့ ဖေဖေ ဝင်မပြိုင်ဘူး သား၊ ဖေဖေ့ကို ကျော်ငွေ့ တမင်နှိမ်ချင်လို့ လုပ်တာ၊ ဖေဖေက သူဆင်တဲ့ အကွက်ထဲ မဝင်ဘူး။ သူ Title မပေးလည်း ဖေဖေဟာ KINGS ဆိုတဲ့ အမည်နဲ့လိုက်အောင် ဆံပင်ညှပ် အလှပြင်ဆိုင် လောကမှာ ဘုရင်ပဲ”

ဖေဖေ တင်းမာစွာ ပြောပါသည်။ ပြည့်လျှံကတော့ ဝင်ပြိုင်ချင်လွန်းလှသည်ရယ်လည်း မဟုတ်၊ ဝင်မပြိုင်ချင်သည်ရယ်လည်း မဟုတ်ပါ။ မျှင့် ရှေ့မှာ ပညာပြလိုတာ ကောင်မလေး အကြိုက် လုပ်ပြလိုတာ။ သူ့ပညာကို မျှင် မြင်ရပြီး အထင်ကြီးစေချင် ချီးကျူးစေချင်တာ။ မျှင်က သူ့ကို သိပ်ဝင်ပြိုင်စေချင်နေတယ် မဟုတ်လား။ ဒါကြောင့်။





“မင်းလည်း ကျော်ငွေ့ သမီးနဲ့ ဝေးဝေးနေပါ၊ မှာထားလည်း မရဘူး၊ ရောတယ် ဆက်ဆံတယ် မဟုတ်လား”

မျှင့် ဆီက မှန်းလာလာနေတာကို ဖေဖေ သိပြီး သူ့ကို မာန်လိုက်ခြင်း ဖြစ်သည်။

“သားတို့ ငယ်ငယ်က အတူငယ်ချင်းတွေပါ ဖေဖေ၊ အခု ပြန်တွေ့တော့ ခင်ကြတာပါ”

“ငါ မင်းအဖေပါ၊ ရွှေဆက် သား[illegible] ဆိုတာ ကြိုမြင်ပြီးသားပါ၊ ငါ လုံးဝသရွှေ[illegible]ထဲမှာ ကျော်ငွေ့ သမီး ပါတယ်”

“ဖေဖေတို့ လူကြီးချင်း မတည့်ပေမဲ့ သားတို့ကိုတော့ ဆွဲမသွင်းပါနဲ့၊ သားတို့က အဖြူထည်တွေပါ၊ ဘာပကာသနမှ မပါဘူး။ ဘာပြိုင်ဆိုင်မှုမှ မလွှမ်းမိုးထားဘူး”

“ဟေ့ကောင် ... ဖအေ ပြောတာကို ပြန်ဆင်ခြေပေးမနေနဲ့။ ငါက မှင်းခံလိုက်ရမှာစိုးလို့ ပြောတာ၊ မင်းဘက်က ကြိုရှောင်ထားရင် ဘာမှ ခံလိုက်ရစရာ အကြောင်းမရှိဘူး။ မင်းက သေလောက်အောင် ချစ်လိုက်ပြီးကာမှ ကျော်ငွေ့က ငါ့သားမို့ သူ့သမီးနဲ့ မတန်ပါဘူးဆိုပြီး ခွဲရင် မင်းခံရ



www.burmeseclassic.com

www.burmeseclassic.com

မယ်၊ ကျော်ငွေ့ သမီးကလည်း ကျော်ငွေ့ စိတ်ပဲ ရှိမှာ
တစ်နေ့ စဉ်းစားရွေးချယ်ကြစတမ်း ဆိုရင် သူ့အဖေ ခင်
ပေးတဲ့ လမ်းကိုပဲ လျှောက်မှာပဲ”

မျှင်က အဲဒီလိုလား ...။ မျှင့်မှာ အဲဒီလိုစိတ်
မပါနိုင်ပါဘူး ဖေဖေရယ်။ မျှင့် စိတ်ကို သား မှန်းလို့ရပါတယ်

သို့သော် ... ပြည့်လျှံသည် ဖေဖေနဲ့ စကားနိုင်မ
လို၍ ဘာမှ ဆက်မပြောဘဲ ငြိမ်နားထောင်နေခဲ့ပါသည်။

ဒီအကြောင်းကို မေမေနဲ့တွေ့တော့ ပြောမိလျှ
မေမေ့ ထံမှလည်း ...

“သားပြည့်ရယ်၊ အဲဒီကောင်မလေးက ချစ်ဖို့ကောင်းတော
သား ချစ်သွားလိမ့်မယ်လို့ မေမေ ကြိုမြင်ထားပါတယ်
ဒါပေမဲ့ သား သူ့ကို ဒီထက်ပိုပြီး ချစ်သွားမိဖို့ထိ မစဉ်
စားပါနဲ့”

ဟု ဖေဖေ့လေသံနဲ့ တညီတည်း ပြောလာပါသည်

ပြည့်လျှံက အံ့သြသလိုဖြင့် မေမေ့ကို မေးမိသည်

“သားတို့ ခုထိ သူငယ်ချင်းတွေပါ၊ ဒါပေမဲ့ အံ့သြစ
ကောင်းတာက ဖေဖေနဲ့ မေမေက သားတို့ တစ်





ချစ်သူဖြစ်ကြရင် သား ခံစားပြီး ကျန်ခဲ့ရမယ်ချည့်ပဲ တဖွဖွ
ပြောပြီး တားနေတယ်နော်၊ ဦးကျော်ငွေက ဘာကြောင့်
ဖေဖေနဲ့ မေမေရဲ့ ရန်သူကြီးလုံးလုံး ဖြစ်နေရတာလဲ”

“ရန်သူတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တစ်သက်လုံး
ဒီဘက်မိသားစုနဲ့ ဒီဘက်ကလူ မှန်သမျှကို အထင်အလိုလို
သေးနေတဲ့လူဟာ အကောင်းမြင်မှာ မဟုတ်ဘူး။ သူ့သမီး
ကို သား ဘာကြောင့်ပဲ ချစ်သွားပါစေ သူကတော့ သူ
ရှာဖွေစုဆောင်းထားတဲ့ စည်းစိမ်ဥစ္စာတွေကို မက်လို့ သူ့
မိသားစုထဲဝင်တယ် ထင်ရင် ထင်မယ်။ မထင်ရင်လည်း
သားဖေဖေက မြှောက်ပေးလို့ သူ့သမီးကို ရအောင်ယူပြ
တယ်လို့ တလွဲတွေးရင် တွေးမယ်၊ ဒီတော့ ... သားတို့ကို
သူကတော့ ရအောင်ကို ခွဲမှာပဲ။ သား သိပ်ချစ်သွားမိရင်
သိပ်ခံစားပြီး ကျန်ခဲ့ရမယ်”

“မျှင်ကရော အဲဒီလိုလုပ်တိုင်း ခံမယ်တဲ့လား၊ မဖြစ်နိုင်
တာဗျာ။ ဘာတွေမှန်းကို မသိဘူး။ ဖတ်ဖူးတဲ့ ပုံပြင်ဝတ္ထု
တွေထဲကလိုပဲ၊ ဇွတ်ကြီး ဒီဇာတ်လမ်းရဲ့ အဆုံးသတ်ဟာ
ဒီအတိုင်းပဲ ဖြစ်ရမယ် ပြောနေတယ်”


www.burmeseclassic.com

www.burmeseclassic.com



မေမေက ပြည့်လျှံကို ဆက်မပြောတော့ဘဲ သူ့ဆေးတွေ သူ ထုတ်သောက်နေသည်။ မေမေ့အိမ်မှာ အိမ်ဖော်မိန်းကလေး တစ်ယောက်သာ ရှိပါသည်။ မေမေ့ အင်္ကျီချုပ်ဆိုင်ကြီးကတော့ ပလာဇာကြီးတစ်ခုမှာ ဆိုင်ခန်းငှားပြီး ဖွင့်လှစ်ထားသည်။ မင်းသမီး၊ အဆိုတော်၊ မော်ဒယ်လ်တွေ ချုပ်ကြသော အင်္ကျီချုပ်ဆိုင် အဖြစ် နာမည်ကြီးပါသည်။

"မေမေ နေရောကောင်းရဲ့လား၊ နေသိပ်မကောင်းတဲ့လူကို နေကောင်းရဲ့လား မေးရတာတော့ သိပ်အဆင်မပြေဘူးပေါ့ ဒါပေမဲ့ အရင်ကထက်စာရင် ဆေးတွေသောက်လိုက်တော့ နေသာလာရဲ့လားလို့ မေးတဲ့သဘောပါ"

"ကောင်းပါတယ်ကွယ်၊ ဆံပင်ကျွတ်တာကလွဲရင်ပေါ့"

"ဆရာဝန်ကြီး ဘယ်တော့ လှီးထုတ်ရမယ်တဲ့လဲ"

"လာမဲ့ အပတ်ထဲမှာပဲ"

"ပြီးရင်လည်း ဆေးသောက်ဓာတ်ကင် လုပ်ရဦးမယ်ဆို"

"အေးပေါ့ သားရယ်၊ ဘယ်တတ်နိုင်မလဲ၊ ကိုယ့်ကုသိုလ် ကိုယ် ဖြစ်တာပဲ ခံရမှာပေါ့"





"မေမေ့ အလုပ်တွေ ခဏနားထားလိုက်ပါ၊ မေမေ့တပည့်မတွေကလည်း တော်တော် စိတ်ချရနေပြီပဲ၊ နေရာတကာ မေမေ ဝင်ပါမနေပါနဲ့၊ သားရိုးသဘောပြောရရင် မေမေ့ကို အလုပ်က လုံးလုံးနားပစ်လိုက်စေချင်တယ်"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ သားပြည့်ရယ်၊ အလုပ်ကလေး လုပ်နေရရင် ကိုယ့်ရောဂါကိုယ် မေ့ပြီး ကိုယ့်လက်ရှိဘဝရဲ့ ခံစားချက်ကို မေ့ပေါ့၊ အမြဲတမ်း အိမ်မှာချည်းအောင်းနေပြီး ရောဂါသည်ကြီးလို ရှုနေရင် ပိုဆိုးလိမ့်မယ်၊ ဒီလိုပဲ သွားရင်း လာရင်း ဆုံရင်း ကိုင်ရင်းနဲ့ပဲ အသက်ရှင်ရတဲ့ အချိန်တွေကို ကျော်ဖြတ်ချင်တယ်"

ပြည့်လျှံက မေမေ့ကို ဖက်ထားလိုက်မိပါသည်။ ရင်ထဲမှာ မေမေ ဘာကြောင့် ဒီလိုအထီးကျန်ဘဝကို ရောက်အောင် ရွေးချယ်သွားသလဲလို့ မေးကြည့်ချင်လာသည်။

အသက်ဆယ်နှစ်အရွယ်မှာ ဖေဖေနဲ့ မေမေ လမ်းခွဲသွားတာပဲ သိသည်။ ဖေဖေ့ဆီမှာ သူ့သဘောနဲ့သူ လိုက်နေမိတာပဲ သိသည်။ သူ တစ်ခါမှ မေမေ့ သဘောကို မမေးကြည့်မိခဲ့၊ မေမေ့ ခံစားချက်က ဘာလဲ၊ မေမေတို့ ဘာအကြောင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲကြတာလဲ။ သားမရှိဘဲ မေမေ တစ်ယောက်တည်း ဘယ်လိုခံစားချက်တွေနဲ့ ရပ်တည်ခဲ့ရသလဲ။

သူ တစ်ခါမှ မမေးကြည့်ဘူးသော၊ မဆွေးနွေးဘူးသော၊ မစပ်စုဘူးသော အကြောင်းအရာကို အခုမှ သိချင်လာသည်။ မေးကြည့်ရင် မေမေ ပြောပါ့မလား။ ပြောနိုင်ပါ့မလား။ ပြောရော ပြောချင်ရဲ့လား။

"မေမေ"

"သားပြည့် ဘာမေးချင်လဲ မေးလေ"

မိခင်တွေဟာ ကိုယ့်သားသမီး ရင်ထဲမှာ ဘာရှိသလဲဆိုတာကို ဖွင့်မပြောခင်က အလိုလို ကြိုသိနေတဲ့အတိုင်း မေမေသည်း ပြည့်လျှံရဲ့စိတ်ကို ကြိုသိနေပါသည်။

"မေမေ ဘာလို့ ဖေဖေနဲ့ လမ်းခွဲသွားတာလဲဟင်"

"ဩော် ... ဒါလား"

မေမေ့ မျက်နှာလေး မှဲ့သွားသည်။ သို့သော် မေမေ့လေသံတွေကတော့ ပုံမှန်ပင်။

"မေမေ သူ့ကို ချစ်ပါတယ်၊ ခုထိ သူ့ကို စိတ်ထဲမှာ ကိုယ့်ခင်ပွန်းသည် တစ်ယောက်လိုပဲ ထားပါတယ်၊ ဒါပေမဲ့





မေမေ သူနဲ့တော့ တစ်သက်လုံး အတူတူ မနေနိုင်တော့ဘူး သားပြည့်ရယ်။ မင်း ဖေဖေက လူတစ်ဖက်သားကို သိပ်လွှမ်းမိုးလွန်းတယ်၊ သိပ်အနိုင်ယူလိုစိတ် များလွန်းတယ်၊ မေမေ့ကို ချစ်တာတစ်ပိုင်း၊ ချုပ်ချယ်သဝန်တိုလွန်းတာ၊ အမိန့်ပေးလွန်းတာက တစ်ပိုင်းပေါ့၊ ကြာတော့ သည်းမခံနိုင်တော့ဘူး"

မေမေ မောသွားဟန်ဖြင့် စားပွဲပေါ်ရှိ ကော်ဖီကို ချက်ကောက်၍ ငုံသောက်လိုက်ပါသည်။ ပြီးမှ ဆက်ပြောသည်။

"မေမေ အစက ဆံပင်ညှပ်ဆိုင် လုပ်တယ်လေ၊ သူနဲ့ယူတော့မှ မလုပ်တော့ဖို့ သူပဲ အတင်းတိုက်တွန်းတယ်၊ ဆိုင်ကို အတင်းပိတ်ခိုင်းတယ်၊ ဘာသဘောမှန်းကို မသိဘူး။ အကျီချုပ်ဆိုင်တောင် အတင်းပြောဆိုပြီး ဆက်ဖွင့်ရတာ၊ သူ့သဘောက သူနဲ့ ယူပြီးရင် အိမ်မှာနေ သူကစီးပွားရှာမယ်ပေါ့။ မေမေက အိမ်ထောင်စုကို ထိန်းသိမ်းတာလေးတွေမွေး၊ တကယ့်ကို အိမ်ရှင်မကြီးလို နေရမယ်ပေါ့၊ မေမေတော့ အံ့သြရော ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ မေမေ အလုပ်ပြင်တာတောင် မကြိုက်ဘူး။ ရေချိုးပြီး သနပ်ခါးလိမ်းတာက အစပေါ့၊ သူက ဘာသဘောနဲ့ အလုပ်ပြင်တာ မကြိုက်လဲဆိုတာ မေမေ သိလာတယ်၊ မေမေ့ကို သဝန်တိုတာလေ၊ မေမေ့ကို အပျိုထင်ပြီး ငမ်းကြမှာကို မကြိုက်ဘူး၊ တခြားယောကျ်ားတစ်ယောက်နဲ့ စကားပြောရင်လည်း အမြဲတမ်း ရန်လုပ် ပြဿနာရှာပြီး စွပ်စွဲတယ်၊ မင်းက သာယာနေတာလား ဘာလားပေါ့၊ အမြဲသမုတ်တယ်၊ ကြာတော့ မေမေ့မှာ အနေကျုံ့လာတယ် သားပြည့်ရယ်။ မေမေက ခေတ်မီတဲ့ မိန်းမတစ်ယောက်ပီပီ ကလေးကို နှစ်ယောက်၊ သုံးယောက် အလွန်ဆုံးယူဖို့က လွဲရင် ဒီ့ထက် ပိုမယူချင်ဘူးလို့ ပြောလည်း သူက လက်မခံဘူး၊ ကလေးမရအောင် တားထားတာ မကြိုက်တော့ စကားများကြတယ် ...

သားပြည့်ကို မွေးပြီး မေမေ နောက်ကလေး ထပ်မယူသေးဘဲ တားဆေးတွေသောက်နေမှန်းသိတော့ ပြဿနာ အကြီးအကျယ် တက်တာပဲ”





ပြည့်လျှံသည် အိမ်ထောင်တစ်ခု၏ သဘောထားမညီမျှမှု၊ နားလည်ခြင်း ကွဲလွဲမှုကို တွေးမိကာ ဘယ်သူမှားသလဲ မှန်သလဲကို မဆုံးဖြတ်နိုင်တော့ပြန်ပါ။

“ပြဿနာ အသေးအဖွဲလေးတွေ ခဏခဏ စုမိလာတယ်၊ ပြဿနာ ကြီးကြီးကျယ်ကျယ်လည်း ရှိလာတယ်။ မေမေလည်း သူ့ကို သိပ်ချစ်ပေမဲ့ သူနဲ့နေရတာ မပျော်တော့ဘူး၊ ကိုယ်ချစ်တဲ့သူနဲ့ နေရရင် ပျော်ကြတဲ့သူချည်းပဲ၊ ချစ်သူအကြိုက် လိုက်နိုင်ကြတဲ့သူချည်းပဲ ဆိုတာမျိုးက နှစ်ဦးနှစ်ဖက် မျှတတဲ့ အတွေးအခေါ်နဲ့ နားလည်မှုတွေ ရှိကြလို့ပါ၊ မေမေ့မှာက အဲဒီလိုမရှိခဲ့ဘူးလေ။ မေမေ ဒါကြောင့် သူနဲ့လမ်းခွဲဖို့ စပြောလိုက်ပါတယ်၊ သူ့ မေမေ့ကို ချုပ်ချယ်တာတွေ၊ သဝန်တိုလွန်းတာတွေ၊ လွှမ်းမိုးလွန်းတာတွေကို သည်းမခံနိုင်လို့ပါလို့ ပြောပြီးတော့ လမ်းခွဲကြဖို့ စ,ပြောလိုက်တာပါ။ သူကလည်း သူလုပ်တာ အမှန်လို့ ခေါင်းထဲထည့်ထားတဲ့လူ ဆိုတော့ မလျှော့ပေးဘဲ မေမေနဲ့အပြိုင်မာနထားပြီး လမ်းခွဲဖို့ကို သဘောတူခဲ့တယ်”

“ဒါဖြင့် သားကရော”



www.burmeseclassic.com

www.burmeseclassic.com



"သားပြည့်က သားသဘောနဲ့သား ဆုံးဖြတ်တယ်လေ၊ ဖေဖေနဲ့ပဲ နေမယ်လို့ သား ပြောခဲ့တုန်းက မေမေ ဘယ်လောက် ရင်ကွဲရတယ် မှတ်လဲ"

"မေမေက အေး ... သားပြည့် သဘောပဲ၊ သားပြည့် မပျော်ရင် မေမေ့ဆီ လာနေလို့၊ အဲဒီလောက်ပဲပြောပြီး ဘာလို့ အလွယ်တကူ ခွင့်ပြုလဲ"

မေမေက ရယ်ပါသည်။

"မေမေလည်း သူများက ကိုယ် မလုပ်ချင်တာကို အတင်း လုပ်ခိုင်းတာ မခံနိုင်လို့ ကိုယ့်လမ်းကိုယ် လျှောက်တယ်လေ၊ ဒီတော့ ... သားကိုလည်း သားမလုပ်နိုင်တာကြီးကို အတင်းပဲ လုပ်ရမယ်လို့ မျက်ရည်ကျပြပြီး မခိုင်းချင်ဘူး။ ဖေဖေနဲ့မေမေ့မှာ ဘယ်သူနဲ့ သား နေချင်လဲလို့ တစ်ခွန်းပဲ မေးတယ်၊ သား စိတ်ထဲမှာ ပထမဦးဆုံး ဖြစ်လာတဲ့ဆန္ဒနဲ့ အဖြေကိုပဲ မေမေက သားစိတ်ဆန္ဒအမှန်လို့ အတည်ယူတယ်လေ။ မေမေ ငိုပြ၊ ပြုပြပြီး သားကို ချော့ခေါ်လို့ သား လိုက်လာတယ် ဆိုတာမျိုးဟာ သားရဲ့ဆန္ဒ ပါချင်မှ ပါတော့မယ်၊ မေမေ့ကို သနားလို့ဆိုတဲ့ ခံစားချက်နဲ့





သား လိုက်လာလိမ့်မယ်၊ မေမေက အဲဒါကို မလိုချင်တာ၊ အဲဒါကြောင့်ပါ"

ပြည့်လျှံသည် အခုကျမှ မေမေ့ကို အလွန်အမင်း နားသွားပြီး မျက်ရည်ဝဲလေသည်။

သို့သော် ပြည့်လျှံရဲ့ မေမေကတော့ အင်မတန်မှ တ်စာတတ်နိုင်မာလှစွာ အပြုံးမပျက် နေနိုင်ဆဲ။



www.burmeseclassic.com

www.burmeseclassic.com



၃

"မမ နင်ပြောတဲ့ဆိုင်က ဟန်ပါ့မလား၊ ငါ ညှပ်နေကျဆိုင်ပဲ ပြန်သွားရင် ကောင်းမယ်"

ငွေမောင်းက အစ်မဖြစ်သူကို မယုံကြည်ဟန်ဖြင့် ကားရပ်ပြီးကာမှ ကိုးကျသည်။

"ဟဲ့ ... ငါ ဒီမှာ အပွိုင့်မင့်န် လုပ်ထားပြီးနေပြီ၊ ပြီးတော့ ကင်းစ်က ဒီလောက် နာမည်ကြီးတာဟယ်၊ နင့်ဆံပင်ပုံ ပျက်အောင် မလုပ်ပါဘူး"





"နာမည်ကြီးမှန်း သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် ညှပ်နေကျဆိုင်ကကျတော့ ကျွန်တော့်ပုံ ဘယ်လိုဆိုတာ အမြဲသိပြီး ညှပ်ပေးနေကျဗျ။ ဒီဆိုင်ကျတော့ နာမည်ကြီးတွေပီပီ ထွင်ညှပ်ပုံသွင်းလိုက်မှ သူငယ်ချင်းတွေ ဝိုင်းရယ်ခံရလိမ့်မယ်"

"နင် ညှပ်နေကျပုံပဲ၊ ကတ်တလော့ထဲမှာ ရှာပြပြီး ပြောလိုက်ပေါ့၊ မောင်မောင်းရယ်၊ နင်ကလည်း အပိုတွေ"

"မမနော်၊ နင် ဟိုအစ်ကိုကြီးကို တွေ့ချင်လို့ တမင်ဇာတ်လမ်းထွင်ပြီးလာတာ၊ ငါက ဖင်အကျိန်းခံပြီး လိုက်လည်းလိုက်၊ ဆံပင်လည်း အညှပ်ခံရသေးတယ်၊ မဟောက်နဲ့။ ကတိအတိုင်း နေပါ၊ ဖေဖေနဲ့ ပြန်မတိုင်စေချင်ရင်"

"အေးပါ၊ အေးပါ၊ တော်ပါ၊ ငါ သိပါတယ်၊ ဆံပင်အညှပ်ခံပြီးရင် နင့်ကို Levis' 501 တစ်ထည်ရယ်၊ Eminem (အမ်မီနစ်) CD အသစ်တစ်ချပ်ရယ်၊ ဝယ်ပေးမဲ့ ကတိကိုလည်း မဖျက်ပါဘူး။ နင့်ကို မဟောက်ပါဘူး၊ နားရွက်လိမ်မဆွဲပါဘူး ဆိုတဲ့ ကတိကိုလည်း မမေ့ပါဘူး စိတ်ချ။ အံမယ်လေးဟဲ့၊ ကြောက်နေရပါလား"



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက် ကျိတ်ကျိတ် ကျိတ်ကျိတ်
ရန်ဖြစ်ရင်၊ ဆိုင်တံခါးလေးကို တွန်းဖွင့်လိုက်ကြပါသည်။

ဆိုင်တံခါးဖွင့်လိုက်တိုင်း မြည်နေကျ အသံအကြား
မှာတော့ ပြည့်လျှံသည် ဆံပင်ညှပ်လက်စမှ မျှော်လင့်တကြီး
မော့ကြည့်လေသည်။

ပြည့်လျှံနဲ့ ဆံပင်ညှပ်ပါမယ်လို့ ချိန်းထားတဲ့ မျှ
မောင်လေးဟာ အသက်ဆယ့်ခြောက်နှစ်အရွယ် လူထွားလေးဖြ
ကလေးစိတ်မပျောက်သေးဟန်နဲ့ တံခါးအဖွင့်အပိတ်တွေမှာ မြည်
တတ်သော ချူနှင့် ခေါင်းလောင်းများကို သဘောတကျဖြစ်ပြီး
တံခါးကို ပြန်ဆွဲဖွင့်ကြည့်လိုက်၊ ပြန်တွန်းပိတ်ကြည့်လိုက် လုပ်
ဆဲ။ ဆိုင်ထဲ ဝင်မထိုင်သေး။ မျှင်ကသာ သူ့မကို မျက်မှောင်ကုတ်
ကြည့်သော ဖေဖေ့ကို ပြုံးပြီး မျက်နှာချိုသွေးလိုက်သလို ပြည့်လျှံ
ကိုလည်း အပြုံးဖြင့် လှမ်းနှုတ်ဆက်လျက် ထိုင်စောင့်ရသော
တွေမှာ ဝင်ထိုင်ပြီးနေပြီ။

"မောင်မောင်း ဆော့မနေနဲ့၊ လာထိုင်လေ"

အစ်မအသံကြားမှ ကောင်လေး ခုံမှာ ဘုတ်ခ
ဝင်ထိုင်ပါသည်။





ပြည့်လျှံက ငွေမောင်းကို ကြည့်ရင်း ...

"ဒီတစ်ယောက်ပြီးရင် ညီလေးအလှည့်ပဲ၊ ခဏနော်"

ဟု လှမ်းပြောလိုက်သည်။

မျှင်သည် ပြည့်လျှံဆံပင်ညှပ်ပေးနေသော ဟန်ကို
အငေးသား ကြည့်နေခဲ့မိသည်။ သိပ်ကြည့်လို့ ကောင်းတာပဲ။
အနုစိတ်ကျ လုပ်ရတဲ့ အလုပ်ကို လုပ်နေတဲ့သူပီပီ ပြည့်လျှံရော
ဦးနေမင်းရော လက်ဖဝါး၊ လက်ချောင်းတွေဟာ ရှည်သွယ်နေလျက်
နူးညံ့မဲ့ဟန်လည်း တွေ့ရပါသည်။

ပြည့်လျှံကတော့ လူငယ်ပီပီ ဆိုင်ထဲမှာ ဖွင့်ထား
သော သီချင်းတညည်းညည်း ကိုယ်ဟန်သွယ်သွယ် လက်ချောင်း
ယူဟန် ညှပ်ဟန် ခပ်မြူးမြူးနဲ့ ပိုကြည့်ကောင်းနေသည်။

ဦးနေမင်းကတော့ လူကြီးပေမဲ့ လူက နုပျိုလန်းဆန်း
တက်ကြွလျက် သူ့ အလုပ်လုပ်ဟန်ဟာ တကယ့်ပညာရှင်ဟန်
ပီသလှသည်။ တည်ငြိမ်ကျွမ်းကျင်လှပြီး လူတစ်ယောက်ရဲ့အသွင်
အပြင်ကို မိနစ်ပိုင်းအတွင်း ချက်ချင်းပြောင်းလဲပေးလိုက်နိုင်ဟန်
အထင်းသား တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးပြီ ... ညီလေး အလှည့်၊ ခဏနော်၊ ဒီနေရာ အမှိုက်ရှင်းပြီးရင် ဝင်ထိုင်လို့ရပြီ"

ခုမှာ တစ်ယောက်ညှပ်ပြီး သွားတာနဲ့ ဆံပင်စနဲ့ အမှိုက်သရိုက်တို့ကို လာရှင်းသူ အလုပ်သမားက ချက်ချင်းရောက်လာပြီး ရှင်းပါသည်။

ပြည့်လျှံက CD တစ်ချပ် ပြောင်းထည့်နေရင်း coke ဘူးကို ဖွင့်သောက်နေသည်။ မျှင့်ကိုလည်း သူ့အဖေအလစ်မှာ လှမ်းပြုံးပြရင်း "သောက်ပါဦး"ဟူသော အမူအရာ လုပ်ပြလိုက်သေးသည်။

ပြည့်လျှံတို့ရဲ့ ဆိုင်ကြီးက အတူးပင် ကျယ်ဝန်းလှပြီး သန့်ရှင်းသပ်ရပ် အဆင့်မြင့်လှပါသည်။ ဆိုင်မှာပင် ပြည့်လျှံတို့သားအဖ အပါအဝင် ဆံပင်ညှပ်ပေးသူ အယောက်နှစ်ဆယ်ရှိသည်။ အကုန်လုံး ယောကျ်ားတွေချည့်ပဲ ခန့်ထားသည်။ ဆံပင်လျှော်ပေးသူ ငါးဦးထားထားသည်။ သန့်ရှင်းရေး လုပ်နေသူလည်း ငါးဦးလောက်ရှိသည်။ ဆိုင်တစ်ခုလုံး မီးချောင်းအား ကောင်းကောင်းတို့ဖြင့် လင်းထိန်နေလျက် စိမ့်နေအောင် အေးသော လေအေးစက်ကြောင့် ထိုင်စောင့်နေသူတွေပင် လက်ပိုက်နေရတော့





ယောကျ်ား ဆံပင်ညှပ် အလှပြင်ဆိုင်ကြီးပေမဲ့ လာညှပ်သူ၊ ယောကျ်ားသားတို့ကို အဖော်လိုက်လာပေးကြ၊ ထိုင်စောင့်နေကြသော မိန်းကလေး ယောကျ်ားလေး စသည်များလည်းရှိရာ၊ မောင်မောင်းကို ညှပ်နေတော့ မျှင် ထိုင်စောင့်ရတာ သိပ်တော့ မကြောင်လှ။

တချို့လည်း မဂ္ဂဇင်းဖတ်လို့၊ တချို့လည်း ဆံပင်ညှပ်သူတွေကို ငေးလို့၊ တချို့လည်း ဂြိုဟ်တုစလောင်းတီဗီမှ လွှင့်နေသော MTV အစီအစဉ်တို့ကို ကြည့်လို့ စသဖြင့် ထိုင်စောင့်နေကြသူတွေပင် မနည်းလှ။

နာမည်ကြီး ဆိုင်တစ်ဆိုင်မှန်း အကဲခတ် လေ့လာ ထာနဲ့ပင် သိသာလှပါသည်။

မျှင်က ခြေထောက်လေးချိတ် လက်ကလေးပိုက်ရင်း မောင်မောင်း အညှပ်ခံနေသည်ကို ကြည့်နေမိပါသည်။

မှန်ထဲမှာ တစ်စတစ်စ ပုံပေါ်လာသော သူ့မျက်နှာသူကြည့်၊ သူ့ဆံပင်ပုံ သူကြည့်ရင်း မောင်မောင်း တစ်ယောက် ကျေနပ်စွာ ပြုံးနေသည်ကို မြင်ရမှ မျှင်လည်း စိတ်အေးလာရပါသည်။ နောက်မို့ ဒီကောင်က သူ့ဆံပင်ပုံကြီး ပျက်သွားလို့သူ



www.burmeseclassic.com

www.burmeseclassic.com



အ,ပျော့ဆိုးပါပြီ ဆိုပြီး ဂျီကျမှ ဖေဖေပါ သိသွားရင် မှုင်တော့ နေစရာမရှိအောင် အဆူခံရမှာလေ။

မှုင်ကလည်း မှုင်ပါပဲ။ မောင်မောင်း ဆံပင်ညှပ်မယ် ပြောတာနဲ့ပဲ လျှာရှည်ဆတ်ဆော့ပြီး ပြည့်လျှံတို့ရဲ့ KINGS မှာ သွားညှပ်ဖို့ အတင်းဆွယ်တရားဟောမိတယ်။ မောင်ကို မက်လုံးတွေပေး၊ ကတိပေးပြီး ဒီဆိုင်မှာ မညှပ်,ညှပ်အောင် သိမ်းသွင်းမိတယ်။

မောင်မောင်းဆီက ...

"ကဲ ... ကဲ ... ညှပ်ကြည့်မယ်ဗျာ"

ဆိုတဲ့ အဖြေစကားအရမှာ ကျေနပ်ဝမ်းသာအားရ စွာပင် ပြည့်လျှံဆီ ဖုန်းလှမ်းဆက်ပြီး မောင်လေး ငွေမောင်း ဆံပင်ညှပ်မယ်လို့ အသိပေး ချိန်းဆိုခဲ့မိတယ်။

ဘာကြောင့်လဲလို့ မှုင် ကိုယ့်ကိုယ်ကိုယ်လည်း သိနေပါသည်။ ပြည့်လျှံနဲ့ ဆုံဖို့က ဒီနည်းပဲရှိတာလေ။ နောက်မို့ ကိုယ်တော်ချောက အ,တာလား၊ ရိုးချင်ဟန်ဆောင်တာလားပင် မသိရ။ မှုင်နဲ့သာ ဖုန်းတပြောပြော လုပ်နေခဲ့တာ ကြာပြီ၊ အပြင်မှာ ဆုံကြရအောင်ဆိုတဲ့ စကားက ထွက်မလာ။ မထော်





တဆ ဆုံဖို့ကလွဲရင် ဘယ်လိုမှလဲ ဆုံစရာမရှိလှ။ မှုင်က စ,မှ သာ သူက ပါချင်ပါလာမှာ။

မှုင်ကလည်း မိန်းကလေး ပီသစွာ ဆုံကြရဖို့၊ တွေ့ကြရဖို့ကို ကိုယ့်ဘက်ကစပြီးတော့ မပြောချင်။ ဒါကြောင့် မှုင်က အခုတော့ မောင် ဆံပင်ညှပ်မှာကို အကြောင်းပြုပြီး ဆိုင်မှာ လာစောင့်ရတဲ့ အစ်မပုံစံနဲ့ ရောက်လာရတယ်လေ။

ပြည့်လျှံက ချည်ခ[illegible]အိပ်ပွကြီးနှင့် တီရှပ်လက်ပြတ်ကို ဝတ်ထားပေမဲ့ သူ့ကိုယ်နဲ့ သူ့အကျီ အဝတ်အစားတွေကို ဆံပင်တွေ မပေအောင် မိုးကာသားလိုနဲ့ ချုပ်ထားသည့် ကုတ်အကျီရှည်ကြီးကို အပေါ်က ထပ်ဝတ်ထားပါသည်။ ဆိုင်ရှိ ဆံပင်ညှပ်ဆရာ အားလုံးလည်း အဲဒီလိုမျိုး ဝတ်ရုံကြီးကို ဝတ်ထားပါသည်။

"ပြီးပြီ ညီလေး၊ သဘောကျရဲ့လား ကြည့်ပါဦး၊ ဒီမှာ နောက်ဘက်ကိုတော့ အစ်ကို မှန်ထောင်ပြပေးမယ်"

ငွေမောင်းက ညှပ်နေကျ ဆံပင်ပုံစံပေမဲ့လည်း တစ်မျိုးဆန်းသလို ထွင်ညှပ်ပေးပုံရသော သူ့ဆံပင်ပုံသူ အပြန်ပြန် အလှန်လှန် ခေါင်းငုံ့ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ပါတယ်"

"ညီလေး နှုတ်ခမ်းမွေး မထားနဲ့နော်၊ မလိုက်ဘူး၊ ညီလေး မျက်နှာက ရှင်းနေမှ ချောမှန်း ပေါ်လွင်တယ်၊ အဲ့ဒီလို နှုတ်ခမ်းမွေးရိပ်ရိပ်နဲ့ မေးစေ့အလယ်မှာ အမွေးရိပ်ရိပ် အတန်းလေးထားတာမျိုးက ညီလေး မျက်နှာနဲ့ သိပ်မလိုက်ဘူး၊ အခုခေတ်မှာ ကောင်လေးငယ်ငယ်တွေက ဒါကိုထွင်ပြီး ထားပေမဲ့ လိုက်တဲ့လူမှ လိုက်တာ။ ဒီမှာကြည့် အစ်ကိုလည်း မထားပါဘူး၊ ထားဖို့သင့်တဲ့ မျက်နှာမျိုးက ဟိုဘက်မှာ လှမ်းကြည့်လိုက်၊ တွေ့လား ညီလေးတို့အရွယ် ကောင်လေးတစ်ယောက် နှုတ်ခမ်းမွေး ပါးမြိုင်းမွေးပုံစံ ပြင်နေတယ်၊ သူနဲ့ကျတော့ လိုက်တယ်လေ"

"ဒါဖြင့် ကျွန်တော့်ကို အခု အစ်ကိုပဲ ရိပ်ပေးလိုက်ပါလား"

"ရပါတယ်"

မျှင်က သူတို့ချင်း တိုင်ပင်နေသည်ကို ဘာမှ ဝင်မပါပေမဲ့ ပြည့်လျှံက မျှင့် ဘက်ကိုပါလှည့်ပြီး ...

"သိပ်မကြာပါဘူး၊ ခဏလေးပါ မျှင်"

ဟု အကြောင်းရှာ ပြောသေးသည်။





အားလုံး ပြီးစီးသွားတော့ မျှင်က ပိုက်ဆံအိတ်ဖွင့်နေလျှင် ...

"ဒီမှာ မပေးရဘူး မျှင်။ ဟိုမှာ Reception (ရီဆက်ရှင်း) ကောင်တာရှိတယ်၊ ငါ ပေးလိုက်တဲ့ ဘောက်ချာလေးယူပြီး အဲဒီမှာ သွားပြလိုက်၊ သူတို့က ဘောက်ချာကြည့်ပြီး ပိုက်ဆံဘယ်လောက်ကျတယ် ဆိုတာ ပြောလိမ့်မယ်"

မျှင် ဘောက်ချာကိုယူပြီး ကြည့်သောအခါ ဆံပင်ညှပ်ပုံသွင်းခသာ ရေးထားပြီး၊ ငွေမောင်း နှုတ်ခမ်းမွေး ရိတ်ပေးလိုက်ခ မပါတာကို ဖတ်မိပါသည်။

မျှစ် မမေးခင် ပြည့်လျှံက ကြိုပြောထားပြီးနေလေပြီ။

"ငွေမောင်း နှုတ်ခမ်းမွေးလေးတွေက နည်းပါတယ်၊ အဲဒါတော့ free ရိပ်ပေးလိုက်ပါတယ် မျှင်"

"ဩော် ... သားပြည့်ရယ်၊ အားနာဖို့ ကောင်းလိုက်တာ"

"အားမနာပါနဲ့၊ ခင်လို့ လုပ်ပေးတာပဲ"

"သားပြည့်၊ အလုပ်တွေ တစ်ပုံကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း … ဟုတ်တယ်၊ အခုလိုမျိုး ပိတ်ရက်တွေဆိုရင် တစ်နေကုန် ထိုင်တောင် မထိုင်လိုက်ရဘူး၊ အပွိုင့်မင့်န်တွေ ပြည့်နေတယ်"

"ဘယ်နေ့ ပိတ်လဲ"

"ထုံးစံအတိုင်း တနင်္လာနေ့ပေါ့"

မျှင်သည် အဲဒီနေ့ကျ ပြည့်လျှံနဲ့ ဆုံချင်တယ်ဟု ပြောချင်သော်လည်း ပြောရမှာ ပြောမထွက်ဘဲ သြော် ဟူ၍သာ ဟိုလိုလို ဒီလိုလို တုံ့ပြန်လိုက်ရပါသည်။

အကဲမခတ်တတ်တာလား၊ မျှင့်ကို သားပြည့် ဖေဖေနဲ့ မေမေက ဦးကျော်ငွေ သမီးမို့ ဝေးဝေးနေဆိုပြီး တားထားတာနဲ့ မိဘစကားကို နားထောင်ချင်တာလား သားပြည့်ရယ်။ မျှင့်ကို ဒီ့ထက်ပိုရင်းနှီးရအောင် သားပြည့် လုံးဝရှေ့ဆက်မတိုးလာတော့ဘူးနော်။ မျှင်သည် ဝမ်းနည်းစွာတွေးကာ ပိုက်ဆံရှင်းဖို့ ကောင်တာကိုပဲ လျှောက်သွားလိုက်တော့သည်။

သို့သော် မျှင် ထင်သလို မဟုတ်မှန်း မျှင် ကားသော့ကို ဖွင့်နေစဉ်မှာ သိလိုက်ရပါသည်။





ပြည့်လျှံ ထံမှ ဖုန်းသည် မျှင့်ရဲ့ မိုဘိုင်းလ်ဖုန်းမှာ နံပါတ်လာပေါ်ပြီး အသံမြည်ပါသည်။

"မျှင်"

"သားပြည့် ဘာလဲ၊ မျှင်တို့ ခုလေးတင် ဆိုင်ထဲက ထွက်လာရုံ ရှိသေးတယ်"

"မျှင် တနင်္လာနေ့ကျ အားလား"

ထိုစကားကြောင့် မျှင် ပြုံးသွားပါသည်။

"မျှင်က မိဘပိုက်ဆံ ထိုင်ဖြုန်းနေတဲ့ အလုပ်လက်မဲ့ပါနော်။ သားပြည့်လို အလုပ်နဲ့ အကိုင်နဲ့ မဟုတ်တော့ အမြဲအားပါ့ရှင်"

"ဒါဆို မျှင်နဲ့ ဆုံမယ်၊ စကားပြောမယ်လေ"

"ဘယ်မှာလဲ"

"မျှင် FMI ရှော့ပင်းကို လာခဲ့ပါ၊ နေ့လယ်တစ်နာရီလောက်ပေါ့၊ ဘယ်မှာ စောင့်ရမလဲလို့ မပြောဘူး၊ မျှင် ကားပါကင်ရပ်လိုက်တာနဲ့ ငါ ရောက်နေပြီးသား ဖြစ်နေမယ် စိတ်ချ။ ကတိပေးတယ်"

"ကောင်းပြီလေ၊ မျှင် လာခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ငွေမောင်းက အချိန်းအချက်ကို ခိုးနားထောင်ရင်း မျှင် ဖုန်းပြောပြီးတာနဲ့ တစ်စခန်း ထတော့သည်။

"အဲဒီအကြောင်း ဖေဖေ့ကို မတိုင်စေချင်ရင်"

ငွေမောင်း စကားအစမှာပင် မျှင်က နားရွက်လိမ်ဆွဲဖို့ လက်က ရောက်နေပြီ။ ငွေမောင်းကလည်း အစ်မဖြစ်သူ၏ လက်သံကို သိနေလေရာ ကြိုရှောင်ထားပါသည်။

"ဟော့ ... ဟော့ ... မမနော်၊ နင် ကတိတစ်ခုကို မချိုးဖောက်ချင်နဲ့၊ ငါ့ကို နားရွက်မလိမ်ဆွဲပါဘူးလို့ ဒီနေ့အတွက် ကတိပေးထားတာ၊ ဒီနေ့ မကုန်သေးဘူးလေ"

"ဟမ် ... ငါနော်၊ စိတ်ထိန်းထားရတယ်"

"ကျွန်တော့်ကို မုန့်ဖိုးနှစ်သောင်းပေးရင် ဖေဖေ့ကို သွားမပြောဘူး"

"ဟယ် ... နှစ်သောင်း ဘာလုပ်ဖို့လဲ"

"မများပါဘူး မမ၊ အင်္ကျီ တစ်ထည်စာပဲ ရှိပါတယ်"

"နင်က ငယ်သေးတယ်၊ ပိုက်ဆံအများကြီးပေးရင် ဆေးချမှာစိုးလို့ ငါကမပေးတာပါ"





"ဟာ ... ဆေးမချပါဘူး၊ ဘာလုပ်မှာလဲ၊ ဖီလင်မလာပါဘူး၊ ကျွန်တော် ဖီလင်လာတာက ခွေတစ်ခွေရလာက် သူငယ်ချင်းတွေနဲ့ စုထုတ်မှာမို့ ပိုက်ဆံက အမြဲလိုနေတာ၊ မမသိရက်သားနဲ့"

"နင်တို့ကလည်းဟယ်၊ သူများ Hip-Hop ဆိုတိုင်း လိုက်လုပ်တဲ့ ယိမ်းထဲ ဝင်ပါပြန်ပြီ"

"ဘာဖြစ်လဲဗျာ၊ ပိုက်ဆံကို အလကား ဖြုန်းတာမှ မဟုတ်တာ၊ လုပ်ငန်းတစ်ခုအတွက် ရင်းနှီးမြှုပ်နှံတဲ့ သဘောပါပဲ၊ ရှုံးတာနဲ့ မြတ်တာပဲ ရှိမယ်"

"ဆယ်တန်းဖြင့် မအောင်သေးဘူး"

"အာ ... စိတ်ချ၊ အောင်စေရမယ်၊ ဆယ်တန်းအောင်မှ အပီအပြင် ဆက်လုပ်မှာ၊ အခုတော့ ပိုက်ဆံစပြီးစုတဲ့ သဘောပဲ"

"အေး ... ပြီးရော၊ နင် ဆေးမချဘူးဆိုရင် ပေးမှာပါ။ ဒါပေမဲ့ နင့်ကတိ နင်တည်နော်၊ ဖေဖေ့ကို ဘီးသွားမတပ်နဲ့"

"စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှစ်ယောက် နားလည်မှုယူကာ လက်ဖဝါးချင်း ဘတ်ခနဲ တစ်ချက်ရိုက်လိုက်ကြပါသည်။ မျှင့်မှာ သူငယ်ချင်းလည်း များများစားစား မရှိလှ။ အမြဲတွဲဖြစ်သော သူငယ်ချင်း ယမင်းသူနဲ့ ဒီ အသက် လေးနှစ်ကွာတဲ့ မောင်လေးငွေမောင်းသာလျှင် မျှင့်အတွက် သူငယ်ချင်းအရင်းကြီးတွေ ဖြစ်နေခဲ့ပါသည်။

မျှင်နဲ့ ယမင်းသူတို့ကတော့ ဒဂုံတက္ကသိုလ်မှာ မေဂျာတူ ကျောင်းတက်နေဆဲ ကျောင်းသူများလည်း ဖြစ်သည်။

သို့သော် ဖေဖေ့ အစီအစဉ်အရ မျှင်က ဒီတစ်နှစ် တက်ပြီးရင်တော့ အင်္ဂလန်မှာ ဒီပလိုမာသင်တန်းတစ်ခုကို သုံးနှစ်လောက် သွားတက်ဖို့ ပြင်ဆင်ပြီးနေပြီ။ အစကတော့ မျှင် သွားတက်ချင်ခဲ့ပေမဲ့ အခုကျတော့ မျှင်သည် ပြည့်လျှံ ရှိသော အရပ်ဒေသကနေ ဘယ်မှ ဝေးဝေးမသွားချင်သော ဆန္ဒက တစ်စတစ်စ ကြီးစိုးမင်းမူနေလေရာ ဒီတစ်နှစ်ကုန်မှာကို တွေးပြီး စိတ်ညစ်နေမိလေပြီတည်း။





မျှင့် ကားနီနီလေး ကားပါကင်မှာ လျှော့ခနဲ ဝင်ရပ်လိုက်တာနဲ့ ပြည့်လျှံဟာ ဘယ်နေရာက ဘယ်လိုပေါ်လာမှန်း မသိ၊ မျှင့် ကားနံဘေးမှာ ရပ်နေတော့သည်။

မျှင်သည် ကားတံခါးကို ဖွင့်စရာပင် မလို။ ပြည့်လျှံက ကားတံခါးကို ဆွဲဖွင့်ပေးလိုက်ပြီး ခါးညွတ်လျက် ...

"မင်္ဂလာပါခင်ဗျာ"

ဟု နှုတ်ဆက်လေသည်။

"ဘယ်တုန်းက အသစ်ခန့်လိုက်တဲ့ ဝန်ထမ်းလဲ Tips (တစ်(ပ)စ်) ပေးရမယ် ထင်တယ်"



www.burmeseclassic.com

"ငွေချည်မျှင် တစ်ယောက်တည်း အတွက်သာ တာဝန်ထမ်းဆောင်ပါတယ် ခင်ဗျာ"

"သားပြည့်က သိပ်နောက်တတ်တာပဲ၊ ဘယ်တုန်းက ရောက်ပြီး ပုန်းစောင့်နေတာလဲ"

"မပြောဘူး၊ သတ်ရင် သတ်လိုက်"

နှစ်ယောက်သား ပြိုင်တူရယ်လိုက်သံသည် FMI အရောင်းစင်တာကြီး၏ ကားပါကင်နေရာတစ်ဝိုက်မှာ ပျံ့နှံ့သွားခဲ့သည်။

"သားပြည့် ဒီလာတာ ဘာလုပ်စရာ ရှိလို့လဲ"

"ဒီမှာ ဘာမှလုပ်စရာ မရှိပါဘူး၊ မျှင့်ကို လွယ်လွယ်ကူကူ စိတ်ထဲတွေ့ရာ လှမ်းပြောလိုက်မိတာပါ၊ မျှင် ဝယ်ချင်တာရှိ ဝယ်လေ၊ လိုက်ပေးမယ်"

"တကယ်လား"

"ဟာ တကယ်ပြောတာပေါ့"

"မိန်းကလေးတွေ ဈေးဝယ်ရင် သိပ်ကြာတတ်တယ်၊ သားပြည့် စိတ်ညစ်သွားလိမ့်မယ်"





"အဲဒီလိုကြီးတော့ တကယ် ဈေးဝယ်ထွက်သလို အကြာကြီး လျှောက်ဝယ်မနေနဲ့ပေါ့၊ နည်းနည်းပါးပါးပဲ ဝယ်ပေါ့"

"ကြည့်စမ်း၊ အလိုလိုက်ပြီး ဝယ်ပါ မျှင်ရယ် လိုက်ပို့မယ်လို့ ပြောမလား မှတ်နေတာ"

ပြည့်လျှံက ပခုံးတွန့် လက်ဖဝါးနှစ်ဖက် ဖြန့်ပြပြီး ...

"ငါက ကိုယ်လုပ်နိုင်တာပဲ ကတိပေးတယ်၊ မလုပ်နိုင်တာကိုတော့ ဟန်ဆောင်ပြီး ကတိလည်း မပေးဘူး။ ဟန်လည်း မဆောင်ပြနိုင်ဘူး မျှင်။ တကယ်ပြောတာ ငါ စိတ်ပါရင်တော့ မျှင် တစ်နေကုန်ပဲ ဈေးဝယ်ဝယ် လိုက်ပေးနိုင်တယ်။ အခုတော့ စိတ်သိပ်မပါဘူး၊ မျှင့် အနားမှာ အကြာကြီးနေပြီး မျှင် သွားတဲ့နေရာ တကောက်ကောက် လိုက်ချင်လို့ပါပဲ"

"ကဲပါ ... ကဲပါ ... မျှင်လည်း ဈေးမဝယ်ချင်ပါဘူး၊ ဒါပေမဲ့ လျှောက်ကြည့်မယ်လေ၊ Window Shopping (ဝင်းဒိုးရှော့ပင်း)ပေါ့၊ မောရင် ဆိုင်တစ်ခုမှာ မုန့်ထိုင်စားပြီး နားကြတာပေါ့"

"ကောင်းသားပဲ"

www.burmeseclassic.com



မျှင်က ဆိုင်တွေကို လိုက်ငေးမယ်သာ ဆိုတယ်။ တကယ့်တကယ်ကျတော့ ဖိနပ်ဆိုင်တစ်ခုမှာ ဝင်ရွေးတာ နာရီဝက်လောက်တောင် ကြာသည်။ ပြည့်လျှံကို အကဲဖြတ်ခိုင်းပြီး ဖိနပ်တစ်ရံပြီးတစ်ရံ ဝတ်ပြနေတာ ပြီးကို မပြီးတော့။

"သားပြည့်ကလည်း မေးလိုက်တိုင်း လှတယ် လိုက်တယ် ချည့်ပဲ၊ တစ်ခါမှလည်း မလိုက်ဘူးဆိုတဲ့အသံ မကြားရဘူး"

"ဟုတ်တယ်လေ လှနေတာပဲ၊ ဒေါက်ဖိနပ်လေးတွေကလည်း ဈေးခေါင်ခိုက်လောက်အောင် တကယ်ပဲ လှသလို၊ မျှင့် ခြေဖဝါး ခြေချောင်း ခြေကျင်းဝတ် ခြေဖမိုးတွေက ဒေါက်ဖိနပ်နဲ့ သိပ်လိုက်တဲ့ပုံစံမို့ ဘယ်ဒေါက်ဖိနပ်ဝတ်ဝတ် လှနေတာကိုး၊ ငါ ဘယ်ဝေဖန်တတ်တော့မလဲ"

ဖိနပ်တွေ ထုတ်ပြပေးသော ကောင်မလေးက သူတို့စုံတွဲလေး၏ အပြန်အလှန် ပြောစကားကို နားထောင်ပြီး အားကျစွာ ပြုံးနေခဲ့ပါသည်။

နောက်ဆုံးတော့ မျှင်ဟာ ကော်ဖီရောင် ဒေါက်ဖိနပ်လေးတစ်ရံကို ရွေးဝယ်ဖြစ်သွားပါသည်။ ဖိနပ်အိတ်ကို ဆွဲပြီး ဆိုင်ထဲက ထွက်မှ …





"တော်ပါသေးရဲ့ မျှင် ဒီဖိနပ် ကြိုက်သွားပေလို့ပဲ"

ဟု ပြည့်လျှံက လေမှုတ်ထုတ်ရင်း ပြောလိုက်လေသည်။

"ဟယ် … သားပြည့် ဘာဖြစ်လို့လဲ၊ ဘာလဲ … မျှင်က ရွေးတာ အရမ်းကြာလို့လား"

"ကြာတာက အကြောင်းမဟုတ်ဘူး၊ ငါက မိန်းမတောထဲ တစ်ယောက်တည်း ဝင်ပါနေရတော့ ရှက်လာတယ်ဟာ၊ တစ်ဆိုင်လုံး ဘယ်ယောကျ်ားမှ မရှိဘူး၊ ငါ တစ်ယောက်တည်း ရှိတယ်။ ကျန်တာ မိန်းမချည့်ပဲ"

"ဆောရီး သားပြည့်ရယ်၊ ကဲ … ကဲ … လျှောက်မကြည့်တော့ဘူးလေ၊ သားပြည့်ကို မျှင် မုန့်ကျွေးပါ့မယ်"

"မဟုတ်ဘူး၊ ငါ ကျွေးမှာ မျှင်"

"သားပြည့်ကလည်း"

"ငါက အရင်ချိန်းတဲ့လူလေ၊ ပြီးတော့ ယောကျ်ားလည်း ဖြစ်တယ်၊ မိန်းကလေးတစ်ယောက်နဲ့ သွားရင် ယောကျ်ားလေးကသာ အကုန်အကျခံ တာဝန်ယူသင့်တယ်လို့ ခံယူထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တခြား ကောင်မလေးတွေနဲ့ရော အဲဒီလိုပဲလား"

"ဟုတ်တယ်"

မျှင်သည် ဒီစကားကြောင့် ဝမ်းနည်းချင်သလိုလို၊ စိတ်ကောက်ချင်သလိုလို ဖြစ်ပြီး နှုတ်ခမ်းစူသွားမိသည်။ သူ့မှာ မျှင် တစ်ယောက်တည်းသာ သူနဲ့ အရင်းနှီးဆုံး ပတ်သက်ရတဲ့ သူစိမ်းမိန်းကလေး မဟုတ်ဘူးဆိုတာ ကြေညာလိုက်တာပဲ။ သားပြည့်ဟာ သိပ်စိတ်ဆိုးဖို့ ကောင်းတယ်၊ မှန်နေရင်လည်း ဘေးလူ နားထောင်ကောင်းအောင် ညာပြောရောပေါ့။

"ဟား ဟား ဟား ... စူပုပ်ပြီး နဂိုလန်ပြီး ထူပြီးသား နှုတ်ခမ်းကို ပိုထော်သွားအောင် လုပ်နေတယ်ကွာ၊ ရယ်စရာကြီး။ စိတ်ကောက်သွားပြီ မဟုတ်လား"

"မကောက်ပါဘူး"

"စိတ်မကောက်တဲ့လူက ဒီပုံမျိုး မဟုတ်ဘူးလေ။ ငါ အမှန်အတိုင်း ပြောတာပဲ မျှင်ငါးပိမရယ်၊ ဒါ စိတ်ကောက်စရာမှ မဟုတ်တာ။ ညာပြောရင်သာ တစ်ချိန်ကျ ညာမှန်းသိရင် ဒီ့ထက်ပို စိတ်ဆိုး စိတ်နာစရာ ရှိလာဦးမယ်၊ ကဲ ... ကားပါကင်ကို လျှောက်မနေနဲ့ Central Hotel မှာ





ပဲ ကော်ဖီသောက် မုန့်စားရအောင် လမ်းကူးပြီး လမ်းနည်းနည်း လျှောက်သွားကြရတာပေါ့၊ သဘောတူလား"

"သားပြည့် သဘောပါပဲ"

သူတို့ ကားလမ်းဖြတ်ကူးတော့ မျှင်သည် ကိုယ်ပိုင်ကားပေါ်က သိပ်မဆင်းသူ၊ လမ်းလည်း သိပ်မလျှောက်ဖြစ်သူပီပီ လူအများကြီး ကြားထဲ ကားတွေနဲ့လုပြီး မျဉ်းကျားမှလမ်းကူးရသည်ကို နေးတုံ့တွန့်ဆုတ်နေတော့သည်။

ပြည့်လျှံက မျှင့် လက်ဖဝါးတစ်ဖက်ကို ဖတ်ခနဲ ဆွဲကိုင်လိုက်ပြီး ...

"လာ ... ငါ့လက်ကို မြဲမြဲတွဲထားပြီး ငါကူးတဲ့လမ်းအတိုင်း လိုက်ကူး၊ နေးမနေနဲ့၊ အဲဒါဆို ဟိုဘက်ရောက်တော့မှာ မဟုတ်ဘူး"

မျှင်သည် ပြည့်လျှံ ဆွဲခေါ်တဲ့အတိုင်း ဒရောသောပါး အပြေးကူးမိပါသည်။

ကံဆိုးချင်တော့ မျှင်တို့ လမ်းဖြတ်ကူးနေသောနေရာမှာ ရပ်စောင့်ပေးသည့် ကားများစွာထဲတွင် ဦးကျော်ငွေရဲ့ ငွေရောင် PRADO ကြီးက ထီးထီးရပ်လျက် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျှင်သည် ဆင္ခမအာရုံထဲမှာ ခံစားလိုက်ရသလိုပဲ၊ မထင်မှတ်ဘဲ ကားလမ်းဖြတ်ကူးရင်း ရပ်စောင့်နေသော ကားတန်းကို ဖျတ်ဆို လှည့်ကြည့်လိုက်မိရာ စိမ်းစိမ်းကြီး ကြည့်နေသော ကားရှေ့ လေကာမှန်နောက်မှ ဖေဖေ့ မျက်ဝန်းအစုံတို့ကို ဆုံလိုက်ရ၏။

"ဟယ် ... ဟယ် ... ဒုက္ခပဲ၊ ဖေဖေတော့ သားပြည့်ရယ်၊ ဖေဖေ့ကား ... အဲဒါ"

"ဘာလဲ ... လာ ... လာ ... ရပ်မနေနဲ့၊ ကားတိုက်မိသွားမယ်၊ လမ်းဘေးရောက်အောင် မြန်မြန်ကူးလိုက်လေ"

ပြည့်လျှံလည်း မြင်လိုက်ပေမဲ့ ကိုယ့်ကို ကားပေါ်က ဆင်းချလာပြီး၊ ဘာမှလုပ်လို့မရသော အခြေအနေမို့ သိပ်တော့ မလန့်ပါ။ သို့သော် ခိုးသွားပါတယ် ဆိုမှ အဖေ မြင်သွားတဲ့ အဖြစ်ကို မျှင့် အစားဝင်ပြီး စိတ်တော့ နည်းနည်းပျက်သွားမိပါသည်။

မျှင်က မျက်နှာငယ်လေးဖြင့် သူမ၏အဖေ ကားမောင်းထွက်သွားရာဘက် လိုက်ငေးကြည့်နေပါသည်။

"ဖေဖေ တွေ့သွားပြီ"





"အေးကွာ ... ငါလည်း ဘာလုပ်ပေးရမှန်းတောင် မသိဘူး မျှင်ရယ်"

"သူ့ရှေ့မှာမှ လက်ချင်းချိတ်ပြီး လမ်းကူးမိတယ် ပြဿနာပဲ"

"မတော်တဆ လမ်းမှာဆုံတာပါလို့ ညာပြောလိုက်ကွာ"

"အေးလေ ... အဲဒီနည်းပဲ ရှိတာပေါ့"

"စိတ်မကောင်းပါဘူး မျှင်ရယ်၊ ကဲ ... ငါနဲ့ မုန့်ရောလိုက်စားချင်သေးရဲ့လား၊ မျှင် စိတ်မပါတော့ရင် ပြန်မယ်လေ"

"အို ... မထူးတော့ပါဘူး၊ နေပါစေတော့၊ မျှင် ခုချက်ချင်းလည်း အိမ်မှ မပြန်ရဲသေးတာ၊ ဒီတော့ ဘာလုပ်မလဲ၊ သားပြည့်နဲ့ အချိန်များများ ဖြုန်းပြီးမှ ပြန်ရုံပဲပေါ့"

"ဟုတ်ပြီ ... ဒီအကြံ ကောင်းသားပဲ"

သူတို့ လက်ချင်းတွဲထားမိတာ ပြန်မဖြုတ်ဘဲ နှစ်ဦးသား လက်တွဲထားခဲ့လျက်၊ လူစည်စည်ကားကား လမ်းပေါ်မှာ ဦးတိုက်ပြီး လမ်းလျှောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကြောင့် စိတ်ထင့်ရပေမဲ့ မျှင်ဟာ သားပြည့်နဲ့ ဒီလို သွားရတာကို မက်မောပျော်ရွှင်မှန်းမသိ ပျော်ရွှင်မိလာပြီ။

Central Hotel (စင်ထရယ် ဟိုတယ်လ်)မှာ ထိုင်ဖြစ်ကြတော့ ကော်ဖီတစ်အိုးမှာ၊ ဆင်းဝဒ်ရှ် မှာပြီး၊ စကားဆက်မိသည်ကား ...။

"ကဲ ... ပြောပြပါဦး သားပြည့်။ သားပြည့်မှာ ကောင်မလေး ဘယ်နှယောက် ရှိလဲ"

"ရှိခဲ့သလဲလို့ မေးပါ၊ အခု မရှိမှ မရှိတော့တာ၊ အခု တစ်ယောက်ပဲ ရှိတယ်၊ သူက မျှင်ပဲ"

"ဟယ် ... မဟုတ်တာ၊ မျှင်နဲ့က သူငယ်ချင်း"

"ဟုတ်တယ်လေ၊ မျှင်က ကောင်မလေးမဟုတ်လို့ ကောင်မလေးလား"

"သားပြည့်ကလေ စကားကို အရမ်းကတ်သတ် ပြောတတ်တာပဲ"

"မျှင့် အကြောင်းလည်း ပြောပြ"

"ပြောမှာပါ၊ ဒါပေမဲ့ သားပြည့် အရင်ပြော"





"ငါက မလိမ်တတ်ပါဘူး။ လွန်ခဲ့တဲ့ နှစ်နှစ်က ရည်းစား တစ်ယောက် ထားခဲ့တယ်၊ သူက သူငယ်ချင်းပါပဲ၊ ကိုးတန်း၊ ဆယ်တန်းတည်းက ပေါင်းလာတဲ့ သူငယ်ချင်း အုပ်စုထဲက ပေါ့။ သူ့နာမည်က ခင်မူယာပပဝင်း တဲ့"

"နာမည်က ရိုးရိုးစာလုံးလေးတွေနဲ့ စီထားပေမဲ့ အရှည်ကြီး ဆိုတော့ တစ်မျိုးလှသွားတယ်"

"အေးဟာ ... သူနဲ့က ဒီလိုပဲ၊ သူငယ်ချင်း အုပ်စုထဲမှာ ဟိုလူနဲ့ဒီလူ တွဲနောက်ရင်း၊ စရင်းနဲ့၊ တွန်းပို့လောက ကောင်းပြီး ရည်းစားဖြစ်သွားတဲ့ သဘောပဲ"

"အခုကျတော့ရော"

"သူက ငါ အခုလိုလုပ်ငန်းနဲ့ တစ်သက်လုံး အသက်မွေးဝမ်းကျောင်း လုပ်မှာကို သဘောမတူပါဘူး၊ အာဘူးနဲ့ ဖြစ်ဖြစ်နေတော့ ငါတို့ စိတ်ချင်းညှိမရတာနဲ့ ရည်းစား ဖြစ်ပြီး ခြောက်လအကြာမှာ လမ်းခွဲလိုက်ကြတယ်၊ ဒါပေမဲ့ သူငယ်ချင်း အုပ်စုထဲမှာလည်း ရည်းစားဘဝကနေ သူငယ်ချင်းအဖြစ်ပဲ ပြန်နေတော့မယ်လို့ ကြေညာပြီး၊ အခုထိ



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလိုပဲ ခေါ်ပြောဆက်ဆံဆဲပဲ၊ သူကလည်း သူ
အထင်ကြီး အားကျတဲ့ စီးပွားရေးလုပ်ငန်းမျိုး လုပ်နေ
တဲ့ လူတစ်ယောက်နဲ့ ထပ်တွေ့ပြီး၊ စေ့စပ်ထားပြီးနေ
ပါပြီ”

“ဪ ... ဪ ... သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်
ဆိုတဲ့ ဇာတ်လမ်းပေါ့၊ နင် တော်တော်မှ အသည်းကွဲသွား
ရဲ့လား သားပြည့်ရယ်”

ပြည့်လျှံက ရယ်မောလျက် ...

“အသည်းလား မကွဲပါဘူး မျှင်ရယ်၊ သူနဲ့က တကယ်ချစ်
လား၊ မချစ်လားတောင် မသိဘဲ တွန်းပို့လောကကောင်းလို့
ရည်းစားဖြစ်ရတာ ဆိုတော့၊ နောက်ပြီး သူငယ်ချင်းတွေက
နေ ရည်းစားဖြစ်ရတယ် ဆိုတော့ အချစ်အကြောင်းတောင်
သိပ်မပြောဖြစ်ဘဲ အခြေအနေတစ်ခု ပြောင်းသွားသလို
ရှိခဲ့တာလေ။ ဒါကြောင့် သူလည်း ပုံမှန်၊ ငါလည်း ပုံမှန်
ပါပဲ”

“ဒါဖြင့် နောက်ကောင်မလေးတွေရော ရှိသေးလား”





“ကောင်မလေးတွေတော့ မဟုတ်ပါဘူး၊ ဒီလိုပဲ နောက်
ထပ် နှစ်ယောက်လောက်နဲ့က တကယ်လည်း ရည်းစား
မဟုတ်ဘဲ တွဲသွား တွဲလာ၊ သူ စိတ်ကောက်ရင် ချော့၊
သူ့ဆီ ဖုန်းပြော၊ သူ့မွေးနေ့ကျ လက်ဆောင်သတိတရ
ပေးနဲ့ လုပ်ဖူးခဲ့တာတော့ ရှိတယ်၊ ဒါပေမဲ့ ငါက သူတို့
ကို ရည်းစားစကားလည်း မပြောဖြစ်ဘူး၊ သူတို့ကလည်း
ငါ့ကို သူတို့ရည်းစားပါလို့ လူကြားထဲမှာ ထုတ်မပြောခဲ့
ဘူး။ နောက်တော့လည်း တစ်ယောက်က နိုင်ငံခြားထွက်၊
နောက်တစ်ယောက်ကလည်း သူဖြစ်ချင်တဲ့ ရုပ်ရှင်မင်းသမီး
အလုပ်ကို စိတ်နှစ်ပြီးလုပ်ဖို့ အားလုံးကို အဆက်ဖြတ်
လိုက်တာနဲ့ပဲ ဇာတ်လမ်းတွေက သူ့အလိုလို ပြီးသွား
တယ်”

“သားပြည့်ရယ်၊ နင်က တော်တော်ရှုပ်တာပဲနော်၊ ထင်
တောင် မထင်ထားဘူး”

“မျှင် မှားနေပြီ၊ ငါ ရှုပ်တာ မဟုတ်ပါဘူး”

မျှင်သည် သူ့ကို မုန်းသလိုလို ဖြစ်လာပြီး၊ မနာ
စောင်းထိုးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျက်စောင်းမထိုးနဲ့ မျှင်။ အချစ်ဆိုတာ ဘာလဲလို့ ငါ သေသေချာချာ မသိသေးဘဲ ဒီလိုပဲ အီစီကလီဇာတ်လမ်းလေးတွေ ရှိတာဟာ အပြစ်မဟုတ်ပါဘူး၊ ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားမိတဲ့ အချိန်မှာ သူကလည်း ကိုယ့်ကို ပြန်စိတ်ဝင်စားတဲ့အခိုက်နဲ့ သွားတိုက်ဆိုင်ပြီး၊ ပတ်သက်သွားတဲ့ ဇာတ်လမ်းတွေပါ။ ငါ ညာပြောရင် ရသားပဲ၊ ဒါပေမဲ့ မညာချင်ပါဘူး။ ဘာလို့လဲ ဆိုတော့ ငါ ဘာမှ အမှားလုပ်တာမှ မဟုတ်တာ"

မျှင်သည် ဒီကိစ္စအတွက် သိပ်တော့ မတင်မကျ ခံစားရပေမဲ့ စကားမဆက်တော့ဖို့ စိတ်ဆုံးဖြတ်၊ စိတ်လည်း ကောက်မနေတော့ဖို့ စိတ်ဆုံးဖြတ် ...။ ဒါနဲ့ပဲ မျက်နှာမတင်းထားတော့ဘဲ ပြန်ပြုံးပြလာနိုင်သည်။

"မျှင့် အကြောင်းရော"

"မျှင်လား ... အမယ်လေး၊ အထင်မကြီးနဲ့ မျှင့်ကို ကြိုက်မဲ့လူ မရှိဘူး"

"ညာပြောတာ"





"မျှင် မညာပါဘူး၊ မျှင် အရင်က ကိုယ်လည်း သဘောကျချင်သလိုလို ယောကျ်ားလေးတချို့ တွေ့ဖူးပါတယ်၊ ဒါပေမဲ့ သူတို့က ကိုယ့်ကို သဘောမကျကြတော့ ဘာဇာတ်လမ်းမှ ဖြစ်မလာဘူး။ အဲဒီလိုပဲ တချို့ကျတော့ မျှင့်ကို သဘောကျတာတွေ ရှိတယ်၊ ဒါပေမဲ့ မျှင် ပြန်သဘောကျလို့ မရဘူး၊ အရုပ်ဆိုးလို့၊ အသားမဖြူလို့၊ အရပ်ပုလို့၊ ပညာမတတ်လို့ စသဖြင့်ပေါ့၊ အဲဒါတွေနဲ့ ယှဉ်ပြီး သဘောမကျစရာတွေ ပါနေတော့ ပြန်မကြိုက်ခဲ့ဘူးပေါ့။ ဒါနဲ့ပဲ ဘာဇာတ်လမ်းမှ မရှိခဲ့ဘူး၊ မျှင်က ရှင်းပါတယ်"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်ကသာ ရှုပ်တာပါ၊ ကဲ ... ကဲ ... တော်ပြီနော်၊ အရင်က အကြောင်းတွေ မပြောကြတော့ဘဲ နေရအောင်။ အခုချိန်မှာ မျှင်နဲ့ငါ နှစ်ယောက်တည်းပဲ ဘာမှမရှိတော့ဘူး"

မျှင်သည် ဘာသဘောနဲ့ ဟိုလိုလို ဒီလိုလို ပြောမှန်းမသိသော ပြည့်လျှံကို ပဟေဠိများဖြင့်သာ ငေးလိုက်မိပါသည်။

ဘာသဘောလဲ သားပြည့်ရယ်။ တကယ်ဆို တစ်ယောက်နဲ့ တစ်ယောက် ဒီလောက် ပွင့်ပွင့်လင်းလင်းတွေ ပြော



www.burmeseclassic.com

www.burmeseclassic.com



နေကြမှပဲ။ နှစ်ဦးသားကြားက ပတ်သက်မှုကို တစ်ခုခု ပြောင်းလိုက်ပါတော့လား။ အရောင်ဆိုးချင် ဆိုးလိုက်ပါတော့လား။ မျှင်က မျှော်လင့်ရတဲ့သူပါ။ မျှင်က ထုတ်ဖော်ခွင့် စပြောခွင့် မရှိတဲ့ မိန်းကလေးတစ်ယောက်ပါ။





ဖေဖေနဲ့ မျက်နှာချင်းဆိုင်ရတော့ မျှင် ဒူးတုန်နေမိသည်။ ဖေဖေက မျှင့်ကို ချစ်သလောက် ကျန်တဲ့နေရာတွေမှာ အလိုလိုက်သလောက် သူ့စကား နားမထောင်ရင်တော့ စိတ်မထင်ရင် ရိုက်ပစ်ချင် ရိုက်ပစ်တတ်တာ။

"အခုမှ မျက်နှာသေလေးနဲ့ ငါ့နား ရပ်မနေနဲ့"

မေမေက မျှင့်ကို လက်ပြပြီး သွားထိုင်ဖို့ ညွှန်နေသည်။

"မအေကလည်း ထိန်းပါဆို မထိန်းဘူး၊ ကိုယ့်သမီး ဘယ်ကောင်နဲ့ တွဲလို့ တွဲမှန်း မသိ၊ ရည်းစားရှိနေလို့ ရှိမှန်း မသိ၊ အသုံးကို မကျဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ကို မဲပြီး ဆူပေမဲ့ မျှင်က မေမေ ဘာမှမပြော ခင် ဝင်ပြောလိုက်သည်။

"ဖေဖေ ... မျှင်တို့ ရည်းစားမဟုတ်ပါဘူး"

"ရည်းစား မဟုတ်ဘဲနဲ့ ဟိုကောင့်သားက နင့်လက်ကို ကိုင်ခွင့်ရသလား၊ ဒါဆို ငါ့သမီး တော်တော်အောက်တာပဲ။ ဘာမှ မဖြစ်သေးဘူး၊ လက်အကိုင်ခံရတယ် ... တောက်"

မျှင်သည် အဲဒီအခါမှာတော့ ဘာမှ ပြောစရာမရှိ တော့အောင်ပင် နှုတ်ဆိတ်သွားရပါသည်။ စိတ်ရဲ့သာယာမှုနောက် ကို အလိုလိုက်မိခဲ့တာ၊ ကြည့်စမ်း ... ဖေဖေ ပြောတာလည်း ဟုတ်နေတာပဲ။ ငါတို့ ဘာမှ မပတ်သက်သေးဘဲ သူ့အငိုက်မှု သူ့ လက်ဆွဲခေါ်ရာကို ငါ လိုက်ခဲ့မိတယ်၊ ကျေနပ်မက်မော ပျော်ရွှင်သွားခဲ့မိတယ်။

"ချိန်းတွေ့တဲ့ အဆင့်တောင် ရောက်နေပြီ"

"မဟုတ်ဘူး ဖေဖေ၊ မျှင်နဲ့ FMI မှာ မတော်တဆ ဆုံလို့ ပါ"

"ဒါဖြင့် ဘာကိစ္စ လက်တွဲရသလဲ၊ လမ်းဖြတ်ကူးရသလဲ"





"သူက Central Hotel မှာ ကော်ဖီတိုက်ချင်လို့ လိုက်ခဲ့ ပါ ဆိုတာနဲ့"

"ဒီကောင် အစကတော့ ငါ့စိတ်ထဲမှာ ဘယ်လိုမှ မနေပေမဲ့ ခုတော့ မသင်္ကာတော့ဘူး။ နေမင်းက ဘာသင်ပေးထားလဲ မသိဘူး။ ငါ့သမီးကို အပျော်ကြိုက်ရင်ကြိုက်လို့ မြှောက် ပေးပြီး ငါ့ကို အထိနာစေချင်တာ ထင်တယ်၊ ပြည့်လျှံက ရုပ်ကလေးချော၊ အပြင်အဆင်ကောင်းတော့ ငါ့သမီးက လည်း ညွတ်နေမှန်း ရိပ်မိမှာပေါ့။ ဒါကြောင့် ကြည့်စမ်း၊ ရည်းစားတောင် မဖြစ်သေးဘူး၊ လက်ဆွဲခေါ်ရဲတာ။ ဟိုသွား မယ် ဒီသွားမယ် ခေါ်ရဲတာ။ သားအဖ ပေါင်းပြီးကြံတာ၊ ငါ့ကို အရှက်ရအောင်လုပ်တာ ... တောက်။ ငါက သမီး ရှင်ဆိုတော့ ကိုယ့်ဘက်က နာစရာချည်းပဲ ရှက်ဖို့ကောင်း တယ်"

မျှင်လည်း အခုမှ ကိုယ့်ကိုယ်ကိုယ် မှားမှန်းသိပြီး ငြိမ်လျက် ဝမ်းနည်းလာသည်။

တကယ်တော့ မျှင်ကသာ သည်းသည်းလှုပ်ဖြစ်ပြီး ပြည့်လျှံနဲ့ ပိုပြီး နီးစပ်ရဲအောင် စတင် ဖန်တီးမိတာပါ။ ပြည့်လျှံ



www.burmeseclassic.com

www.burmeseclassic.com



ဆီသာ ငွေမောင်းကို ခေါ်မသွားဘဲ ဆံပင်သွားမညှပ်ခိုင်းဘဲ ဒီအတိုင်း ဖုန်းပြောကြရုံနဲ့တင် ဆက်ဆံမယ်ဆိုရင် ပြည့်လျှံက လည်း အပြင်မှာ ဆုံရအောင် ကော်ဖီ အတူတူ သောက်ရအောင်လို့ ချိန်းမှဲ့ပုံ မပေါ်ဘူး။ မျှင့်ဘက်က မြောင်းဖောက်ပေးလိုက်လို့ ပြည့်လျှံ ဆိုတဲ့ ရေတွေ စီးလာတဲ့ သဘောပါလား။ ဩော် ... သားပြည့်ရယ်။ လူကြီးတွေရဲ့ ပယောဂ မပါဘဲ ဘာကြောင့် ဖြူဖြူစင်စင် မဆက်ဆံရသလဲ။

"အခုမှ နောင်တ ရမနေနဲ့"

ဖေဖေက ကိုယ့်သမီး မျက်နှာရိပ် မျက်နှာကဲကို ဖတ်နိုင်ပြီး မျှင့် ငယ်ထိပ်လေးကို လာဖိလျက် နှစ်သိမ့်ပါသည်။

"ဒီမှာ ... သူက ကိုယ့်ကို အကြံနဲ့ ချဉ်းကပ်တယ်လို့ သံသယ ရှိလာပြီဆိုရင် သမီးလည်း သူ့ကို အစစ်အမှန် စိတ်သဘောနဲ့ မဆက်ဆံနဲ့ ...

"အစကတော့ ဒီကောင်လေးနဲ့ မပတ်သက်တော့နဲ့လို့ တားမလို့ပါဘဲ၊ ဒါပေမဲ့ အခုတော့ ဖေဖေ စိတ်ပြောင်းသွားပြီ၊ မတားတော့ဘူး၊ ရှေ့တိုးဖို့တောင် တိုက်တွန်းဦးမယ်၊ သူတို့သားအဖ အထိနာသွားအောင် လုပ်ဖို့က





နေမင်း သိပ်ချစ်တဲ့ ပြည့်လျှံကို အသည်းကွဲပြီး လေလွင့်သွားအောင် လုပ်ဖို့ပဲ ...

"အဲဒီကောင်လေးကို ပုံမှန်အတိုင်း ဆက်ဆံ၊ သူ့စိတ်ထဲမှာ သူ့ကို သမီးက ကြိုက်နေတယ် ထင်အောင် လုပ်ပြ။ ပြီးမှ သူက ပိုင်ပြီထင်ပြီး ရည်းစားစကားပြောမှ လုံးဝမကြိုက်နိုင်ပါဘူး၊ ဒီလိုလူမျိုးကို ဘယ်တော့မှ လက်တွဲဖို့ စိတ်ကူးမရှိဘူးလို့ အရှက်ရအောင် ပြောပစ်လိုက်"

မေမေက မနေသာတော့ဘဲ ဝင်ဟန့်တော့သည်။

"အို ... ကိုကျော်ကလည်း ဖအေဖြစ်ပြီး ကိုယ့်သမီးကိုယ် ဘာတွေ သင်နေတာလဲ၊ မဟုတ်က ဟုတ်ကတွေ ရှင် အဖေဖြစ်ပြီး ကိုယ့်သမီးသိက္ခာ ကျရမဲ့ လုပ်ရပ်မျိုး သင်မပေးသင့်ဘူး။ တကယ်ဆို သင်ချင်ရင် သမီး ဒီကောင်လေးနဲ့တော့ ရည်းစားမဖြစ်သင့်ဘူး၊ ဘာညာသင်ပါလား"

မျှင် အလိုလို မျက်ရည်လည်လာလျက် ...

"တော်ပါတော့ ဖေဖေနဲ့ မေမေရယ်၊ မျှင် ရှေ့ကို ဘာမှလဲ မဆက်တော့ပါဘူး၊ မျှင် ဒီနေ့ ကိစ္စကိုလည်း နောင်တ အရမ်းရပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ပြောပြ သင်ပြ ထောက်ပြတာတွေလည်း မှန်ပါတယ်၊ တကယ်တော့ ရည်းစားတောင် မဟုတ်သေး ဘဲ လက်အဆွဲခံတာမျိုး မလုပ်သင့်ဘူး ဆိုတာ မျှင် အခု တွေးမိပါတယ်၊ မျှင် မှားသွားပါတယ် ဖေဖေ ...

"ရှေ့ဆက်ပြီး မျှင် သူနဲ့ ခပ်ကင်းကင်းပဲ နေပ တော့မယ်၊ ဖေဖေ သင်ပြသလိုလည်း သူ့ကို အသည်းခွဲပစ် မယ်ဆိုတဲ့ အကြံကြီးနဲ့လည်း မဆက်ဆံတော့ပါဘူး၊ ပတ် လည်း မပတ်သက်တော့ပါဘူး"

ဟု ဝင့်ပြောမိတော့သည်။ ဖေဖေက ခနဲ့သလိုလို မယုံသလိုလို ပြုံးပါသည်။

"အေး ... ဒါဆိုလည်း ကောင်းပြီ၊ စောင့်ကြည့်ရသေးတာ ပေါ့ ငွေချည်မျှင်"






အပိုင်း(၂)



www.burmeseclassic.com

www.burmeseclassic.com









## ၄

ပြည့်လျှံ စိတ်ပျက်လက်ပျက်ဖြင့် cordless (ကော့ဒ်လက်စ်)ဖုန်းကို အသာပြန်ချလိုက်သည်။ ခါတိုင်း မျှင့် အိမ်ကို ခေါ်လျှင်သော်လည်းကောင်း၊ မျှင့် mobil (မိုဘိုင်းလ်)ဖုန်းကို ခေါ်လျှင်သော်လည်းကောင်း ခေါ်လို့ရပြီး၊ စကားပြောခွင့်လည်း ရပေမဲ့ အခုကျ အိမ်ဖုန်းခေါ်လျှင် အိမ်ဖော်ဟု ထင်ရသော ကောင်မလေးတွေသာ လာကိုင်ပြီး ...

"မမမျှင် မရှိပါဘူးရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဟုသာ တစ်သမတ်တည်း ဖြေတတ်ပါသည်။

အိမ်မှာ မရှိဘူးထင်၍ မိဘိုင်းလ်ဖုန်းကို ခေါ်လျှင်လည်း တစ်ခါတစ်ရံ ပိတ်ထားတာနဲ့ကြုံ၊ တစ်ခါတစ်ရံကျ သုံးလေးချက် မြည်သံကြားရပြီး တိခနဲ ပိတ်လိုပိတ်။ ဘာများဖြစ်သွားတာလဲ မျှင်ရယ်။

အဲဒီလို နှစ်ခါလောက် ကြုံရတော့ ပြည့်လျှံ နေမထိထိုင်မသာ ဖြစ်လာပါသည်။ လွန်ခဲ့တဲ့ရက် တစ်ရက်က သူတို့တွဲပြီး ကားလမ်းဖြတ်ကူးတာကို မျှင့် အဖေ မြင်သွားပြီးကတည်းကပဲ။ အဖေ့ကို ကြောက်လို့ အဖေ့စကား နားထောင်ပြီး အဆက်အသွယ် ဖြတ်လေသလား။

စကားလည်း ပြောခွင့်မရတော့မှ ပြည့်လျှံ သူ့ကိုယ်သူ မြင်လာ သိလာသည်။ အစကတော့ မျှင့်ကို ခင်မင်မှု အရင်းခံနဲ့ သံယောဇဉ် ပိုတာဟုသာ ထင်မိသေးတာ။ အခုမှ သေချာစွာသိလာသည်မှာ သူ မျှင့်ကို နှလုံးသားထဲမှာ နေရာပေးပြီး ချစ်မိလာပြီ ဟူ၍ပင်။

မိဘတွေ ဘာပြောပြော ဘယ်လိုပဲတားတား ဘယ်လောက်ပဲ သဘောမတူကြပါစေ၊ ချစ်တာကတော့ ချစ်တာပါပဲ





မျှင်ရယ်။ ဘယ်လိုလုပ် တားထားလို့ရမလဲ။ ဘယ်လိုလုပ် ခွဲနိုင်ပါ့မလဲ။ မျှင်လည်း ကိုယ့်ကို ချစ်နေလိမ့်မယ်လို့ စိတ်ထဲမှာ ခံစားယုံကြည်ပါတယ်။

သူ့မျက်နှာကြီး ငေါင်တွေ မှိုင်ကျနေသဖြင့် မေမေကတောင် မေးယူရသည်။ မေမေ့ကို ရင်သားလှီးထုတ်ပစ်ဖို့ ဆေးရုံစ,တက်ရသောနေ့တွင် သူနဲ့ မေမေ့အဖော် ကောင်မလေးသာ ဆေးရုံလိုက်ပို့ရသည်။ မေမေ နေရမည့် ဆေးရုံခန်းလေးထဲမှာ သူတို့သားအမိပဲရှိစဉ် မေမေက ပြည့်လျှံ မေးစေ့ကို ဆွဲလှုပ်ပြီး ချစ်စနိုး မေးလိုက်တာ ဖြစ်ပါသည်။

"သားပြည့် ဘာတွေဆွေးနေတာတုန်း ငေါင်လှချည့်လား။ ဒီရက်ပိုင်းအတွင်း မေမေ့ဆီလာတိုင်း အရင်ကလို သွက်သွက်လက်လက်ကို မရှိဘူး"

"မေမေ ထင်လို့ပါ၊ သားက ပုံမှန်ပါပဲ"

"ဟုတ်ရဲ့လား၊ ငွေချည်မျှင်နဲ့ အဆင်မပြေလို့ မဟုတ်ဘူးလား"

ပြည့်လျှံ မေမေ့ကိုတော့ လိမ်ပြောစရာ အကြောင်းမရှိ၍ ဘာမှလဲ မဖြေ။ တုံ့ပြန်ခြင်းမရှိ၊ တိတ်ဆိတ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငြိမ်နေတယ် ဆိုတာက ဟုတ်နေလို့ပဲလို့ မေမေ ထင်တယ်"

"သားတို့ ရည်းစားတော့ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့်လဲ"

"ရည်းစားတော့ အတိအလင်း မဖြစ်သေးပေမဲ့ ဟို ... ဘယ်လိုခေါ်မလဲ မေမေရာ၊ ဘာလိုလိုလေးတွေတော့ ရှိတာပေါ့။ ဖုန်းဆက်ကြ၊ စကားတွေ လျှောက်ပြောကြ၊ သားမှာ ရှိခဲ့ဖူးတဲ့ ကောင်မလေးတွေအကြောင်း ပြောပြရင် သူက စိတ်ကောက်ပြန်ပေါ့၊ အဲဒီလိုတော့ ရှိပါတယ်"

"အင်း ... ပြောပြပါဦး၊ အခုလောလောဆယ် ဘာဖြစ်ထားလို့ သားက ငေါင်နေရတာလဲ"

"အခုတလော သူ့ဆီဖုန်းဆက်ရင် ဖုန်းမကိုင်ဘူး၊ ဒီလို မေမေရာ၊ ဟိုတလောကတော့ ..."

ဟု အစချီပြီး မျှင် သူ့မောင်လေးနဲ့ ဆိုင်မှာ ဆုံပင်လာညှပ်ခြင်း၊ ပြည့်လျှံက ချိန်းလိုက်ခြင်း၊ ဦးကျော်ငွေ မြင်သွားခြင်း စသော အကြောင်းအရာတွေကို တောက်လျှောက် ပြောပြလိုက်ပါသည်။





"ဒါဆို သူ့အဖေ ဆူထားလို့ ကောင်မလေး ကြောက်ပြီး၊ ရှောင်နေတာ ဖြစ်မှာပါသားရယ်"

"ဆောရီး မေမေရာ၊ မေမေကဖြင့် ဆေးရုံမှာ ခွဲရစိတ်ရမှာ သားလုပ်တဲ့လူက အလိုက်မသိဘဲ ရည်းစားပူမိပြီး ငေါင်ပြနေတယ်၊ မေမေ ဒါကို စိတ်ထဲမထားပါနဲ့၊ သားကိစ္စ သားဟာသား ကြည့်ရှင်းပါ့မယ်"

"သားကိစ္စ မလုပ်နဲ့၊ ဟိုပြိုင်ပွဲကဖြင့် နီးလာပြီ။ အဲဒါ ဘယ်လို စဉ်းစားထားလဲ"

"မေမေမှ သဘောမတူတာ မေမေရာ"

"မေမေ့ဆီ အကျီလာချုပ်တဲ့ အလှအသီးသီးက မိန်းမတွေကလည်း တပြောပြောနဲ့ သူတို့ သိကြတယ်လေ၊ မေမေက ဦးနေမင်းရဲ့ ဇနီးဟောင်း၊ အခုလောလောဆယ် KINGS မှာ လူကြိုက်များနေတဲ့ နေမင်းပြည့်လျှံရဲ့ အမေဆိုတာ သိတော့ ဒီပြိုင်ပွဲမှာ မေမေတို့မိသားစုပေါင်းပြီး ပညာပြကြမလားပေါ့။ မေမေတို့ မိသားစုကို အရမ်းအထင်ကြီးပြီး ပြိုင်ပွဲဝင်မယ်ပဲ ထင်နေတယ်၊ ဝင်ပြိုင်ရင် သုံးယောက်ပေါင်းတာနဲ့ အားလုံးကို ဖြတ်တက်ပြီး နှစ်ဆယ့်တစ်ရာရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံး အတော်ဆုံး ပညာရှင်ဆိုတဲ့ သူတို့သတ်မှတ်ပေးတဲ့ဆုကို ရမယ်လို့ ပြောကို ပြောနေကြတာ၊ အဲဒါ ဘယ်လိုလုပ်မလဲ၊ ထင်ကြေးပေးတဲ့သူ ပြောတဲ့လူတွေ တစ်ပုံကြီးထဲမှာ ကိုယ်က လုပ်မပြရင် ဖြစ်ပါ့မလား။ ဦးကျော်ငွေ မေမေတို့ကို ပညာစမ်းပြီး သူ့ပွဲသူ ထလုပ်တာပေမဲ့ မေမေတို့က ဝင်မပြိုင်လို့ကို မရတော့အောင် သူက ဖန်တီးလိုက်တဲ့ သဘောပဲ။ အရမ်းနာမည်ကြီးတဲ့လူတွေ ဝင်မပြိုင်ဘဲနေရင် ဘာပဲဖြစ်ဖြစ် အနည်းနဲ့အများတော့ ထိခိုက်မှာပဲ”

ပြည့်လျှံ တွေဝေနေမိသည်။ တကယ်တော့ သူက လူငယ်မို့ ဝင်ပြိုင်ချင်နေသည်။ ပြီးတော့ မျှင်နဲ့လည်း နေ့စဉ်လိုလို ဆုံရဦးမည်။ ကိုယ်က နာမည်ကြီးပြီးသား၊ တော်ပြီးသား၊ လူသိများ အောင်မြင်ပြီးသား ဖြစ်ပေမဲ့ မျှင့်ရှေ့မှာ ကြွားလိုက်ချင်သေးသည်။

“မင်းဖေဖေ ဘာပဲပြောပြော မေမေကတော့ သားနဲ့တိုင်ပင်ပြီး KINGS နာမည်နဲ့ အဲဒီပွဲထဲဝင်ဖို့ စာရင်းသွင်းလိုက်ချင်တယ်”





“ဖေဖေက အရမ်း ဒေါသဖြစ်မှာ”

“ဖြစ်ချင်ရင်လည်း ဖြစ်၊ မတတ်နိုင်ဘူး၊ သူ ကျော်ငွေ့ကို မုန်းသလို မေမေလည်း မုန်းပေမဲ့ ကိုယ့်စီးပွားရေးက ရှိသေးတယ်၊ ကိုယ့်နာမည် ဒီလောက်ဖြစ်အောင် လုပ်ထားရတာတွေက ရှိသေးတယ်လေ၊ ဘာမဟုတ်တာလေးနဲ့ မာနကြီးပြီး လူတိုင်း စိတ်ဝင်စားတဲ့ပွဲကို ဝင်မပြိုင်ရင် အားလုံး ထိခိုက်လိမ့်မယ်”

“သူတို့ပြောတဲ့ သုံးရက်ပြိုင်ရမှာထဲမှာ သားကချည်းနှစ်ရက် မေမေက တစ်ရက်ပေါ့၊ အဲဒီလိုလား”

“သားအဖေ ဝင်မပါရင် နှစ်ရက်လုံး သားဝင်ရမှာပေါ့။ မေမေကတော့ မိန်းကလေးမော်ဒယ်လ်နဲ့ ပြင်ရမဲ့နေ့ကျ တာဝန်ယူရုံပဲ ရှိတော့တာ၊ တကယ်တော့ ကိုနေမင်းသာ တစ်ရက်ဝင်ခဲ့ရင် ဒီပွဲမှာ တစ်နေရာရဖို့ မေမေတို့ သေချာသွားပြီ။ သားကို မေမေ အထင်မကြီးလို့ မဟုတ်ဘူးနော်၊ သားက ငယ်လည်း ငယ်သေးတယ်၊ ပညာလည်း သိပ်မစုံသေးဘူးလေ။ ကိုနေမင်းကတော့ ကြာပဲကြာလှပြီ၊ နိုင်ငံခြားမှာတောင် ဆုရလာတဲ့လူဆိုတော့ ပိုပြီး တော်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ သားလည်း သိပါတယ်၊ သားလည်း ဗန်ကောက်မှာ ကျောင်းဝင်ခွင့် လျှောက်ထားတာ အကြောင်း မပြန်သေးလို့ပါ၊ နောက်မို့ ဖေဖေ တက်ခဲ့တဲ့ကျောင်းမှာ သွားတက်ထားပြီးရင် ပညာပိုပြီး ပြည့်ဝနေပြီပေါ့"

"ကဲ ... ဒါဖြင့် သား သဘောတူတယ်ဆိုရင် မေမေ ဖုန်းနဲ့ပဲ အကြောင်းပြန်လိုက်မယ်လေ၊ သူတို့ ကုမ္ပဏီပေါင်းစုံ အုပ်စုကြီးက ဖိတ်စာပို့ထားပြီပဲ၊ အကြောင်းပြန်ရုံပေါ့"

ပြည့်လျှံ ခေါင်းညိတ်လိုက်ပါသည်။

"မေမေ့ကိုတော့ ပြိုင်ပွဲရက် စမှပဲ ရအောင် ပြောကြည့်ဦးမယ်"

သို့သော် ပြိုင်ပွဲမစမီ ရက်ပိုင်းမှာပင် ဖေဖေ သိသွားပါသည်။ ဦးကျော်ငွေကြောင့် သိသွားတာလည်း ဖြစ်သည်။





ထိုနေ့က ဆိုင်ကို ဖုန်းဝင်လာသည်။ ရီဆက်ရှင်းမှာ ဖုန်းဝင်လာလျှင်တော့ အဲဒီမှာ တာဝန်ကျသည့် ကောင်လေးတွေက ဘယ်နေ့ ဘယ်အချိန်မှာ ဘယ်သူနဲ့ညှပ်မယ် ဆိုသည့် အပွိုင့်မင့်န် မျိုး မှတ်ပေးထားသဖြင့် ပြည့်လျှံ တို့လို အလုပ်လုပ်နေသူတွေက တကူးတက ကိုင်စရာ မလိုပါ။

တစ်ခါတစ်ရံ မိတ်ဆွေသူငယ်ချင်း မိသားစုတွေဆီက ကိုယ်ရေးကိုယ်တာ ပြောချင်လျှင်သာ ရီဆက်ရှင်းမှ တစ်ဆင့် လှမ်းအကြောင်းကြား၍ ကိုယ့်အနီးအနားမှာ လိုင်းခွဲပြီး၊ ထားထားသော ဖုန်းကို ကိုင်လိုက်ရုံ။

အဲဒီနေ့ကလည်း ရီဆက်ရှင်းမှ ကောင်လေးက ...



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ်နေမင်းနဲ့ စကားပြောချင်တယ်တဲ့၊ ကျွန်တော် ဘာပြန်ပြောလိုက်ရမလဲ ခင်ဗျာ"

ဟု မေးလာသည်။ ဖေဖေက ပြန်မေးသည်။

"ဘယ်သူတဲ့လဲ"

"ဦးကျော်ငွေ တဲ့။ Silver Shine (ဆေးလ်ဗားရှိုင်း)ကုမ္ပဏီကလို့ ပြောတယ်"

ဦးကျော်ငွေ ဟူသော အမည်က ဖေဖေ့ကို သတိအနေအထား ဖြစ်သွားစေသလို ပြည့်လျှံကိုလည်း အနည်းငယ် တုန်လှုပ်စေပါသည်။

"အေး ... ဒါဆိုလည်း ငါ ကိုင်လိုက်မယ်"

ပြည့်လျှံသည် မော်ဒယ်လ်ကောင်လေး တစ်ယောက်ကို မျက်နှာချေးချွတ်ပေးနေရာမှ ဖေဖေတို့ ဘာပြောသလဲလို့ တိတ်တဆိတ် နားစွင့်နေမိသည်။

"နေမင်း ... ပြောနေပါတယ်"

"ဟော့ကောင် ... နေမင်း ... ငါ ဝမ်းသာပါတယ်"

"ဘာလဲ"





"မင်းတို့ KINGS GROUP က ပြိုင်ပွဲဝင်တဲ့အထဲ ဝင်လာလို့"

"ဘယ်လို ... ဘာပြိုင်ပွဲလဲ"

"ငါ မင်းတို့ဆီ ဖိတ်စာပို့ထားတယ်လေ"

"သြော် ... သြော် ... နှစ်ဆယ့်တစ်ရာစုရဲ့ အကောင်းဆုံး၊ အတော်ဆုံး ပညာရှင်အုပ်စု ရွေးချယ်ပွဲ ဆိုတာလား"

"ဟုတ်တယ်၊ မင်းတို့အဖွဲ့က နာမည်ကြီးပြီးသားပေမဲ့ လူစိတ်ဝင်စားနေတဲ့ပွဲလည်း ဖြစ်တာမို့ ဝင်ပြိုင်တယ်ဆိုတာ ငါ သိပါတယ်"

"ငါ မပြိုင်ပါဘူး၊ ပြိုင်စရာမှ မလိုတာ၊ ငါ့ပညာကို ငါနဲ့ ထိတွေ့ဖူးသူတိုင်း သိပါတယ်"

"မင်း ညာမနေပါနဲ့ကွာ၊ ငါ သတင်းရပြီးပါပြီ။ ငါတို့ ကုမ္ပဏီဒါရိုက်တာအုပ်စုတွေ မနေ့က ညနေမှာ အစည်းအဝေးလုပ်တော့ ထပ်တိုးလာတဲ့ ပြိုင်ပွဲဝင်စာရင်းမှာ မင်းတို့ရဲ့ KINGS ပါလာပါပြီ နေမင်းရာ။ မင်း မာနကြီးပြီး ဖုံးကွယ်မနေပါနဲ့၊ ဒီပွဲဟာ ငါဦးစီးပြီးလုပ်တဲ့ပွဲ မဟုတ်ပါဘူး။ ငါတို့ အလှကုန်ကုမ္ပဏီ၊ အထည်အလိပ်၊ အဝတ်အစား၊ ဖိနပ်ကုမ္ပဏီတွေ အများကြီးစုပြီးမှ Sponser ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး လုပ်တဲ့ပွဲပါ။ မင်း ပြိုင်ချင်ရင် ပြိုင်ပါ၊ ငါနဲ့ ဘာမှ မပတ်သက်ပါဘူး"

ဖေဖေ တွေဝေနေသည်။ ပြည့်လျှံ ရင်တွေ တဒိန်းဒိန်း ခုန်နေပါသည်။ ပြဿနာပဲ၊ ဦးကျော်ငွေကလည်း တိတ်တိတ်မနေဘူး။ ဖေဖေ့ကို လာဆွပြီး အသိပေးလိုက်ပြီ။ ပြိုင်ပွဲရက်မစခင် ဖေဖေ မသိစေချင်ပါဘူး ဆိုမှကွာ၊ ဒုက္ခပါပဲ မေမေရေ။

"နေစမ်းပါဦး ဘယ်သူက စာရင်းလာပေးလို့လဲ"

"KINGS ကိုယ်စား ဒေါ်ကြည်ဖြူ စာရင်းလာပေးတယ်တဲ့။ ဘာလဲ မင်းတို့ မတိုင်ပင်ရသေးဘူးလား"

"ကြည်ဖြူ ... ဟုတ်လား၊ သူက ဘာကိစ္စ ဒီဆိုင်နာမည်ယူ သုံးခွင့် ရှိရမှာလဲ"

"ပထမရက်ကို ပြိုင်မဲ့သူက ဒေါ်ကြည်ဖြူ တဲ့၊ ဒုတိယရက်ကို ပြိုင်မဲ့သူက နေမင်းပြည့်လျှံ တဲ့။ နောက်ဆုံးတစ်ရက် ပြိုင်မဲ့လူ နေရာမှာတော့ ကွက်လပ်ထားခဲ့ပြီး မသေချာသေးလို့ သတင်းပို့ထားတယ် နေမင်း။ ငါကတော့ နောက်ဆုံးတစ်ရက်ဟာ တကယ့်ကို အရေးကြီးဆုံးပွဲမို့ မင်းပဲ ပြိုင်မယ်လို့ ယူဆထားတယ်"





"ငါ ဒီကိစ္စကို ဆက်ပြီး ဘာမှမပြောလိုတော့ဘူး ကျော်ငွေ။ ငါ့မှာ အလုပ်ကိစ္စတွေ အခုလောလောဆယ် တန်းစီနေတယ်။ ဒီတော့ ငါ ဖုန်းချလိုက်မယ်"

"ရပါတယ်၊ နောက်မှ အားရင် ထပ်ဆက်လိုက်ဦးမယ်"

ဖေဖေသည် အံကိုခဲနေအောင် ကြိတ်ပြီး ပြည့်လျှံဘက် ဝင့်ခနဲ တစ်ချက်လှည့်ကြည့်ပါသည်။ ပြည့်လျှံ ကမန်းကတန်း ကိုယ့်အလုပ်ကိုယ် အာရုံပြန်စိုက်လိုက်ရသည်။

သေချာတယ်၊ ဖေဖေနဲ့ ပြဿနာရှင်းရတော့မယ်။ အခုတော့ ဆိုင်မှာ လူများနေလို့ ဖေဖေ ဘာမှ မစသေးတာ၊ အိမ်ပြန်ရောက်တာနဲ့ နားပူပြီပဲမှတ်။ ကံဆိုးရင်တော့ ထိုးတောင် အထိုးခံရဦးမယ်။

ပြည့်လျှံ စိတ်ထဲမှာ တတွေးတွေးနဲ့ အလုပ်ကိုလုပ်နေရပါသည်။ ဒီကြားထဲ ဖေဖေက လှမ်းဆူဖြစ်အောင် ဆူလိုက်သေးသည်။

"အလုပ်ကို အာရုံစိုက် စိတ်များမနေနဲ့ ပြည့်လျှံ"

"ဟုတ်ကဲ့ပါ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလိုက်ရင်တော့ ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါနဲ့ ကွယ်ရာမှာတော့ ဖအေ့စကားကို ဒီဘက်နားကဝင်၊ ဟိုဘက်နားက ထွက် ပုံစံနဲ့ ကျင့်ကြံနေတာဗျ၊ ခုခေတ်ကလေးတွေက မလွယ်ဘူး။ ဆူနိုင် ဟောက်နိုင် တီးနိုင်မှ"

ဖေဖေက သူ့ကိုဆူရင်း သူ ဆံပင်ညှပ် ပြုပြင်ပေးနေရသော သူ့ရဲ့ဖောက်သည်တစ်ယောက် ဖြစ်သည့် သူ့မိတ်ဆွေကြီးကို ပြောလိုက်သေးသည်။

"မောင်ပြည့်က လူလိမ္မာလေးပါ ကိုနေမင်းရယ်။ သိပ်ဆူပူစရာတောင် မလိုပါဘူး။ သူ့အရွယ်လေးနဲ့ ဖအေ့အလုပ်ဝင်ကူနေတာသာကြည့်။ တချို့ကလေးတွေဆို ဘယ် ဒီလိုဟုတ်မလဲ။ မိဘလုပ်စာ ဖြုန်းလို့ကောင်းတုန်း။ ဖြုန်းဖို့စဉ်းစားတုန်းဗျ။ ကျွန်တော့်သားတွေဆို အဖေ့ပိုက်ဆံကုန်အောင် စီးရီးတစ်ခွေလုပ်ဖို့ အတင်းပူဆာနေတာ၊ မဖြစ်နိုင်မှန်း သိသိကြီးနဲ့ ကိုယ်က မိဘတာဝန်ကျေအောင် လုပ်ပေးရဦးမယ်"

"ဒီကောင့်လည်း ကျွန်တော် ဒီတိုင်း မထားပါဘူး။ သူ့ပညာက ကျွန်တော့်ဆီက ရထားတာလေးပဲ ရှိသေးတယ်၊





ကိုယ့်လမ်း ကိုယ်လျှောက်လို့ မရနိုင်သေးဘူး၊ အဲဒါကြောင့် ဗန်ကောက်မှာ ကျောင်းဝင်ခွင့် လျှောက်ထားတယ်၊ အဲဒီအတွက် ကျောင်းစရိတ်ပိုက်ဆံက သောက်သောက်လဲကုန်ဦးမှာ၊ မိဘကတော့ ကိုယ့်သားသမီးကိုယ် အကောင်းဆုံးတွေဖြစ်အောင် လုပ်ပေးရတာပဲ။ မိဘကျေးဇူးဆပ်ရာရောက်အောင် သားသမီးတွေက လိုက်နာဖို့ပဲ လိုတယ်"

ပြည့်လျှံ မျှော်လင့်ထားသလိုမျိုး ညနေဘက် အိမ်ပြန်ချိန်ရောက်တော့ ဖေဖေ ဆူပူကြိမ်းမောင်းတော့မည်ဟု ထင်ထားပေမဲ့ တကယ့်တကယ်ကျ ဖေဖေက ဒီကိစ္စကို ဒေါသကြီးမနေတော့ပါပေ။

သားအဖနှစ်ယောက် အေးအေးဆေးဆေး ရေမိုးချိုးစားသောက်ပြီးမှပဲ ဖေဖေက တီဗီရှေ့ထိုင်တော့မှ စပြောပါသည်။

"ကြည်ဖြူ အခြေအနေ ဘယ်လိုလဲ သား"

ဖေဖေက စိတ်လည်းမာသည်။ ပြည်လည်းပြတ်သည်။ မေမေ ဆေးရုံတက်ပြီး ရင်သားလှီးထုတ်ရမှန်း သိတာတောင် ဆေးရုံမလာ။ သတင်း မမေးပေ။ ပြည့်လျှံနဲ့ မေမေသာ ရက်



www.burmeseclassic.com

www.burmeseclassic.com



ဆက်တွေ့ပေမဲ့ ဖေဖေက တစ်ခါတစ်ရံမှသာ မေမေ့ ကျန်းမာရေးအခြေအနေကို မေးလာတတ်ရုံသာ။ ဒါ့အပြင် မပို။ စိုးရိမ်ပုံလည်း မရ။

ဖေဖေဟာ မေမေ့ကို သိပ်မချစ်ဘူးလို့တောင် ပြည့်လျှံက ထင်လာသည်။

ဒီနေ့မှ ဖေဖေ မေးလာသည်။ မေမေလည်း ဒီနေ့ဆိုဆေးရုံက ဆင်းတာပင် နှစ်ပတ်ကျော်လေပြီ။

"အခြေအနေ မဆိုးပါဘူး၊ ကောင်းမယ်လို့ မျှော်လင့်ရတာပဲ၊ ဆေးသောက်ဓာတ်ကင် ဆက်လုပ်ရမယ်ဆိုတော့ လူက ခံတော့ ခံရမှာပေါ့"

"သူက ဒါတောင် ဟိုကောင့်ပြိုင်ပွဲဝင်ဖို့ စိတ်ပါသေးတယ်"

"မေမေက သေသေချာချာ တွေးပြီးမှ ပြိုင်ဖို့ သားနဲ့တိုင်ပင်ပြီး စီစဉ်တာပါ၊ လူတိုင်းက ဒီပွဲကို စိတ်ဝင်တစားစောင့်ကြည့်နေတာ။ သားတို့ဆိုင်က နာမည်အရမ်းရှိရက်နဲ့ ဝင်မပါရင် အနည်းနဲ့ အများတော့ ထိခိုက်လာမယ်လို့ တွေးမိပြီး စီစဉ်လိုက်တာပါ"





"ကျော်ငွေ့ လုပ်ရပ်ပဲပေါ့။ သူက အဲဒီလို မဖြစ် ဖြစ်အောင် ဖန်တီးတာလေ၊ သူ့အကြံ မပါဘူး ဆိုပေမဲ့ သူတို့ကုမ္ပဏီပိုင်ရှင်များအသင်းမှာ သူလည်း MD တစ်ယောက်အနေနဲ့ ပါနေတာပဲ၊ သူပေးတဲ့အကြံကို ဝိုင်းလက်ခံလို့ ဒီပွဲဖြစ်လာတာ၊ သူတို့အလှကုန်ပစ္စည်း ကုမ္ပဏီတွေ၊ အဝတ်အထည်ကုမ္ပဏီတွေက ဒီပွဲကို စပွန်ဆာပေးတယ်လို့ ခုတုံးလုပ်ပြီး သူတို့ပစ္စည်းတွေပါ ကြော်ငြာတာပဲ၊ ငါတို့တွေက သူတို့ရဲ့ ကြော်ငြာပစ္စည်းတွေကို သုံးပြရတဲ့ သဘောပါ ...

"ပညာရှင် တကယ်ပီသရင် ဘယ်လိုပစ္စည်းပဲသုံးသုံး လူတစ်ယောက်ကို ပုံထွက်အောင် လုပ်နိုင်တယ် ဆိုတာ သူတို့ သိတယ်လေ၊ ငါတို့က အသုံးချ ခံရတာပေါ့"

ပြည့်လျှံသည် ဖေဖေ့မျက်နှာ တည်ငြိမ်နေတာမြင်လျှင် စိတ်အေးသွားပါသည်။ သူတို့ ဝင်ပြိုင်မယ် စာရင်းပေးပြီးနေမှ မပြိုင်တော့ပါဘူး ဘာညာနဲ့ သွားရှင်းနေရင် ကလေးဆန်နိုးရာရောက်တယ်။ ဦးကျော်ငွေ အတွက် ဟားစရာတစ်ကွက်ရသွားနိုင်တယ် ဆိုတာလည်း ဖေဖေ တွေးမိပုံရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့သားအမိ ဝင်ပြိုင်ရင် ပြိုင်ပါ၊ KINGS နာမည်သုံးရင် သုံးပါလေ၊ ဖေဖေတော့ မပါဘူး"

"ဟာ ... ဖေဖေ"

"လျှာရှည်မနေနဲ့၊ ငါ ကျော်ငွေ့ပစ္စည်းတွေသုံးပြပြီး လူတစ်ယောက်ကို လှအောင်မပြင်ပြချင်ဘူး။ မင်းတို့ဘာသာ မင်းတို့ နိုင်အောင်ပြိုင်၊ ကြည်ဖြူကလည်း မညာမသေးပါဘူး၊ သူ့အလှပြင်ပညာ၊ ဆံပင်ပညာနဲ့ အကျီဒီဇိုင်းတွေက လူကြိုက်များနေတာပဲ၊ ငါ့သားဘက်က ကြိုးစားဖို့ပဲလိုတယ်။ သိပ်ရုပ်ဆိုးချင်လည်း ရုပ်ဆိုးနိုင်တဲ့လူဒါမှမဟုတ် ကလေးလေး တစ်ယောက် ဒါမှမဟုတ် ပါးရေတွန့် သွားကျိုးနေတဲ့ အဘိုးကြီးတစ်ယောက်ကို မင်း မဲကျလိမ့်မယ်၊ အဲဒီလူကို နဂိုရှိတဲ့ရုပ်ထက် အဆတစ်ရာလောက် ကြည့်ကောင်းသွားအောင် ဆံပင်ပညာနဲ့ ပုံပြောင်း ပေးရမှာ။ အဲဒါကိုက ပညာပဲ၊ မင်း ကြိုးစားပေါ့"

"စိတ်ချပါ ဖေဖေ၊ ဒါဖြင့် နောက်ဆုံးတစ်ရက်ကို ဖေဖေ မပါဘူးဆိုရင် သားတို့ ဘယ်လိုလုပ်ရမလဲ၊ အဲဒီတစ်ရက်





က သိပ်အရေးကြီးတယ်။ သူတို့ ရှင်းပြတာတော့ ဝတ်စားဆင်ယင်မှုဟာ အမြင်ဆန်းရမယ်ပေါ့။ တကယ့်ကို စိတ်ကူးယဉ်ဆန်ဆန် ထုံးဖွဲ့ပြင်ဆင်ရမှာပေါ့။ အပြင်မှာ လူတွေပြင်နေ ထုံးဖွဲ့နေတာမျိုး၊ ဝတ်နေတာမျိုး မဟုတ်တဲ့ ပုံစံမျိုးတွေ လုပ်ပြရမယ်၊ ဘယ်လိုခေါ်မလဲ၊ ပန်းချီကားလိုလို၊ ပုံပြင်လိုလို၊ အိပ်မက်လိုလို စိတ်ကူးယဉ်ပုံစံတဲ့၊ အဲဒါ သားမှ မကျွမ်းကျင်သေးတာ"

"အဲဒါက ပြင်သစ်မှာ ဖက်ရှင်ရှိုးလုပ်ရင် တစ်ခါတစ်ရံ ထည့်တဲ့ အစီအစဉ်မျိုးပါ၊ ကြည်ဖြူ လုပ်ပြပါလိမ့်မယ်၊ ဒီကြားထဲမှာ သားကိုလည်း ဖေဖေ တချို့တဝလေ စ,သင်ပေးထားမယ်၊ ကြည်ဖြူ အဆင်မပြေရင် သားပဲ ဝင်ပြိုင်၊ ဒါပဲ ရှိတယ်၊ အရေးကြီးတာက နံပါတ်တစ်,နေရာရဖို့တော့ လိုတယ်"

အဲဒီနောက်မှာ ဖေဖေက ဘာမှ ဆက်မပြောတော့ပါ။ ပြည့်လျှံကတော့ နည်းနည်း စိတ်အေးသွားသဖြင့် မေမေ့ဆီလှမ်းပြီး ဖုန်းဆက်လိုက်သေးသည်။ အကြောင်းစုံသိရပြီးလျှင် မေမေက ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုနေမင်းက သူ့ပညာကိုတော့ မပြဘဲနေမှာ မဟုတ်ပါဘူး၊ သားပြည့်ရယ် စောင့်သာ စောင့်ကြည့်နေပါ"

ဟူ၍ အတိအကျတော့ ပြောလိုက်သေးသည်။ ပြည့်လျှံကသာ မယုံရဲရဲနဲ့ အဲဒီရက်တွေကို စောင့်နေမိတာပါ။





မှျင်နဲ့ ယမင်း ဆိုင်ထဲက အထွက်မှာ တမင်ကြို စောင့်နေဟန်ဖြင့် မီရပ်ပြီး လက်ပိုက်ကြည့်နေသည့် ပြည့်လျှံကို ဆုံရလေသည်။

မှျင် ပြန်မပြုံးရသေးခင်မှာ သူက သွက်လက်စွာ အနားရောက်လာပါသည်။

"မှျင် ထွက်ပြေးနေလို့ လိုက်စောင့်ဖမ်းတာ မိပြီ၊ ဟား ဟား"

ယမင်းက ပြည့်လျှံကို မှတ်မိလျက် မှျင့်ကို မျက်လုံးတွေဖြင့် လှမ်းစပ်စုလေသည်။

"သားပြည့် ဘယ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှ မလာဘူး၊ မျှင်တို့ကို British Embassy (ဗြိတိစ်ရှ်အန်ဘက်ဆီ)က ထွက်လာတာ မြင်ကတည်းက လိုက်လာတာ၊ ဒီဆိုင်မှာရပ်တော့ တစ်ခုခု ဝယ်မှာပဲဆိုပြီး ဝယ်အပြီးကို ရပ်စောင့်နေတာပေါ့"

"ဟုတ်တယ်၊ မျှင် ဒီနှစ်ပြီးရင် ကျောင်းသွားနေရမှာမို့ အဲဒီကိုသွားပြီး လုပ်ကိုင်စရာလေးတွေ လုပ်နေတာပါ"

"မျှင်က အင်္ဂလန်မှာ ကျောင်းသွားနေမလို့"

ပြည့်လျှံ သူ့ဘာသာ ရေရွတ်သလိုလိုဖြင့် ပြောပါသည်။

"မျှင့်ဆီ ဖုန်းဆက်တိုင်း မရဘူး"

"မျှင် တမင်မကိုင်တော့တာပါ"

မျှင်ကလည်း ပြတ်သည်။ အမှန်အတိုင်းကို ပြောတော့တာ ဖြစ်သည်။ ပြည့်လျှံက မျှင့် အဖြေစကားကို မျက်နှာပင့်သွားပါသည်။ ယမင်းသူကား ဘေးမှာ တိတ်ဆိတ်နေလျက် သူတို့နှစ်ဦးကို အကဲတခတ်ခတ်နှင့်။

"မျှင့် အဖေကြောင့်လား"





"ဖေဖေပြောတဲ့ အကြောင်းအရာကို မျှင် နားလည်လက်ခံလို့ မျှင့် ဆန္ဒနဲ့ ဆုံးဖြတ်တာပါ"

"ဘာတွေလဲကွာ၊ ရှုပ်နေတာပဲ၊ ကဲ ... ဘာလဲဆိုတာ ရေရေရာရာ သိရအောင် ရှင်းပြပါလား"

မျှင် တွေဝေနေသည်။

ပြည့်လျှံကလည်း မျှင့်ကို အဆက်မပြတ် စိုက်ကြည့် အကဲခတ်နေသည်။ မျှင် ဘာတွေပြောင်းလဲသွားခဲ့ပြီလဲ။ မျှင့်ကို ငါ ချစ်တယ်လို့ ဖွင့်ပြောလိုက်ချင်ပြီ။ လူကြီးတွေ ပြဿနာကို ဘေးဖယ်ပြီး ဆုံးဖြတ်မှာလား မျှင်။

ယမင်းသူသည် မျှင့်ကို တအားကြီး မြတ်နိုးနှစ်သက်သလိုနဲ့ ရိုတိုတိ စိုက်ကြည့်နေသော ပြည့်လျှံကိုလည်းကောင်း၊ ပြည့်လျှံရဲ့ မျက်လုံးတွေနဲ့ ဆုံလိုက်တော့ရင်ပဲ ယိုင်နဲ့ပျော့ခွေသွားမှာ စိုးရိမ်သလို ဖြစ်နေတဲ့ မျှင့်ကိုလည်းကောင်း၊ ကောင်းကောင်းကြီး အကဲခတ်လို့ ရလာလျှင် သူမ အလိုက်တသိ လုပ်ပေးသင့်သည်ကို ချက်ချင်းသိသွားပါသည်။

"မျှင် ... နင်တို့ ပြောစရာရှိ ပြောလေ၊ ငါ နင့်ကားထဲ သွားထိုင်စောင့်နေမယ်၊ ဖြစ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ယမင်းကလည်း"

"ပေး ... ငါ့ကို ကားသော့ပေးလိုက်၊ ငါ စောင့်နေမယ်၊ နင်တို့ ပြောစရာရှိတာပြီးမှ အေးအေးဆေးဆေး လာခဲ့ပါ၊ ရပါတယ်"

မျှင် ဘာမှ မပြောခင်မှာဘဲ ပြည့်လျှံဟာ ယမင်းသူကို လေးစားသလိုဟန်နဲ့ ဦးညွှတ်လိုက်ရင်း ...

"ဟား အရှမ်းကျေးဇူးတင်ပါတယ် ခင်ဗျာ။ မျှင် ပြောပြထားဖူးတဲ့ တစ်ဦးတည်းသော သူငယ်ချင်း ကောင်မလေး လို့ ထင်ပါတယ်၊ အခုလို ကူညီတာ ကျွန်တော် အရမ်း ကျေးဇူးတင်ပါတယ်"

ဟု သွက်လွက်စွာ ကြိုပြောနှင့်သည်။ မျှင်က ပြည့်လျှံကို မျက်စောင်းထိုးရုံကလွဲရင် မျှင့်၌ ဘာမှ ပြောစရာ ငြင်းစရာ မရှိအောင် ဖြစ်နေတော့သည်။ မျှင် သူနဲ့မတွေ့ရခင်က တော့ ကြိုးတွေတင်းထားနိုင်ခဲ့ပါရက် သူနဲ့လည်းတွေ့ရရော မျှင့် ဆီက တင်းထားတဲ့ကြိုးတွေ စ,ပြီး လျှော့စပြုလာပြီတည်း။

"ခဏလေးပါ မျှင်၊ လာ ... ဒီမှာထိုင်ကြရအောင်"





မျှင်တို့ ထွက်လာသော စာအုပ်အရောင်းဆိုင်ကြီး၏ နံဘေးမှာ ကပ်ရက်ဖွင့်ထားသည့် အအေးဆိုင်လေးမှာ ဝင်ထိုင်လိုက်ရပါသည်။ တကယ်တော့ ပြည့်လျှံရော မျှင်ပါ ဘာမှမသောက်ချင်ပေမဲ့ အအေးတစ်ပုလင်းစီတော့ မှာလိုက်ပါသည်။

"မျှင် ဘာကြောင့် စိမ်းသွားတာလဲ၊ မျှင့်ဖေဖေက ဘယ်လို ပြောလိုက်လို့လဲ၊ ငါ့ကို ပြောပြနိုင်မလား"

မျှင် ခေါင်းညိတ်ပြသည်။

"ပြောပြလို့ ရပါတယ်"

"ကဲ ... ဘာလဲ၊ ပြောပါဦး"

"ဖေဖေက အဲဒီနေ့က အဖြစ်အပျက်ကို တွေ့ပြီး မေးတယ်၊ ဆူတယ်၊ မျှင်တို့ ရည်းစားဖြစ်နေပြီလို့ ထင်သွားတယ်၊ ရည်းစားနဲ့ ချိန်းတွေ့တယ်လို့ ထင်တယ်"

မျှင် ... ပြည့်လျှံ မျက်နှာကို တစ်ချက် အကဲခတ်လိုက်ပြီးမှ ဆက်ပြောသည်။

"မျှင်က မဟုတ်ပါဘူးလို့ ရှင်းပြရတာပေါ့၊ အဲဒီလို ရှင်းပြတော့မှပဲ၊ ပိုဆိုးသွားတယ်လေ။ ရည်းစားမဖြစ်သေးတဲ့ လူတစ်ယောက်နဲ့ လက်ချင်းတွဲပြီး လမ်းဖြတ်ကူးတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ လျှောက်သွားတယ်၊ ချိန်းတွေ့တယ်၊ မုန့်အတူတူစားတယ် ဆိုတဲ့ လုပ်ရပ်တွေဟာ ကိုယ့်သိက္ခာကိုယ်ချသလိုပဲ ဆိုတာ ဖေဖေ ထောက်ပြပြီး ဆူတယ်၊ မျှင်လည်း အဲဒီတော့မှ နောင်တရသွားပါတယ်။ တကယ်တော့ မျှင် အဲဒီလောက် မလွယ်သင့်ပါဘူး၊ မျှင် အဲဒီလောက် ယောက်ျားလေးတစ်ယောက်ကို အခွင့်အရေး မပေးသင့်ဘူးဆိုတာ တွေးမိပြီး အရမ်း နောင်တရမိတယ်"

ပြည့်လျှံက မျှင့်ကို တောင်းပန်သလို ကြည့်ပါသည်။

"ဆောရီး မျှင်ရယ်၊ ငါ အဲဒီလို မရည်ရွယ်ပါဘူး၊ အခွင့်အရေးယူတာလည်း မဟုတ်ပါဘူး၊ ပြီးတော့ မျှင့်ကိုလည်း သိက္ခာကျစေချင်လို့ မဟုတ်ပါဘူး"

"သားပြည့်ရယ်၊ မျှင်တို့က အဖေချင်း သိပ်မတည့်ကြဘူးဆိုတော့ အဲဒီရဲ့ အရိပ်အငွေ့တွေ မျှင်တို့ကြားမှာ သက်ရောက်နေမှာပါ၊ မျှင်တို့ရဲ့ ခင်မင်မှုဟာ စစ်မှန်ချင်မှ စစ်မှန်မယ်၊ အဖေတွေရဲ့ စကားတွေ စိမ့်ဝင်နေတဲ့ အခါကျတော့ မျှင်တို့ချင်းက တစ်ယောက်နဲ့ တစ်ယောက် သံသယတွေ ထားမိမှာပါ၊ ဒီတော့ မျှင်တို့ မခင်ကြတော့ရင်





ကောင်းမယ်၊ ဘယ်လိုမှ မပတ်သက်သလို နေကြရင် ကောင်းမယ် ထင်တယ်"

"မဟုတ်ဘူး၊ မဟုတ်သေးပါဘူး၊ မျှင် ဘာတွေပြောနေတာလဲ။ ငါ့စိတ်ထဲမှာ လူကြီးတွေကိစ္စကို ဘာမှမထားဘူး၊ သူတို့ချင်း ဘာမဟုတ်တဲ့ ကျောင်းသားဘဝက ပြိုင်ဆိုင်မှုလေးနဲ့ အခုထိ တစ်ယောက်ပြောတာ တစ်ယောက်က အထအနကောက်ပြီး မသက်ာဖြစ်နေတာကို ငါ သုံးသပ်မိပါတယ်၊ ငါ မျှင့်ကို ခင်တာက သတ်သတ်ပဲ၊ ဘာပုယောဂမှ မပါဘူး ...

"မျှင့်ကို သူငယ်ချင်းလိုလည်း ခင်တယ်၊ ပြီးတော့ ဟာကွာ ... ရှင်းရှင်းပဲ ဖွင့်ပြောတော့မယ်၊ မျှင့်ကို ငါ အရမ်းချစ်နေပြီ မျှင်။ အစကတော့ ကိုယ့်ကိုယ်ကိုယ် သတိမထားမိခဲ့ဘူး၊ အခုကျမှ လုံးဝကို သေချာသွားပြီ၊ မျှင့်ကို ငါ တကယ် မြတ်မြတ်နိုးနိုး ချစ်တယ်၊ အဲဒါ ငါ့ရဲ့နှလုံးသားထဲက စကားပါပဲ"

မျှင် ရှော့(ခ)ရသွားသလို နှုတ်ခမ်းလေးဟပြီး ပြည့်လျှံကို စိုက်ကြည့်ငြိမ်သက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မျှင် ရင်ခုန်မိသွားသလား။ သွေးကြောတွေ ပူနွေးရှိန်းမြသွားသလား။ နှလုံးခုန်နှုန်းတွေ မညီမညာ ဖြစ်သွားသလား။

မျှင်သည် သားပြည့်က ငါ့ကို ချစ်နေတယ်ဟု ကြားသိခွင့် ရလိုက်သောအခါ မျှင့်ထံမှာ ရှိနေခဲ့သော သံသယဆိုတာတွေ၊ ဖေဖေ့ရဲ့ သတိပေးစကားတွေ ဘယ်ရောက်ကုန်လို့ပင် ရောက်မှန်းမသိတော့လေပြီ။

မျှင်က စိတ်ပျော့ပါတယ် သားပြည့်ရယ်။

"မျှင် ကိုယ်ပြောတာကို ယုံတယ်မဟုတ်လားဟင်"

သူ့ကိုယ်သူ "ငါ"ဟု သုံးနေရာမှ အသုံးအနှုန်းစ,ပြောင်းလိုက်သော ပြည့်လျှံကို မျှင် မျက်စောင်းထိုးလိုက်ပါသည်။

"အန်ကယ်ဦးနေမင်းက ငါ့သား ကျော်ငွေ့သမီးကို အပျော်ကြိုက်ရုံကြိုက်၊ ချစ်ချင်ယောင်ဆောင်ပြီး တွဲရင်တွဲ။ ပြီးမှ ကောင်မလေး အရှုးအမူး ဖြစ်ကျန်ပြီး အသည်းကွဲသွားအောင် ထားပစ်ခဲ့လို့ သင်ပေးလိုက်လို့လားဟင်"

"အဲဒီလို သင်ရင်တောင် ကိုယ်က လုပ်ချင်မှလုပ်မှာ။ တကယ်မချစ်ဘဲနဲ့လည်း ချစ်တယ်လို့ ဟန်ဆောင်မပြော





ချင်ဘူး။ ချစ်ပြီးမှလည်း ဘယ်သူခွဲခွဲ မခွဲတော့ဘူး၊ မျှင့်ကို ရအောင်ခိုးပြေးပြီးတော့ကို လက်ထပ်ယူမယ် မျှင်။ အဲဒါတော့ ခေါင်းထဲမှာ အမြဲထည့်ထားပြီး ပြည့်လျှံပြောတာ အမှန်လား အမှားလားလို့ မျှင် သုံးသပ်ကြည့်နိုင်တယ်"

မျှင်က ဘာရယ်ညာရယ်မဟုတ် ပြည့်လျှံကို ဒုတိယအကြိမ်မြောက် မျက်စောင်းထိုးလိုက်မိပြန်လေသည်။

ပြည့်လျှံက ဒီလောက်ဆိုရင်တော့ မျှင့် အမူအရာကို အကဲခတ်လို့ ရသွားကာ မျှင့် လက်ချောင်းထိပ်လေးတွေကို စကိုင်လိုက်ရင်း ...

"ဒါဖြင့် ကိုယ်ကလည်း မေးမယ်၊ အန်ကယ်လ် ဦးကျော်ငွေက ငါ့သမီး ဟိုကောင့်သားကို ချစ်ချင်ဟန်ဆောင်ပြီး တွဲရင်တွဲ၊ ပြီးမှ အသည်းနှဲပြီး ထားပစ်ခဲ့၊ ဟိုကောင့်သား လေလွင့်ပြီး ပျက်စီးသွားမှ နေမင်းကို ငါ အနိုင်ရတယ်လို့ ခံစားရမယ်လို့ သင်ပေးလိုက်သေးလား မျှင်"

"အံမယ် ... သူ့ကို ဘယ်သူက ပြန်ချစ်လို့လဲ"

"ဟန်ဆောင်ပြီးတော့ပဲ ချစ်ချစ်၊ တကယ်ပဲ ချစ်ချစ်၊ မျှင့်ဆီက အချစ်ကို ရတယ်ဆိုရင် ကိုယ် ပျော်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သားပြည့်ကို မျှင် ဟန်ဆောင်ပြီးတော့ မချစ်ပါဘူး"

"ဒါဖြင့် တကယ် ချစ်တယ်ပေါ့"

"ဘယ်မိန်းကလေးကမှ ကိုယ်တကယ် မကြည်ဖြူဘဲနဲ့ ယောကျာ်းလေး,တစ်ယောက် လက်ကိုင်တာကို အလွယ်တကူ မခံပါဘူး၊ မလိုက်လျောပါဘူး ...

"မျှင်က သားပြည့်ကို ... ..."

မျှင်သည် စကားအနည်းငယ် တန့်သွားပြီးမှ ခပ်တိုးတိုးလေးနှင့် ...

"တကယ် ချစ်မိနေလို့ပါ"

ဟု ဖြေလိုက်တော့လေသည်။

"ဒါဆို ဘာလိုသေးလဲ၊ ကိုယ်တို့ကြားမှာ ဘာမှ ဖုံးကွယ်စရာ လျှို့ဝှက်စရာ မရှိဘူး။ အဖေတွေ ဘာပဲပြောပြော ဘာပဲဝင်ပါပါ အဓိက,က ကိုယ်တို့နှစ်ယောက်ပဲ။ ကိုယ်တို့လက်တွဲပြီး အရာရာကို ရင်ဆိုင်မယ်လေ"

"ဖေဖေက မျှင့်ကို အင်္ဂလန်ပို့ပြီး ကျောင်းသွားနေခိုင်းနေပြီ သားပြည့်ရယ်"





"ဒီမှာ ကျောင်းတက်လည်း ပညာတတ်တာပဲ။ ပြီးတော့ မျှင်က အိမ်ရှင်မ လုပ်ရမဲ့လူလေ၊ စီးပွားရှာရမဲ့လူမှ မဟုတ်တာ၊ တတ်သင့်သလောက် ပညာတတ်ရင် ပြီးတာပဲ။ ကိုယ်ကသာ မျှင့်ကို ရှာကျွေးရမဲ့ ယောကျာ်းမို့"

"အံမယ် ... အံမယ် ... ရည်းစားဖြစ်တာဖြင့် မိနစ်ပိုင်းပဲရှိသေးတယ်၊ စကားတွေက အဆင့်ကျော်နေပြီ ဆရာ။ လျှော့ဦး ... ဒါတွေ နောက်မှဆွေးနွေးပါဦး၊ ခုတော့ မျှင်တို့ မေ့ထားရင် ကောင်းမယ်"

အဲဒီနေ့က မျှင်သည် ပြည့်လျှံနဲ့ အကြာကြီး အချိန်ဖြုန်းလိုသော်လည်း ယမင်းသူက ကားထဲမှာ စောင့်နေရလေရာ အားနာပြီး ခပ်မြန်မြန်ပဲ စကားဖြတ် လမ်းခွဲလိုက်ရပါသည်။

ကားထဲမှာ ထိုင်စောင့်နေသော ယမင်းသူက မျှင့်မျက်နှာအမူအရာကို အကဲခတ်လျက် ...

"အင်း ... မျှင်တော့ စိတ်ညှို့ခံရလာပြီ ထင်ပါရဲ့နော်"

ဟု အမေးဖြေထုတ်လို့ ရသွားဟန်ဖြင့် သူမဘာသာ ရေရွတ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ မျှင် သားပြည့် စိတ်ညှို့တာကို ခံလိုက်ရပြီးယမင်းရယ်။ သူဟာ မျှင့် စိတ်ကို အညှို့ငင်နိုင်ဆုံး ယောက်ျားတစ်ယောက်ပဲ ဖြစ်ပါတယ်။





၅

ပြည့်လျှံကို တွေ့သောအခါ ငွေမောင်းက ရုက်သလိုအမူအရာနဲ့ ဖြစ်နေသည်။ သူ့ဆံပင် တိုတိုထောင်ထောင် ပုံလှလှလေးကိုလည်း တသပ်သပ်။ မျှင်က မောင်ဖြစ်သူဟာ အစ်မရည်းစားနဲ့ ချိန်းတွေ့ဖို့ကို သူ့ပါ ရောညာပြီး အိမ်က ထွက်လာပေးရတယ်ဟု ငွေမောင်းကို အသနားပိုကာ ...

"မောင်မောင်း နှင့် game ကစားချင် ကစားလေ၊ ရော့ ... ပိုက်ဆံယူသွား"



www.burmeseclassic.com

www.burmeseclassic.com



လို့ ဖားလည်းဖားလျက် ပိုက်ဆံတစ်ထပ်ပါ ထိုးပေးလိုက်သည်။

"မမ ... နင် ဒီဆိုင်ကလွဲရင် ဘယ်မှမသွားနဲ့နော်"

"အေးပါ"

"တော်ကြာ အစ်မ ခိုးရာလိုက်ဖို့ကို မောင်က ရှောင်ပေးရတဲ့ ဓာတ်လမ်းမျိုး ဖြစ်နေဦးမယ်"

"ဟယ် ... ငါက ဘာကိစ္စ ခိုးရာလိုက်ရမှာလဲ"

"မသိဘူးလေ၊ တော်ကြာ ဆိုင်မှာထိုင်နေတုန်း ဖေဖေ ထပ်တွေ့သွားပြီး ဒီတစ်ခါတော့ မဟန်ဘူး၊ လစ်မှလို့တွေးပြီး ကျွန်တော့်ကို မေ့ထားပြီး လစ်သွားမှာစိုးလို့ ပြောရတာ"

ပြည့်လျှံမှာ ငွေမောင်း၏ အကျိုးအကြောင်းညီသော စကားကို ကြားရလျှင် တဟားဟား ရယ်မိပါသည်။

"ငါ မင်း အစ်မကို ခုလောလောဆယ်တော့ ခိုးမပြေးသေးပါဘူးကွာ၊ အခုမှ ရည်းစားဖြစ်တာ တစ်ပတ်တောင် မရှိသေးပါဘူး။ ရည်းစားဘဝနဲ့ ဘာမှ မပျော်လိုက်ရဘဲနဲ့တော့ အိမ်ထောင်မကျချင်သေးပါဘူးကွာ"





"အံမယ် ... အဲဒီလို အသားယူပြီး မပြောပါနဲ့နော်၊ မျှင်လည်း အသက်နှစ်ဆယ်အရွယ်လောက်နဲ့တော့ အိမ်ထောင်မပြုချင်ပါဘူး၊ အသက်အစိတ်ကျော်မှ ရှင့်ကိုယူဖို့ စဉ်းစားမယ်"

"ဒီကြားထဲမှာ မျှင့် ဖားသားကြီးက သဘောမတူလို့ ခွဲရင်ရော"

"ဟာ ... တော်ပြီဗျာ၊ ဘာတွေမှန်း မသိဘူး၊ ရင်ထဲမှာ ကလိကလိနဲ့ ဖင်ကျိန်းတယ်၊ တော်ပြီ ... သွားမယ်၊ မမ နင့်သဘောနဲ့နင် ပေးလိုက်တာနော်၊ ငါ ကုန်အောင် ကစားပစ်ရင် အဆိုးမဆိုနဲ့"

ငွေမောင်း ရှက်ပြီး မျက်နှာနီနီ နားရွက်နီနီဖြင့် မျှင်တို့ အနားမှ ထွက်သွားပါသည်။

"ငွေမောင်း ဆံပင်ပုံထပ်မသွင်းသေးဘူးတဲ့လား"

"အရင်တစ်ခါ ညှပ်တာဖြင့် ဘယ်လောက်မှ မကြာသေးဘူးလေ သားပြည့်ရဲ့"

"ဆံပင်ပုံက ခြောက်ပတ်တစ်ခါလောက် ကိုယ်လိုချင်တဲ့ အရွယ် ပြန်ပြန့်တိပေး ညှပ်ပေးရတယ် မျှင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... သူ့ဆိုင် အလုပ်ဖြစ်အောင် ဆွယ်နေပြန်ပြီ"

"ငွေမောင်းက ကိုယ် ညှပ်ပေးလိုက်တာ မကြိုက်လို့လား မျှင်"

"မဟုတ်ဘူး၊ သူ ကြိုက်ပါတယ်၊ ဟို ... သူကလေ ရှက်နေတာပေါ့၊ မတော်သေးတဲ့ယောက်ဖဆီ လာပြီး ဆံပင်ညှပ်ခံရမှာတဲ့၊ ကြံဖန်ပြီး ရှက်စရာမရှိ ရှက်နေတယ်၊ အဲဒါကြောင့်"

"သူ ရှက်တာက မျှင်ပါ ပါလာရမှာမို့လို့ ထင်တယ်၊ ဒါဆိုလည်း မျှင် သူ့ကို လာပို့ရုံပို့ပြီး သူ ညှပ်ပြီးတဲ့အချိန် တစ်ခေါက် လာကြိုပေါ့"

"သားပြည့်နော် ... ဘယ်လိုများဖြစ်ပြီး သူ့ယောက်ဖကို ဆံပင် သိပ်ညှပ်ပေးချင်ရတာလဲ၊ ကြည့်စမ်း ... ရည်းစားကိုတောင် မတွေ့ဘဲ နေရရင် နေပါစေ၊ ရည်းစားရဲ့မောင်တော့ ဆံပင်ညှပ်ပေးမယ်ဆိုတဲ့ သဘောပဲ"

မျှင်က မျက်စောင်းလေး တဝင့်ဝင့်နဲ့ ရန်လုပ်နေလေသည်။





"ဟုတ်တယ်၊ မျှင်က ကိုယ့်ရည်းစား ဖြစ်သွားပြီ၊ မျှင့်ကို ကိုယ် နည်းနည်းပိုင်သွားပြီလို့ ခံစားရတယ်၊ ဒီတော့ ... ကိုယ့်အတွက် လုပ်ရမှာက ငွေမောင်း ကိုယ့်ကို လက်ခံမင်လာပြီး ယုံကြည်စိတ်ချလာဖို့၊ ရင်းနှီးလာဖို့တွေပဲ လိုတော့တယ်လေ။ မျှင်တို့မိသားစုမှာ မျှင်ရယ်၊ ငွေမောင်းရယ်၊ မျှင့်မေမေရယ်က ကိုယ့်ဘက်ပါနေပြီဆိုရင် မျှင့်ဖေဖေ ဘယ်လိုခွဲခွဲ ဘယ်လိုပဲ သဘောမတူတူ သိပ်,စိတ်ပူစရာ မလိုတော့ဘူးလို့ ထင်မိတာနဲ့ ..."

မျှင်က ပြည့်လျှံ ပြောပြသည်ကို ဟုတ်သလိုလို လက်ခံလိုက်မိသည်ဖြစ်ရာ ခေါင်းညိတ်လိုက်မိသည်။

"မျှင် ခဏမျက်လုံးမှိတ်"

"ဟမ် ... ဘာလဲ၊ ရှက်စရာကြီး လူတွေနဲ့"

"သူတို့ သတိမထားမိပါဘူး၊ ကိုယ် မျှင့်ကို လက်ဆောင်ပေးစရာ ရှိလို့"

"ဘာလဲ"

"မျက်လုံး ခဏမှိတ်ထားလေကွာ၊ ပြီးရင် ဖွင့်ကြည့်ပေါ့"

"ရှုပ်နေတာပဲ၊ တကယ်"



www.burmeseclassic.com

www.burmeseclassic.com



မျှင် မျက်လုံးလေး အသာမှိတ်လိုက်ပါသည်။

"လက်ဖဝါးဖြန့်"

မျှင့် လက်ဖဝါးလေးပေါ်သို့ ကစ်စုံတစ်ရာ လာထိလိုက်ခြင်းကို ခံစားရသည်။ ဘူးသေးသေးလေး တစ်ဘူးဟု သိလိုက်လေသည်။

"ရပြီ … ဖွင့်ကြည့်တော့"

"ဟယ်"

မျှင်က အံ့ဩသလို အာမေဍိတ်သံ ပြုမိ၏။ မျှင့်လက်ဖဝါးထဲက ကတ္တီပါဘူးသေးလေးထဲတွင် ရင်ထိုးလေးတစ်ခု ရှိနေသည်။ ကတ်ကြေးသေးသေးလေးပုံ ရွှေရင်ထိုးလေး ဖြစ်သည်။ ကတ်ကြေး၏ ခလယ်ဆုံရာနေရာမှာတော့ ပတ္တမြားသေးသေးနီနီ ထွေးထွေးလေးတစ်လုံး ပါပါသည်။

"မျှင့်အတွက် လက်ဆောင်"

"ဘာလို့ ကတ်ကြေးပုံ ပေးတာလဲ"

"မျှင် မကြိုက်လို့လားဟင်"

"မဟုတ်ပါဘူး၊ ချစ်စရာလေးပါ၊ မျှင် ကြိုက်ပါတယ်၊ ကတ်ကြေးပုံလေးဆိုတော့ ဘာသဘောလဲလို့"





"ကိုယ်က ဆံပင်ညှပ်ပြုပြင်သမားလေ၊ ကိုယ် နိစ္စဓူဝသုံးရတဲ့ အလုပ်နဲ့ ပတ်သက်တဲ့ ပစ္စည်းက ဆံပင်ညှပ်ကတ်ကြေးပဲ၊ အဲဒါဟာ ကိုယ့်ရဲ့အထိမ်းအမှတ်လို ဖြစ်နေပြီ၊ ဒါကြောင့် မျှင့်ကို ကိုယ့်ရဲ့အထိမ်းအမှတ် ပစ္စည်းလေးတစ်ခုကို အမှတ်တရ လက်ဆောင်ပေးတာပါ၊ ရင်ထိုးလေးဆိုတော့ ရင်ဘတ်မှာပဲ ထိုးရတော့ မျှင့် နှလုံးသားရဲ့ အနီးကပ်ဆုံးနေရာ တစ်နေရာမှာ ကိုယ့်ရဲ့အထိမ်းအမှတ် ပစ္စည်းလေးတစ်ခုကို တင်ထားချင်တဲ့ သဘောပဲပေါ့"

"သားပြည့်က သိပ်စိတ်ကူးယဉ်တတ်ပြီး ကြံကြံဖန်ဖန် လုပ်ပြတတ်တယ်နော်"

မျှင်သည် ကြည်နူးစွာပင် ရွှေကတ်ကြေးရင်ထိုးလေးကို သူမ၏ ဘယ်ဘက်ရင်အုံ အပေါ်နား ရင်ဘတ်တစ်နေရာ အစွန်းတွင် အသာတွယ်ချိတ်လိုက်ပါသည်။

ပြည့်လျှံက ဒါကို ကြည်နူးစွာ၊ နှစ်သက်စွာ၊ ပီတိဖြစ်စွာ စသော ခံစားမှုတွေနဲ့ ပြုံး၍ ငေးလို့တည်း။

"သားပြည့်တို့ ပြိုင်ပွဲဝင်မယ်လို့ ဖေဖေ ပြောပြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ ဝင်မပြိုင်ရင်ဘဲ ကိုယ့်ဘက်မှာ ချွတ်ယွင်းနေသလိုလို၊ ပညာချင်းပဲ မယှဉ်ရဲသလိုလို ထင်ကြမှာစိုးရိမ်တာနဲ့ ကိုယ်နဲ့မေမေ တိုင်ပင်ပြီး စာရင်းပေးလိုက်တာပဲ"

"ဒါဆို အန်ကယ် ဦးနေမင်းက သဘောဘယ်တူမလဲ"

"ဟုတ်တယ်လေ၊ ဒါကြောင့် ကိုယ်တို့သားအမိသဘောနဲ့ လုပ်ချင်ရင်လုပ်၊ သူတော့မပါဘူးလို့ ပြောတယ်"

"ဟင် ... အဲဒါဆို"

"ဖြစ်ပါ့မလားလို့ မျှင်လည်း တွေးမိပြီ ထင်တယ်"

"သားပြည့်က ပညာနုသေးတယ်လို့ ဖေဖေက ပြောတယ်၊ မကြည်ဖြူ ကတော့ စိတ်ချရပါတယ်တဲ့"

"ကိုယ်လည်း သိပါတယ်၊ ဒီပွဲမှာက တကယ့်ဒိတ်ဒိတ်ကြဲ ဆရာကြီးတွေ ဆရာမကြီးတွေ ဝင်ပြိုင်မှာလေ။ ကိုယ့်ကိုယ်ကိုယ်တော့ title တစ်ခု ချိတ်နိုင်လောက်အောင် ပညာပြည့်တယ်လို့ မထင်ပါဘူး။ ဖေဖေ့ကို ဝင်ပြိုင်စေချင်တာပါ။ ဒါပေမဲ့ မပူပါနဲ့ မျှင်ရယ်။ စောင့်ကြည့်နေပါ၊ ဖေဖေဟာ သူ့နာမည် သူထိန်းတဲ့အနေနဲ့ တစ်ရက်တော့ ဝင်ပြိုင်ဖြစ်အောင် ဝင်လိမ့်မယ်လို့ ကိုယ်ထင်နေတယ်"

"ဒါနဲ့ အန်တီရော နေကောင်းလား"





"ရင်သားလှိုးထုတ်ပြီးတော့ ဆေးတွေ ဆက်သောက်နေရတယ် မျှင်။ ဆေးအရှိန်နဲ့ ဆံပင်လည်း ပြောင်နေပြီ၊ အစားအသောက်လည်း ပျက်တယ်လို့ ပြောတယ်၊ သူ့ဆိုင်တောင် လူကိုယ်တိုင် ဝင်မပါနိုင်တော့လို့ အရမ်းတော်တဲ့ သူ့တပည့်တွေနဲ့ လွှဲထားရတယ်"

"ကောင်းသွားပါစေလို့ မျှင် ဆုတောင်းပါတယ်၊ မျှင်က အန်တီ့ကို သားပြည့် အမေမို့လို့ရယ် မဟုတ်ဘူး။ စတွေ့ကတည်းက ချောချောလေးနဲ့ မျက်နှာက စိတ်နှလုံးကောင်းပုံ ပေါ်လွင်နေလို့ ချစ်သွားတယ်"

"တစ်ရက်ကျရင် မျှင့်ကို မေမေ့ဆီ ခေါ်သွားပြီး မိတ်ဆက်ပေးမယ်"

"ဦးကျော်ငွေ့သမီးဆိုတာ အန်တီ သိပြီးသားပါ"

"အဲဒီလို မဟုတ်ဘူးလေ၊ ပြည့်လျှံရဲ့ချစ်သူအနေနဲ့ ခေါ်သွားပြမှာပေါ့"

"ဟာ ... ရှက်စရာကြီး"

သို့သော် ပြည့်လျှံ ခေါ်လျှင် မျှင်က လိုက်ပေးဖို့ အဆင်သင့်ပါပဲ ဆိုတာ ပြည့်လျှံ ကြိုသိနေသလို မျှင်ကလည်း ရှက်တော့ ရှက်ပေမဲ့ လိုက်သွားမိမှာပါပဲဟု သူမဘာသာ အလိုလို တွေးမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူတို့နှစ်ဦး နှစ်နာရီနီးပါး တွေ့ခွင့်ရပါသည်။ ဂိမ်းစင်တာထဲမှ ငွေမောင်း ပြန်ထွက်လာသောအခါမှသာ သူတို့ အိမ်ပြန်ကြရဖို့ စကားဖြတ်လိုက်ပါသည်။

ပြန်ခါနီးထိ မခွဲနိုင် မခွာရက်ဖြစ်ကာ ပြည့်လျှံဟာ မျှင့် ကားပြတင်းမှာ လက်ထောက်ရပ်၍ ငုံ့ကြည့်ရင်း ပြောစရာစကားက ကုန်ပဲ မကုန်နိုင်တော့။

ကိုယ့်ချစ်သူနဲ့ကိုယ် ဆုံရချိန်၊ စကားပြောရချိန်တွေ ရှိလာတော့မှ အချိန်ဆိုတာကို သိပ်ကို မြန်ဆန်စွာ ကုန်ဆုံးတတ်မှန်း သိလာသည်။ ဖြစ်နိုင်ရင်တော့ အချိန်တွေကို ဆွဲဆန့်လိုက်ချင်သား။

"မျှင် သွားတော့မယ်၊ မောင်မောင်း ကျူရှင်ရှိသေးတယ် သားပြည့်ရယ်"

မျှင်က မခွဲချင်သလိုလေး ရေရွတ်မိပါသည်။ မျှင်တို့ကားကလေး ထွက်သွားလျှင် ပြည့်လျှံ တစ်ယောက်တည်း အဲဒီနေရာမှာ အကြာကြီးရပ်၍ ငေးကျန်ခဲ့လေသည်။

မျှင့်ကို ခွဲကိုမခွဲချင်ဘူး မျှင်ရယ်။





"ဪ ... ဘယ်သူများလဲလို့"

ဖေဖေ့ အသံကို နားစွင့်ရင်း ပြည့်လျှံ ပန်းကန်တွေ ဆက်ဆေးနေသည်။ အိမ်ရှေ့မှာ ဧည့်သည်ရောက်နေပြီ ဖြစ်ပေမဲ့ ဧည့်သည်ရဲ့စကားသံကို မကြားရသေးရာ ဘယ်သူမှန်းတော့ သူ မသိ။ သို့သော် စက္ကန့်ပိုင်းအတွင်း ဘယ်သူ ဘယ်ဝါ ဆိုတာ သူ သိလိုက်ရလျှင် ...။

"နေမင်း ... မင်းက အရင်အတိုင်းပဲ"

ဟင် ... ဦးကျော်ငွေ ...

ဘုရား ဘုရား ... တစ်ခါမှ မရောက်လာဘူးတဲ့ လူတစ်ယောက်က ဘာရည်ရွယ်ချက်နဲ့ ဒီအိမ်ကို ရောက်လာသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ငါတို့အကြောင်းတော့ မသိလောက်ပါဘူးလေ ဆိုပြီး ဖြေတွေးလျက် အသာနားစွင့်နေမိပါသည်။

"ထိုင်ပါဦး"

"မင်းတို့ သားအဖနှစ်ယောက်တည်းလား"

"အေး"

ဖေဖေ့ အသံကပြတ်နေသည်။

ဦးကျော်ဌေ့ အသံကတော့ ဖော်ရွေတာလည်းမဟုတ်။ မာကျောတာလည်း မဟုတ်။ ပုံမှန်ပင်။

"အိမ်က သန့်ရှင်းနေသားပဲ"

"အိမ်မှာ ညအိပ်ညနေ အိမ်ဖော်မထားချင်လို့ တစ်ပတ်တစ်ခါ ငါတို့နားရက်တိုင်း အိမ်သန့်ရှင်းရေး လာလုပ်ပေးတဲ့ မိန်းမတစ်ယောက်တော့ ငှားထားတယ်၊ မနက်လာ သူ့အလုပ် အကုန်ပြီးရင် ပြန်ပေါ့၊ ကျန်တဲ့နေ့တွေလည်း အိမ်က ပွစရာမရှိပါဘူး။ ငါတို့သားအဖက ဆိုင်မှာ တစ်နေကုန် နေတာပဲ"

"ငါ မင်း လိပ်စာ ဘယ်ကရသလဲလို့ မမေးတော့ဘူးလား"





"KINGS ဆိုင်ရဲ့ လိပ်စာကို သိရင် ဒီအိမ်ကို စုံစမ်းဖို့က လွယ်ပါတယ်ကွာ"

"အေးကွ၊ မင်းတို့ကသုံးလမ်းကျော် အကွာမှာပဲ အိမ်ရှိတော့ အဆင်ပြေတယ်"

"မင်း ဘာသောက်မလဲ"

"ငါ ညနေစာ စားလာခဲ့ပြီးပြီ"

"ဒါဆို အအေးသောက်မလား"

"ငါ အချိုရည်တွေ သိပ်သောက်လေ့ မရှိဘူး၊ ရေအေးအေးပဲ ပေးကွာ၊ ရတယ်၊ ရေသောက်ရတာ ကောင်းပါတယ်"

ငါ့ကို ဖေဖေ ရေယူခိုင်းတော့မယ်။ ပြည့်လျှံသည့်ချင့်အဖေကြီးကိုလည်း အမှတ်ယူချင်တာနဲ့ အကောင်းဆုံး ဖန်ခွက်ကို သေချာစွာဆေးကြော၊ အဝတ်သန့်နဲ့ ရေသုတ်နေစဉ်မှာပဲ ဖေဖေက မီးဖိုချောင်တံခါးဝ လာရပ်သည်။

"သောက်ရေတစ်ခွက် ပြင်ဆင်လာခဲ့ သား၊ ရေခဲရေပေါ့။ အိမ်ရှေ့မှာ ကျော်ဌေ ရောက်နေတယ်"

"ဟုတ်ကဲ့ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



ပြည့်လျှံ ဖန်ခွက်အောက်မှာ အပြားကလေးခံတင်ပြီး ဗန်းအသေးလေးထဲမှာ ထည့်ကာ အိမ်ရှေ့ကို ထွက်လာပါသည်။

"မင်းဆီလာတဲ့ကိစ္စက မင်း,သားနဲ့ ပတ်သက်ပြီး ပြောစရာရှိလို့ပဲ"

ပြည့်လျှံသည် ဦးကျော်ငွေကို ရေခွက်ကမ်းပေးရင်း ရပ်နေရမလို၊ ထိုင်ရမလို ဖြစ်နေသည်။

"ထိုင်လေ မောင်ပြည့်လျှံ"

"ဟုတ်ကဲ့ အန်ကယ်လ်"

ဦးကျော်ငွေ ရေကို တစ်ငုံသောက်လိုက်ပြီးမှ ...

"မင်း ဒီဆံပင်အလှညှပ်ပညာကိုသင်ပြီး လက်တွေ့သုံးလာတာ ဘယ်လောက်ရှိပြီလဲ"

ဦးကျော်ငွေ၏ မေးခွန်းကို ပြည့်လျှံ မဖြေခင် ဖေဖေက ဝင်ဖြေသည်။

"သူ ဆယ့်သုံးနှစ်မှာ ငါ စ,သင်ပေးတယ်၊ ဆယ်တန်းအောင်ပြီးမှ ဆိုင်ထဲကို လုံးလုံးသွင်းလိုက်တယ်"

"သြော် ... သိပ်မကြာသေးဘူးပဲ"





"ဘာကိစ္စရှိလို့လဲ ကျော်ငွေ"

"ငါက သူ့ကို မင်း ဗန်ကောက်လွှတ်ပြီး ကျောင်းတက်ခိုင်းထားပြီးသားတောင် ထင်တာ"

"ကျောင်းတက်ဖို့ ရှိပါတယ်၊ လျှောက်ထားဆဲပဲ၊ ရှိသေးတယ်"

"အေးကွာ ... ဒါဆို မင်းတို့အုပ်စု ဝင်ပြိုင်မဲ့အထဲမှာ ပြည့်လျှံနဲ့ မကြည်ဖြူပဲ ဖြစ်နေတော့ အဓိကကျတဲ့ နောက်ဆုံးတစ်ရက်ကို ဘယ်သူဝင်မလဲ၊ ပြည့်လျှံပဲ ဝင်မှာလား၊ မကြည်ဖြူပဲလား၊ ငါ သိချင်လို့ပါ"

"အခြေအနေ အရပဲ၊ ဒါပေမဲ့ ငါတော့ မဝင်ဘူး"

"အဲဒါဆို ... အင်း ... ငါ့ကို တစ်မျိုးမထင်နဲ့ နေမင်း။ အခု စာရင်းပိတ်လိုက်ချိန်အထိ ဝင်ပြိုင်မဲ့လူနာမည် ကြည့်ပြီးပြီ၊ အကုန်လုံးက မင်းနဲ့ခေတ်ပြိုင်၊ နာမည်ရလာတဲ့ Beautician (ဗျူတီရှင်း)တွေချည်းပဲ၊ တကယ့် ဆရာကြီး၊ ဆရာမကြီးတွေချည်းပဲ ဖြစ်နေတယ်၊ မင်း,သားကို ငါ နှိမ်ပြောတာတော့ မဟုတ်ဘူး၊ သူက အခုမှ စ,ရုံရှိသေးတော့ သိပ်တော်နေတဲ့ လူတွေကို ယှဉ်လို့ရဦးမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ သူ့နေ့မှာ သူ အမှတ်နည်းနေရင် တစ်ရက်ရက်ပြိုင်တဲ့နေ့မှာတော့ သူများတွေထက် အမှတ်အများကြီးသာနေအောင် လုပ်ရလိမ့်မယ်”

ဖေဖေသည် ဦးကျော်ငွေကို အကဲခတ်နေခဲ့ပါသည်။ ပြည့်လျှံမှာ အခုမှ သက်ပြင်းကို ရဲရဲချရဲလာသည်။ ဦးကျော်ငွေဟာ မျှင်နဲ့ ပြည့်လျှံ အကြောင်း သိသွားပြီးတော့များ လာတားမြစ်သလားရယ်လို့ ကြိုတွေးပြီး ပူပန်နေလိုက်ရတာ။ အခုမှ အသက်ရှူ ချောင်တော့တယ်။

“ဒီအကြောင်းပြောဖို့ မင်း ငါ့အိမ်ကို တကူးတကတောင် လာသလား”

ဖေဖေ့အသံမှာ မယုံကြည်မှုသံသယတွေ ပါနေသည်။

“မင်း ဆိုင်မှာ အလုပ်ရှိနေချိန် ဖုန်းဆက်ပြောရင် သေသေချာချာလည်း ပြောလို့မရဘူး။ အခုလို မျက်နှာချင်းဆိုင် လာမတွေ့ဘဲ ပြောပြန်ရင် မင်းက ငါ့ကို အထင်လွဲဦးမယ် ...။

“မင်းနဲ့ငါ ပြိုင်တာက ပြိုင်တာပဲ၊ တစ်ယောက်နဲ့တစ်ယောက် ကြည့်မရတာက ကြည့်မရတာပဲ။ ဒါပေမဲ့





ငါက ဘာမဟုတ်တဲ့ မာနလေးနဲ့တော့ မင်းတို့ဆိုင်နာမည် ထိခိုက်သွားတာမျိုး မဖြစ်စေချင်ဘူးလေ ...

“မင်းက ငါ့ကို မာနထားပြီး ဝင်မပြိုင်လိုက်ရင် မင်းတို့ဆိုင်ဟာ သူများတွေ ထင်ကြေးပေးသလို နံပါတ်တစ် ဆိုတဲ့နေရာမှာ ရပ်မပြနိုင်ခဲ့ရင် ဘယ့်နှယ် လုပ်မလဲ နေမင်း ...

“အဲဒီအတွက် ငါ ဆွေးနွေးချင်လို့ တမင် ရောက်လာတာပါ။ ငါတို့ကုမ္ပဏီကြီးတွေစုပြီး ငါတို့တင်သွင်းတဲ့ အလှကုန်ပစ္စည်းတွေ၊ ဆံပင်နဲ့ဆိုင်ရာ ကိရိယာတွေ ကြော်ငြာချင်လို့ Sponser ပေးတာလည်း တစ်နည်း ဟုတ်ပါတယ်။ ဒါပေမဲ့ မင်းတို့ကို အသုံးချတာတော့ မဟုတ်ဘူး။ မင်းတို့က မင်းတို့ဘာသာ ရပ်တည်နိုင်ပြီးသားပါ။ ငါတို့က လုပ်ငန်းသဘောအရ ကြော်ငြာချင်တာပါ၊ ပြီးတော့ နိုင်ငံတကာမှာလည်း လုပ်နေကျ ပွဲမျိုးမို့ လုပ်ကြည့်ကြတာလည်း ပါတယ်”

ဖေဖေသည် ဘာမှ ပြန်မပြောဘဲ နံရံမှာ မှန်ပေါင် သွင်းပြီး ချိပ်ထားသော သူ ဟက်ခဲ့သည့် ကျောင်းက ဒီပလိုမာ



www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့ စာရွက်ရယ်၊ အတော်ဆုံး ကျောင်းသားဆု စလွယ်ကြီးဖြင့် ဓာတ်ပုံအရိုက်ခံထားသော သူ့ပုံရယ်ကို ငေးကြည့်နေသည်။

ဦးကျော်ငွေဟာ ထင်သလောက်လည်း မဆိုးပါဘူး။ ထင်သလောက်လည်း မာနမကြီးပါဘူး။ သူ့မာနကို သူချပြီး သူ့ကို မဖိတ်ခေါ်ခဲ့တဲ့အိမ်ကို လာရဲတယ်။ စကားကမ်းလှမ်းရဲတယ် ဆိုတာဟာ သူ့လိပ်ပြာသူ လုံလို့ပဲပေါ့။

တစ်ဖက်နဲ့ တစ်ဖက် ဖွင့်မပြောဘဲ အထင်တွေနဲ့ ရမ်းသမ်းပြီး မုန်းကြ၊ ပြိုင်ကြ၊ မနာလိုကြ၊ အထင်သေးကြ၊ ရှုတ်ချကြနဲ့။

အမှန်တကယ်မှာတော့ ဘာမှကို ကြီးကြီးမားမား ပြဿနာ မရှိခဲ့ဘူးပါဘဲ ခပ်တန်းတန်းဖြစ်ပြီး သူစိမ်းဆန်ဆန် ဆက်ဆံသွားမိကြတာပါ။

ပြည့်လျှံသည် သူ ငယ်စဉ်ကတော့ ဘာမှ မဝေဖန် မသုံးသပ်ခဲ့မိပေမဲ့ ဒီအရွယ်ကျတော့ အားလုံးကို ခွဲခြားစိတ်ဖြာလို့ ရသွားပါသည်။

"ငါဟာ Title တစ်ခုရမှ ရပ်တည်လို့ရတဲ့ 'အဆင့်လား ကျော်ငွေ"





"မင်း စိတ်ထဲမှာ အဲဒီလို မထားပါနဲ့"

"မင်းတို့လုပ်တဲ့ပုံက ငါတို့ ဝင်မပြိုင်ရင်လည်း မပြိုင်ရဲလို့ဘဲလို့ ထင်ကြရအောင် လုပ်တယ်လေ၊ ဒါကြောင့် ကြည်ဖြူက သူ့သဘောနဲ့သူ ငါ့နာမည်ကို ယူသုံးပြီး ဝင်လာတာပဲ၊ မင်း သိတဲ့အတိုင်းပဲ၊ ကြည်ဖြူက ကျန်းမာရေး သိပ်ကောင်းတာမှ မဟုတ်တာ၊ တကယ်ဆို သူ ငြိမ်နေသင့်တယ်၊ သားကိုလည်း မဆွယ်သင့်ဘူး။ ဒါပေမဲ့ ငါ့စကားဆိုရင် နားမထောင်ချင်တော့ ..."

"မကြည်ဖြူ တွေးတာ မှန်ပါတယ်ကွာ၊ မင်းသာ ဝင်ပြိုင်ဖို့ စိတ်မွေးလိုက်ပါ နေမင်း။ မင်းကို ငါ စိတ်ထဲမှာ မာနကြီးလို့ မတည့်ပေမဲ့၊ အေး ... အဲဒါတော့ အမှန်အတိုင်း ပြောတာနော်၊ မင်းကို မတည့်ပေမဲ့ ငယ်ငယ်က ပေါင်းလာဖူးတဲ့ သူငယ်ချင်းမို့ ခင်လည်း ခင်နေတယ်၊ ငါ စေတနာနဲ့ အကြံပေးတာပါ ..."

"ဩော် ... ဒါနဲ့ မကြည်ဖြူက နေမကောင်းဘူးဆိုတော့ ဘာရောဂါ ဖြစ်နေလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ ဖြေလိုက်မည်ဟုထင်ပြီး ပြည့်လျှံကို ဦးကျော်ငွေ ကြည့်မေးပေမဲ့ ပြည့်လျှံ မဖြေလိုက်ပါ။ ဖေဖေက အတန်ကြာ တွေးနေပြီးမှ ...

"သူ CA breast လို့ ပြောတယ်။ အခုတော့ လှီးထုတ်ပြီး ပါပြီ၊ ဒါပေမဲ့ ဆေးသောက်တယ်၊ ဓာတ်ကင်ရတယ်လေ"

"ဟုတ်လား"

ဦးကျော်ငွေ့ အသံမှာ အံ့သြမှုနဲ့ အမှန်ပင် စိတ်မကောင်းသွားခြင်း အရိပ်အမြွက်တွေပါ ခံစားလို့ ရသွားပါသည်။

ဦးကျော်ငွေ နှုတ်ဆက်ပြီး ပြန်သွားသည်အထိ ဖေဖေဟာ သူ အဲဒီပြိုင်ပွဲကို ဝင်မယ်၊ မဝင်ဘူးရယ်လို့ တိကျစွာ ပြန်မဖြေခဲ့ပါ။

သူတို့ချင်း ရောက်တတ်ရာရာ ဟိုဟိုဒီဒီ တချို့ ပြောကြရင်း (သို့သော် ဟန်ဆောင်ပြုံးရယ်မှုတွေပါသော) နောက် ဆယ်မိနစ်လောက် အချိန်ဖြုန်းပြီးမှ ဦးကျော်ငွေ ပြန်သွားပါသည်။

ဦးကျော်ငွေ ပြန်သွားပေမဲ့ ဖေဖေက ဒီအကြောင်း အရာနဲ့ ပတ်သက်ပြီး ပြည့်လျှံကို ဘာမှလဲ တိုင်ပင်ဆွေးနွေးပြော ဆိုခဲ့ခြင်း မရှိပါ။





ပြည့်လျှံကသာ မနေနိုင်၊ မထိုင်နိုင် ဖြစ်ပြီး မျှင့်ဆီ တိတ်တိတ်ဆိတ် ခိုးပြီး ဖုန်းဆက်ပြောလိုက်မိပါသည်။

မျှင်လည်း အံ့သြပြီး နားထောင်နေသည်။

"တော်ပါသေးရဲ့ကွာ၊ ကိုယ်က အဘိုးကြီး မျှင်နဲ့ ကိုယ် ရည်းစားဖြစ်နေတာ သိသွားလို့ လာချဲတယ် ထင်တာ၊ ချွေးတောင်ပြန်တယ်၊ ကြောက်လို့"

မျှင်က တဟားဟား ရယ်နေသည်။

"အဘိုးကြီးနှစ်ယောက် ထ,မဖိုက်ကြတာဘဲ ကံကောင်း"

"သူတို့ ဖိုက်ကြရင် ကိုယ် ဘယ်သူ့ဘက်မှ မပါပါဘူး၊ စိတ်ချ"

"မျှင့်ဖေဖေက အပြင်ပန်းသာ ဘာဖြစ်တယ် ညာဖြစ်တယ် နဲ့ ဒေါသကြီးတတ်တာပါ၊ သူ့ တကယ်စိတ်ရင်းကတော့ ကောင်းပါတယ်၊ အခုလည်း သူ တကယ်ပဲ စိတ်ပါလို့ သူနဲ့ မျက်နှာကြောမတည့်တဲ့ သူငယ်ချင်းဟောင်းဆီ သူ့ မာနတွေချပြီး ရောက်လာတာပေါ့"

"အေးကွာ ... ကိုယ် ဒါကို လက်ခံပါတယ်၊ ဒါပေမဲ့ မျှင် သွားမမေးနဲ့နော်။ သူက မျှင့်တို့ သိစေချင်ပါ့မလားမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ သူ ဘာမှမပြောရင် သွားမမေးနဲ့နော်၊ သူ့ ခိုးလုပ်တာ သိတယ်ဆိုရင် ရှက်သွားဦးမယ်"

"အံမယ် ... အဲဒီလောက် မအ,ပါဘူးနော်၊ မမေးပါဘူး စိတ်ချ။ ကဲ ... သားပြည့် အိပ်တော့၊ မနက်ကျ ဆိုင်ဖွင့်ရဦးမယ်၊ ပင်ပန်းနေမယ်နော် ... ဂွတ်နိုက်"

မျှင်က နှုတ်ဆက်ပြီး ဖုန်း အရင်ချပါသည်။ အင်းဒီ ...တိုင်းသာဆိုရင် မျှင်တို့ရဲ့ အချစ်ရေးက သိပ်တော့လည်း ...ရိမ်စရာ မရှိလှပါဘူးလေ။ ဖေဖေက ဦးနေမင်းကို နှိမ်ချင်ပေမဲ့ ...ပြီး မုန်းနေတာမျိုးလည်း မဟုတ်ပါဘူး။ မျှင့်ဖေဖေက စိတ်ရှင် ပါတယ် သားပြည့်ရယ်။ သားပြည့် ဖေဖေကသာ ပိုပြီး မာနကြီးတာပါ။





"မေမေ့ မော်ဒယ်လ် ရှာပြီးပြီလား"

ပြည့်လျှံက ဆံပင်တုတွေကို ဖြီးသင်ပုံသွင်းရင်း ...မေးလိုက်ပါသည်။ ဒီနေ့ မေမေ ဆိုင်ကို ရောက်လာသည်။ ...ဖေကလည်း အရင်ကလောက် မျက်နှာကြီး မသုန်မှုန်တော့ဘဲ...

"မကြည်ဖြူ သားနဲ့ စကားပြောစရာ ဆွေးနွေးစရာရှိရင် ဒီဧည့်ခန်းမှာပဲ ထိုင်ပြီး ပြောပါ၊ ရပါတယ်"

ဟု မပြောစဘူး ပြောလာရာ မေမေသည် ဖေဖေ့ ...ားတစ်ခွန်းတည်းနဲ့ပဲ ဒီဆိုင်ကြီး၏ဧည့်ခန်းမှာ ထိုင်ဖို့ စိတ်ကူး ...နေလေပြီ။

ဒီနေ့ ဆိုင်က ခါတိုင်းထက်စာလျှင် အလုပ်ပါးသဖြင့် ...ည့်လျှံမှာလည်း ကြိုတင်ချိန်းဆို အပ္ပိုင့်မင့်ယူထားသူ ဆက်တိုက်...



www.burmeseclassic.com

www.burmeseclassic.com



ရှိမနေ။ တစ်ယောက်ပြီးလျှင် နောက်တစ်ယောက်လာဖို့ ကြားမှာ တစ်နာရီနီးပါးပင် နားခွင့်ရ၏။ တချို့ရက်တွေမှာတော့လည်း ထိုင်ပင်မထိုင်ရအောင် အလုပ်တွေ ဆက်နေတာမျိုးလည်း ရှိတတ်သလို ဒီနေ့လို အလုပ်ခပ်ပါးပါးသာရှိသော ရက်မျိုးလည်း ရှိတတ်ပါသည်။

"မော်ဒယ်လ်ဆိုတာ ဘယ်လိုအသက်အရွယ်မျိုးမဆို သုံးရင်ရပါတယ်၊ အဓိကက ရုပ်ရည်သင့်တင့်ရမယ်၊ personality မှာ သူများကိုသုံးပြဖို့ပါပဲ၊ မေမေက အဲဒီအတွက်နဲ့ မော်ဒယ်လ်လုပ်နေတဲ့ ကောင်မလေးတွေလည်း ခေါ်ဖို့ မစဉ်းစားမိသေးဘူး။ သာမန်အရပ်သူထဲကပဲ ကိုယ့်စိတ်ကူးဖက်ရှင်နဲ့ ကိုက်မဲ့ ရုပ်မျိုး လိုက်ကြည့်ထားတယ်၊ ပြီးတော့ အားလုံး အလှဆုံးတွေ လုပ်ပြချိန်မှာ ကိုယ် လုပ်ပြတာလေးကလည်း လှရုံတင်မကဘူး၊ ထူးလည်းထူးခြားရဦးမယ်လေ"

"မေမေ ဘာများ လုပ်မှာပါလိမ့်"

"မေမေ့အကြောင်း စိတ်ဝင်စားမနေပါနဲ့၊ သားပြည့် ဘာသာ ကိုယ့်ဘက်က perfectဖြစ်အောင် ပြင်ဆင်ထားဦး၊ ပွဲစစချင်း မေမေ အရင်ပြိုင်ရမယ်၊ မေမေက နည်းနည်း သာတယ်





ကိုယ့်လူကိုယ် ခေါ်လာရမှာ။ ကိုယ် စိတ်ကူးထားတဲ့ပုံစံနဲ့ လိုက်မဲ့ လူကို ရှာလာရုံပဲ။ သားအလှည့်ကျ နည်းနည်း ခက်လိမ့်မယ်၊ သူတို့ မဲနှိုက်ခိုင်းရင် ကျတဲ့လူကို ဆံပင်ညှပ်ပုံသွင်း၊ မျက်နှာမှာပြင်စရာရှိတာ ပြင်ပေးရမှာလေ။ ကိုယ်က ဘယ်လိုလူမျိုးကို မဲကျမှန်း မသိနိုင်ဘူး၊ ဒီတော့ ကြိုးစားရမယ်"

"ဟုတ်ကဲ့ပါ မေမေ"

မေမေက သူမ၏ ဆံပင်ကျိုးတို့ကျဲတဲ ကျန်သည်ကို ကြည့်ကောင်းအောင် ဆံပင်တုလှလှလေး စွပ်ထားရုံမက မိတ်ကပ်နှုတ်ခမ်းဆိုးဆေးတို့နှင့်မို့ ဘယ်လိုမှ ကင်ဆာဖြစ်နေသူတစ်ဦးဟု မထင်ရ။ မေမေသည် ဖေဖေ့လိုပင် ကိုယ့်ကိုယ်ကိုယ် လှအောင်တော့ တော်တော်လေး ဂရုစိုက်တတ်သည်။

မေမေသည် ဖေဖေ့လွှမ်းမိုးမှုကို မခံနိုင်လွန်း၍ ခွဲရပါသည် ဆိုသော်လည်း တကယ်တမ်းမှာတော့ သံယောဇဉ် သိပ်ပြတ်ပုံမရ။ အခုလည်း အလုပ်တောက်လျှောက် လုပ်လျက် ပြည့်လျှံတို့သားအမိကို စိတ်ဝင်စားဟန် မပြသော ဖေဖေ့ကို ခကြာခဏ ခိုးကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ မေမေ့ကို ကြည့်ပြီး ပြည့်လျှံဟာ အချစ်ဆိုတဲ့ အကြောင်းအရာကို တွေးနေမိသည်။ တစ်ယောက်နဲ့တစ်ယောက် တကယ်ချစ်ရုံနဲ့ မပြီးဘူး၊ နားလည်မှု အပြန်အလှန် အရေးပေးမှု ဆိုတဲ့ အကြောင်းအရာကလည်း အချစ်မှာ အင်မတန်မှ လိုအပ်တဲ့ အရာတွေပဲ။

ဖေဖေက မေမေ့ကို ချစ်တယ်၊ သို့သော် မေမေ့ ဝါသနာကို နားလည်မှု မရှိဘူး။ မိန်းမတစ်ယောက်ရဲ့ အခွင့်အရေးနဲ့ လုပ်ပိုင်ခွင့်တွေကို အရေးမပေးချင်ခဲ့ဘူး။

မေမေကလည်း ဖေဖေ့ကို ချစ်တယ်၊ ဒါပေမဲ့ ဖေဖေက သူမအပေါ် ချစ်ပြီး လွှမ်းမိုးချုပ်ကိုင်လွန်းတာကို ဒဏ် မခံနိုင်ခဲ့ဘူး။

အဲဒါကြောင့် သူတို့ သိပ်ချစ်ကြရက်နဲ့ ပျော်ရွှင်သာယာတဲ့ အိမ်ထောင်တစ်ခုကို မြဲအောင် မထူထောင်နိုင်ခဲ့ဘူး။ ဒါကြောင့် အချစ်ဆိုတာဟာ သူ တစ်ခုတည်းရှိရုံနဲ့ လူနှစ်ယောက် ပေါင်းစည်းတည်ဆောက်ကြရမဲ့ အိမ်ထောင်ရေးကိုတော့ တည်မြဲသာယာအောင် မလုပ်နိုင်ဘူး။





တစ်ရက်ရက်ကျရင် မျှင့်ကို ဖေဖေနဲ့မေမေ့အကြောင်း ပြောပြပြီး ငါတို့ အလှည့်ကြရင် ဆောင်ရန် ရှောင်ရန် ဘာတွေ ဆိုတာ ပြောပြတိုင်ပင်ရဦးမယ်။

“သားပြည့် အဖေက ပြိုင်ပွဲရက်ကိစ္စ ဘာတဲ့လဲ”

မေမေက ဖေဖေ မကြားနိုင်မှန်း သိပေမဲ့ ဒီစကားကို တိုးတိုးလေး ကပ်မေးပါသည်။

“ကိုကျော်ငွေ့ဘက်က မဆိုးပါဘူး၊ အိမ်ထိတောင် ရောက်လာပြီး ပြောတယ်နော်”

မေမေ့ကိုလည်း ဦးကျော်ငွေ ရောက်လာကြောင်း ပြည့်လျှံပဲ ပြောပြထားခဲ့ပါသည်။ နောက်မို့ မေမေ ဘာမှ သိမှာ မဟုတ်။

“ဖေဖေကတော့ မေမေ သိတဲ့အတိုင်း ဂျစ်ကြီးဗျ။ ခုထိ ဘာမှလဲ ဝင်မပါဘူး၊ ပြောလည်း မပြောဘူး။ သားကိုပဲ နင်းကန်ဖိဟောက်ပြီး ကြိုးစားခိုင်းနေတယ်၊ ပြိုင်ရင်လည်း နံပါတ်တစ် နေရာကလွဲရင် ဘယ်နေရာမှ မရချင်ဘူး ဆိုပြီး အတင်းတွန်းအားပေးနေတယ်၊ မေမေ သိသားပဲ၊ သူ့အား ဝင်မပါဘဲနဲ့ သားတို့ ‘တစ်’ ရဖို့ဆိုတာ သိပ်မသေချာဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"အဲဒါ ဘယ်လိုလုပ်မလဲ"

"ပြိုင်မဲ့ရက်တွေ ကျရင်တော့ သူ လာကြည့်မယ် မဟုတ်လား"

"အဲဒါလည်း ဘာမှ မပြောဘူး"

"ဒါပေမဲ့ သူ လာကြည့်မှာပါ၊ နှစ်ရက်စလုံးမှာ ရတဲ့ အခြေအနေကို ကြည့်ပြီး သူ့ စိတ်ထဲမှာ တစ်ခုခုကိုတော့ ဆုံးဖြတ်ဖြစ်မှာပါ"

"မှျင့်ကိုလည်း သားက ကြွားထားတယ်၊ ဖေဖေ ဝင်ပြိုင်လိမ့်မယ်လို့၊ မှျင်က ဖေဖေ့သတင်းကို ကြားထားတော့ ဖေဖေ ဝင်ပြိုင်ရင် ဘယ်လို လက်စွမ်းပြမလဲဆိုတာ အရမ်းမြင်ချင်နေတယ်"

"သားပြည့်နော်၊ ပြောမရဘူး။ အဲဒီ ကောင်မလေးကို ရအောင်ကြိုက်လိုက်သေးတယ်"

"သားတို့ တကယ်ချစ်ကြတာပါ မေမေရယ်"

ပြည့်လျှံက မေမေ့ကို ပြောပြနေရင်းမှ မှျင့်ကိုပါ ရောပြီး သတိရနေလေသည်။ မှျင်နဲ့ မဆုံရတာတောင် ကြာပြီ





မှျင်ပြောတော့ ပြိုင်ပွဲရက်တွေရောက်မှ တွေ့ကြတာပေါ့တဲ့။ ပြီးတော့ မှျင့်ကိုလည်း အလှဖန်တီးရှင်တစ်စုက အကူအညီ တောင်းထားတာနဲ့ မှျင်ဟာလည်း အလှပြင်ခံမဲ့ မော်ဒယ်တစ်ဦး အနေနဲ့ ဝင်ပါဖို့ ရှိတယ်တဲ့။

"တကယ်တော့ မှျင်က အန်တီကြည်ဖြူ ပြင်တာကိုပဲ ခံချင်တာပါ၊ ဒါပေမဲ့ သားပြည့်တို့ဘက်က လိုလိုလားလားမှ မခေါ်တာလေ"

ဟူ၍လည်း ဒေါသကလေးစွက်ပြီး ပြောပြသေးသည်။ အဲဒီ ကိစ္စနဲ့ ပတ်သက်ပြီး သူ မေမေ့ကို ပြောကြည့်သေးသည်။ သို့သော် မေမေက လက်မခံပါ။

"ဘယ်ဖြစ်မလဲ၊ ကိုကျော်ငွေက ဘယ်လောက် ပြောပြော သူ့သမီး မေမေတို့ဘက် ဘယ်လောက်ပါပါ မေမေ မသုံးပါဘူး၊ မေမေ့စိတ်ကူးထဲက ဒီဇိုင်းနဲ့ မှျင်နဲ့ သိပ်မကိုက်ဘူး သားပြည့်"

"မေမေ့ စိတ်ကူးက ဘာလဲ"

"မပြောဘူးကွယ်၊ စိတ်ကူးဆိုတာက တစ်ရက်နဲ့တစ်ရက် တူမှ မတူတာ။ မေမေ့မှာ ရှိထားတဲ့စိတ်ကူးကို အတည် မယူချင်သေးဘူး။ ဒါကြောင့် ဘယ်သူ့ကိုမှ မပြောသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com




ပြည့်လျှံမှာ ကိုယ့်ကိုယ်ကိုယ် ပိုပြီး ပညာတိုးအောင် လေ့ကျင့်သည့်အနေနှင့် အရင်ကလို အပျင်းထူတာမျိုး၊ ကလေ ရိုက်တာမျိုးပင် သိပ်မလုပ်ဖြစ်တော့ဘဲ သူ့အလုပ်မရှိရင်တောင် ဖေဖေ ညှပ်ပေးနေလျှင် ဘေးက ဝင်မှတ်နေတတ်သည်။ ဂြိုဟ်တု စလောင်းမှလာသော ဖက်ရှင်ပြိုင်ပွဲ ပြပွဲများမှ မော်ဒယ်လ်ယောကျ်ား တို့၏ ဆံပင်ပုံတွေကို မှတ်သည်။ ဖေဖေ စုဆောင်းရှာဖွေထား သော စာအုပ်တွေ အရင်ကတော့ ပျင်းပြီး သိပ်မဖတ်ဖြစ်ပေမဲ့ အခုတော့ အချိန်ရတိုင်း ဖတ်ဖြစ်လာသည်။

ဘယ်ယောကျ်ားပဲဖြစ်ဖြစ် ကိုယ့်ချစ်သူ မိန်းမတစ်ယောက်ရဲ့ ရှေ့မှာ သူတို့ ပိုင်ဆိုင်တဲ့ ကိုယ်စွမ်းကိုယ်စနဲ့ အရည်အချင်းတွေကို ပြချင်တာကတော့ အမှန်ပဲ။ ဒါကြောင့် ပြည့်လျှံလည်း ယောကျ်ားတို့ထဲက သာမန်ထက် ပိုမထူးခြားလှသော ယောကျ်ားတစ်ယောက်ပီပီ မျှင့်ရှေ့မှာ အရည်အချင်းပြဖို့ ကြိုးစား ပြင်ဆင်နေခဲ့ပါသည်။










www.burmeseclassic.com

www.burmeseclassic.com









## ၆

ဦးကျော်ငွေ၏ ဆေးလိပ်ဖားရှိင်း အလှကုန်ပစ္စည်းကုမ္ပဏီနှင့် တခြားကုမ္ပဏီကြီးလေးခု စုပေါင်းပြုလုပ်သော "နှစ်ဆယ့်တစ်ရာစု၏ အတော်ဆုံး အကောင်းဆုံး ပညာရှင်" ရှာဖွေပွဲကို ခမ်းနားကြီးကျယ်စွာ ကျင်းပသော ရက်တစ်ရက်ကို ရောက်လာခဲ့ပါသည်။

တခြားကုမ္ပဏီကြီး လေးခုတွင် အလှကုန်ပစ္စည်းကုမ္ပဏီတစ်ခု၊ အဝတ်အစားအထည်အလိပ် တင်သွင်းရာ ကုမ္ပဏီတစ်ခု၊ ဖိနပ် လက်ကိုင်အိတ် ဦးထုပ် စသည်များ တင်သွင်းရော



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီတစ်ခုနှင့် အလှပြင်ဆိုင်သုံးပစ္စည်းများ ဥပမာအားဖြင့် ခေါင်းလျှော်သောစင်၊ ဟဲယားဒရိုင်ရာ၊ ဆံပင်ပေါင်းတင်စက်၊ ကောက်စက်၊ ဖြောင့်စက် စသည်များ တင်သွင်းသော ကုမ္ပဏီက တစ်ခု ပါဝင်ရာ အဲဒီ ကုမ္ပဏီကြီးများ၏ ပံ့ပိုးပေးသော ပစ္စည်းများနှင့်ပင် ပြိုင်ပွဲဝင်လျှင် သုံးပြရမှာဖြစ်သည်။

ပြိုင်ပွဲ ကျင်းပရာနေရာက ဦးကျော်ငွေ ကိုယ်ပိုင် အသစ်ဖွင့်လှစ်ပြီးခါစ ဆေးလိပ်ဗားရှိုင်းအမည်ရှိ ဟိုတယ်ကြီးရဲ့ ခန်းမကျယ်ကြီးမှာပဲ ဖြစ်ပါသည်။

ခန်းမကျယ် (Ball Room)ကြီးထဲမှာ လာကြည့်သူတွေ ထိုင်ဖို့ ခုံများကို ခန်းမကျယ်ကြီး၏ ဘေးတွေမှာ ကပ်ချထားလိုက်ပြီး အလယ်ပြင်ကျယ်နေရာကြီး တစ်ခုလုံးမှာတော့ ပြိုင်ပွဲဝင်သူတွေအတွက် သတ်မှတ်ပေးထားသည်။

ကိုယ်ပိုင် မှန်တင်ခုံတစ်လုံး စီပေးထားရာ ခန်းမကျယ်ကြီး၏ အလယ်မှာ အလှပြင်မှန်တင်ခုံ အလုံးနှစ်ဆယ်လောက် အတန်းလိုက် စီပြီးချထားပြီးသား။

အဲဒီ အလှပြင်မှန်တင်ခုံတွေမှာတော့ အလှပြင်ပစ္စည်း အစုံအလင်က ထည့်ပေးပြီးသား ဘာမှ တောင်းစရာကိုမလို၊





အစုံအလင် ပြည့်စုံလှပါသည်။ အလှပြင်မှန်တင်ခုံတိုင်းမှာ မီးသီးကြီးတွေလည်း ပါပါသည်။ ပထမဆုံးရက်မှာ အမျိုးသမီးမော်ဒယ်လ်များကို ပြင်ဆင်ဝတ်စားပြရမဲ့ နေ့ဖြစ်သည်။ မှူင်က မော်ဒယ်လ် တစ်ယောက်အနေနဲ့ပါရမှာဖြစ်၍ ပြည့်လျှံက မေမေ့ကို လာအားပေးတာရော မှူင့်ကို လာကြည့်တာရောလုပ်ဖို့ အစောကြီး နေရာလာဦးထားပါသည်။

"အထည်အလိပ်နဲ့ လက်ကိုင်အိတ် ဖိနပ် ကုမ္ပဏီဆီမှာ ဘယ်ဒီဇိုင်း ဘယ်အထည် ဘယ်နကိုက် လိုချင်တယ် တင်ပြလိုက်ရုံပဲ။ သူတို့မေမေ့ဆီ နှစ်ရက်ကြိုပြီး လာပို့ပေးထားပြီးပြီ၊ ဒီတော့ ကိုယ်ဆင်ချင်တဲ့ ဒီဇိုင်းကို ထွင်ထားရုံပဲ။ ကိုယ့်ရဲ့ မော်ဒယ်လ်ကို မိတ်ကပ် ပြင်ဆင်ထုံးဖွဲ့ပြီးတာနဲ့ ကိုယ့်ဖက်ရှင်ဒီဇိုင်းကို ဝတ်စားပေး လိုက်ရုံပဲပေါ့။ သူတို့ လုပ်ပုံကိုင်ပုံက နိုင်ငံခြားအဆင့်မီပြီး တော်တော်လည်း တိကျပါတယ်"

မေမေ ပြောပြထားပြီးဖြစ်၍ ပြည့်လျှံကတော့ မေမေ ဘယ်လို မော်ဒယ်လ်မျိုးကို ခေါ်လာခဲ့မှာလဲ ဟုသာ တွေးကြည့်ရုံပင်။

မှူင်ကလည်း ဖုန်းထဲမှာ ပြောပြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျှင့်ကို ပြင်ပေးမဲ့ မာမီတွေက အရမ်းစေ့စပ်တာပဲ။ မျှင့်အသားရောင်နဲ့ ဘယ်အဝတ် အလိုက်ဆုံးဖြစ်မလဲ၊ ဘယ်လိုမိတ်ကပ် ဘယ်လိုဆံပင်က အထူးခြားဆုံး ဖြစ်မလဲဆိုတာ အကြိမ်ကြိမ် လေ့ကျင့်ကြတယ်။ သူတို့ အရမ်းတော်တာပဲ သားပြည့်ရယ်။ မျှင်ဖြင့် ကိုယ့်ပုံကိုယ် နေ့တိုင်း မှန်ထဲမှာ မြင်ရပြီး တော်ကြာ ရှေးခေတ်က နန်းတွင်းမင်းသမီး ဖြစ်သွားလိုက်၊ တော်ကြာ ပုဂံခေတ် ရောက်သွားလိုက်၊ တော်ကြာ ကျေးတောသူဖြစ်လိုက်၊ တော်ကြာ ခေတ်လွန်သိပ္ပံကားတွေထဲက လူပုံစံဖြစ်လိုက်နဲ့ အံ့သြနေရတယ်"

မျှင့်ကိုရော ဒီနေ့ သူရဲ့ မာမီအုပ်စုက ဘယ်လိုပုံဟာ အလိုက်ဖက်ဆုံးပါပဲလို့ အတည်ပြုလိုက်ပြီး ပြင်ဆင်ပေးမှာပါလိမ့်။

ပြည့်လျှံ ပွဲကြည့်သူနေရာမှာ အစောကြီး ရောက်နေခဲ့ပေမဲ့ မထင်မှတ်ထားသော ဖေဖေကတော့ ပြိုင်ပွဲစခါနီး သုံးမိနစ်လောက် အလိုမှ ခန်းမထဲ ရောက်လာသည်။

ဖေဖေ့ကိုတော့ KINGS ဟူသော အမည်၏ သက်ဆိုင်သူမှန်း သိလေရာ ပြည့်လျှံ အတွက် ပေးထားသော ခုံတန်းမှာပင် တာဝန်ရှိသူတွေက တလေးတစား လာပြနေရာချပေးပါသည်။





"ဖေဖေ မလာဖြစ်ဘူး ထင်လို့ သား စောင့်မခေါ်တာပါ"

"မကြည်ဖြူ ဘာလုပ်ပြမလဲ ငါ သိချင်တာနဲ့"

ဖေဖေက အဲဒီလောက်ပဲ ပြောကာ အကဲဖြတ်တွေ ထိုင်သော စားပွဲတွေဆီရော၊ ခန်းမကြီး အလယ်က အလှပြင် မှန်တင်ခုံများဆီရော လာကြည့်လေ့လာကြသော လူပရိသတ်ကိုရော လိုက်အကဲခတ်နေပါသည်။

စင်မြင့်ထက်မှာတော့ အလှဆင်ပန်းအိုးများ၊ ပန်းခြင်းများနှင့်အတူ ဆုဖလားသုံးခုကလည်း အစီအရီ။ ပထမရသူမှာ ငွေကျပ်တစ်သိန်းခွဲ ၊ ဒုတိယတစ်သိန်း၊ တတိယ ငါးသောင်းဟု ကြေညာထားပါသည်။

အမှန်တကယ်တော့ အဲဒီ ငွေကြေးကို မက်လွန်းလို့ လာပြိုင်ကြတာ မဟုတ်ဘဲ ကိုယ့်ပညာကိုယ် ကြွားဝါကြလို၍ လာပြိုင်ကြသူတွေချည်း ဖြစ်ပါသည်။

"ပထမဦးဆုံးနေ့ ပြိုင်ပွဲအစီအစဉ်စတော့မှာ ဖြစ်ပါတယ်၊ အလှပြင်ဆင်ဖန်တီးကြသူ ပညာရှင်များ မိမိတို့ရဲ့ မော်ဒယ်လ်များနှင့်အတူ သတ်မှတ်ထားပြီးသား နေရာများမှာ နေရာယူနိုင်ကြပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



အခမ်းအနားမှူး အမျိုးသမီးခပ်ချောချောကလည်း ပွဲတွေမှာ အခမ်းအနားမှူး လုပ်ပေးနေကြ နာမည်ကြီးတစ်ယောက်ပဲ ဖြစ်လေသည်။

ရှမ်ဒယ်လီယာများက မျက်နှာပြောင်တလင်းခါလျက် အပြင်က မိုးကာသားလို ဝတ်ရုံကြီးတွေ ညှိတူခြုံကာ သူမတို့ ၏ အလှဖန်တီးရှင် ဒီဇိုင်နာများနှင့် ထွက်လာချိန်တွင် ခန်းမတစ်ခုလုံး မီးရောင်တွေ မှိန်ပေးထားပါသည်။ အလှပြင်မှန်တင်ခုံတွေမှာသာ မီးရောင်လင်းလင်းလက်လက် ဖွင့်ပေးထားသည်။ ပွဲကြည့်ပရိသတ် ၏ အာရုံမှာ အလယ်တွင် စီတန်းလျှောက်လာကြသော လူအုပ်စု ဆီမှာ စုပြုံကျရောက်လျက်။

"မေမေလည်း ရောက်မလာသေးဘူး"

ပြည့်လျှံ စိတ်မောမောနှင့် ရေရွတ်လိုက်မိ၏။ အားလုံး ကိုယ်နေရာကိုယ် ယူပြီးချိန်တွင် မီးတွေ ပြန်လင်းပေး လိုက်သည်။

မေမေ့အတွက် သတ်မှတ်ထားပြီးသား နေရာမှာ ပူလွတ်နေသည်။ကလွဲရင် ကျန်တဲ့နေရာတွေမှာ အပြည့်ဖြစ်နေပြီ။

"ပြိုင်ပွဲစရန် သုံးမိနစ်မျှသာ လိုပါတော့တယ်ရှင်"





အခမ်းအနားမှူး အမျိုးသမီး၏ ကြေညာသံနဲ့အတူ ခန်းမကျယ်၏ အပေါက်ဝမှာ ရပ်လိုက်သော လူရိပ်ကြောင့် အားလုံး ထိုအပေါက်ဝသို့ အာရုံရောက်သွားပါသည်။

"ဟယ်"

လူအားလုံး၏ အာမေဋိတ်သံမှာ တညီတည်း ထွက် ပေါ်လာခဲ့သည်။ ပြီးတော့ တီးတိုးသံများ ဆူညံကုန်တော့၏။ မျှင်တောင် သူမ၏ နေရာကလေးမှ လည်ပင်းဆန့်ကြည့်လိုက်၊ ပြည့်လျှံဆီ ကြည့်လိုက် ဖြစ်နေတဲ့အထိ။

မေမေ ...။

ပြည့်လျှံကတော့ KINGSအမည်ဆိုင်းဘုတ်ချထားရာ ခုံတန်းကို ပြုံးပြုံးလေး လှမ်းမော့ကြည့်သည့် မေမေ့ကို စိုးရိမ်တ ကြီး ကြည့်နေခဲ့ပါသည်။

မေမေ ဘာလုပ်လိုက်တာလဲ။ ဘယ်သူ့ကို ခေါ်လာ တာလဲ ကြည့်ပါဦးလေ။ တကယ့် ချောပေ့၊ လှပေ့၊ ဆွဲဆောင်မှု ရှိပေ့၊ နုနယ်ပျိုမျစ်လွန်းပါပေ့ဟူသော ဂုဏ်ပုဒ်တွေ ပိုင်ဆိုင်သည့် မော်ဒယ်လ်မိန်းကလေး အသီးသီးတို့ ကြားမှာ မေမေ ရွေးချယ် ခေါ်လာတဲ့ မော်ဒယ်လ်က အသက်စုနစ်ဆယ် အရွယ်လောက်ရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေ တစ်ခေါင်းလုံးနီးပါး ဖွေးဖွေးဖြူနေပြီဖြစ်သော အဘွား အိုကြီးတစ်ယောက်တဲ့။

အဘွားအိုကြီးပေမဲ့ ရုပ်ရည်ကတော့ ငယ်ငယ်က တော်တော့်ကို ချောမောခဲ့ပုံရပါရဲ့။ အသားအရေတွေကတော့ ခပ်ဝင်းဝင်းကလေး စိုပြည်နေပြီး အရပ်မနိမ့်မမြင့်။ ခါးလည်း မကိုင်းသေး အရွယ်နဲ့အသက် ယှဉ်ရင် အရွယ်တင်ပုံရပါရဲ့လေ။

"KINGSအဖွဲ့မှ ပြိုင်ပွဲဝင်သူ မကြည်ဖြူမှ မော်ဒယ်လ် ဒေါ်နန်းအိ အသက်ခုနစ်ဆယ်နဲ့အတူ ရောက်လာပါပြီရှင်။ အားလုံးလည်း လူစုံပါပြီ။ ပြိုင်ပွဲ စပါတော့မယ်၊ ပြိုင်ပွဲ စချိန်မှစပြီး ဆံပင်မိတ်ကပ်ပြင်ဆင်ချိန် စုစုပေါင်း လေးဆယ့်ငါးမိနစ် ပေးပါတယ်။ လေးဆယ့်ငါးမိနစ် တင်းတင်းပြည့်တာနဲ့ အချိန်စေ့ကြောင်း ဘဲလ်သံ ပြုပြီး ပြိုင်ပွဲဝင်ခြင်း ရပ်ပါမယ် ...

ပြီးတာနဲ့ မိမိတို့အတွက် သတ်မှတ်ပေးထားသော အဝတ်လဲခန်းလေးများမှာ မိမိတို့ရဲ့ မော်ဒယ်လ်ကို ဝတ်စား ဆင်ယင်ပေးရပါမယ်။ ဝတ်စားဆင်ယင်ချိန် ဆယ့်ငါးမိနစ် ဖြစ်ပါတယ် ...





ဆယ့်ငါးမိနစ်ပြီးတာနဲ့ စင်မြင့်အလယ်က လျှောက်လမ်းမှာ မော်ဒယ်လ်များ တန်းစီရုပ်ပြရပါမယ်။ အကဲဖြတ်များက အမှတ်ပေး ဆုံးဖြတ်ပြီး ချက်ချင်းပဲ ဒီနေ့ရဲ့ ပထမ၊ ဒုတိယ၊ တတိယ နေရာတွေကို ကြေညာပါမယ်"

အခမ်းအနားမှူး အမျိုးသမီးကလည်း မေမေ့ကိုအံ့သြစွာ တစ်ချက်ကြည့်ပြီး သူမ ကြေညာစရာရှိသည်များကို ဆက်တိုက် ကြေညာလိုက်ပါသည်။

"အခုချိန်မှစပြီး ပြိုင်ပွဲစတင်ပါပြီရှင်"

ပြိုင်ပွဲစတင်ခြင်း ဘဲလ်သံ အကြားမှာ အလှပြင်ဆင်သူများ ကတ်ကြေး၊ ကလစ်၊ ဆံညှပ်၊ ဘီး၊ ဟဲယားစပရေး၊ ဟဲယားဒရိုင်ရာများဖြင့် စတင်အလုပ်ရှုပ်ကုန်တော့သည်။ သူတို့အားလုံးမှာ ကျွမ်းကျင်လှသူ၊ အတွေ့အကြုံ ရင့်ကျက်လှသူ၊ ပညာရှင်များ ဖြစ်လေရာ မျက်နှာပြောင်တလင်းခါ ဆံပင်ပုံသာမန်နှင့် မော်ဒယ်လ်များ၏ ရုပ်ရည်မှာ ကြည့်ရင်း ကြည့်ရင်း တဖြည်းဖြည်းနဲ့ ပုံပေါ်လှပ ထင်ရှားလာပါသည်။

မျှင့်ကိုတော့ သူမ၏ အလှဖန်တီးရှင်က ဘီအေဆံထုံး ဟက်ဟက်ကြီး ထုံးပေးကာ မျက်နှာကိုတော့ ခေတ်မီပညာတတ်



www.burmeseclassic.com

www.burmeseclassic.com



အဆင့်မြင့်မြင့် မာနကြီးကြီးဖြစ်သည့် စစ်ကြိုခေတ်က မိန်းကလေးပုံစံ ပြင်ပေးနေတာ တွေ့ရပါသည်။

တချို့ကတော့ ခေတ်သစ် မြန်မာသတို့သမီးလေးအသွင် ပြင်ဆင်ထုံးဖွဲ့။

တချို့ကတော့ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ယိုးဒယား စသည့် အာရှတိုက်နိုင်ငံများမှ အမျိုးသမီးငယ်လေးများပုံစံ ဆင်ယင်ထုံးဖွဲ့ ပြင်ဆင်သူက ပြင်လို့။

တချို့ကတော့ ဘိုလိုဝတ်ပြီး မင်္ဂလာဆောင်အသွင် ပြင်ထားသလို။

တချို့ကတော့ ကျေးတောသူလေးအသွင် ပြင်ထားပေးကြတာလည်း တွေ့ရပါသည်။

မေမေ ဒေါ်ကြာဖြူကတော့ စိတ်တည်ငြိမ်အေးဆေးစွာပင် သူမ ခေါ်လာသော အဘွား ဒေါ်နှန်းအိ၏ မီးခိုးရောင်ဆံကေသာများကို လုံးလုံးကြီး နက်မှောင်သွားအောင်လည်းဆေးမဆိုးပေးပါ။ အရှိကို အရှိအတိုင်း အသက်အရွယ်ကြီးရင့်ခြင်း၏ ပြယုဂ် ဆံပင်တို့ကို သေသပ်ပြီး ဣန္ဒြေရသည့် ဆံထုံးလေးတစ်ခု ထုံးပေးနေပါသည်။





အဘွား ဒေါ်နှန်းအိ၏ ပါးရေတွန့်နေသော မျက်နှာပြင်ကိုလည်း ကျက်သရေရှိသော မိတ်ကပ်ပြင်ဆင်ထားဟန် ပုံစံဖြင့် ခြယ်သနေသည်။ နှုတ်ခမ်းဆိုးဆေး အရောင်ကအစ ရွေးပဲရွေးချယ်တတ်လွန်းသည်။ အရောင်က တောက်လည်းမတောက်ဖျော့လည်းမဖျော့။ တကယ့်အသားရောင်မျိုး။ ဆံထုံးပေါ်မှာတော့ အဖြူရောင် နှင်းဆီပွင့်လေးများဖြင့်သာ ပန်ဆင်ထားပေးပါသည်။

ကြည့်ရင်းနဲ့ ပရိသတ်ရဲ့ အာရုံဟာ အသက်အရွယ်ငယ်ငယ်ချောချော မော်ဒယ်လ်လေးများထံမှာ ရှိမနေတော့။ ဒေါ်ကြည်ဖြူ၏ အစွမ်းအစပြင့် ချစ်ခင်နှစ်လိုဖွယ် လေးစားဖွယ်အသွင် ပုံပေါ်လာသော အဘွားဒေါ်နှန်းအိ၏ ရုပ်သွင်ကို အာရုံစိုက်လာကြတော့လေသည်။

ဖေဖေက ...

"မကြည်ဖြူ လုပ်တာ မှန်တယ်၊ သူဟာ တကယ်တော့ သိပ်တော်တဲ့ မိန်းမပါ၊ ဒါကို ဖေဖေက နားလည်မပေးခဲ့ဘဲ သူ့ကို လွှမ်းမိုးချုပ်ကိုင်ခဲ့မိတယ်၊ သူသာ ဖေဖေ့အရိပ်အောက်မှာ ဆက်နေခဲ့ရင် အခုလိုမျိုး ထူးခြားတဲ့ စိတ်ကူးဉာဏ်မျိုး ရှိတောင် ရှိလာမှာ မဟုတ်ဘူး၊ သူ အရမ်းတော်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု တည်ငြိမ်စွာ ဝန်ခံပါသည်။

"မေမေ နံပါတ်တစ်ခုတော့ ချိတ်မှာပါ"

"မဟုတ်ဘူး၊ သူ ဒီနေ့ အမှတ်အများဆုံးနဲ့ ပထမနေရာကို ဝင်သွားလိမ့်မယ်"

ဖေဖေကတော့ ယုံကြည်စိတ်ချစွာပင် ခပ်ရဲရဲ ပြောသည်။

ထိုအချိန်တွင် အချိန်စေ့ဘဲလ်သံ မြည်လာပါသည်။

"အားလုံးပဲ အချိန်စေ့ပါပြီရှင်၊ လက်ထဲမှာ ရှိနေပြီသား ပစ္စည်းတွေကို အလှပြင်မှန်တင်ခုံတွေပေါ် ပြန်ချလိုက်ကြဖို့ သတိပေးပါရစေရှင်"

အခမ်းအနားမှူး အမျိုးသမီး ပြောစရာပင် မလို။ အားလုံးဟာ ပညာရှင်များပီပီ သတ်မှတ်ပေးထားသော လေးဆယ့်ငါးမိနစ် အတွင်းမှာပင် မိတ်ကပ်ပြင်ဆင်ခြယ်သခြင်း၊ ဆံပင်ပြင်ဆင်ထုံးဖွဲ့ခြင်းတို့ကို ပြီးစီးအောင် လုပ်ပြီးနေခဲ့ပြီ။

"သတ်မှတ်ပေးထားသော ယာယီဖွဲ့ပေးထားသည့် အခန်းငယ်များမှာ ပြိုင်ပွဲဝင်သူတွေရဲ့ အမည်ချိတ်ထားပေးပါတယ်၊ မိမိအမည်ရှိရာ အခန်းမှာဝင်ပြီး မော်ဒယ်လ်များကို အဝတ်





အစားဆင်ယင်ပေးနိုင်ပါပြီ၊ ဆယ့်ငါးမိနစ်ပြည့်ရင် ဘဲလ်တီးပေးပါမယ်"

ခန်းမကျယ်ကြီး၏ ထောင့်တစ်နေရာမှာတော့ယာယီ ဖိုင်ဘာပြားများဖြင့် ကာရံဖွဲ့စည်းပေးထားသည့် အဝတ်လဲခန်းပုံစံလေးထောင့်အခန်းငယ်လေးတွေ ရှိနေသည်။

မော်ဒယ်လ်အားလုံး သူတို့၏ အလှဖန်တီးရှင် ဒီဇိုင်နာများနှင့် ကိုယ့်အဝတ်လဲခန်း ကိုယ် ဝင်သွားပါသည်။

မေမေက အဘွား ဒေါ်နန်းအိကို ဖြည်းညင်းစွာ အေးအေးဆေးဆေး စောင့်၍ တွဲခေါ်ပြီး သူမအတွက် သတ်မှတ်ထားသည့် အဝတ်လဲခန်းထဲကို နောက်ဆုံးမှ ဝင်သွားပါသည်။

ဆယ့်ငါးမိနစ် ဆိုသော အချိန်ဟာ မေမေ့အတွက်တော့ လုံလောက်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မေမေက ရိုးရိုးသာမန်အဘွားတစ်ယောက်ကို ဝတ်စားပြင်ဆင်ပေးရမှာလေ။ သတို့သမီးဝတ်စုံ ဘာညာ စဉ်းစားထားသူတွေသာ တော်တော့်ကို အချိန်မလောက်မငှ ဖြစ်မှာပင်။

အချိန်စေ့ ဘဲလ်တီးသံ အကြားမှာ အဝတ်လဲခန်းအပြင်ကို အသီးသီး ထွက်လာကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မော်ဒယ်လ်များ စင်မြင့်လျှောက်လမ်းမှာ ရပ်ပြပေးဖို့ ဖိတ်ခေါ်ပါတယ်ရှင်"

မျှင်သည် ဘီအေဆံထုံး၊ စစ်ကြိုခေတ်ရင်ဖုံးလက်ရှည် ပွပွ၊ အင်္ကျီအဝါနု၊ ဖဲသားအပွင့်လုံချည်ရှည် (ထိုလုံချည်၏အောက် အနားစမှာတော့ ဇာပွင့်လေးတွေ ကွပ်ထားသည်)နှင့် ကတ္တီပါ ပုံတော်ဖိနပ် အနက်ရောင်ခပ်ထူထူကို ဝတ်ဆင်ထားပါသည်။

မေမေသာ အပြတ်အသတ် ထူးခြားတာမျိုး မလုပ်ပြခဲ့ဘူးဆိုလျှင် ဒီပွဲမှာ မျှင့်ရဲ့ အလှဖန်တီးရှင် ဒီဇိုင်နာရဲ့ ပြင်ဆင်မှုလောက် ဘယ်သူမှ မမီဘူးဟု ထင်စရာ။

မျှင်က ခပ်ကြော့ကြော့ ခပ်မော့မော့ မျက်နှာကလေး ချိုလျက် စင်မြင့်ထက်မှာ နေရာယူတော့ လက်ခုပ်တီးသံ၊ လက်ခေါက်မှုတ်သံတွေ ဆူညံသွားပါသည်။

"ငွေချည်မျှင် ဖြစ်ပါတယ်ရှင်၊ အလှဖန်တီးသူ ဒီဇိုင်နာကတော့ ဘေဘီနှင့်အဖွဲ့ (အိပ်မက်ကမ္ဘာ ဗျူးတီးဆလွန်း)ကပဲ ဖြစ်ပါတယ် ...

ခင်ထိပ်ထား ဖြစ်ပါတယ်၊ အလှဖန်တီးသူ ဒီဇိုင်နာကတော့ ကိုနု (ကိုနု ဗျူးတီးဝေါလ်)ပဲ ဖြစ်ပါတယ် ...





မြစေသာ ဖြစ်ပါတယ်၊ အလှဖန်တီးသူ ဒီဇိုင်နာကတော့ ချစ်ချစ်နှင့်သမီးများ (ချစ်ချစ်အလှပြင်ဆိုင်) ပဲ ဖြစ်ပါတယ် ...

အဘွားဒေါ်နန်းအိ ဖြစ်ပါတယ်၊ အလှဖန်တီးသူ ဒီဇိုင်နာကတော့ မကြည်ဖြူ (KINGS GROUP)မှ ဖြစ်ပါတယ်ရှင် ...

ရတနာမေ ဖြစ်ပါတယ်"

အခမ်းအနားမှူး အမျိုးသမီးက စင်မြင့်ထက်သို့ တက်လာကြပြီး မတ်တတ်ရပ် နေရာယူနေကြသော မော်ဒယ်လ်များ၏ အမည်နဲ့တကွ အလှပြင်ဆင် ဖန်တီးသူ ဒီဇိုင်နာ၏ အမည်နှင့် ဆိုင်နာမည်ပါ တွဲရက်ဆက်တိုက် ကြေညာနေပါသည်။

အဘွားဒေါ်နန်းအိသည် ဆင်စွယ်ရောင် ရင်ဖုံးအင်္ကျီ လက်ရှည်ရိုးရိုးနှင့် ခရမ်းရင့်ရင့်ရောင် ချည်သားပေါ်တွင် နှင်းဆီအဖြူပွင့်များ ကြဲထားသည့် ချိတ်ဆင်ရှင်းရှင်း ဝတ်ကာ ပဝါအဖြူနှင့် လက်ကိုင်အိတ် နုံ့သာရောင်နှင့်။ မော်ဒယ်လ်တွေလို ကိုယ်ဟန်ကြွကြွ မလျှောက်။ ခါးထောက်ပြီး ကြွားကြွားလေး ရပ်မပြပါဘဲ လူကြီးပီသစွာပင် လက်ကိုင်အိတ်လေးကိုင်ပြီး ဖြည်းညင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လမ်းတစ်လျှောက် လျှောက်လာသည်။ သူမ ရပ်ရမည့်နေရာရောက်လျှင် အေးအေးသက်သာစွာပင် ရပ်ပြီးပြုံးလျက်အားလုံးကို ဝေ့ကြည့်ပါသည်။

ကိုယ့်အဘွားတစ်ယောက်လိုလို၊ ကိုယ့်မိခင်လိုလို၊ ကိုယ့်ရဲ့ ကျောင်းအုပ်ဆရာမကြီးလိုလို၊ အဘွားကို ကြည့်မိသူတိုင်းရင်ထဲတွင် ခံစားချက်တစ်မျိုး ဝင်သွားရစေသော အပြင်အဆင်။ ဝတ်စားဆင်ယင်မှု ဣန္ဒြေနှင့်မို့ ငယ်ရွယ်ချောမော လှပလျက်တောက်ပ ကြွားဝင့်နေသူ မိန်းကလေးများ အလယ်မှာ ထင်းထင်းကြီး မြင်သာထင်သာ နေရတော့လေသည်။

ဩော် ... မေမေရယ်။ ဘယ်လိုများ ရှာတွေ့လာတာလဲ။ ဒါကြောင့် မေမေ ပြောတာကိုး။ ပြိုင်ပွဲဆိုတာ လှပမှုတွေပြရုံမကဘူး၊ ထူးခြားမှုတစ်ခုခုကိုလည်း ပြသနိုင်ရမယ်တဲ့။ မှန်လိုက်တာဗျာ။

အကဲဖြတ်ဒိုင်များဆီမှ တစ်ယောက်ချင်းရဲ့ အမှတ်ရရှိမှုကို ကတ်ပြားလေးတွေ ထောင်ပြပေးပါသည်။

ဥပမာ ကိုနု၏ အလှပြင်ဆိုင်အုပ်စုအတွက်ဆိုလျှင်အခမ်းအနားမှူးက ...





"မိတ်ကပ်ဆံပင်နှင့် ဒီဇိုင်နာကိုနု၏ ရမှတ်များကို အကဲဖြတ်များမှ ကြေညာပါမယ်"

ဟု ဆိုလိုက်လျှင် အကဲဖြတ် ငါးဦးတို့ထံမှ တစ်ဦးချင်းစီက ဘယ်လောက် အမှတ်ပေးကြောင်း ကတ်ပြားဖြူများတွင် ရေးထားသော ရမှတ်တွေကို အားလုံး မြင်သာအောင် ရေးပြပြီး ထောင်ပြပါသည်။ ထိုနေရာကို အားကောင်းသော ဆလိုက်မီးမောင်းကြီးကလည်း အသေအချာ ထိုးပြသည်။ ရမှတ်များမှာ အမျိုးမျိုးဖြစ်သည်။ အကဲဖြတ်တစ်ဦးက ဆယ်မှတ်ပေးခွင့်ရှိရာ တစ်ဦးစီ ထောင်ပြသော အမှတ်ငါးမျိုးကို ပေါင်းပြီးလျှင် အခမ်းအနားမှူးကပဲ ...

"ကိုနု ဗျူတီဝေါလ်မှ ရမှတ် နှစ်ဆယ်ကိုးမှတ် ဖြစ်ပါတယ်"

ဟူ၍လည်းကောင်း ...

"ချစ်ချစ် အလှပြင်ဆိုင်မှ ရမှတ်သုံးဆယ် ဖြစ်ပါတယ်"

ဟူ၍လည်းကောင်း တစ်ဦးချင်းစီ အတွက် ကြေညာပြန်သည်။

"အိပ်မက်ကမ္ဘာဗျူးတီးဆလွန်းမှ ဘေဘီနဲ့အဖွဲ့ ရမှတ်လေးဆယ် ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မျှင့်အလှည့်တွင် ရမှတ်က ဘယ်သူမှ မရသေးသော အမှတ်ဖြစ်ရာ လက်ခုပ်သံများ ဆူညံသွားပါသည်။

"မကြည်ဖြူအစီက ပြိုင်ရမှာက အဲဒီအဖွဲ့နဲ့ပဲ၊ သူတို့လည်း တော်တော်လေး လက်ရာကောင်းတယ် သား"

ဖေဖေက အဘွားဒေါ်နန်းအိထံ မီးမောင်းထိုး အကဲဖြတ်များထံမှ ရမှတ်များ အသီးသီး ထောင်ပြနေစဉ်မှာ စိုးရိမ်သလို အသံနဲ့ ပြောလိုက်သည်။

နောက်ဆုံးအကဲဖြတ် ဒိုင်ထံမှ အမှတ်မှာ ပရိသတ် များ အံ့အားသင့်သွားရစေသော အမှတ်မျိုး ဖြစ်နေပါသည်။

အကဲဖြတ်များမှာ ဘယ်သူ့ကိုမှ ဆယ်မှတ်အပြည့် မပေးခဲ့ပေမဲ့ ထိုအကဲဖြတ် လူကြီးကတော့ သူ ပေးသည့်ဆယ်မှတ် အပြည့်ကို ပြုံးရွှင်စွာ ထောင်ပြလိုက်လျှင် ပရိသတ်ထံမှ ...

"ဟေး"

ခနဲ အသံများနှင့်အတူ အခမ်းအနားမှူးမှ ကြေညာ သံ။

"KINGS GROUPမှ ပြိုင်ပွဲဝင်သူ မကြည်ဖြူ ရမှတ် ဆယ့်ခြောက်မှတ် ဖြစ်ပါတယ်ရှင်"





ကျန်တဲ့ အကဲဖြတ်လေးယောက်တို့က တူညီစွာပင် ပေးမှတ် ကိုးမှတ်တွေ ဖြစ်နေကတည်းက မေမေ့အမှတ်ဟာ သာ နေလေရာ နောက်ဆုံးအကဲဖြတ်ထံမှ အမှတ်ဆယ်မှတ်ဟာ မေမေ့ကို ိနေ့ရဲ့ အမြင့်ဆုံး အမှတ်အဖြစ် သတ်မှတ်လိုက်တော့သည်။

"ပထမဦးဆုံးနေ့ ပြိုင်ပွဲမှာတော့ မကြည်ဖြူရဲ့ KINGS မှ ပြိုင်ပွဲဝင်မော်ဒယ်လ် အဘွား ဒေါ်နန်းအိနဲ့အတူ ပြိုင်ပွဲ ဝင်ခဲ့ရာ အမှတ်ပေါင်း လေးဆယ့်ခြောက်မှတ်ဖြင့် နံပါတ် တစ်နေရာမှာ ရှိနေပါတယ်"

အခမ်းအနားမှူး၏ ကြေညာသံအဆုံးတွင် လက်ခုပ် သံများနဲ့အတူ မေမေဟာ အဘွားဒေါ်နန်းအိနှင့်အတူ တွဲပြီး တ်တမ်းတင်ဓာတ်ပုံ၊ သတင်းဓာတ်ပုံတွေ အရိုက်ခံနေရတော့ သည်။

"ဒုတိယရက် ပြိုင်ပွဲကိုတော့ နောက်တစ်ရက်ခြားဖြစ်သော ကြာသပတေးနေ့မှာ နံနက်ကိုးနာရီမှာ စတင်မှာ ဖြစ်ပါ တယ်၊ ပြိုင်ပွဲသုံးခုစလုံး သုံးရက်စလုံးမှာ ရမှတ်တွေပေါင်း မှသာလျှင် "နှစ်ဆယ့်တစ်ရာစုရဲ့ပညာရှင်"ဖြစ်သူကို ရှာနိုင် မှာဖြစ်ပါတယ်။ ပြိုင်ပွဲသုံးခုစလုံးရဲ့ ရမှတ်တွေကို ပေါင်းမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်၊ ဒါကြောင့် နောက်လာမဲ့ရက် နှစ်ရက်မှာလည်း အမြင့်ဆုံးအမှတ်ရဖို့ အားလုံး ကြိုးစားခွင့် ရှိပါသေးတယ်ရှင်”

အခမ်းအနားမှူး အမျိုးသမီးက စကားလုံး ကြွယ်ဝစွာ သုံးလျက် ပြိုင်ပွဲအကြောင်း ဆက်ကြေညာနေချိန်တွင် ပရိသတ်ကတော့ ခန်းမထဲမှ တရွေ့ရွေ့ ထွက်စပြုနေပြီ။

“သားပြည့် ... သားပြည့်”

ပြည့်လျှံက မေမေ့အနား သွားမလို့ ခြေလှမ်းစဉ် မေမေကတော့ ခန်းမအဝဆီ ဦးတည်နေပြီ။ ထိုအချိန်တွင် မျှင်က ပြည့်လျှံ အနား ရောက်လာတာ ဖြစ်ပါသည်။

“အန်တီ့ကို မျှင်ပါ ကွန်ကရက်ကျူလိတ် လုပ်ချင်လို့”

“မျှင်တို့ စက္ကင်းနေရာမှာ ရှိနေတာလည်း ကိုယ် ဂုဏ်ယူပါတယ်၊ မျှင့် အလှဖန်တီးရှင်တွေကလည်း အရမ်း တော်တာပဲနော်”

“ဟုတ်တယ်၊ သူတို့က အခုခေတ် မဂ်လာဆောင်တွေမှာ ဖက်ရှင်ရှိုးတွေမှာ နာမည်ကြီးနေတဲ့ ဒီဇိုင်နာတွေလည်း ပါတယ်လေ၊ ဒါပေမဲ့ အန်တီကတော့ အရမ်း စိတ်ကူး





ကောင်းပြီး ပြင်တတ်တယ်၊ အဲဒီ စိတ်ကူးကို ဘယ်သူမှ မရကြတော့ အပြတ်အသတ် နိုင်သွားတာပေါ့”

မျှင်သည် မေမေ့ပါးကို နမ်းပြီးတော့ ဂုဏ်ပြုပါသည်။ တစ်နေရာမှာတော့ ဦးကျော်ငွေက အေးဆေးစွာ လက်ပိုက်ပြီး ထိုင်ကြည့်နေခဲ့၏။ သူ့သမီးနဲ့ ဒီဘက်မိသားစုရဲ့ ဆက်ဆံရေးကို လေ့လာအကဲခတ်နေပုံရသည်။

မျှင့်အဖေလည်း ကြည့်နေလေရာ ပြည့်လျှံနဲ့ မျှင်မှာ အလွမ်းမသယ်နိုင်။ အကြာကြီး စကားပြောချင်ပေမဲ့ မပြောရဲ။ တစ်ယောက်နဲ့တစ်ယောက် သာမန်သူငယ်ချင်း မိတ်ဆွေတွေလိုပဲ စကားအနည်းငယ်ပြောပြီး ကိုယ့်နေရာကိုယ် ပြန်လာကြပါသည်။

ပြည့်လျှံ မေမေ့ကို ကားနဲ့ တင်ခေါ်ပြီး အိမ်ပြန်ပို့ချိန်တွင် မေမေက အကြောင်းစုံ ပြောပြပါသည်။

“အမေ ဒေါ်နန်းအိကို မေမေ ဆေးရုံတက်ရတုန်းက အသိဖြစ်လာတာလေ။ သူ့မှာ သူ သိပ်ချစ်ရတဲ့ မေမေနဲ့ ရွယ်တူသမီးတစ်ယောက် ရှိခဲ့တယ်၊ မေမေနဲ့ အခန်းချင်းကပ်ရက်မှာ ဆေးရုံအတူတက်၊ အတူခွဲခဲ့ကြသူတွေပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ဒေါ်နန်းအိရဲ့ သမီးကတော့ ကျန်းမာရေးလည်း သိပ်မကောင်းခဲ့တာမို့ ခွဲစိတ်ပြီးတော့ အဖျားဝင်ပြီး ဆုံးသွားခဲ့တယ်၊ ဒေါ်နန်းအိက သမီးစိတ်နဲ့ အရမ်းကြေကွဲနေခဲ့တာလေ၊ ဆေးရုံက ဆင်းပြီးတာတောင် မေမေတို့ အဆက်အသွယ်မပြတ် သွားလာ ပြောဆို နေထိုင်ကြရင်း ခင်မင်ရင်းနှီးနေကြတာပေါ့။ မေမေ့ကိုလည်း သူ့သမီးနေရာ အစားထိုးပြီး အရမ်းတွယ်တာ သွားရှာတယ် ...

ဒါကြောင့် မေမေ့ကို ကူညီရာလည်းရောက်အောင် အဘွားအိုကြီးတန်မဲ့ ဒီပြိုင်ပွဲထဲ ခေါ်သုံးတာကို မညည်းမညူ စိတ်ပါလက်ပါ ဝင်လာခဲ့တာပေါ့"

ပြည့်လျှံကတော့ မေမေ့ကို စိတ်လှုပ်ရှားစွာပင် ...

"သားအလုည့်ကျရင် မိဘတွေရဲ့ ခြေဖျားကိုတောင် မမီမှာ စိုးရိမ်နေမိတယ်"

"မေမေကတော့ သားကို အရမ်းကြီး မထင်ပေမဲ့ တစ်နှစ်၊ သုံး နေရာထဲက တစ်ခုခုတော့ ရနိုင်မှာပါ ဆိုတာ သိကိုသိနေတယ်၊ ဘာနံပါတ်မှ မချိတ်တာထက် စာရင်တစ်ခုခု ချိတ်ရင်တော့ ဂုဏ်ရှိတာပေါ့ သားပြည့်ရယ်"





အိမ်ရောက်တော့ မေမေဟာ ဒီနေ့ပင်ပန်းရတဲ့ဒဏ်ရော၊ စိတ်လှုပ်ရှားရတာရော ပေါင်းပြီး အိပ်ရာထဲ ပစ်လှဲကာ အိပ်သွားတော့လေသည်။ မေမေ အိပ်ပျော်သွားမှ ပြည့်လျှံလည်း သူ့အိမ်သူ ပြန်လာဖြစ်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်လျှံ ပြိုင်ရမည့်နေ့တွင် ဖေဖေက ပြိုင်ရမည့် သူ့ထက်ပင် စိတ်လှုပ်ရှားကာ အစောကြီး နိုးနေတော့သည်။

ဆိုင်လည်း ပြိုင်ပွဲလုပ်တာနှင့် တစ်ပတ်လောက် ပိတ်ထားပါသည်။ ပြိုင်ပွဲကျင်းပရာ အချိန်မတိုင်ခင် ဆယ့်ငါး မိနစ်လောက်အလိုမှာ သူတို့သားအဖ ရောက်သွားသည်။

မျှင်က သူမဖခင်အနီးမှာ ထိုင်နေရာမှ ပြည့်လျှံတို့ကို မြင်တော့ တိတ်တိတ်ခိုးပြီး ပြုံးပြလိုက်၊ လက်ပြလိုက် လုပ်နေသည်။

မေမေကား အစောကြီးပင် ကြိုရောက်နေပြီး သတ် မှတ်ထားသော ပရိသတ်ခုံတန်းနေရာမှာပင် ထိုင်နေနှင့်သည်။

"သားပြည့် စိတ်ငြိမ်ငြိမ်ထားနော်။ ယောကျ်ားမော်ဒယ်လ် ကို ညှပ်ရမှာဆိုတော့ သား လုပ်နေကျ အလုပ်တစ်ခုပါပဲ။





ဆိုင်မှာကြုံနေကျအတိုင်း စိတ်ထဲထားပြီးလုပ်၊ ဘာမှ စိုးရိမ် မနေနဲ့"

မေမေက တတွတ်တွတ် မှာသည်။

"ဘယ်လိုရုပ်ရည်မျိုးပဲလာလာ ဘယ်လိုအသားရောင်ပဲ လာလာ ဘယ်အရွယ်ပဲလာလာ မင်း မျက်စိထဲမှာ စိတ်တိုင်း အကျဆုံး ပုံကိုသာ ညှပ်ပေတော့။ မုတ်ဆိတ်မွေး ပါးမြိုင်း မွေးပါရင်လည်း ပြင်သာပေးလိုက်၊ ဘာမှ တွေဝေမနေနဲ့၊ ကဲ ... သွား ... မင်းနေရာ မင်းသွားနေ ...

"အညှပ်ခံမဲ့လူတွေက သူတို့ဘာသာ မဲနှိုက်လာပြီး ဘယ်ခုံကို သွားပါဆိုတဲ့ မဲလိပ်အရ သူတို့ဘာသာ ရှာပြီး သွားမှာပဲ"

ဒီနေ့ ပြိုင်ပွဲမှာ ဆံပင်ညှပ်သူတွေက မဲနှိုက်စရာ မလို။

အညှပ်ခံမည့် မော်ဒယ်လ်ယောကျ်ားသား အရွယ် ပေါင်းစုံတို့ကသာ အကဲဖြတ်များရှေ့မှာ ချထားသည့် ငွေဖလားကြီး ထဲမှ မဲလိပ်တို့ကို တစ်ယောက်တစ်လိပ်စီ နှိုက်ရမည်။

မဲလိပ်တွင် ဥပမာ ...



www.burmeseclassic.com

www.burmeseclassic.com



"အလုပြင်ခုံနံပါတ်ငါးကို သွားပါ"

ဟု ပါလျှင် အစီအရီ ချထားသော အလှပြင်မှန်တင်ခုံများမှ နံပါတ်ငါး ချိတ်ထားသည့် ခုံကိုသာ သူတို့ ဘာသာ သွားရုံပင်။

ပြည့်လျှံ၏ အလှပြင်မှန်တင်ခုံ နံပါတ်ကတော့ မေမေနဲ့ အတူတူ ပေးထားပြီးသား နံပါတ်တစ်ဆယ် ဖြစ်ပါသည်။

"ပြိုင်ပွဲ စပါတော့မယ်၊ မော်ဒယ်လ်များ မိမိ မဲကျရာ ခုံများမှာ အာလုံး ရောက်ပြီဖြစ်ကြောင်း အတည်ပြုပါမယ်"

အခမ်းအနားမှူး အမျိုးသမီး၏ ကြေညာသံနှင့်အတူ ပြည့်လျှံထံသို့ ရောက်လာသူမှာ ဆံပင်ရှည် ပျော့ပျော့နက်နက်များကို မိန်းကလေးတွေလိုပဲ သားရေကွင်းဖြင့် နောက်မှာ စုစည်းပြီး ပိုနီတေးလ် စည်းထားသည့် အရွယ်ခပ်လတ်လတ် သာမန်ရုပ်ရည်နဲ့ အမျိုးသားတစ်ယောက် ဖြစ်သည်။

ထိုသူက ဘာဒီဇိုင်းမှန်း မသိ။ စတီးဆွဲကြိုး၊ စတီးဟန်းချိန်းတွေ ဝတ်ထားပြီး ပါးမြိုင်းမွေးရိပ်ရိပ်တို့ကို ထားထားသေးသည်။

"မင်္ဂလာပါ ညီလေး"





ဆံပင်အညှပ်ခံမည့် လူက ပြည့်လျှံကို ပြုံးရွှင်စွာ နှုတ်ဆက်နေသေးသည်။

"ထိုင်ပါ့ အစ်ကို၊ နာမည် ဘယ်လိုခေါ်လဲ"

"စွန်ရဲ"

"ခင်ဗျာ"

"အစ်ကို့နာမည် စွန်ရဲကွ"

"ဪ ... ဪ"

"ကမ္ဘာကျော်ဝန်ထမ်းပါကွာ၊ လူကြီးက ဒီပွဲမှာ ဆံပင်ဝင်အညှပ်ခံရမယ်ဆိုတာနဲ့ အနှစ်နှစ် အလလက သ,ထားတဲ့ ဆံပင်ရှည်လေးကို အဆုံးခံရတော့မယ်လေ၊ ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ဆံပင်အညှပ်ခံခ ဘောနက်စ် ပေးမယ်ဆိုလို့ ဟဲဟဲ"

"စိတ်ချပါ၊ အစ်ကို့ရုပ် အခုထက် ပိုချောသွားအောင် ကျွန်တော် လုပ်ပေးမှာပါ၊ ဘာမှ မပူနဲ့"

ပြည့်လျှံနှင့် ထိုသူတို့လိုပဲ ကျန်တဲ့လူတွေလည်း အချင်းချင်း စကားပြော မိတ်ဖွဲ့နေချိန်တွင် အခမ်းအနားမှူးထံမှ ကြေညာသံ ထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြိုင်ပွဲစပါပြီရှင်၊ အခုချိန်ကစပြီး မော်ဒယ်လ်များကို ဆံပင်ညှပ်ပေးနိုင်ပါပြီ။ နာရီဝက် အချိန်အတွင်းမှာ ဆံပင်ညှပ်၊ ပုံသွင်း အပြီးလုပ်ရမှာပါ"

ကတ်ကြေးသံ တချပ်ချပ်၊ ဆံညှပ်ကိရိယာ အမျိုးမျိုးသုံးသံ၊ ဟဲယားစပရေးဖျန်းသံ၊ ဟဲယားဒရိုင်ယာသံတို့သာ ကြီးစိုးလျက် ခန်းမတစ်ခုလုံး တိတ်ဆိတ်နေပါသည်။

ပြည့်လျှံသည် သူ၏ မော်ဒယ်လ်ကို ခေတ်လည်းမီ၊ ရိုးသားပုံလည်းရပြီး ဆွဲဆောင်မှု ရှိမည့် ဆံပင်ပုံစံမျိုး ဖန်တီးပေးပါသည်။

ထိုသူကား ဘယ်လောက်ပဲ စတီးဆွဲကြိုး လက်ကောက်ရှိရှိ သူ့ကို မြင်လိုက်တာနဲ့ ရိုးသားပြီး လူရည်လူသွေးမည့်လူသူ ပုံစံမှန်း သိသာနေမှ ဖြစ်မည်။

ထိုသူက သူ့ကိုယ်သူ ကုမ္ပဏီဝန်ထမ်းဟု ဆိုလာလေရာ ဝန်ထမ်းလူရွယ်တစ်ယောက်ပုံ ပေါ်ဖို့ အရေးကြီးသည်။ မင်းသားတွေ အဆိုတော်တွေလို သိပ်ပြီး ပျံနေအောင် ချောနေလှနေစရာ မလို။ ကြည့်ကောင်းရမည်။ ယောက်ျား ပီသရမည်။ အဲဒီပုံမျိုးသာ ညှပ်သင့်ပါသည်။





"ပါးမြိုင်းမွေးကို ကြိုက်လို့ထားတာလား အစ်ကို"

"အေး"

"ဒါဖြင့် ကြည့်ကောင်းအောင် ကျွန်တော် ပုံသွင်းမယ်နော်"

"ရတယ်၊ သွင်းလေ"

ပြည့်လျှံသည် ထိုသူ ခွင့်ပြုချက်ရတာနဲ့ ခပ်ရိုပ်ရိုပ်နဲ့ မညီလည်း မညီသော နားသယ်စပ်မှ ဆင်းလာသည့် ပါးမြိုင်းမွေးရိပ်ရိပ်တို့ကို ကြည့်ကောင်းပြီး ရုပ်ရည်ရှင်းသွားမည့် ပုံစံမျိုး ရိတ်သင်ပုံသွင်းပေးလိုက်ပါသည်။

ဆံပင်တိုတို့ကို နက်ပြောင်နေအောင် ပုံသွင်းပြီးလျှင် ကိုစွန်ရဲမှာ မှန်ထဲတွင် ပေါ်လာသည့် သူ့မျက်နှာသူ ဘေးတိုက်ကြည့်လိုက်၊ မော့ကြည့်လိုက်၊ ငုံ့ကြည့်လိုက်၊ တည့်တည့်ကပ်ကြည့်လိုက်ဖြင့် သဘောကျနေစဉ် အချိန်စေ့ဘဲလ်သံ မြည်လာသည်။

ပြည့်လျှံက ကိုစွန်ရဲ၏ ဆံပင်တွေကို လက်ကလေးဖြင့် ဖိကာ ဖိကာ ပုံကျစေရင်း ဘီးကို မှန်တင်ခုံပေါ် အသာတင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မျှင့်ကို မော့ကြည့်တော့ မျှင့်ကလည်း သဘောကျ ဟန်ဖြင့် လက်မထောင်ပြပြီး ပြုံးနေသည်။

ပြိုင်ပွဲခန်းမကြီးတစ်ခုလုံးမှာ ယောကျ်ားကြီးကြီး ငယ်ငယ်နှင့် ဆယ်နှစ်သားအရွယ် ကလေးကအစ ဆံပင်ပုံစံ အမျိုးမျိုးတို့နဲ့ ဖြစ်နေတော့၏။

အကဲဖြတ်များက ဒီနေ့တော့ မော်ဒယ်လုပ်ပေးသော အမျိုးသားများကို စင်မြင့်ပေါ် မတက်ခိုင်းတော့ဘဲ အလှပြင်မှန်တင် ခုံများမှာသာ ထိုင်နေစေသည်။ အကဲဖြတ် ငါးယောက်တို့က ဆင်းလာပြီး တစ်ယောက်ချင်းစီကို လိုက်ကြည့်ပါသည်။

ပြည့်လျှံတို့ ဆံပင်ညှပ်သူတွေကတော့ ကိုယ့်မော်ဒယ်လ်နား ကိုယ်ရပ်နေရုံပင်။ ဖေဖေနဲ့ မေမေက ဆုတစ်ခုခုချိတ်ရန် သေချာတယ် ဆိုသော မျက်နှာနှင့် ပြည့်လျှံကို လှမ်းအားပေးပါသည်။

"ဒုတိယရက် ပြိုင်ပွဲမှာ အမှတ်အများဆုံးနဲ့ ဗိုလ်စွဲသူကတော့ ဘောဘီနဲ့အဖွဲ့(အိပ်မက်ကမ္ဘာဗျူးတီးဆလွန်း)မှ ဖြစ်ပါတယ်"





လက်ခုပ်သံတွေ ဆူညံသွားပါသည်။ မျှင့်ကို ပထမရက်က ပြင်ပေးသော အဖွဲ့မှာ ဒီနေ့တော့ အသက်ငါးဆယ်အရွယ် ဦးလေးကြီးတစ်ယောက်ရဲ့ ဆံပင်ပုံကို ညှပ်ရသည်။ ထိုဦးလေးကြီးက လေဖြတ်ပြီးမှ ပြန်ကောင်းသွားတဲ့ ပုံဖြစ်ရာ မျက်နှာတစ်ခြမ်းက အနည်းငယ် ရွဲ့တဲ့တဲ့လည်း ဖြစ်နေသည်။ ဆံပင်ကလည်း ထိပ်ပြောင်တော့မလို ပါးလွန်းလှသည်။

သွားတွေကလည်း အပြည့်မရှိ။ သွားတုအံကပ်လည်း မတပ်။ ပြောသံကြားရတာတော့ ကုမ္ပဏီတစ်ခုမှ သန့်ရှင်းရေး အလုပ်သမား ဦးလေးကြီး ဟူ၍ပင်။

ထို ဦးလေးကြီးကို မိနစ်ပိုင်းအတွင်းမှာပင် ဆံပင်ပုံစံ သေသေသပ်သပ်နှင့် ထိုသူ့မျက်နှာနဲ့ အလိုက်ဖက်ဆုံးကို ပြုပြင်ပေးလိုက်နိုင်သဖြင့် ရုပ်ရည်က တော်တော့်ကို ထူးခြားစွာ ပေါ်ထွက်သွားပါသည်။ လေဖြတ်ထားသူ၊ သွားအပြည့် မရှိသူ တစ်ဦးပေမဲ့ ဆံပင်ပုံစံနဲ့ မျက်နှာက လိုက်ဖက်လွန်းလှ၍ ဘောဘီနဲ့ အဖွဲ့ဟာ ပထမနေရာ တကယ်ပဲ ရသင့်ပါသည်ဟု အားလုံးက တညီတညွတ်တည်း ထောက်ခံကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယနေရာ ကြေညာတော့လည်း ပြည့်လျှံနာမည် မပါ။ ပြည့်လျှံသည် သူ့မော်ဒယ် သူကြည့်ကာ ရင်တခုန်ခုန်။

မျှင့် ရှေ့မှာ ဆုတစ်ခုမှ မချိတ်လို့ကတော့ အရှက်ရပြီပဲ။ ဦးကျော်ငွေကဆို ပိုပြီးတော့တောင် အထင်သေးဦးတော့မယ်။

ပြည့်လျှံသည် စိုးရိမ်ပူပန်စိတ်တွေ ဗလောင်ဆူနေလေရာ တတိယနေရာ ကြေညာသံကိုပင် ကောင်းကောင်းမကြားလိုက်။

လက်ခုပ်သံများနှင့်အတူ ပြည့်လျှံရဲ့ မော်ဒယ်လ်ကို စွန်ရဲက ဝမ်းသာအားရ ထခုန်ပြီးလျှင် ...

"ညီလေး မင်းတို့ရဲ့ KINGS က ဒီနေ့ တတိယနေရာ ဝင်တယ်ကွ၊ ဝမ်းသာလိုက်တာ၊ ငါ မော်ဒယ်လ်လုပ်ပေးရကျိုး၊ သျှောင်တစ်လုံး အဆုံးခံကျိုး နပ်တယ်၊ မင်း ဆုတစ်ခုတော့ ချိတ်တယ်ကွ"

"ဟာ ... ဟုတ်လား"

ပြည့်လျှံ ဖေဖေနဲ့ မေမေကို အရင်လှမ်းကြည့်၏။ ဖေဖေက သိပ်ပြီး ကျေနပ်ဟန်မပြပေမဲ့ပြုံးပြီး တစ်ခုခုကို တွေးနေသလိုပင်။ မေမေက သား ပြည့်လျှံအနား ဆင်းလာရပ်ပြီး...





"ဒီလောက်ချိတ်တာ တော်သေးတာပေါ့ သားပြည့်ရယ်၊ လူပေါင်းနှစ်ဆယ် ပြိုင်တဲ့အထဲမှာ ကိုယ်က ထိပ်ဆုံး သုံးနေရာမှာ ရှိတယ်ဆိုတော့ မဆိုးပါဘူး"

"ပထမနဲ့ တတိယနဲ့ အရမ်းကွာနေပြီ မေမေ။ နောက်ဆုံးတစ်ရက်မှာ ပထမလည်း ရကိုရရမယ်၊ အမှတ်လည်း သူများထက် အပြတ်အသတ် ဖြစ်ရမယ်၊ အဲဒါမှ သားတို့ဆိုင်က နံပါတ်တစ် ဆိုတဲ့ နေရာမှာ ရပ်နိုင်မှာနော်"

"သားအဖေ ဒီအတိုင်း မနေပါဘူး၊ သူလည်း နေ့တိုင်းလာကြည့်ရင်းနဲ့ စိတ်ပါရင် ပါလာမှာပေါ့လေ"

"နောက်ဆုံးတစ်ရက်ပြိုင်ပွဲက ဒီနေ့ပြီးရင် နောက်သုံးရက်အကြာမှာတဲ့ မေမေ"

"သုံးရက်ဆိုတဲ့အချိန်က အများကြီးပါ မပူပါနဲ့"

မေမေက ပြည့်လျှံရဲ့ ပူပန်မှုတွေကို ပြေပျောက်သွားအောင် အားပေးနေပါသည်။

မျှင်သည် ဦးကျော်ငွေ အလစ်မှာ အနားရောက်လာသည်။ မေမေ့ကို တွေ့တော့ အရင်နှုတ်ဆက်သည်။

"အန်တီ နေကောင်းလား"


www.burmeseclassic.com

www.burmeseclassic.com



"အေး ... ဒီလိုပါပဲကွယ်၊ ဆေးတွေတော့ မပြတ်သောက်နေရလို့ လူလည်း ခေါင်းတုံးဖြစ်တော့မယ်လေ"

"သားပြည့်ကို လာအားပေးတာပါ"

မေမေက မျှင့်အခေါ်ကို အံ့သြသလို စူးစမ်းနေသည်။ ပြည့်လျှံဟု မခေါ်ဘဲ မေမေခေါ်သလိုမျိုး သားပြည့်ဟု လိုက်ခေါ်သည်ကိုလည်း မေမေ သတိထားမိဟန်တူသည်။

"စိတ်ဓာတ်ကျနေတာကွာ"

"ဩော် ... ဘာဖြစ်လဲ၊ ပြိုင်ပွဲတစ်ခုမှာ ဘာဆုမှ မရချိတ်တာထက်စာရင် ထိပ်ဆုံးတစ်နေရာမှာ ရှိတာက တော်သေးတာပေါ့၊ သားပြည့် ညှပ်ပေးတဲ့ပုံက ကောင်းပါတယ်၊ ဆောဘီတို့က တအားကြီး တော်နေတော့ သားပြည့် လက်ရာက ဘယ်ယှဉ်နိုင်မလဲလေ"

"ဒုတိယရတဲ့ သူလေးနဲ့အဖွဲ့က မနေ့ကဆို နံပါတ်လေးနေရာမှာ ရှိတာနော်"

"သူတို့ ညှပ်ပေးရတဲ့ ကောင်လေးက ငယ်လည်းငယ်၊ ရုပ်လည်းချောတာကိုး။ ကဲပါ သားပြည့်ရယ်။ နောက်သုံးရက်ကြာရင် တစ်ပွဲကျန်ပါသေးတယ်၊ အဲဒီပွဲကမှ အရမ်း





ထူးဆန်းပြီး အရမ်းကြည့်ကောင်းမှာပါ။ စိတ်ကူးယဉ်ပုံစံတွေပြင်ပြရမှာ။ အဲဒါ ဘယ်သူပြိုင်မှာလဲ၊ အန်ကယ် ပြိုင်မှာလား၊ အန်တီပဲလား"

မေမေက သေချာသောအသံဖြင့် ဖြေလိုက်ပါသည်။

"ဦးနေမင်းပဲ ဝင်ပြိုင်လိမ့်မှာပါကွယ်"

ပြည့်လျှံသည် ဖေဖေ့ဆီ ဘာသံမှ မကြားရသေးဘဲ မေမေက မျှင့်ရှေ့မှာပင် အတပ်ပြောရဲလိုက်ခြင်းအတွက် တအံ့တသြ ငေးနေမိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ဖေဖေ ဝင်ပြိုင်ဖို့ ဆုံးဖြတ်လိုက်ပြီးပြီ သား၊ ဒါပေမဲ့ ကြည်ဖြူကို ဘာမှမပြောရသေးပါဘူး၊ သူ ဘယ်လို လုပ် ကြံသလဲဆိုတော့ အေးလေ သူက ဖေဖေ့ မျက်နှာက အမူအရာ ဘယ်လိုဆိုတာ အကဲခတ်တတ်နေကယ် ဆိုတော့ ဖေဖေ ဘာမှ အသိမပေးခင် သူ ပြောရဲတာပဲ"

ပြည့်လှိုင်သည် ဖေဖေ သွားထုတ်ယူလာသော အထည် အလိပ်ကုမ္ပဏီမှ အထည်များကို မြင်မှပဲ ဖေဖေ ဝင်ပါတော့မည်ဟု ယုံရဲသွားတာ ဖြစ်ပါသည်။

နောက်ဆုံးရက်ပြိုင်ပွဲအတွက် လိုအပ်မည့် အထည် အလိပ်၊ ဖိနပ်၊ လက်ကိုင်အိတ် စသည့်များကိုလည်း ကုမ္ပဏီများကပဲ ပြိုင်ပွဲဝင်သူတွေကို ကြို့ထုတ်ပေးထားပါသည်။ မိမိဘာသာ ဒီဇိုင်းထွင် လာရုံ ပြိုင်ပွဲရောက်မှ ကိုယ့်မော်ဒယ်လ် ကိုယ်ဆင်ရုံပင်။





"ဖေဖေ့ မော်ဒယ်လ်က ဘယ်သူလဲ"

"မကြည်ဖြူ ပဲပေါ့"

"ခင်ဗျာ"

"ဟုတ်တယ်လေ၊ သုံးရက်လောက်လိုမှ အပန်းတကြီး ဘယ်မော်ဒယ်လ်ကို လိုက်ရှာလို့ရမလဲ၊ အားလုံးက သူများ ဦးပြီးသား ရက်ချိတ်ပြီးသားတွေ၊ ပြီးတော့ ကိုယ်နဲ့ခင်တဲ့ လူပဲ အကူအညီတောင်းရမှာ။ ဘယ်လိုပုံစံ ဆင်ပါမယ်ဆိုတာ ပြောဆို ဆွေးနွေးရဦးမှာ။ ပြီးတော့ ဖေဖေ စဉ်းစားထားတဲ့ ပုံစံမျိုးဆိုလည်း ဘယ်သူကမှ ဟန်ပြပေးချင်မှာမဟုတ် မထင် ဘူး"

"မေမေ့ကို ပြောပြီးပြီလား"

"အခုပဲ ... ဖေဖေ သူ့အိမ်ကို သွားပြောမလို့၊ ဖေဖေ လာမဲ့အကြောင်း ဖုန်းဆက်လိုက်တယ်"

အင်း ... မေမေတော့ တော်တော့ကို အံ့သြပြီး စိတ် လှုပ်ရှားနေတော့မလား။ ဖေဖေ သူ့ဆီ ဘာအကြောင်းကြောင့် တစ်ခါမှ မလာစဘူး လာတဲ့အကြောင်းရင်းကိုများ သိရင် ပိုပြီးတော့ တောင် အံ့သြဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့မေမေ လမ်းခွဲကြပြီးတဲ့ ဆယ်နှစ်တာကာလမှာ ဒီတစ်ချိန်သာ ဖေဖေဟာ မေမေ့ကို သွားတွေ့ပြီး ကောင်းကောင်းမွန်မွန် စကားပြောမှာပဲဖြစ်သည်။ ပြည့်လျှံမှာ သားတစ်ယောက် ပီပီ ကျေနပ်စွာ တွေးနေမိပါသည်။

ဖေဖေက တော်တော်ကြီးကို စိတ်ပြောင်းသွားတယ်ပဲဆိုရမည်။ ပြည့်လျှံ ပြိုင်ပွဲမှာ အမှတ်အရလည်း နည်းသလိုဖာတီယနေရာ ချိတ်တာလည်း အစဖော်ပြီး မဆူ။ ဘာမှ မပြော။

အရင်ကဆို ဆိုင်မှာ လာပြင်တဲ့ လူတစ်ယောက်ရဲ့ ပုံစံကိုကအစ ပြည့်လျှံကို အပြစ်မရှိ အပြစ်ရှာပြီး ဆူသလားထင်ရအောင် ဆူပောက် ကြိမ်းမောင်းနေတတ်တာ။

"ကဲ ... ဖေဖေ သွားလိုက်ဦးမယ်"

"ဖေဖေ ဘာစိတ်ကူးထားလဲဟင်"

"မင်းအမေတောင်မှ သူ့စိတ်ကူးကို သူကလွဲရင် ဘယ်သူ့ကိုမှ အသိမပေးခဲ့တာ။ ဖေဖေလည်း မင်းကို အသိပေးလို့မဖြစ်ဘူးကွ"

"ဘာဖြစ်လို့လဲ ဖေဖေ"





"မင်းက ငွေချည်မျှင် ဆိုတဲ့ ကောင်မလေးကို မျက်နှာလိုမျက်နှာရ ပြောလိုက်ရင် ဟိုကောင်မလေးကလည်း ပါးစပ်မလုံရင် သူပြင်တဲ့ အခြောက်အုပ်စု ကြားသိသွားရင် ငါတို့တစ်ပန်းရှုံးသွားလိမ့်မယ်"

"မပြောပါဘူး ဖေဖေရယ်"

"ဟေ့ကောင် တော်ကွာ၊ ငါ မပြောချင်တာ အတင်းလာမေးမနေနဲ့၊ သိချိန်တန်ရင် သိမှာပေါ့"

ပြည့်လျှံသည် ဖေဖေ့ မျက်နှာ ဒီနေ့လောက် ရွှင်ပြီးပြုံးနေတာမျိုး မမြင်ဘူး၍ သူလည်း အသာတိတ်ပြီး ငြိမ်ကြည့်နေလိုက်ရပါသည်။

ဖေဖေ ကားနှင့် ထွက်သွားသောအခါ ပြည့်လျှံတစ်ယောက်တည်း ဆိုင်မှာ နိုင်နင်းစွာ အလုပ်တွေ ဆက်လုပ်နေရုံပင်။ ဆိုင်မှာက ပြည့်လျှံ (သို့မဟုတ်) ဦးနေမင်း မရှိလျှင်တောင် လာပြင်ဆင်သူတွေ စိတ်တိုင်းကျ ကျေနပ်လောက်အောင် လုပ်ပေးနိုင်သည့် သူတို့သားအဖ လက်ရာကို မီသော အလုပ်လုပ်သူများစွာလည်း ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ အလုပ်လုပ်သူ တွေကတော့ သူတို့ KINGS ရဲ့ ပြိုင်ပွဲသတင်းအကြောင်း၊ တပြောပြောနှင့် နောက်ဆုံးရက်ပြိုင်ပွဲကိုတော့ ရင်တမမနဲ့ စောင့်ကြည့်လျက် ရှိနေသည်။

ဦးနေမင်းသည် ဒေါ်ကြည်ဖြူ နေထိုင်ရာ တိုက်ခန်းသို့ ရောက်လျှင် တိုက်ခန်းလှေကားထစ်တွေကို နင်းတက်ရင်း သူတို့ အကြောင်းတွေကို ပြန်တွေးလာမိပါသည်။

သူတို့ချင်း တကယ်ချစ်လို့ လက်ထပ်ယူခဲ့ကြပေမဲ့ သူကလည်း သူ့စိတ်ကူး သူ့အတွေးအခေါ်တွေကို မပြင်ခဲ့နိုင်။ ကြည်ဖြူကလည်း ထက်မြက်သော မိန်းမတစ်ယောက်ပီပီ အိမ်တွင်းအောင်းပြီး ယောကျ်ားရှာသမျှ စုမဲ့ဆောင်းမဲ့ ခပ်အေးအေးနေပြီး ကလေးတွေသာ တစ်ယောက်ပြီး တစ်ယောက် မွေးမဲ့ မိန်းမမျိုးလည်း မဟုတ်ခဲ့လေရာ သူတို့ချင်းက အတွေးအခေါ်တွေ ဘယ်လိုမှကို ညှိမရခဲ့။

သူကလည်း သူ့ကိုယ်သူ အမှန်။ ကြည်ဖြူကလည်း သူမကိုယ်သူမ အမှန်လို့ ထင်ပြီး အတ္တတွေ မလျှော့နိုင်ခဲ့ကြတာမို့ မထင်မှတ်ဘဲ လမ်းခွဲလိုက်ရတာ။ သားကတော့ အဲဒီဆယ်နှစ်ကျော် အရွယ်လေးနဲ့ မိခင်ဖခင်ကွဲကြတာကို ဘယ်လောက်များ နာကျင်ကြေကွဲရှာမလဲ။





အခုမှ သားပြည့်လျှံ အတွက် သူ ကိုယ်ချင်းစာတွေးမိကာ သားကို သနားလာမိသည်။ သားဟာ သူ သိပ်ဝါသနာမပါလှတဲ့ ဒီဆံပင်ညှပ်ပညာကိုတောင် ဖခင်အလိုကျ လိုက်လျောပြီး သင်ခဲ့ရှာတယ်၊ ဒီအလှပြင်ဆရာလောကထဲ၊ ဒီဖိုင်နာလောကထဲ ဝင်ခဲ့ရှာတာ။ တကယ်တော့ သူဟာ လူငယ်လေးတစ်ယောက်ပီပီ ဘာတွေများ စွန့်စားပြီး လုပ်ချင်ခဲ့မလဲ။ ဦးနေမင်းဟာ သူတစ်ခါမှ မတွေးကြည့်ခဲ့ပေးသော ပြည့်လျှံ၏ ဝါသနာနဲ့ စိတ်ကူးတွေကို မှန်းဆမိသည်။

ဦးနေမင်း တက်သွားရာ နှစ်ထပ်သို့ ရောက်လျှင် အခန်းတံခါးက ကြိုဖွင့်ထားတာ တွေ့ရသည်။

အိမ်ဖော် ကောင်မလေးမှာ ဦးနေမင်း အရိပ် တံခါးဝမှာ ပေါ်လာလျှင်ပဲ ချက်ချင်းပင် အပြင်သံပန်းတံခါးကို တွန်းဖွင့်ပေးပါသည်။

"ဦးဦး လာမယ်ဆိုလို့ အန်တီဖြူက ဝရန်တာမှ ထွက်ကြည့်နိုင်းထားပါတယ်၊ ဒါကြောင့် ကားရပ်ရပ်ချင်း သမီးတွေ့လို့ တံခါးကြိုဖွင့်ထားတာပါ"

"ဪ ... အေး ... အေး"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီဖြူ ညှော်ခန်းမှာပါ"

"ကောင်းပြီ"

အိမ်ဖော်ကောင်မလေးပေမဲ့ ကြည်ဖြူက ခေါ်ယူမွေးစားထားကြောင်းလည်း သတင်းကြားထားပါသည်။ မွေးစားသမီးဟုပြောလို့ရသော ကောင်မလေးက က်ယားပြည်နယ်ဘက်မှဟု သိရသည်။ ရုပ်ရည်သင့်တင့်ရုံလေးနဲ့ အသားမဖြူမညို အပြောအဆိုလည်း ကြည်ဖြူဆီမှာ အနေကြာ၍ သင်ပေးထားခြင်းကြောင့် ယဉ်ကျေးပြေပြစ်တာလည်း တွေ့ရသည်။

"ကိုနေမင်း ဘာသောက်မလဲ"

"သံပရာရည်ပဲ လုပ်ပါ၊ မချိုမချဉ်လေးပေါ့"

"ဆိုင်မှာ သားပြည့်တစ်ယောက်တည်း ကျန်ခဲ့ရောပေါ့"

"တပည့်တွေလည်း ငါ့လက်ရာကို မီပါတယ်၊ ခုဏထွက်လာတာဆိုတော့ ဒီအချိန်အတွက် အပွိုင့်မင့်နဲ့တွေ မယူထားခဲ့ပါဘူး၊ ရုတ်တရက် အပွိုင့်မင့်နဲ့မလုပ်ဘဲလာတဲ့ လူလည်း၊ သားနဲ့ ဖြစ်ပါတယ်၊ ဒါနဲ့ ကြည်ဖြူ နေကောင်းရဲ့လား"

"ဒီလိုပါပဲ၊ အထဲမှာ ကင်ဆာအမြစ် ကျန်မကျန် ဓာတ်မှန်ရိုက်ကြည့်ရဦးမယ်တဲ့။ ရင်သားကင်ဆာအတွက် ရိုက်တဲ့





ဓာတ်မှန်တစ်မျိုးပဲ၊ ကျွန်မလည်း သိပ်မခေါ်တတ်ဘူး၊ ဆရာဝန်တွေပြောတာ သိပ်လည်း မမှတ်မိဘူး"

"ဆံပင်ကရော"

"ဆံပင်ကလား ဒီမှာ ကြည့်၊ ရှင်မြင်တဲ့အတိုင်းပဲ"

ဒေါ်ကြည်ဖြူက သူမ၏ ခင်ပွန်းဟောင်းကိုတော့ မြင်စေလိုဟန်ဖြင့် ခေါင်းပေါ်မှ ဆံပင်တုကို အသာချွတ်ပြလိုက်ပါသည်။

ဦးနေမင်း အံ့သြပြီး ပါးစပ်အဟောင်းသားတောင် ဖြစ်သွားတော့မလို့ ငေးသွားပါသည်။ ကြည်ဖြူက အသက်လေးဆယ်ကျော် ငါးဆယ်နားနီးပေမဲ့ ဆံပင် သိပ်မဖြူသေးကြောင်း ဦးနေမင်း အရင်က သတိထားမိခဲ့သည်။ ပြီးတော့ ဆံပင်လည်း နက်ပြီး ထူလှသူပင်။ ယခုတော့ ဆံပင်တွေက ပါးလုပ်နေကာ ဆံပင်တို ကုပ်ဝဲလေး တမင်ညှပ်ပစ်ပုံရသည်။ ပြီးတော့ ဆံပင်တွေလည်း တော်တော့်ကို ဖြူပြီး ခြောက်သယောင်းနေသည်။

"ဆေးဒဏ်တွေလေ"

"ဖြစ်မှ ဖြစ်ရလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ဒါတော့ ဘယ်တတ်နိုင်မလဲ၊ အရင်ဘဝက ဝဋ်ကြွေးပါလာလို့ ဒီဘဝမှာ ခံရတယ်ပဲ မှတ်ပါတယ်၊ အသက်ကြီးမှ လုလည်းမလုချင်တော့ပါဘူးလေ။ လူမြင်တင့်တယ်အောင်သာ ဆံပင်တုကို စွပ်ထားရတာ"

"အေးလေ ... အဲဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာက ရောဂါသက်သာဖို့ပဲ မဟုတ်လား"

မွေးစားသမီး အိမ်ဖော်မလေး ဖြစ်သော သီသီက ဦးနေမင်းထံ သံပုရာရည်ခွက်ကို ရို့ကျိုးစွာ ကမ်းပေးနေ၍ စကားပြတ်သွားပါသည်။

"ဒါနဲ့ ကိုနေမင်း ဘာကိစ္စ တိုင်ပင်ချင်လို့ လာတာလဲ"

"ဩော် ... ဟုတ်တယ်၊ တိုင်ပင်စရာရှိလို့"

"ဘာများပါလိမ့်"

"ငါ မနောက်ဆုံးရက်ကို ဝင်ပြိုင်ပေးမယ်လို့ ဆုံးဖြတ်ပြီးပြီ"

ဒေါ်ကြည်ဖြူက မသူးဆန်းဟန်ဖြင့် ခေါင်းညိတ်ပါသည်။

"တစ်သက်လုံး နာမည်တစ်လုံးကို ထိန်းလာတာ။ ကျော်ငွေလုပ်တဲ့ ပြိုင်ပွဲကို မဝင်တာနဲ့ဘဲ နာမည်ထိခိုက်ရမှာ စိုးရိမ်





တယ်။ အခု အခြေအနေမှာဆို မင်းက ပထမ၊ သားက တတိယနေရာ ရထားတာ၊ နောက်ဆုံးရက်မှာလည်း ပထမနေရာကို ရရုံမကဘူး။ အမှတ်က တအားကို ပြတ်နေမှ နိုင်ဖို့ သေချာတယ်၊ သားရတဲ့ အမှတ်က သိပ်နည်းနေတယ်လေ၊ အဲဒီနေ့ပြိုင်ပွဲတုန်းက သူ့အောက်က လူတွေက သူ့လောက် အမှတ်မရလို့သာ သူ နံပါတ်တစ်ခု ချိတ်သွားတာ"

"အဲဒါ ကျွန်မလည်း သိပါတယ်၊ ဒါပေမဲ့ ကလေး အားငယ်သွားမှာစိုးတော့ မပြောတော့ပါဘူးလေ၊ သားလည်း ကြိုးစားတာပဲ။ ဒါပေမဲ့ ကျွန်မ သိတယ်၊ သားက ဒီအလုပ်ကို ဝါသနာမပါဘူး ကိုနေမင်း။ ကျွန်မ ဒီလိုပြောလို့ ရှင် သားကို စိတ်ဆိုးမနေနဲ့။ သူ့အဖေ့ အလိုကိုလိုက်ပြီးတော့သာ ဒီအလုပ် ဝင်ရတာလို့ ထင်တယ်။ လူဆိုတာ ကိုယ်ဝါသနာမပါတဲ့ အလုပ်ကို လုပ်နေရရင် ဒီထက်ပိုပြီး တိုးတက်ဖို့ဘယ်လိုမှ တီထွင်ကြံဆနိုင်မှာ မဟုတ်ဘူးလေ။ ဒီတော့ သူ နံပါတ်တစ် ဆိုတဲ့ နေရာကို မရခဲ့တာ အဆန်းမဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ကြည်ဖြူကမှ သားရဲ့ စိတ်ကို ပိုနားလည်သေးတယ်။ ဒါတောင် သူက သားနဲ့အတူ နေခွင့်ရခဲ့တာ မဟုတ်ဘူး။

“သား ဘာလုပ်ချင်မယ် ထင်လဲ”

“ကျွန်မ မသိဘူး။ ရှင်ပဲ အသေအချာ ပြန်မေးပါ၊ သူ လုပ်ချင်တာကိုပဲ လုပ်ခွင့်ပေးရင် ပေးလိုက်ပါ။ ကျွန်မ အတင်းမတိုက်တွန်းပါဘူး၊ ရှင့်သဘောပါ”

“ငါလည်း အခုမှ အဲဒါကို တွေးမိလာတယ်၊ စိတ်ချပါ။ ဒီပွဲပြီးရင်း သားကို ဗန်ကောက်မှာ ကျောင်းသွားနေခိုင်းမဲ့ ကိစ္စ သူနဲ့ ပြန်ဆွေးနွေးကြည့်လိုက်ဦးမယ်။ သူ ဒီပညာရပ်နဲ့ ပတ်သက်ပြီး မတတ်ချင်ရင်လည်း တခြားဘာသာရပ် သွားတက်ချင်လည်း တက်ပေါ့၊ ငါ ခွင့်ပြုတော့မယ်”

“အဲဒီလို ကြားရတာ ဝမ်းသာလိုက်တာ ကိုနေမင်းရယ်”

“ဩော် ... ငါ ဝင်ပြိုင်မဲ့ရက်အကြောင်း ပြောရဦးမယ်”

“ပြောပါဦးရှင်”

ဦးနေမင်းက သူ့လက်ထဲတွင် ခေါက်လိပ်ပြီး ကိုင်လာသော ကတ်ထူအဖြူပြားကို ဖြန့်လိုက်ပါသည်။ ဦးနေမင်း





ကိုယ်တိုင် ပုံဖော်ဒီဇိုင်းဆွဲထားသော ဖက်ရှင်ဝတ်စုံတစ်ခု၏ ပုံပင်။ အရောင်အသွေးမျိုးစုံ၊ အတိုင်းအထွာ စကေးမျိုးစုံပါ ထည့်သွင်း ရေးဆွဲထားပါသည်။

“အဲဒီရက်ပြိုင်ပွဲက အပြင်လောကမှ လူတွေ မဝတ်ကြဘဲ စိတ်ကူးယဉ် ဖက်ရှင်တစ်မျိုးအနေနဲ့ ထွင်ပြတဲ့ ပြင်သစ်က ဖက်ရှင်ပြိုင်ပွဲတွေလိုမျိုး လုပ်ပြရမှာဆိုတော့ ငါ ဒီပုံကို စိတ်ကူးရမိတယ်”

“ကောင်းသားပဲ၊ ဒါနဲ့ မော်ဒယ်လ်ကရော”

“မင်းပေါ့”

“ရှင် ... ဘယ်လို”

“ငါ ဒီအချိန်မှ ဝင်ပြိုင်ဖို့ စိတ်ကူး ရတာဆိုတော့ ဘယ် မော်ဒယ်လ်မှလည်း အပန်းတကြီး သေလည်း မသေချာ ဘဲ လိုက်မရှာချင်တော့ဘူး။ ပြီးတော့ ဒီပုံကို ထွင်ကတည်းက မင်းပဲ ဖြစ်မယ်ဆိုပြီး စိတ်ကူးနဲ့ ထွင်လိုက်တာလေ၊ ဒီမှာ ကြည့်၊ ငါ မင်း ဆံပင်တွေ ကျွတ်နေမှန်းတော့ သားပြောလို့ သိထားတယ်။ ဒါကြောင့်လည်း ငါ ပြင်မဲ့ဆံပင်ပုံကြောင့် သူတို့ ဆံပင်ထိခိုက်မှာလား ဘာလား ပြောကြပြီး ညည်းညူ



www.burmeseclassic.com

www.burmeseclassic.com



ကြမဲ့ မော်ဒယ်လ်တွေကို မစဉ်းစားတော့ဘဲ မင်းဆံပင်ကိုပဲ ပြင်မယ်လို့ ခေါင်းထဲမှာ တစ်ခါတည်း ပေါ်လာတာပဲ"

"ဆံပင်တွေက ကျဲနေတာနော်"

"ဒီမှာကြည့် ခေါင်းပုံစံကို ငါ အဲဒီပုံလုပ်ရင် ဆံပင်ကျဲတာပါးတာ သိပ်မသိသာတော့ဘူး။ ရိတ်သင့်တဲ့ နေရာပါ ရိတ်ပြီးပုံသွင်းရမှာ မော်ဒယ်လ်သာဆိုရင် သူ့ဆံပင် ဘယ်ကွက်ကျားအရိတ်ခံမလဲ"

"ဟုတ်ပါပြီ၊ ဒီပြိုင်ပွဲက ရုပ်လည်း သိပ်ပြစရာမလိုတော့ ကျွန်မပဲ မော်ဒယ်လ် ဖြစ်ပါပြီ၊ ဟုတ်ပြီလား"

"အေး ... ဒါဖြင့် ငါ ကိုယ်တိုင်း ယူသွားမယ်၊ နှစ်ရက်ပဲကျန်တော့တာ၊ နှစ်ရက်အပြီး ထွင်ရမယ်"

"သားပြည့် သိပြီးပြီလား"

"မော်ဒယ်လ်ကို မင်းပဲ လုပ်မယ် ဆိုတာတော့ သိပြီးပြီ၊ ဒါပေမဲ့ ဘယ်လိုပုံစံနဲ့ ဝင်မယ်ဆိုတာ သူ့ကို မပြောထားဘူး"

ဒေါ်ကြည်ဖြူက စိတ်ချမ်းသာစွာ ရယ်မောရင်း ...

"ဘာဖြစ်လို့လဲရှင်"





"ဒီကောင်က ကြွားလည်းကြွားချင်။ သူ့ရည်းစားကို မျက်နှာလို မျက်နှာရ လုပ်ချင်ပြီး ဖုန်းလှမ်းဆက်ပြောရင် သတင်းတွေ ပေါက်ကြားသွားမှာကွ"

ဒေါ်ကြည်ဖြူက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံပါသည်။

"သူ့ရည်းစားကို ပြင်တဲ့ အလှပြင်အုပ်စု"

"ဘေဘီနဲ့အဖွဲ့ပါ၊ နာမည်ကြီးတွေလေ ကိုနေမင်းရဲ့"

"အေး ... အဲဒီဘေဘီနဲ့အဖွဲ့က သိပ်တော်နေတော့ သူတို့နိုင်သွားမှာ လန့်နေရတယ်၊ သူ့ရည်းစားက နှုတ်မလုံဘဲသွားပြောမှ ကိုယ့်စိတ်ကူးကို ပြန်အခိုးခံရဦးမယ်"

ဒေါ်ကြည်ဖြူသည် အစကတော့ စိတ်မပါသလို စိတ်မဝင်စားသလို ဖြစ်နေခဲ့သော ဦးနေမင်း တစ်ယောက် အခုမှ ဒီပွဲကို နိုင်လိုစိတ် သဲကြီးမဲကြီး ဖြစ်နေသည်ကို ကျေနပ်စွာ ကြည့်နေခဲ့ပါသည်။

သူဟာ ကိုယ်ချစ်ခဲ့ရတဲ့ ခင်ပွန်းသည်ဟောင်း တစ်ယောက်။ သူ့လွှမ်းမိုးမှုဒဏ်ကို မခံနိုင်လွန်းလို့သာ လမ်းခွဲခဲ့ရတာ။ သူမ စိတ်နှလုံးထဲမှာတော့ လူချင်းသာ ခွဲရတာ တစ်သက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးနေခဲ့တာလဲ အမှန်ပါပင်။ ဒါကြောင့်လည်း သူ့မျက်နှာ ဂိုပ် မျက်နှာကဲကို ခုထိ ကောင်းစွာ ဖတ်နေနိုင်ခဲ့သေးတာပေါ့။

မသေခင် အသက်ရှင်ခွင့်ရတဲ့ အချိန်လေးအတွင်းမှာ ခင်ပွန်းသည် စိတ်ချမ်းသာအောင် သူ လုပ်တဲ့ အလုပ်တစ်ခုကို ပါရမီ ဖြည့်ခွင့်ရသည့်အတွက် အင်မတန်မှ ပီတိဖြစ်နေရပါသည်။

ဘယ်လောက် စိတ်ချမ်းမြေ့စရာကောင်းလိုက်သလဲ။ မိသားစုသုံးဦးစလုံးရဲ့ အထိမ်းအမှတ် သမိုင်းမှတ်တိုင်လေးတစ်ခုကို စိုက်ထူခဲ့ရတော့မှာပဲ။





၇

နောက်ဆုံးရက် ပြိုင်ပွဲကား ပို၍ပင် လူပရိသတ်များ ပြားနေပါသည်။ မဂ္ဂဇင်းဂျာနယ်များတွင် သတင်းရေးမည့်သူများ၊ ဓာတ်ပုံမှတ်တမ်းတင်မည့်သူများသာမက ဦးကျော်ငွေတို့ ကုမ္ပဏီများအုပ်စုမှ အသစ်ထုတ်ဝေမည့် 21st Century Fashion(တွမ်တီး ဖတ်စ်စင်ကျူရီ ဖက်ရှင်)နှစ်ဆယ့်တစ်ရာစုဖက်ရှင် ဟူသော မဂ္ဂဇင်း အသစ်ကြီးတွင်ဖော်ပြရန် ဓာတ်ပုံများ ရိုက်မည့်သူ စသဖြင့်သာမက မော်ဒယ်လ်၊ အဆိုတော်၊ မင်းသမီး၊ မင်းသား စသည်တို့ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်ထား၍သော်လည်းကောင်း၊ သူတို့ဘာသာ စိတ်ဝင်စားကြ၍ သော်လည်းကောင်း၊ လာရောက် ကြည့်ရှုအားပေးသူတွေနှင့် ခန်းမ ကျယ်၏ ဧည့်သည်ခုံတန်းတွေမှာ ပြည့်နှက်နေပါသည်။

ပြည့်လျှံတို့၏ KINGSမှ လုပ်ဖော်ကိုင်ဖက်များပါ အကုန်ရောက်လာပြီး သူတို့ရဲ့ ပိုင်ရှင်၊ အလုပ်ရှင် ဆရာဖြစ်သူ ဦးနေမင်းကို လာအားပေးဖို့ ရောက်လာလေရာ KINGS အတွက် ပေးထားသော နေရာမှာ လူတွေအပြည့် ဖြစ်နေပါသည်။ ဒီနေ့ ဆိုင်လည်း ပိတ်ထားရာ အလုပ်အားလပ်နေကြပေမဲ့ မိမိရဲ့ ကိုယ် ရေးကိုယ်တာများကို လုပ်ဖို့ စိတ်မကူးကြဘဲ ကိုယ့်ဆိုင်က ဆရာ တွေရဲ့ ပြိုင်ပွဲကို လာအားပေးကြသော ဆိုင်ပေါင်းစုံမှ ဝန်ထမ်း တွေလည်း အများအပြား ကိုယ့်ဆိုင်ဝတ်စုံ ကိုယ်စီတွေနဲ့ တွေ့ရပါ သည်။

ပြိုင်ပွဲ စတင်တော့မည်ဆိုသောအခါ ထုံးစံအတိုင်း အခမ်းအနားမှူး အမျိုးသမီးက စပြီး ကြေညာပါသည်။

"တတိယရက်လည်းဖြစ်သော နောက်ဆုံးပြိုင်ပွဲရက်လည်း ဖြစ်သော ပြိုင်ပွဲကြီးကို စတင်ရန် သုံးမိနစ်မျှသာ လိုပါတော့ တယ်ရှင် ...





"ပြိုင်ပွဲဝင်ကြမည့် ဒီဇိုင်နာများအားလုံး မိမိအတွက် သတ်မှတ်ထားပြီးသား နေရာများမှာ နေရာယူနိုင်ကြပါပြီ"

အလှဖန်တီးသူ ဒီဇိုင်နာများ ကိုယ့်မော်ဒယ်ကိုယ်စီ ဖြင့် စီတန်းထွက်လာကြသောအခါ လက်ခုပ်တီး အားပေးသံတွေ ဆူညံသွားပါသည်။

ဖေဖေနဲ့ မေမေ ထွက်လာသောအခါ ဦးကျော်ငွေက အံ့သြသလို မျက်ခုံးပင့်သွားပေမဲ့ ပြုံးရွှင်စွာပင် လက်ခုပ်တီးအားပေး လိုက်ကြောင်း ပြည့်လျှံ တွေ့လိုက်ရပါသည်။

မျှင်သည် ကိုယ့်အုပ်စုနဲ့ကိုယ် နေရာယူထားပြီးတာ တောင် ပြည့်လျှံတို့ရဲ့ KINGS နေရာမှာ ဘယ်သူ ဝင်လာမလဲလို့ လည်ပင်းတလိမ်လိမ် ကြည့်မိပါသည်။ အနက်ကယ်လ် ဦးနေမင်း အလှပြင် မှန်တင်ခုံမှာ ဝင်ရပ်လိုက်သလို အိန်တီဒေါ်ကြည်ဖြူက လည်း မှန်တင်ခုံရဲ့ ထိုင်ခုံမှာ ဝင်ထိုင်လိုက်လျှင် မျှင့် ရင်ထဲ ကြည်နူးသလို ဝေသွားပါသည်။ ကြည့်စမ်းပါဦး။ နှစ်ပေါင်းများ စွာ လမ်းခွဲထားပြီးတဲ့ သားပြည့်ရဲ့ အဖေနဲ့ အမေ ခုလိုကျတော့ လည်း အလုပ်တစ်ခုကို အတူတူတွဲလုပ်ပြီး တစ်ယောက်နဲ့ တစ် ယောက် ပါရမီ ဖြည့်ပေးဖို့ အသင့်ဖြစ်နေကြတာ ကြည်နူးစရာပါ။



www.burmeseclassic.com

www.burmeseclassic.com



မျှင် ပြည့်လျှံဆီ လှမ်းကြည့်လိုက်လျှင် ပြည့်လျှံကလည်း မျှင့်ကို ခေါင်းအသာညိတ်ပြပြီး ဘာကို လက်မထောင်ပြမှန်း မသိ။ သို့သော် သူလည်း မိဘနှစ်ပါး အဆင်ပြေပြေနှင့် အတူတွဲတွေ့ရတာကို ဝမ်းသာနေပုံရပါရဲ့ဟု မျှင် နားလည်လို့ရသွားပါသည်။

"ပြိုင်ပွဲ စတင်ပါပြီရှင်၊ ဆံပင်မိတ်ကပ် ပြင်ဆင်ချိန် လေးဆယ့်ငါးမိနစ် ဖြစ်ပါတယ်ရှင်။ အချိန်စေ့ရင် ဘဲလ်တီးပါ့မယ်။ အားလုံး ကံကောင်းပါစေလို့ ဆုတောင်းပါတယ်ရှင်"

အခမ်းအနားမှူး၏ ကြေညာသံအဆုံးတွင် မျှင့်လည်း စတင်၍ မိတ်ကပ်လိမ်းခံရခြင်း၊ ဆံပင်ကို ကော်တွေဖျန်း ပုံသွင်းခံရခြင်းဖြင့် မှန်ထဲမှာ ပေါ်လာမည့် အရိပ်ထဲ နစ်မျောသွားပါသည်။

"ဟဲ့ ဘေဘီ။ ကိုနေမင်းကြီး သူ့မိန်းမကို ပြင်ပေးတယ် တော့်"

"အိုအေ မကြည်ဖြူက ကင်ဆာဖြစ်လို့ပဲ ဆံပင်ပါးနေတယ် သတင်းကြားထားတာ၊ သူ ဘာပုံများ ဆံပင်ကို လုပ်ပြလို့ ရမှာတဲ့တုံး။ စိတ်ပူမနေပါနဲ့"





"ဟုတ်တယ်၊ မိတ်ကပ်တင်မကဘူး ဆံပင်ပုံပါ အဆန်းတကျယ် လုပ်ရမှာ ကိုနေမင်းက အခုမှ စိတ်ကူးပေါက်ပြီး ဝင်လာတော့ မော်ဒယ်လ် ရှာမရဘူး ထင်ပါရဲ့။ ဒါနဲ့ပဲ သူ့မိန်းမ ဆွဲခေါ်လာတယ်ထင်တယ်"

"နေပါဦး၊ သူတို့က ကွဲနေကြတယ်ဆို"

"ကွဲပေမဲ့ အရေးကြီးတော့လည်း သွေးကပြန်နီးတဲ့သဘော ဖြစ်မှာပေါ့ ..."

"ဟဲ့ ... ဆံပင် ... ဆံပင် ... ဒရိုင်ယာနဲ့ စွတ်မှုတ်မနေနဲ့ ကျွမ်းသွားမယ်"

မျှင်သည် သူမကို ပြင်ဆင်ပေးသော ဘေဘီတို့အုပ်စု ပြင်လည်းပြင်၊ ဦးနေမင်းတို့ကိုလည်း တကြည့်ကြည့် အတင်း တပြောပြော လုပ်နေသဖြင့် သူတို့ ပြောတာ နားထောင်ပြီး ရယ်ချင်နေပါသည်။

အင်း ... ဦးနေမင်းဟာ Beautician (ဗျူတီရှင်) လောကမှာ တော်တော့်ကို ဆရာကြီးပဲ၊ သူ ဝင်လာတာနဲ့ ကျန်တဲ့ အုပ်စုတွေ လန့်ဖျား ဖျားကုန်ကြပြီ။ အန်ကယ်လ်ဦးနေမင်း ဘယ်လိုပုံများ ပြင်ပြမှာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ပွဲက စိတ်ကူးအထူးအဆန်းတွေကို ကိုယ့်ရဲ့ မိတ်ကပ်ဆံပင်ပညာ၊ အချုပ်အလုပ်ပညာနဲ့ ပြပြီး ပြိုင်ရမဲ့ပွဲပဲ။

မျှင်သည် မျက်စိမှိတ်ပေးစရာရှိ မှိတ်လိုက်၊ ခေါင်းငုံ့ ခေါင်းငုံ့စရာရှိ ငုံ့လိုက် ငဲ့လိုက်နှင့် အလှပြင်ခံနေရင်း ဟိုတွေး ဒီတွေး လုပ်နေခဲ့ရာ ကြာလို့ကြာမှန်းပင် မသိလိုက်။

အခမ်းအနားမှူး၏ ဘဲလ်နှိပ်သံနဲ့ အတူ ...

"လေးဆယ့်ငါးမိနစ် ပြည့်ပါပြီရှင်"

ဟူသော ကြေညာသံကပါ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာတော့မှ ပြင်လို့ ပြီးပြီဖြစ်ကြောင်း သိရပါသည်။

မျှင်သည် မှန်ထဲမှာ မြင်ရတဲ့ ကိုယ့်ပုံကိုယ်ထက် အန်တီဒေါ်ကြည်ဖြူ့ပုံကို မြင်ချင်လှ၍ လှမ်းကြည့်လိုက်ပါသည်။

ဟယ် ...။

မျှင် အံ့အားသင့်သွားပါသည်။ အန်တီဒေါ်ကြည်ဖြူ ဆံပင်ပါးတွေကိုပဲ အရှိအတိုင်း ပုံသွင်းထားရုံခဏ ကွက်ပြီး ရိတ်ထားလိုက်သော ဦးရေနေရာတွေမှာပါ မိတ်ကပ်အရောင်စုံ အလှခြယ်လို့။ ဒေါ်ကြည်ဖြူ့ မျက်နှာက မိတ်ကပ်ကစာစ်မျိုးလည်း ဖြစ်နေကာ ဒေါ်ကြည်ဖြူ ရုပ်ဟုပင် မထင်ရသလို ပြင်ဆင်ပုံမျိုး ဖြစ်နေပါသည်။





မျှင်ကသာ ဆံပင်တု အမြင့်ကြီးနဲ့ ကိုယ့်ရုပ်ကိုယ် တော့ ထွက်နေသေးတာလေ။ အဲဒါ ဘာပုံလုပ်ထားတာပါလိမ့်။ ဦးနေမင်းကတော့ သူ့လက်ရာသူ ကျေနပ်အားရသလိုနဲ့ ငေးနေသည်။ ပြည့်လျှံကလည်း တအံ့တသြ ငေးနေသည်။ ဒေါ်ကြည်ဖြူ ကလည်း မှန်ထဲက သူမရဲ့ ရုပ်ပုံကို အငေးသား စိုက်ကြည့်နေလေ သည်။

"ပြိုင်ပွဲဝင်သူများ အားလုံး မိမိတို့ရဲ့ အဝတ်လဲခန်းများဆီ သွားနိုင်ပါပြီရှင်၊ အဝတ်လဲပြင်ဆင်ချိန် မိနစ်နှစ်ဆယ် ပေးပါတယ်ရှင်"

ယာယီ ပြင်ဆင်ဖွဲ့စည်းပေးထားသော အဝတ်လဲခန်း များဆီ ပြိုင်ပွဲဝင်သူများ ဝင်သွားနေချိန်တွင် ခန်းမအပြင်မှာတော့ သီချင်းဖွင့်ပေးထားရုံကလွဲလျှင် ဘာဖျော်ဖြေမှုမှ မစသေးပါ။

ဒီနေ့ နောက်ဆုံးရက်မှာ ပြိုင်ပွဲပြီးလျှင် ဆုကြေညာ ပြီးလျှင် ဆုပေးပြီးလျှင် မျှင့်ဖေဖေ၏ ဆေးလိပ်ဖားရှိုင်းဟိုတယ်မှာ ဖွင့်ထားသော ဆေးလိပ်ဖားရှိုင်းရက်စတောရင့်၏ ပင်တိုင်တီးဝိုင်း အဖွဲ့၊ ပင်တိုင်ဒီဂျေတီးသူနှင့် ပင်တိုင်အဆိုတော်သစ်များ၏ ဖျော်ဖြေရေးလည်း ရှိပါသည်။ တခြား ဖိတ်ပေးထားသော အဆို တော်တချို့လည်း လာဆိုပါမည်။



www.burmeseclassic.com

www.burmeseclassic.com



မိနစ်နှစ်ဆယ် ပြည့်သောအခါ ဘဲလ်တီးသံ ကြားရပါသည်။ ဘောဘီတို့လည်း မျှင့်ကို စိတ်တိုင်းကျ ဝတ်ဆင်ပေးပြီး ဖြစ်၍ သူတို့ လက်ရာ သူတို့ အကျေနပ်ကြီး ကျေနပ်နေတော့လေသည်။

"မျှင် ကြည့်ပါဦးအေ့၊ ညည်း ဘယ်လောက်လှသွားလဲ၊ ကျုပ်တို့ ပထမရရင် ညည်းကို အမှတ်တရ လက်ဆောင်ပေးထားဦးမှာ"

မျှင်သည် ဘောဘီ၏ အပြောကို သဘောကျပြီး ပြုံးနေပါသည်။

"ရပါတယ်၊ မျှင်က မာမီတို့ကို ကူညီတာပါ၊ အဲဒီလိုဝင်ပါရတာကို စိတ်လှုပ်ရှားပြီး ပျော်နေတာလေ"

"ညည်း မော်ဒယ်လ် လုပ်ဖို့ ကောင်းတယ်"

"မျှင် ဝါသနာမပါပါဘူး၊ မာမီတို့ကိုတော့ မျှင် ခင်လို့ ကူညီတာပါ၊ မျှင့် မေမေနဲ့ မျှင်က မာမီတို့ဆီမှာ လာပြင်နေကျမို့ ကိုယ်မိတ်ဆွေရင်းတွေကို ကူညီတဲ့သဘောပါ"

"ကဲ ... ကဲ ... အဆင်သင့်ပြင်ထား၊ နာမည်ကြေညာတာနဲ့ ကျုပ်က အရင်ထွက်သွားပြီး ညည်းကို ခေါ်ထုတ်ဂုရမှာ။ ညည်းက စင်ပေါ်မှာ အလှပြရမှာ"





ဒီနေ့ ပြိုင်ပွဲကျတော့ အခမ်းအနားမှူးက ဘယ်သူဘယ်ဝါနဲ့ အဖွဲ့ဖြစ်ပါတယ်ဟု ကြေညာလျှင် အရင်ဆုံး အလှဖန်တီးသူက စင်မြင့် မိုက်ခရိုဖုန်းဆီ သွားရမည်။ သူက အရင် သူ့ရဲ့ စိတ်ကူးကို ပြောရင်း သူ့မော်ဒယ်လ်၏ အမည်ကို ကြေညာကာ ခေါ်ပြရပါမည်။

ပထမရက်ပွဲလို စင်ပေါ်မှာ အားလုံး ရပ်နေစရာမလို။ ကိုယ့်အလှည့်ပြီးရင် ဆင်းသွားရုံပင်။

"ဘောဘီနဲ့အဖွဲ့ သရုပ်ပြရန် အလှည့်ကျပါပြီရှင်"

ဟူသော ကြေညာသံကြားလျှင် ဘောဘီ စင်ပေါ်ရှိ မိုက်ခရိုဖုန်းဆီသို့ သွားပါသည်။

"မင်္ဂလာပါရှင်၊ ဘောဘီတို့ ဒီနေ့ ပြသမဲ့ ဖက်ရှင်ကတော့ အင်္ဂလိပ်ဘုရင်တွေခေတ်က ရှိခဲ့တဲ့ အကြောင်းအရာ တစ်ခုပါ။ အင်္ဂလိပ်မင်းသမီး (သို့မဟုတ်) ဘုရင်မတစ်ပါးရဲ့ ရွှေအတီနဲ့ ထုဆစ်ထားတဲ့ ရုပ်တုလေးတစ်ခုကို ပြမှာဖြစ်ပါတယ် ...

"မော်ဒယ်လ်ကတော့ ငွေချည်မျှင် ဖြစ်ပါတယ်၊ ကြည့်ရှုအကဲဖြတ်ကြပါလို့"



www.burmeseclassic.com

www.burmeseclassic.com



မျှင့် ဖြည်းညင်းစွာ ခပ်တည်တည် မျက်လုံး ဝါစ်နေ ရာတည်း တည့်တည့်စိုက်ကြည့်ပြီး စင်မြင့်တစ်လျှောက် လျှောက်လာသောအခါ လက်ခုပ်သံတွေ အုန်းအုန်းကျွက်ကျွက် ဖြစ်သွားပါသည်။

မျှင်သည် ငွေချည်မျှင် ဖြစ်နေပေမဲ့ တစ်ကိုယ်လုံးကို ရွှေရောင် လွှမ်းနေသည်။ မျှင့် ဆံပင်တွေကိုလည်း ပုံသွင်းဆံပင်ဟုတပ်ပြီး အီဂျစ်ပြည်က ဘုရင်မတွေလို ဆံပင်အမြင့်ကြီးလုပ်ထားကာ ဆံပင်နက်ကို့ဟာ ရွှေရောင်အမှုန်လေးတွေ တလက်လက် ထနေတော့တာ။

မျှင့် မျက်နှာက မိတ်ကပ်ကား အီဂျစ်အမျိုးသမီး ရုပ်ထွက်နေပေမဲ့ အဲဒီ မိတ်ကပ်ပင်လျှင် ရွှေရောင်တောက်နေသည်။

မျှင့်ကို ဝတ်ဆင်ပေးသော လက်ပြတ်အီဂျစ်ဘုရင်မ ဝတ်စုံသည်လည်း ရွှေရောင်၊ အဝတ်လှဲ့ရာနေရာ အသားနေရာတွေမှာလည်း မျှင့် တစ်ကိုယ်လုံး ရွှေရောင် ထွက်နေပါသည်။

မျှင့် ထွက်လာလိုက်တာနဲ့ မီးရောင်အောက်မှာ ရွှေရောင် လင်းလက်သွားပါသည်။





ပြည့်လျှံ ပင်လျှင် ဘောဘီတို့အဖွဲ့၏ လက်ရာကို မချီးကျူးဘဲ မအံ့သြဘဲ မနေနိုင်တော့။ လက်ခုပ်တီးပြီး အားပေးမိပါသည်။

“ဘောဘီနဲ့အဖွဲ့က ရမှတ် လေးဆယ့်ခြောက်မှတ် ဖြစ်ပါတယ်”

အမှတ်ကိုပါ တစ်ပြိုင်တည်း ကြေညာရာ အမှတ်ငါးဆယ်မှာ လေးဆယ့်ခြောက်မှတ် ရသွားသော အဖွဲ့မို့ သူတို့အားလုံး မျက်နှာတွေ ပြုံးဆင်းသွားကြသည်။

အဖွဲ့တွေကလည်း တင်ပြပုံ အစုံအလင်ပင်။ ကိုနဲဗျူးတီးဝေါ်ငမ့် တင်ဆက်ပုံမှာ ...

“မိုးရာသီ မြင်ကွင်းတစ်ခုပါ၊ တိမ်တွေကြားက မိုးနတ်သမီးလေးရဲ့ မိုးရွာသွန်းပုံကို ခင်ထိပ်ထားကပဲ သရုပ်ပြပေးပါမယ်”

ခင်ထိပ်ထားသည် ဆံပင်တွေပေါ်မှာတော့ တိမ်စိုင်တိမ်မျှင်တွေနဲ့ မိုးစက်မိုးသီးများနဲ့ ဖြစ်နေသည်။ ခင်ထိပ်ထား၏ မျက်နှာမှာ ကောင်းကင်ပြာနဲ့ တိမ်ညိုညို အရိပ်မျိုး ခြယ်ထားသလို ဝတ်စုံကလည်း တိမ်စိုင်တွေလိုပဲ ခပ်လွင့်လွင့်၊ သူမ၏ လက်ချောင်းဖျား၊ မေးဖျား၊ နားရွက်ဖျားတွေမှာတော့ ရေစက်ကလေးတွေ သီးနေသလို ပုံစံ ဖန်တီးပေးထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုနုရဲ့ လက်ရာကလည်း မဆိုးလှ။

ချစ်ချစ် အလှပြင်ဆိုင်ကတော့ နွေရာသီ ပုံစံမျိုး ပြင်ပြပါသည်။

Heart(အသည်းနှလုံး အလှပြင်ဆိုင်)မှ နီဂရိုးမတစ်ယောက်လိုပဲ တစ်ကိုယ်လုံး မည်းနေအောင် ပြင်ပြပြီး၊ ဆံပင်တွေကတော့ ကျစ်ဆံမြီး သေးသေးလေးတွေ မွှစ်လို့။

စသဖြင့် ဆိုင်ပေါင်းနှစ်ဆယ် ဝင်ပြိုင်ရာ ပုံစံတွေကတစ်ယောက်လာတစ်မျိုးနဲ့ တအံ့တသြ ငေးကြရပါသည်။ အားလုံးကလည်း လက်ရာမြောက်စွာ ပြသကြသည်။

နောက်ဆုံး နံပါတ်နှစ်ဆယ်နေရာမှာကျမှ KINGS ရဲ့ အလှည့်ရောက်ပါသည်။

ပြိုင်ပွဲမှာ ပြသရမဲ့အလှည့်များကိုလည်း မဲစနစ်ဖြင့် ဆုံးဖြတ်ရာ ဒီနေ့တော့ နံပါတ်နှစ်ဆယ် ဖြစ်သွား၍ နောက်ဆုံးမှ ပြသခွင့်ရခြင်း ဖြစ်ပါသည်။

ပထမဆုံးပြတဲ့ ဆိုင်က (၁) ပန်းကမ္ဘာ၊ (၂)နောက်မှ ဘောဘီနဲ့အဖွဲ့၊ (၃) ကိုနု ဗျူတီးဝေါလ်၊ (၄) ချစ်ချစ် အလှပြင်





ဆိုင်၊ (၅) Heartအလှပြင်ဆိုင်၊ (၆) Princess(ပရင့်ဆက်) ဗျူးတီးဆလွန်း၊ (၇) ခိုင်ညီအစ်မများ အလှပြင်ဆိုင် (၈) ကျော် ဗျူးတီးပါလာ၊ (၉) မာမီညွန့်နှင့် သမီးများ၊ (၁၀) ဖက်ရှင်ကွင်း အလှပြင်ဆိုင်၊ (၁၁) ချစ်သမီး ဗျူးတီးရိုပ်မြုံ၊ (၁၂) လှလွန်းသူ အလှပြင်ဆိုင်၊ (၁၃) ညို့စံအိမ် အလှဂေဟာ၊ (၁၄)ပန်းမျိုးတစ်ရာ ဗျူးတီးဟောက်စ်၊ (၁၅) နွေမိုးဆောင်း လှရိပ်မြုံ၊ (၁၆) စကြာဝဠာ အလှကမ္ဘာ၊ (၁၇) မယ်မြန်မာဗျူးတီးဆလွန်း၊ (၁၈) မာမီဆွေနှင့်အဖွဲ့၊ (၁၉) မိတ်ကပ် ဆံပင် စန္ဒာနှင့် ဒီဇိုင်နာ မူယာ၊ ပြီးတော့မှ (၂၀) KINGS GROUP ဟူ၍ အစဉ်အလိုက် ပြသရပါသည်။

"KINGS မှ ဦးနေမင်း ဖြစ်ပါတယ်ရှင်"

ဖေဖေ စင်ပေါ်တက်သွားသောအခါ လက်ခုပ်သံများနဲ့အတူ အားလုံးရဲ့ တီးတိုးပြောသံများ ကြားရပါသည်။ ဟဲ့ ... သူ မပြိုင်ဘူးဆို၊ အခု ပြိုင်နေပါလား၊ မော်ဒယ်လ်က ကြည်ဖြူနော်၊ သူတို့ ပြန်ပေါင်းသွားပြီလား။ ပြည့်လျှံက စကားသံတွေကို နားထောင်ပြီး ရယ်ချင်နေပါသည်။ ဖေဖေ ဘာများ ထွင်ပြမလဲ သူလည်း သိချင်လှပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မော်ဒယ်လ် မကြည်ဖြူပါ၊ ငှက်သွင်ပျံကြွမတတ်သော် ဆိုတဲ့ စာသားတစ်ခုနဲ့ ရှေးခေတ်က ရေးဖွဲ့ထားတဲ့ ကဗျာ တစ်ပုဒ်ရဲ့ သရုပ်ပြပုံဖော်မှုပါ"

စင်မြင့်မှာ မီးတွေအရှင်မှိန်ကျသွားပါသည်။ လျှောက် လမ်းတည့်တည့်ဆီမှ အရောင်အသွေးစုံလှသော ငှက်ကြီးတစ် ကောင် လျှောက်လှမ်းပြီး တက်လာသလို ပုံရိပ်တစ်ခုခုက တရွေ့ရွေ့ မီးများဖြန်းခနဲ လင်းသွားလျှင် ဒေါ်ကြည်ဖြူကို မမြင် ရဘဲ ငှက်ကြီးတစ်ကောင် ရပ်နေသည့်အလား ကိုယ်ဟန်ပြမှု တစ်ခုကို စတွေ့လိုက်ရလေသည်။

ဒေါ်ကြည်ဖြူက သူမ၏ မျက်နှာကို ငိုက်ချထားရာ ဦးခေါင်းထက်မှ ပုံသွင်းအမောက်လုပ်ထားသော ငှက်အမောက် သဏ္ဍာန် ရောင်စုံဆံပင်နှင့် ကွက်ကျားရိုပ်ထားသော ဦးရေတို့မှ ငှက်ခေါင်းပုံသဏ္ဍာန် ဆေးခြယ်ထားခြင်းကို အသေအချာ မြင် အောင် ပြသထားသလိုမျိုး ဟန်ပြထားပါသည်။

ပရိသတ်က ဟယ်ခနဲ ငေးနေကြစဉ်မှာ အသံက မတိုးလွန်း မကျယ်လွန်းသော အာမေဍိတ်သံတချို့နှင့်။





ဒေါ်ကြည်ဖြူကလည်း ဦးနေမင်းနဲ့ တိုင်ပင်ထားသည့် အတိုင်း ငှက်တစ်ကောင် အတောင်တွေချကာ မြေပြင်မှာ ရပ်နေ သည့်ဟန်အတိုင်း ငြိမ်သက်စွာ နေနေပါသည်။

ငှက်အတောင်များမှာ ပခုံးမှ လက်ဖဝါးထိ တစ်လျှောက်လုံး ဖုံးနေသည့် ငှက်မွှေးငှက်တောင်သဏ္ဍာန် အင်္ကျီ လက်ရှည်ကြီး ဖြစ်နေရာ ငှက်တစ်ကောင်နှင့် တူလွန်းလှ၏။

စက္ကန့်သုံးဆယ်မျှ သူမ ငြိမ်နေပြီးသောအခါမှ တောင်ပံများကို ဖြန့်သည်သဏ္ဍာန် ငှက်တစ်ကောင် ထပျံတော့မည့် သဏ္ဍာန်ဖြင့် ကိုယ်ကို ကုန်းထားရာမှ ခေါင်းကိုမော့၍ တစ်ကိုယ် လုံး မတ်မတ်ရပ်လျက် လက်နှစ်ဖက်ကို ဘေးသို့ ကားလိုက်လျှင် ပရိသတ်များ ဟေးခနဲ အော်ဟစ်ကာ လက်ခုပ်သံတွေ ဆူညံသွား ရပါသည်။

တကယ့် ငှက်ကြီးအလား တစ်ကိုယ်လုံးကို ဝတ်ဆင် ထားသည့် အဝတ်ဒီဇိုင်းမှာ အရောင်အသွေး လှပစုံလင်လှလျက် ရှိုးရှိုးအထည်များနှင့်ပင် ငှက်မွှေးတွေလို ဆင်ယင်ချုပ်ထားခြင်း၊ အဝတ်လွတ်ရာ လည်ပင်း၊ ခြေသလုံး၊ ခြေကျင်းဝတ်၊ ခြေဖဝါး တွေမှာပါ ငှက်တစ်ကောင်လိုပဲ မိတ်ကပ်လိမ်းခြယ်ပေးထားခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



တဖန် ဒေါ်ကြည်ဖြူ၏ မျက်နှာမှ စိတ်ကပ်သည်လည်း ဒေါ်ကြည်ဖြူ ဟုပင် မထင်ရတော့ဘဲ ငှက်မတစ်ကောင်လိုပဲ လိမ်း ခြယ်ထားခြင်း။

ထို့အပြင် သရုပ်ပြဟန်မှာလည်း လူတွေအားလုံးရဲ့ စိတ်ထဲမှာ ငှက်တစ်ကောင်၊ အတောင်ချ ရပ်နားနေရာမှ ဖြန်းခနဲ မြေပြင်ပေါ်မှ ထပျံတော့မလို အားယူလိုက်သည်ဟု ထင်သွားစေခြင်း။

စသည်သော အချက်အလက်များကြောင့် လက်ခုပ်သံ၊ လက်ခေါက်မှုတ်သံတွေကား ထိန်းမနိုင် သိမ်းမရ၊ ဓာတ်ပုံကင်မရာမီးရောင်များ တလက်လက် ဖြစ်လျက် ခန်းမတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်တော့လေသည်။

ပြည့်လျှံတို့ ကင်းစ်အုပ်စုကြီး တစ်ခုလုံးကား ခုံမှာပင် ထိုင်နေလို့ မရတော့ဘဲ မတ်တတ်ရပ်ကာ လက်ခုပ်တီးမိကြတော့သည်။

"ဟေး ... ဒါမှ ငါတို့ ဆရာကွ"

"ဘော့စ်ကတော့ ပညာပြလိုက်ပြီ"

"ဦးနေမင်းကြီးရဲ့ ပညာက ဒါ အစပဲ ရှိသေးတယ်နော်"





လူသံတွေ၊ လက်ခုပ်သံတွေ ဆူညံလွန်းလှချိန်တွင် အခမ်းအနားမှူးမှ ...

"အားလုံးပဲ ငြိမ်ပေးပါရှင်၊ ကျေးဇူးပြု၍ ငြိမ်ပေးပါရှင်။ အကဲဖြတ်များမှ အမှတ်စာရင်း ကြေညာတော့မှာ ဖြစ်ပါတယ်၊ KINGS မှ ဦးနေမင်း ရမှတ်များကို ကြေညာရန် အသင့်ဖြစ်နေပါပြီရှင်"

ဟူသော ကြေညာသံကြောင့် အသံများ တစ်စတစ်စ ကျဲပါး တိတ်ဆိတ်သွားပါသည်။ အကဲဖြတ် ငါးယောက်တို့မှ လူပရိသတ်ဘက် ဝေ့ကြည့်ပြီး တစ်ယောက်ချင်းစီမှ အမှတ်ထောင်ပြပါသည်။ နောက်ဆုံး အကဲဖြတ်မှ အမှတ်ထောင်ပြအပြီးတွင် လူပရိသတ်ရဲ့ ဟေးခနဲ အော်သံနှင့်အတူ ...

"ဦးနေမင်းမှ ရမှတ် လေးဆယ့်ကိုးမှတ် ဖြစ်ပါတယ်ရှင်၊ ဒီနေ့ရဲ့ ပထမနေရာကို KINGS မှ ရရှိသွားပါတယ်"

ဟု အခမ်းအနားမှူး၏ ကြေညာသံကပါ တစ်ပြိုင်နက်တည်း ထွက်ပေါ်လာခဲ့ပါသည်။

"အားလုံးရဲ့ အဆုံးအဖြတ်အရ 'နှစ်ဆယ့်တစ်ရာစုရဲ့ အကောင်းဆုံး အတော်ဆုံး၊ အအောင်မြင်ဆုံး အလှဖန်ဆင်းရှင်နှင့် ဖက်ရှင်ဒီဇိုင်နာ' ဆုကို ဦးနေမင်း၏ ကင်းစ်ဂရု(ပ်)မှ ရရှိပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဒုတိယဆုကို ဘောဘီနဲ့အဖွဲ့မှ ရရှိပါတယ် ...

တတိယဆုကိုတော့ ကိုနု ဗျူးတီးဝေါလ်မှ ရရှိလိုက်ပါတယ်ရှင် ...

ဒီနေ့ပဲ ဆုဖလားနဲ့တကွ ငွေကြေးဆုငွေကို ကုမ္ပဏီများအသင်း အဖွဲ့ဝင် ဦးကျော်ငွေ (ဆေးလိပ်စားရှိုင်းကုမ္ပဏီ)မှ ချီးမြှင့်ပေးပါ့မယ်၊ ဆုချီးမြှင့်ပြီးတာနဲ့ ဆေးလိပ်စားရှိုင်း တေးဂီတအဖွဲ့ ဒီဂျေအဖွဲ့နဲ့အတူ ဖျော်ဖြေရေး စတင်ပေးပါမယ် ...

ကြွရောက် အားပေးကြည့်ရှုကြတဲ့ ပရိသတ်အပေါင်းကို အားလုံးရဲ့ကိုယ်စား ကျွန်မအခမ်းအနားမှူး ဒေါ်ပဒ္မာမြားမေမှ ကျေးဇူးတင်ကြောင်း ပြောကြားပါရစေ ...

"အားလုံးပဲ မင်္ဂလာအပေါင်းနဲ့ ခညောင်းသောနှစ်ဆယ့်တစ်ရာစုကို ပိုင်ဆိုင်နိုင်ပါစေလို့ပဲ ဆုမွန်ကောင်းများ တောင်းလိုက်ပါတယ်ရှင်"

ထို့နောက်မှာ ဆုပေးပွဲအစီအစဉ်ကို ချက်ချင်း စတင်ပါသည်။





ဦးကျော်ငွေက စင်မြင့်ထက်တွင် ရပ်စောင့်နေစဉ် သူ့နံဘေးမှာတော့ ဆုဖလားကြီး ကိုင်ပေးထားသော မိန်းမလှလေးတစ်ယောက်၊ လှပသော ပန်းစည်းကြီးနဲ့တကွ ဆုကြေးငွေထည့်သည့် စာအိတ်ကိုပါ ပူးတွဲကိုင်ပေးထားသော မိန်းမလှလေးတစ်ယောက်တို့ကပါ အသင့်ရပ်နေပါသည်။

ကင်းစ်အုပ်စုမှ ဆုယူရန်ကြေညာသောအခါ ဦးနေမင်း တက်သွားပါသည်။

ဦးကျော်ငွေနှင့် ဦးနေမင်းတို့ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ကွန်ဂရက်ကျူလေးရှင်း နေမင်း"

"ကျေးဇူးတင်ပါတယ် ကျော်ငွေ"

"ဒီဆုကို မင်းပဲ ရထိုက်တယ်ဆိုတာ ငါ အစတည်းက ကြိုသိပြီးသားပါ"

"အဲဒီပညာကို အထင်မကြီးရင်နေပါ၊ အထင်တော့ မသေးနဲ့ပေါ့"

သူတို့ချင်း စကားခပ်အုပ်အုပ် ပြောပြီးလျှင် ဦးနေမင်း လက်ထဲသို့ ဆုဖလားကြီး ရောက်လာသည်။ ဆုဖလားကြီးက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်၊ လုပသော ပန်းစည်းကြီးက တစ်ဖက်နှင့် ဦးနေမင်း ခေတ္တမျှ ဓာတ်ပုံအရိုက်ခံပြီးလျှင် စင်ပေါ်မှ ဆင်းလာပါသည်။

စင်အောက်မှာတော့ ဦးနေမင်းနှင့် ငှက်ဝတ်စုံ ငှက်အပြင်အဆင် ရှိနေသော ဒေါ်ကြည်ဖြူတို့ကို အင်တာဗျူးမည့်သူ၊ ဓာတ်ပုံရိုက်မည့်သူများ တန်းစီစောင့်နေလေသည်။

ပြည့်လျှံက မျှင်နဲ့ စကားပြောချင်သေး၍ တကြည့်ကြည့် လုပ်နေရပေမဲ့ မျှင်နဲ့ သူ့ရဲ့ အလှဖန်တီးရှင် အဖွဲ့လည်း အင်တာဗျူးခြင်း၊ ဓာတ်ပုံရိုက်ခြင်းများထဲမှ တိုးထွက်လို့ မရလေရာ နောက်ဆုံးတော့ ပြည့်လျှံ လက်လျှော့ပြီး အသာရပ်ကြည့်နေရတော့သည်။

“သားပြည့် ပြန်ကြရအောင်၊ မေမေ ခေါင်းမူးလာပြီ”

“ဟာ ... ဟုတ်ကဲ့ မေမေ”

ပြည့်လျှံ မေမေ့ကို တွဲပြီး ကားဆီ ခေါ်သွားလျှင် ဖေဖေကပါ နောက်ကနေ စိုးရိမ်တကြီး ပြေးလိုက်လာခဲ့သည်။





“သားပြည့်လားဟင်”

မျှင်က ဖုန်းထဲမှာပင် ခပ်တိုးတိုးအသံနဲ့ မေးလိုက်ရာ ပြည့်လျှံအတွက် ထူးဆန်းနေသည်။

“ဘာလဲ မျှင်၊ ဘာဖြစ်လို့လဲ”

“အခြေအနေ မကောင်းဘူး သားပြည့်ရေ”

“ပြောပါဦး”

“ဖေဖေလေ မျှင်တို့ အကြောင်း သိသွားတယ်၊ အဲဒါ သောင်းကျန်းနေပြီ၊ ပြီးတော့ မျှင့်ကို သားပြည့်နဲ့ လုံးဝ အဆက်အသွယ် ဖြတ်ခိုင်းလိုက်တယ်”

“ဘယ်လို ဖြစ်ရတာလဲကွာ၊ သူပဲ ကြည်တော့မလိုလိုနဲ့။ နောက်ပြီး ကိုယ်တို့အကြောင်းကိုရော ဘယ်လိုသိသွားတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို သိသွားလဲတော့ မျှင် မသိဘူး၊ ဖေဖေက မျှင့်ကို သားပြည့် ချစ်တယ် ဆိုတာကို မယုံလို့ ဒေါသဖြစ်ပြီး ကြိမ်းနေတာ။ သားပြည့်က အဖေ့စကား နားထောင်ပြီး"

ပြည့်လျှံ စိတ်ရှုပ်ရှုပ်ဖြင့် မျှင့် စကားပင် မဆုံးခင် ဖြတ်ပြောလိုက်တော့သည်။

"မဟုတ်ပါဘူးကွာ၊ မဟုတ်ပါဘူး၊ ကိုယ် မျှင့်ကို ချစ်တဲ့ ကိစ္စမှာ လူကြီးတွေနဲ့ဘာမှ မပတ်သက်ဘူး။ သူတို့ဘာသာ ဘာမဟုတ်တာလေးနဲ့ အခဲမကြေ ဖြစ်နေနေ ကိုယ်တို့က သတ်သတ်စီ ဘာမှကို မဆိုင်ဘူး"

မျှင် သက်ပြင်းချလိုက်သံ ကြားရသည်။ မျှင် တော်တော် စိတ်ညစ်နေမှာပဲ။ ဦးကျော်ငွေက ရှုးများရှုးနေသလားမသိဘူး။ သူပဲ ဖေဖေ ဝင်မပြိုင်မှာစိုးလို့ အတင်း လာခေါ်။ ပြီးတော့ သူပဲ ဒီဘက်မိသားစုကို မကြည်မလင်ဖြစ်နဲ့ ဘယ်လိုကြီးပါလိမ့်။

သူ့သဘောက သူ့ကို အောက်ကျို့ခံ မပေါင်းဘဲ မာနကြီးကြီးနဲ့ တင်းမာပြလို့ မကျေမနပ် ဖြစ်နေတာများလား။ သူ့ကို အောက်ကျခံရအောင် ငါတို့ မိသားစုက သူ့လုပ်စာနဲ့ လုပ်ကိုင်စားသောက်နေတာမှ မဟုတ်တာ။





"သားပြည့်ဆီ ဖုန်းဆက်ချင်တာ ခိုးဆက်ရတယ်။ ဖေဖေက အဆက်အသွယ် လုပ်တာသိရင် ချက်ချင်း ယောကျ်ားပေးစားပစ်မယ်လို့ ခြိမ်းခြောက်ထားတယ်"

"မျှင့်ကို အင်္ဂလန်မှာ ကျောင်းသွားနေခိုင်းမလို့ဆို"

"လိမ်လိမ်မာမာနေမှ ပို့မယ်တဲ့၊ သားပြည့်နဲ့ ဆက်ရည်းစား ဖြစ်နေတယ်ဆိုရင် ခုချက်ချင်းပဲ ယောကျ်ားပေးစားလိုက်မယ်တဲ့လေ"

"မျှင်က နှစ်ဆယ့်တစ်နှစ် ငယ်ငယ်လေးပဲ ရှိသေးတာ"

"မျှင်တော့ အဲဒီလိုသာဆိုရင် ငြိမ်ခံမနေပါဘူး။ ထွက်ပြေးမှာပဲ၊ မျှင် မချစ်တဲ့လူကို မယူနိုင်ဘူး"

ပြည့်လျှံသည် ဒီလိုကြားလိုက်ရတော့ သူ့မှာ မေးစရာရသွားသလိုဖြင့် ...

"ဒါဖြင့် ချစ်တဲ့သူ ဆိုရင်ရော အသက်နှစ်ဆယ့်တစ်နှစ်ပဲ ရှိသေးလည်း ယူမှာပဲလား"

ဟု ကမန်းကတန်း မေးလိုက်မိပါသည်။

"ဘာလို့ မေးနေရတာလဲ၊ သိသားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် စိတ်ပူမနေနဲ့။ မျှင့်အဖေကြီး စိစဉ်လို့ကတော့ ကိုယ် ခရုက်ချင်း လာခိုးပြီပဲမှတ်"

"ဟော ... ဟော ... အပြင်မှာ ဖေဖေ့အသံ ကြားတယ် သားပြည့်။ မျှင် ဖုန်းချလိုက်မယ်နော်၊ မျှင့်ဆီလည်း ဖုန်း မဆက်နဲ့၊ မျှင်ပဲ သားပြည့်ကို ဆက်မယ်။ လစ်ရင် အပြင် ထွက်ပြီး သားပြည့်ဆီ လာတွေ့မယ်နော်"

"စိတ်ချ၊ ကိုယ် ဆိုင်မှာ အမြဲတမ်း ရှိနေမှာပါ"

မျှင့်ဆီက ဖုန်းချသံကြားရမှ ပြည့်လျှံလည်း ဖုန်းချ လိုက်ပါသည်။ ပြီးတော့ အခြေအနေကို တွေးပြီး ရင်မောသွား ပြန်သည်။

ဖေဖေက သူ့ကို လှမ်းကြည့်ပြီး အကဲခတ် နေပါ သည်။ ဖေဖေ သိသွားမှာလား၊ သိသွားရင်ရော ဖေဖေ ဘယ်လို ဖြစ်သွားမလဲ။ အံမာ ဒီကောင်ကများ ငါ့သားကို သူ့သမီးနဲ့ သဘောမတူရအောင် ငါတို့က ဘာဖြစ်နေလို့လဲ။ ဘယ်လောက် အဆင့်အတန်း ကွာနေလို့လဲ။ ရှင်ဘုရင်သမီးနဲ့ သူတောင်းစား လောက်မှမကွာတာ ဆိုပြီး ပိုဒေါသတွေဖြစ်၊ မာနတွေကြီးပြီး ပြည့်လျှံကိုပါ မျှင်နဲ့ အဆက်အသွယ် မလုပ်ဖို့ တားမှာခက်။





အင်း ... လူကြီးတွေကလည်း ဘာမဟုတ်တာလေးနဲ့ မာနချင်း ပြိုင်လို့မဆုံးဘူး။

ပြိုင်ပွဲပြီးရင် အားလုံးပြေလည်ကုန်ပြီး အခြေအနေ ကောင်းမယ် ထင်ခဲ့တာ မှားပြီ။ ဒီပြိုင်ပွဲကြောင့်တော့ ဖေဖေနဲ့ မေမေ တော်တော့်ကို ပြေလည်သွားတာတော့ အမှန်ပဲ။

အခုဆို ဖေဖေကတောင် ...

"လူကြီးတွေဖြစ်မှ ကလေးကလားဆန်ပြီး ပြန်အတူတူနေ ချင်တယ်ရယ်လို့တော့ မဟုတ်ပါဘူးလေ။ ဒါပေမဲ့ ကြည်ဖြူ လည်း ရောဂါနဲ့ တစ်သက်လုံး တစ်ယောက်တည်း ဆွေမရှိ မျိုးမရှိလည်း ဖြစ်နေတယ်ဆိုတော့ မိသားစု သိုက်သိုက်ဝန်း ဝန်း ပြန်နေကြဖို့သင့်တယ်၊ လိုအပ်ရင် သားက ချက်ချင်း ကူညီနိုင်တာပေါ့။ နောက်ပို့ အကူအညီလိုရင် သားကို ခေါ်နေရတာက သိပ်အဆင်မပြေဘူး မဟုတ်လား။ ဒီတော့ မင်း ငါတို့နဲ့ပဲ လာနေသင့်တယ်"

ဟု မေမေ့ကို ပြောထားပါသည်။

မေမေကသာ ရှက်နေတာလား၊ ဘာလားမသိ။ ဘာမှ အကြောင်းမပြန်သေးတာပါ။ ဖေဖေကတော့ အခုဆို နေ့စဉ်လိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ပိတ်ပြီးတာနဲ့ ပြည့်လျှံနဲ့ အတူတူ မေမေ့ဆီ အမြဲတမ်း တစ်ခေါက်တော့ ဝင်ကြည့်ဖြစ်ပါသည်။

ပြည့်လျှံကိုလည်း ...

"မင်း ဒီပညာကို သိပ်ဝါသနာမပါရင် ဗန်ကောက်မှာ ကျောင်းသွားနေဖို့ကိစ္စကို ဖျက်လိုက်ပြီး တခြားပညာရပ်နဲ့ ပတ်သက် ပြီး စိတ်ဝင်စားတာ တစ်ခုခု ရွေးတက်ပါလား"

ဟူ၍ ထူးထူးခြားခြား အခွင့်အရေးတွေ ပေးပြီး ပြောလာပါသည်။ ပြည့်လျှံကသာ လက်မခံဘဲ ...

"ဒီပညာရပ်ကို ဝါသနာတော့ မပါပါဘူး။ ဒါပေမဲ့ ကိုယ့်မိဘနှစ်ပါးစလုံးက ဒီပညာနဲ့ ပွဲလယ်တင့်ခဲ့တာ ဆိုတော့ မိဘအမွေအနှစ်ပညာအဖြစ် တတ်အောင်တော့ သင်ပါ့မယ် ...

"ဒါပေမဲ့ ဖေဖေ သားကို အခွင့်အရေး တစ်ခုတော့ ပေးမလား မသိဘူး။ သား စီးပွားရေးလည်း လုပ်ချင်တယ်၊ သား လုပ်ချင်တာက စီးပွားရေး လုပ်ငန်းပဲ၊ အဲဒါ သိပ်လုပ်ကြည့်ချင်တယ်၊ ချမ်းသာ ချင်လို့တော့ မဟုတ်ဘူး။ စိတ်ဝင်စားလို့။ ဝါသနာပါလို့ပါ"





"မင်းက ဘာစီးပွားရေးလုပ်ချင်တာလဲ"

"စဉ်းစားမိတာတော့ မိဘကလည်း အလှပြင်ပညာတို့ ဒီဇိုင်နာတို့ အလုပ်တွေနဲ့ ရပ်တည်နေပြီး၊ သားကိုယ်တိုင်လည်း ဒါတွေ ဆက်လုပ်ဦးမယ် ဆိုတော့ ဒီလုပ်ငန်းနဲ့ ဆက်သွယ်တဲ့ စီးပွားရေးမျိုးပေါ့၊ ဥပမာ အလှကုန်ပစ္စည်းတွေ၊ ဆံပင်ပြင်တဲ့ပစ္စည်းတွေ၊ Body Beauty ကစားတဲ့ ကိရိယာတွေ၊ နိုင်ငံခြားက အင်္ကျီအဝတ်အစား မျိုးစုံတွေ တင်ရောင်းနိုင်တဲ့ စတိုးဆိုင်အကြီးကြီးပါ၊ ဒီဆိုင်နဲ့အတူတွဲဖွင့်ချင်တာမျိုးပေါ့"

"မင်းဟာက အရင်းအနှီးတော့ ကြီးမယ်၊ ဖေဖေ မလုပ်ပေးနိုင်လို့တော့ မဟုတ်ဘူး၊ လုပ်ကြည့်ရင်တော့ ရပါတယ်၊ အဆောက်အအုံတစ်ခုကို ငှား၊ အောက်ထပ်တစ်ထပ်လုံး စတိုးဆိုင်ကြီးလုပ်၊ အပေါ်ထပ်က အလှပြင်ဆိုင်ပေါ့၊ အဲဒါမျိုး မင်း လုပ်ချင်တာ မဟုတ်လား"

"ဖေဖေ သိနေသားပဲ"

"မင်း နိုင်နင်းရင် လုပ်ပေါ့၊ ဖေဖေကတော့ စီးပွားရေး အမြင်လည်း မရှိဘူး၊ စိတ်ရှုပ်လည်း မခံနိုင်ဘူး၊ ဝါသနာလည်း မပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ဆီက ခွင့်ပြုချက်ရလျှင် ပြည့်လျှံမှာ စိတ်ဓာတ်တွေ တက်ကြွလျက် စီမံကိန်းတွေပင် စဆွဲနေပြီ။ အဆက်အသွယ်တွေလည်း စလုပ်နေပြီ။ သူ့ဘက်က ဒီလိုကြိုးစားနေချိန်မှာ မျှင့်အဖေကြီးက သူနဲ့ဆိုရင်တော့ သူ့သမီးကို သဘောမတူနိုင်ပါဘူး ဘာညာဖြစ်နေရာ သူ့မှာ ဒီကိစ္စကလည်း တစ်မှောင့်ဖြစ်နေရပါသည်။

သူ ဖြစ်ချင်တာက စီးပွားရေးလုပ်ငန်းတွေမှာ အောင်မြင်အောင် လုပ်ပြီးမှ မျှင့်ကို ကောင်းကောင်းမွန်မွန် တောင်းယူလက်ထပ်ချင်တာပါ။

သို့ပေမဲ့ ဦးကျော်ငွေကတော့ ဘယ်လို အချိန်မှာပဲဖြစ်ဖြစ် မျှင်နဲ့ သူ့ကို သဘောမတူနိုင်ပါဘူး ဆိုနေတော့လည်း မျှင့်ကို သူများနဲ့ မပေးစားခင် သူ မြန်မြန်ခိုးပြေးမှပဲ ဖြစ်တော့မယ် မျှင်ရယ်။

တို့နှစ်ယောက် ပေါင်းကြရဖို့ ဒီတစ်နည်းပဲ ရှိတော့တယ် မျှင်ရယ်။





မျှင် ဆိုင်ကို ရောက်လာချိန်တွင် ပြည့်လျှံမှာ လူတစ်ယောက်ကို ဆံပင်ညှပ်ပေးနေလက်စ ဖြစ်နေသည်။

ဖုန်းလည်းမဆက်ဘဲ မျှင် ရောက်လာပေမဲ့ ပြည့်လျှံကတော့ ဆိုင်ဖွင့်ရက်တွေကို ဆိုင်မှာ အမြဲရှိနေသူမို့ မျှင် တွေ့ဖို့ သေချာမှန်း သူမဘာသာ ယုံကြည်လျက် ဆိုင်တံခါးကို တွန်းဖွင့်လာခဲ့သည်။

ပြည့်လျှံသည် မျှင့်ကို လှမ်းကြည့်ပြီး ...

"ခဏလေး ထိုင်စောင့်နော် မျှင်"

ဟု တစ်ခွန်းပြောလိုက်ပေမဲ့ ဒီလူက အခုမှ ဆံပင်စညှပ်ခါစ၊ ဆံပင်လည်း ပုံသွင်းဦးမှာ အခုခေတ် လူငယ်တွေကြား



www.burmeseclassic.com

www.burmeseclassic.com



မှာ ခေတ်စားနေတဲ့ ပါးမြိုင်းမွေးလုလု နှုတ်ခမ်းမွေးလုလုလေး တွေလည်း ပုံပော်ဦးမှာ စသဖြင့် အစီအစဉ်များကိုတွေးပြီး တော်ဝေ ကြာဦးမယ် ဆိုတာ သူ့ဘာသာ သိနေသည်။

မျှင် မျက်နှာလည်း မရွှင်လှဘူး။ ဘာပြဿနာများ ဖြစ်လာသလဲ မျှင်။ အဖေနဲ့ အဆင်မပြေဘူးလား။ ဒါမှမဟုတ် အဖေ မသိအောင် လာပြီး ခိုးတွေ့ရလို့ ထိတ်လန့်နေတာလား။ အရမ်းတွေ့ချင်ချိန်၊ အရမ်း စကားပြောချင်နေချိန် ခံစားချက်တွေ ရင်ဖွင့်နေချိန်မှာ ရောက်ရောက်ချင်း စကားတွေ ပြောခွင့်မရလို့ များ စိတ်ပျက်နေပြီလား။

မျှင်နဲ့ ပြည့်လျှံရဲ့ ရည်းစားဘဝကလည်း သိပ်ပြီး အပြင်မှာ ဆုံတွေ့ရချိန်၊ ကြည်နူးချိန်က သိပ်တောင် မရှိလိုက်ပါ။ ပြည့်လျှံလည်း အချိန်ပြည့် အလုပ်နဲ့ မအားမလပ် ဖြစ်နေခဲ့လေရာ ဖုန်းထဲမှာပဲ စကားပြောခဲ့ရတာ များပါသည်။

အခုလည်း ရည်းစားဖြစ်ရတာဖြင့် ဘာမှ မကြာသေး။ စကတည်းကိုက အဖေတွေက မတည့်ခဲ့ကြတာမို့ အခုလည်း ဒီပြဿနာနဲ့ ဆက်နွယ်ပြီး ကလေးချင်းကို သဘောမတူဘူး ဘာညာ ပြောလာလေပြီ။





မျှင်သည် ထိုင်နေရပေမဲ့ ပြည့်လျှံကိုပဲ မျက်ခြည် မပြတ် လိုက်ကြည့်နေကာ လူက ဂနာလည်းမငြိမ်။ ဖင်တကြွကြွ။ နာရီ တကြည့်ကြည့်၊ ဆိုင်ပြင်ဘက်ကို တကြည့်ကြည့် ဖြစ်နေ ပါသည်။ ဦးနေမင်းကလည်း သတိထားမိလာပြီး သားနဲ့ကောင်မ လေးတို့ ဘာပြဿနာများ ကြုံနေသလဲဟု တွေးမိပြီး သိချင်လာ သည်။

ပြည့်လျှံ၏ အလုပ်က မျှင် ရောက်ပြီး နာရီဝက် လောက်ကြာမှာပဲ ပြီးသွားတော့သည်။ ပြည့်လျှံသည် အလုပ်ပြီး ပြီးချင်း မျှင့် အနား သွားထိုင်လိုက်ပါသည်။

"မျှင် ကော်ဖီသောက်မလား"

"မျှင် စကားပြောဖို့ သိပ်တောင် အချိန်မရတော့ဘူး သားပြည့်ရယ်၊ ဖေဖေ မျှင့်ကို အခု အရမ်းချုပ်ချယ်ပြီး အပြင်သွားတာတွေ၊ ကျူရှင်၊ ဈေးသွားချင်တာတွေက အစ သူပဲ လိုက်ပို့ပေးနေတော့တာ။ မျှင် သူ အလုပ်ကိစ္စနဲ့ အပြင်ထွက်တုန်း သားပြည့်ဆီ ပြေးလာရတာယ်။ ဖေဖေက အပြင်လည်း သိပ်ကြာကြာ သွားမှာ မဟုတ်ဘူး။ မျှင် ခဏနေရင် ပြန်မှ ဖြစ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ အခုမှ အရမ်းပိုဆိုးလာတာလဲ"

"အဲဒါ မျှင် မသိဘူး။ မျှင့်ကို စေ့စပ်ပေးတော့မယ်လို့ မေမေ့ဆီက သိရတယ်၊ ဖေဖေက မျှင့်ကို ဘာမှ အသိမပေးဘူး၊ သူ့ဘာသာ ကျိတ်စီစဉ်နေတယ်"

"မျှင့် မေမေကရော ဘာမှ မတားဘူးလား"

"မေမေလား။ သားပြည့် မသိဘူးနော်၊ မေမေက သိပ်အေးတာ၊ တစ်သက်လုံး အိမ်ထဲမှာ ချက်ပြုတ်စားပြီး ယောကျ်ားစကားပဲ နားထောင်နေတတ်တဲ့သူမျိုး၊ အန်တီကြည်ဖြူလို မထက်ဘူး။ ဖေဖေ့စကားကိုလည်း အကျိုးသင့်အကြောင်းသင့် ဝင်ဆွေးနွေးတာကလွဲရင် သိပ်မကန့်ကွက်တတ်ဘူး။ သူ့ယောကျ်ား လုပ်ရာ မှန်တယ်ပဲ ယူဆတတ်တယ် ...

မိဘချင်း အထူးသဖြင့် အဖေတွေချင်း တည့်ရုံ မတည့်ဘဲ သမီးရယ်။ ဒီတော့ သမီး အဖေ စီစဉ်တာပဲ နာခံလိုက်ပါတဲ့၊ အဲဒါဆိုရင် သမီးတစ်သက်လုံး စိတ်ချမ်းသာရမယ်တဲ့၊ နောက်ဆုံးတော့ အဲဒီလေသံပဲ ထွက်လာပြီး မျှင့်ကို သူပါဝင်ပြီး နားချတော့တာပဲ"

"ဒါဆို အိမ်က ခိုးထွက်လာတော့ မျှင့်မေမေ သိသွားလား"





"အို ... မေမေလည်း ဘယ်သိပါ့မလဲ၊ သိရင် ဒီတောင် မရောက်လာဘူး၊ မေမေလည်း ဖေဖေ့ဘက်သား ဖြစ်နေပြီ၊ မျှင့်ဘက်မှာ မောင်မောင်းကလွဲရင် ဘယ်သူမှ မရှိဘူး"

"ငွေမောင်းကတော့ ကိုယ့်ကို ကြည်သေးတယ်ပေါ့"

"မောင်မောင်းက ဘယ်သူ့ဘက်မှကို မပါတာ။ ဒါပေမဲ့ အစ်မကို ကြောက်တော့ မျှင် ခိုင်းရင် လုပ်ပေးတဲ့သဘောပဲ၊ ပြန်လည်း မတိုင်ဘူး။ မတိုင်အောင်လည်း မျှင်က လာဘ်ထိုးရတယ်လေ"

ပြည့်လျှံသည် မျှင့်မျက်နှာလေး ညှိုးနေကာ ပြည့်လျှံကို အားကိုးတကြီး ပြောနေသည်ကို ကရုဏာသက်လျက် မျှင့်ကို အားပေးနှစ်သိမ့်စွာ ထွေးပွေ့လိုက်ချင်လာသည်။ သို့သော် ဆိုင်ထဲမှာမို့ မျှင့်ကို လက်ချောင်းထိပ်လေးတွေ ထိကိုင်ရုံက လွဲရင် မျက်လုံးတွေနဲ့သာ အားပေးနေရပါသည်။

"သားပြည့် ... အဲဒါ မျှင် ဘာလုပ်ရမလဲဟင်"

"ဘယ်တော့ စေ့စပ်ရမှာလဲ"

"နောက်အပတ်ထဲမှာလို့ ပြောတယ်၊ မျှင် လူတစ်ယောက်နဲ့ စေ့စပ်ထားရတယ် ဆိုတာကြီးကို မဖြစ်ချင်ဘူး။ မျှင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ညစ်တယ်၊ မျှင်က သားပြည့်အတွက် ဘာအစွန်းအထင်းမှ မရှိတဲ့ မိန်းကလေးပဲ ဖြစ်ချင်တယ်"

"ကိုယ်က အဲဒါတွေ ခေါင်းထဲ မထည့်ပါဘူး မျှင်ရယ်၊ မျှင့်ကို ကိုယ် တကယ်ချစ်တာပဲ၊ ဘာလို့ အဲဒီလို တွေးတော့မလဲ။ ဇေ့စပ်ပြီးသား မိန်းကလေးကို ယူရလည်း ကိုယ် ဘယ်လိုမှ စိတ်ထဲမှာ မခံစားရပါဘူး၊ မျှင်ရဲ့ အရင်ဦးဆုံး ချစ်သူဟာ ကိုယ်ပဲဆိုတာ သိနေတာပဲ။ ဒါပေမဲ့ မျှင် အဲဒီလူနဲ့ ဇေ့စပ်တဲ့အထိ မဖြစ်ချင်ရင်လဲ"

ပြည့်လျှံသည် ခေါင်းထဲမှာ နောက်ဆုံးပေါ်လာသည့် အဖြေကိုသာ ထုတ်ပြောလိုက်ရတော့လေသည်။ ဒီတစ်နည်းပဲ ဖြေရှင်းစရာ ရှိတော့တယ် မျှင်။

"ကိုယ့် မျှင့်ကို လာခိုးမယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ အခုပဲ ခိုးပြီး ထွက်ပြေးချင်တာ။ ဒါပေမဲ့ မလွယ်ဘူး၊ မျှင် သိတယ် မဟုတ်လား၊ ကိုယ့် ဘိုးတော်ကြီးကလဲ ကိုယ်တို့ကို Check နေတာကွာ၊ ကိုယ် မျှင်နဲ့ အပြင်ထွက် လိုက်သွားပြီး မျှင့်ကားပေါ် တက်လို့ မဖြစ်ဘူး။





ဖေဖေက ဘယ်သွားမလဲ မေးကိုမေးမှာလေ၊ ပြီးတော့ ကိုယ် မျှင့်ကို ခိုးပြေးရမှာမို့ ကိုယ့်ကားနဲ့ကိုယ်ပဲ သွားမှဖြစ်မယ်၊ တော်ကြာ မျှင့် အဖေကြီးက သူ့သမီးကိုရော သူ့ကားကိုရော ခိုးပါတယ်လို့ စွပ်စွဲမှ ကိုယ် ထောင်ကျနေဦးမယ်"

မျှင်က ဖေဖေ့ကိုလည်း မယုံရဲလေရာ သားပြည့်စကားအတွက် ဘာမှ စောဒက မတက်ဘဲ ယဲ့ယဲ့လေးသာ ပြုံးခဲ့ပါသည်။

"မျှင် နောက်နှစ်ရက်ကြာရင် ကိုယ် ည ၁၁နာရီကျော်လောက်ကစပြီး မျှင်တို့ ခြံနားမှာ ရောက်နေမယ်၊ မျှင် အဆင်ပြေတဲ့အချိန် ထွက်လာခဲ့ပါ၊ တစ်ညလုံးပဲဖြစ်ဖြစ် ကိုယ် စောင့်မယ်နော်"

"မျှင် ရင်တုန်တယ်၊ ကြောက်တယ် သားပြည့်ရယ်"

"နောက်နှစ်ရက်လို့ ဘာလို့ ချိန်းလဲဆိုတော့ ဒီနေ့ ကိုယ် လုံးဝ မအားဘူး မျှင်။ အလုပ်တွေ ဆက်တိုက်ပဲ။ ညထိ ရှိတယ်၊ ညဘက်ပွဲတစ်ခုမှာ သတို့သားရော သတို့သမီး အရန်တွေရော ကိုယ်တို့ဆိုင်က ပြင်ပေးဖို့ တာဝန်ယူပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတယ်၊ ဒါကြောင့် ကတိပေးပြီးမှ အလုပ်ကိစ္စကို မဖျက်ချင်ဘူး ...

"မနက်ဖြန်ကတော့ အားတယ်၊ ဒါပေမဲ့ မေမေ့ ကင်ဆာအတွက် ဆေးထပ်စစ်ဖို့ လုပ်ရမှာ၊ ကိုယ် လိုက်ပို့ပေးရမယ် မျှင်၊ ဆရာဝန်က ဒီတိုင်းစမ်းကြည့်တော့ ကင်ဆာအကျိတ် ထပ်တွေ့နေတယ်ထင်လို့ ဓာတ်မှန် ထပ်ရိုက်ကြည့်ရမယ် ...

"ဒါကြောင့် သန်ဘက်ခါ ညဘက်ကို ရွေးလိုက်တာပဲ၊ မျှင် နားလည်ပါနော်။ နောက်မို့ ကိုယ် ဒီနေ့ညပဲ ချက်ချင်းလာခိုးချင်ပါတယ်"

မျှင်သည် ပြည့်လျှံကို မျက်လုံးရွဲကြီးတွေဖြင့် ပြန်ကြည့်ပါသည်။

"မျှင် နားလည်ပါတယ်"

"ကျေးဇူးပဲ မျှင်ရယ်"

"မျှင် ပြန်မှ ဖြစ်တော့မယ်၊ ဖေဖေ ပြန်မရောက်ခင် မျှင် ပြန်မှ၊ မေမေ မေးရင် တစ်ခုခု လိမ်ပြောဖို့ ဘယ်လိုလိမ်ရမှန်းတောင် မသိဘူး"





"မျှင့် အမေ ယုံမှာ မဟုတ်ဘူး၊ ဒါပေမဲ့ တစ်ခုခုတော့ ပြောရမှာပေါ့"

"ကဲ ... မျှင် ပြန်ပြီနော်၊ မျှင် ရအောင် ထွက်လာခဲ့ပါ့မယ်၊ သားပြည့်သာ စိတ်ရှည်ရှည်နဲ့ စောင့်ပါနော်"

ပြည့်လျှံက ချစ်သူကို အားပေးသလို လက်ချောင်းလေးတွေကို ညှစ်လိုက်ရင်း ခေါင်းညိတ်ပြပါသည်။

"မျှင် မထွက်လာမချင်း မိုးလင်းတဲ့အထိ စောင့်မယ်။ မျှင် မှတ်ပုံတင် ယူလာခဲ့ဖို့ မမေ့နဲ့။ အဲဒါက အရေးကြီးတယ်၊ ဘာအဝတ်အစားမှ မသယ်နိုင်ရင်နေ ရတယ်။ အရေးကြီးတာက မျှင်ရဲ့ မှတ်ပုံတင်ကတ်ပြားရယ် သိလား"

ပြည့်လျှံ အထပ်ထပ် မှာသမျှကို မျှင် နားခံလျက် ဆိုင်တံခါးဝဆီ လျှောက်လာခဲ့လေသည်။ ဒီအချိန်ကစပြီး မျှင်ရော ပြည့်လျှံပါ ရင်ခုန်ပြီး စိတ်လှုပ်ရှားနေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... ကောင်မလေးကို ခိုးရမယ် ဟုတ်လား သားပြည့်။ ကြည့်ကျက်လည်း လုပ်ပါကွယ်၊ ကိုကျော်ငွေက သဘောမတူပါဘူး၊ ပြောထားတာ ရအောင် ခွဲနေပါဦးမယ်၊ အဲဒီအခါ သားပဲ ခံစားရမှာ။ မျှင်ကလေးကိုလည်း မေမေ ချစ်တော့ ချစ်ပါတယ်၊ သူလေးက ငါ့သားအပေါ် တကယ် ချစ်မှန်းလည်း မေမေ သိပါတယ်၊ ဒါပေမဲ့ သူ့အဖေ စိတ်ကို မယုံရဘူးလေ"





ပြည့်လျှံသည် မနေနိုင်၊ မထိုင်နိုင် မေမေ့ကို ပြောမိပြီးမှ သူ့ဘာသာ နှောင်တရနေပါသည်။ မေမေက စိုးရိမ်တကြီးတားမြစ်တော့မလို ပြောတာဖြစ်သည်။

"ဦးကျော်ငွေကတော့ သဘောမတူဘူး ပြောပေမဲ့ အကယ်၍ မျှင်က သားနဲ့ လိုက်လာပြီးရင်တော့ သူ့ဘက်သူ အရှက်ကွဲခံပြီး ပြန်ခွဲမှာ မဟုတ်ပါဘူး"

"အေးလေ၊ အဲဒီတစ်ခုတော့ ရှိတာပေါ့၊ သူ့မိန်းမ မွန်မွန်ကလည်း အေးလွန်းပြီး ယောက်ျားကို မှီခိုလွန်းပါတယ်၊ တကယ်ဆို သမီးကိစ္စ မအေပဲ စီစဉ်ရမှာ၊ ဖအေက ဝင်ပါနေတော့ မဟုတ်သေးပါဘူးလေ၊ ဒီကိစ္စ သားအဖေ သိပြီးပြီလား"

ပြည့်လျှံ ခေါင်းခါပါသည်။

"ဖေဖေ့ကို မပြောရဲဘူး မေမေ"

မေမေက ဒါကိုတော့ ထောက်ခံသလို ခေါင်းညိတ်လိုက်ရင်း ...

"ဟုတ်ပါ့ ကိုမာနနေမင်းကြီးကလည်း တစ်မျိုး။ အစတည်းက ကျော်ငွေ ဘာပြောပြော၊ ဘာလုပ်လုပ် သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



နှိမ်တယ်ချည်း ထင်နေတာဆိုတော့ သူ့သမီးနဲ့ သဘောမတူ ခံရတယ်ဆိုရင် ဆွေ့ဆွေ့ခုန်ပြီး၊ သူကလည်း သားပြည့်ကို တခြားမိန်းကလေးနဲ့ ကောက်ပေးစားပစ်လိုက်မဲ့လူမျိုး"

ပြည့်လျှံ ရယ်မောမိပါသည်။ မေမေပါ လိုက်ရယ် က် ပြည့်လျှံကို ငယ်ထိပ်လေးတစ်ချက်ဖိ အားပေးလိုက်သည်။

"အေးပေါ့လေ၊ သွားခိုးလည်း ကြည့်ကျက်သွားပေါ့၊ တော် ကြာ ဦးကျော်ငွေ ကြိုသိပြီး စောင့်ဖမ်းတာ ခံရဦးမယ်၊ ကောင်မလေးကို ခိုးပြီးရင် ဘယ်မှ သွားမနေနဲ့။ မေမေ့ ဆီပဲလာ။ မေမေ့ဆီမှာ နေတာ အလုံခြုံဆုံးပဲ။ ကိုကျော်ငွေ တစ်ခုခု လုပ်ရင်လည်း မေမေ ဝင်တောင်းပန် ပြောဆို ဖျောင်းဖျလို့ရတာပေါ့၊ ဟုတ်ပြီလား။ မေမေ့စကားကို သေသေချာချာ နားထောင်နော်"

မေမေ ဒီလိုပြောမှပဲ ပြည့်လျှံ ရင်ထဲက အလုံးကြီး ကာ စိတ်အေးရတော့လေသည်။

သူ့ဘက်မှာ မေမေတည်းဟူသော အားကိုးစရာတစ်ခု သရာ စိတ်အားတက်ရပါသည်။ လူဆိုတာ ဘယ်အရွယ်ပဲရောက် ာက် အခက်အခဲတွေ၊ ဒုက္ခတွေ ကြုံလာရင် ကူညီဖြေရှင်းပေး





သူဟာ ကိုယ့်မိဘနှစ်ပါး (ဒါမှမဟုတ်) ကိုယ့် မိဘနှစ်ပါးထဲက တစ်ဦးဦး ဖြစ်နေတဲ့အခါ တခြားလူဆီကရတဲ့ အကူအညီထက် ပိုပြီး ယုံကြည်စိတ်ချ အားကိုးမိတယ်ဆိုတာ တကယ်ပါပဲလား။ ပြည့်လျှံလည်း ဒီအရွယ်ကြီး ဖြစ်နေပေမဲ့ မေမေက အကူအညီ ပေးမယ် ဆိုတော့လည်း အားကိုးစိတ်တော့ ဖြစ်သွားခဲ့ပါသည်။

အဲဒီတစ်ရက်ပြီး နောက်တစ်ရက် ရောက်တော့ ပြည့်လျှံသည် ထိုနေ့တစ်နေကုန်ကို ဂနာမငြိမ်စွာပင် ဖြတ်သန်း ရသည်။

မနက်လင်းကတည်းက နာရီကိုပဲ တကြည့်ကြည့် လုပ်၊ ထလိုက်ထိုင်လိုက်၊ ကိုယ့်ဖေါက်သည် ဆံပင်ညှပ်သူလာရင် ဆံပင်ညှပ် ပြင်ဆင်ပေးရင်းနဲ့တောင် နာရီကို ကြည့်လိုကြည့်မိနဲ့။

ည ခုနစ်နာရီ ဆိုတဲ့ အချိန်ကို ရောက်ဖို့ဆိုတာ တကယ့် တကယ်တော့ တော်တော်ကြာကြာ ဖြတ်သန်းရတာပါ လား။ အချိန်တွေက ကုန်ပဲကုန်ခဲလှသလိုလို။ ဒီနေ့မှပဲ ဖေဖေက လည်း သူ့ကို ပိုပြီး တကြည့်ကြည့် လုပ်နေသလိုလို။ ပြည့်လျှံ မှာ သူ မောင်းနေကျ ရှူပါဆလွန်း နောက်ဖုံးထဲ အဝတ်အစား အိတ်တစ်ခု ခိုးထည့်ထားရာ ဖေဖေ မတော်တဆ မြင်သွားမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လိုကြောက်။ ဖေဖေ့မှာ သူ မောင်းနေကျ လိမိတက်လေး ရှိပြီး အလုပ်လာချိန်မှာတော့ တစ်ခါတစ်ရံ သားအဖ အတူတူ တစ်ယောက်ယောက်ရဲ့ကားကို ယူပြီး လာတတ်တာလည်း ရှိသည်။ တစ်ခါတစ်ရံတော့လည်း ကိုယ့်ကား ကိုယ်ယူပြီး ကိုယ်လာချင်တဲ့အချိန်ကျမှ အိမ်က ထွက်လာတာလည်း ရှိသည်။

ဆိုင်ဖွင့်ချိန် မနက်ကိုးနာရီမှာတော့ သူတို့ သားအဖ ရောက်ရောက်၊ မရောက်ရောက် ဆိုင်မှာ စောင့်အိပ်ပြီး၊ ညဘက် သန့်ရှင်းရေးလည်း လုပ်ရသော အစောင့်ကောင်လေးက ဖွင့်ထားတတ်ပါသည်။ ကျန်တဲ့ ဆိုင်ကဝန်ထမ်းတွေကတော့ ကိုးနာရီဆို ဆိုင်ကို ရောက်ရပါသည်။

ဒီနေ့တော့ ဖေဖေက သူ့ကားနဲ့သူ လာသဖြင့် အဲဒီ တစ်ခုမှာတော့ ပြည့်လျှံ စိတ်အေးသွားရပါသည်။ ညနေ ငါးနာရီ ဆိုင်ပိတ်လျှင် ဖေဖေက များသောအားဖြင့် ချက်ချင်း မပြန်သေးဘဲ ဆိုင်ကိစ္စတွေ ဆက်စစ်ဆေးတတ်စမြဲ။ ပြည့်လျှံက သာ လူငယ်ပီပီ အလုပ်ပြီးတာနဲ့ အိမ်တန်းပြန်တတ်ပါသည်။ ဒါကြောင့် ဒီနေ့တော့ ဖေဖေ အိမ်မပြန်ခင် ပြည့်လျှံ သူ့ကားနဲ့သူ အိမ်ပြန် ရေမိုးချိုး၊ စားသောက်ပြီးတာနဲ့ ချက်ချင်း အိမ်က





မြန်မြန်ပြန်ထွက်ရမည်။ ဖေဖေ ပြန်ရောက်မလာခင် ထွက်နိုင်လျှင် အကောင်းဆုံးဖြစ်သည်။ ဒါမှ သူ့ကို မမေးမစမ်းနိုင်မှာ။ ဖေဖေ သိအောင် စာတော့ ရေးပြမထားခဲ့တော့ပါ။ ပြည့်လျှံ ညဥ့်နက်လို့မှ အိမ်ပြန်မရောက်လာရင် ဖေဖေက မေမေ့ဆီတော့ ဖုန်းဆက်မေးမှာပဲ။ အဲဒီကျမှ သိရင်သိတော့ပေါ့။

ညနေ ငါးနာရီထိုးတာနဲ့ ပြည့်လျှံ ရင့်ထဲ ဒိန်းခနဲ အသံကျယ်ကြီး မြည်သွားသလို ခံစားရပါသည်။

ဖေဖေက ဆိုင်ပိတ်ပြီးလျှင် ...

"စာရင်းစစ်စရာရှိသေးတယ်၊ သား ပြန်ရင်ပြန်နှင့်"

ဟု ပြောနေကျအတိုင်း ပြောနေလျှင် ပြည့်လျှံက မဟုတ်တာ ခိုးလုပ်မည့်သူပီပီ ငါ့ကို ရိပ်မိလို့များ တမင်ပြောသလားဟု တွေးကြောက်နေသေးသည်။

"ညနေစာ ထမင်းပဲ ချက်ရင်ချက်ထားလိုက်၊ မနက်က ဘာဟင်းမှ မစီစဉ်ဖြစ်ခဲ့ဘူးဆိုတော့ ဖေဖေ အပြင်က ဟင်း ဝယ်လာခဲ့တော့မယ်။ တရုတ်စာပေါ့၊ ဖေဖေ လာမှပဲဝယ်လာမယ်၊ ဒါမှ ပူပူနွေးနွေး စားရအောင်၊ Microwave (မိုက်ခရိုဝေ့ဖ်)နဲ့ နွေးလို့ရပေမဲ့ မီးက စိတ်ချရဘာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ပျက်နေရင် ဘာမှ သုံးလို့မရဘူး။ ကဲ ... မင်း သွားရင်
သွားတော့”

“ဟုတ်ကဲ့ ဖေဖေ”

ဖေဖေ့ဆီက ခွင့်ပြုချက်ရတာနဲ့ ပြည့်လျှံဟာ ခေါင်းထဲက လွတ်လိုက်သော မြင်းတစ်ကောင်လိုပဲ။

အခုကျတော့လည်း အချိန်တွေက အကုန်မြန်လိုက်တာဟု ရေရွတ်ပြီး နာရီတကြည့်ကြည့်နဲ့ အိမ်ကို ကားပြန်မောင်း၊ ရေမိုးချိုး၊ ပြီးတော့ ချက်ချင်း အပြင်ပြန်ထွက်။ အဲဒီအချိန်မှာ ညနေ ခြောက်နာရီကျော်လေးပဲ ရှိပေမဲ့ ပြည့်လျှံက စိတ်စောပြီး၊ မျှင့် အိမ်ကြီးရှိတဲ့ လမ်းထဲကို မဝင်သေးဘဲ လမ်းမကျယ်ကြီးမှာ သွားကြို့ရပ်ပြီး စောင့်နေတော့လေသည်။

မျှင် တစ်ယောက်ကလည်း အိမ်မှာ ပြည့်လျှံ လိုပဲ အချိန်တွေကို ဖြတ်သန်းလွန်မြောက်လို့ကောင်းဆဲ။





မေမေ့ အခန်းတံခါးဘဲလ်ကို တီးလိုက်ချိန်တွင် မနက်သုံးနာရီ ကျော်နေလေပြီ။ မျှင်က စိတ်လှုပ်ရှားမှု ခုထိ မပျောက်သေး။ ပြည့်လျှံ လက်မောင်းကို အားကိုးတကြီး မှီတွဲရပ်နေပြီး၊ မေမေ့ကိုလည်း ရင်ဆိုင်ရမှာ ရွံ့လျက် ပြည့်လျှံ ပခုံးနောက်မှာ ခပ်ကွယ်ကွယ် ရပ်နေပါသည်။

ဘဲလ်နှိပ်သံ ကြားကြားချင်းပဲ မေမေ့ အခန်းတံခါးကြီးက ဖြုန်းခနဲ ပွင့်သွားပါသည်။ ဟင် ... ဖေဖေ။

ပြည့်လျှံ လန့်ပြီး နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိပါသည်။ ဖေဖေ့နောက်မှာ မေမေက ပေါ်လာပြီး ...

“သားပြည့် ... လာ အထဲဝင်”

ဟု လှမ်းခေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျှင်သည် ဖေဖေ့ကိုပါ ရင်ဆိုင်လိုက်ရတော့၊ ပိုပြီး အားငယ်သွားဟန်ဖြင့် ပြည့်လျှံ၏ လက်မောင်းတွေကို၊ ပို၍ တင်းကျပ်စွာ တွယ်ဖက်ထားတော့သည်။

"မင်း အဖေ ညကိုးနာရီတည်းက ရောက်ပြီး စောင့်နေ တယ်"

မေမေက တိုးတိုးကပ်ပြောသည်။ ဖေဖေက ခုထိ စကားမပြောသေး။ မျက်နှာတည်ကြီးနဲ့ သွားထိုင်နေသည်။

ပြည့်လျှံသည် ဖေဖေ့ကိုတော့ တောင်းပန်ဖို့သင့် သည်ဟု တွေးမိပြီး၊ ဖေဖေ ထိုင်နေသော ဆိုဖာဆက်တီရှေ့က ကြမ်းပြင်မှာ သွားထိုင်ချလိုက်ပါသည်။ မျှင်ကလည်း မီးရထားတွဲ လေးလိုပဲ ခေါင်းတွဲသွားရာနောက် ပါသကဲ့သို့၊ တတန်းတန်း ပါလာပြီး ပြည့်လျှံ ထိုင်သလို လိုက်ထိုင်ပါသည်။

"ဖေဖေ သားကို စိတ်ဆိုးရင်ဆိုးပါ၊ ခွင့်မလွှတ်ချင်လည်း ခွင့်မလွှတ်ပါနဲ့၊ သား အမှားတော့ မလုပ်ပေမဲ့ ဖေဖေ မကြိုက်တာကို လုပ်ခဲ့မိတဲ့အတွက် တောင်းပန်ပါတယ် သား မျှင့်ကို သိပ်ချစ်လို့ မခွဲနိုင်လို့ ခိုးပြေးလာတာပါ"

"ကျော်ငွေက သဘောမတူဘူးကွ"





မျှင်သည် သူမ ဖေဖေ နာမည်ကို ကြားရလျှင် တုန်ခိုက်သွားပြီး၊ မျက်ရည်တွေ တစ်ပေါက်ပေါက် ကျလာလေ သည်။

"မငိုနဲ့ သမီး။ မငိုပါနဲ့။ ဦးနေမင်းက သမီးကို အော်တာ မဟုတ်ပါဘူး"

"မျှင်က ... မျှင်က ... သားပြည့်ကို မခွဲနိုင်လို့ပါရှင်။ မျှင်တို့ ပေါင်းရဖို့က ဒီတစ်နည်းပဲ ရှိတော့တာမို့ မျှင် သားပြည့် နောက်ကို လိုက်လာတာပါ၊ မျှင့်ကို ခွင့်လွှတ်ပါ"

"ကလေးတွေ ကိစ္စကို ငါ ဘာမှ အပြစ်မပြောဘူး။ အေး ဒါပေမဲ့ ကျော်ငွေ ရောက်လာရင်သာ ဖြစ်အောင် ဖြေရှင်း ကြ။ ငါ သူနဲ့စကားမပြောပေးနိုင်ဘူး။ မကြည်ဖြူ ... မင်း လည်း ကိုယ့်ရောဂါကြီး တစ်ဖက်နဲ့ တယ်စိတ်ရှုပ်ခံရတာပဲ၊ တကယ်ဆို သူတို့ဘာသာ ခိုးပြေးပြီး ဘယ်ရောက်ရောက် လွှတ်ပေးလိုက်ရမှာကို။ အခုတော့ လက်ခံထားတယ်။ အေး... လက်ခံထားရင် ပြဿနာက မင်းခေါင်းပေါ် ရောက် လာပြီပဲမှတ်"

"သားတို့ကို ကျွန်မ စိတ်မချလို့ပါ ကိုနေမင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာပဲ ဒေါ်ကြည်ဖြူ အိမ်ခန်းမှ ဖုန်းမြည်လာပါသည်။ မနက်သုံးနာရီကျော်မှာ လာသော ဖုန်းကို သူတို့အားလုံး စိတ်လှုပ်ရှား တုန်လှုပ်စွာပင် လှမ်းကြည့်နေမိကြသည်။

ဦးနေမင်း ထသွားပါသည်။ Cordless ဖုန်းကို ကောက်ကိုင်လိုက်၏။

"ဟဲလို"

"နေမင်းလား"

"ဟုတ်တယ်"

"ငါ လောလောဆယ် ရာတွေ့တာ၊ မကြည်ဖြူ ဖုန်းနံပါတ် ဖြစ်နေလို့ ဆက်လိုက်တာပဲ"

"ဘာကိစ္စလဲ"

"ငါ့သမီး ငွေချည်မျှင်ကို မင်း့သား ခိုးပြေးသွားတယ်၊ အဲဒါ ငါ စုံစမ်းချင်လို့ပဲ"

"ဟုတ်တယ်"

"မင်း သိတယ်လား"

"သိတာပေါ့၊ ဒါကြောင့် ငါ ဒီမှာ လာစောင့်နေတာပဲ"





"အေး ... ငါကတော့ ငါ့သမီးလေး ငယ်လည်းငယ်သေးတော့၊ အိမ်ထောင်ချမပစ်ရက်ဘူးလို့တောင် တွေးနေတာ။ ခုတော့ သူက ငါသဘောမတူတဲ့လူကို ယူဖို့ မိဘကိုတောင် ပုန်ကန်ပြီး ထွက်သွားရဲတယ်၊ တောက် ..."

"သမီးမိုက်။ ငါ မရရအောင် ခွဲပစ်မယ်၊ ဖအေက တော့ ချစ်လွန်းလို့ အလိုလိုက် လိုက်ရတာ"

"နေစမ်းပါဦး၊ မင်းက ငါ့သားနဲ့ သဘောမတူပါဘူး ပြောရအောင် ငါ့သားက ဘာဖြစ်နေလို့လဲ။ ကလေကချေမို့လို့ ဆေးသမား အရက်သမား ပညာမတတ်တဲ့ ကောင်မို့လို့ မင်းသဘောမတူဘူး အော်နေရင် ငါ ခံနိုင်ပါတယ်။ အခုတော့ မင်းက ငါ့သား အလုပ်နဲ့အကိုင်နဲ့၊ ပညာလည်းတတ်ရဲ့နဲ့ သဘောမတူပါဘူးဆိုတော့ ဘာသဘောလဲကွ၊ လူလူချင်း သဘောမတူရအောင်"

"ဟော့ကောင် ငါ့သမီးအတွက် လက်တွဲသင့်တဲ့ အဖော်ဟာ မင်း့သားထက် သာရမယ်၊ စီးပွားရှာနိုင်ရမယ် ဒါပဲ။ ငါက သာမန်လူနဲ့တော့ ဒီအတိုင်းကြီး ဖွတ်မိုက် သဘောမတူနိုင်ဘူး ..."



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သမီးကွ၊ ငါ့သမီး။ ကျော်ငွေ့သမီး။ ကျော်ငွေ သမီးဟာ ဘာမဟုတ်တဲ့ သာမန်ကာလျှံကာ အလုပ်လုပ် စားတဲ့ ယောကျ်ားမျိုးနဲ့ မထိုက်တန်ဘူး"

"အေး ... မင်းကသာ မထိုက်တန်ဘူးပြောနေ။ မင်းသမီး က အခု ငါ့သားနောက်တောင် ကောက်ကောက်ပါလာပြီ။ ကြည်ဖြူ အိမ်ပေါ်တောင် စိတ်ချလက်ချ ခြေချနေပြီ၊ ကဲ... မင်း ဘာပြောနိုင်သေးလဲ"

"ဘာကွ ... ဘာ ... ဘာ"

"ငွေချည်မျှင်ဟာ ငါတို့ ပိုင်နက်ထဲ ရောက်နေပြီ။ အဲဒါဟာ ဒီလူနဲ့ ဒီလူ ထိုက်တန်လို့ပေါ့။ မထိုက်တန်ရင် သူဟာ ဘာအကြောင်းနဲ့မှ ဒီဘက်ပိုင်နက်ထဲကို ရောက်လာစရာ အကြောင်း မရှိဘူး"

"ဒါပေမဲ့ သူ ဘယ်ပဲရောက်ရောက် ငါ့သမီးပဲ၊ ငါ ပိုင် တယ်၊ ငါ ပြန်လာခေါ်မယ်"

"မင်း ခေါ်ချင်တိုင်းခေါ်လို့ ရမယ် ထင်လား၊ ငါ မင်းကို တံခါးဖွင့်ပေးမှ မင်း ဒီအိမ်ထဲရောက်မှာ ကျော်ငွေ၊ အဲဒါ ကို စဉ်းစားပါဦး"





"ဪ ဒီလိုလား၊ ဒါဆိုလည်း ငါက သက်ဆိုင်ရာ လူကြီးတွေ ခေါ်လာပြီး တံခါးဖွင့် ရှာခိုင်းရုံပေါ့။ မင်း့ သားနဲ့ ငါ့သမီး ခုလေးတင် ခိုးပြေးသွားတာပါ၊ သူတို့မှာ ဘာစာချုပ်စာတမ်းမှ မရှိဘူး။ ဘာမှ တရားမဝင်သေးဘူး။ ဒီတော့ ငါ့သမီးကို ငါ ပိုင်သေးတယ်၊ ငါ ပြန်ခေါ်ခွင့် ရှိတယ်၊ လက်ခံထားတဲ့ လူအုပ်စုကိုတောင် သွေးဆောင် ဖြားယောင်းမှု၊ ပြန်ပေးဆွဲမှုတွေနဲ့ တရားစွဲလို့ ရတယ်ကွ၊ ကျော်ငွေကွ၊ ကျော်ငွေ။ ဘာမဆို ဖြစ်အောင် လုပ်လို့ရတယ် ဆိုတာ မင်း သိထားပါ နေမင်း"

ဦးနေမင်း တွေဝေသွားပါသည်။ ဖုန်းထဲက စကား အနိုင်လုနေခဲ့သော်လည်း သူ့စိတ်ထဲမှာ ကျော်ငွေ တကယ် လာခဲ့ မှာကို စိုးရိမ်နေခဲ့ပါသည်။

သားတို့ကို ကြည့်လိုက်တော့ မျက်နှာငယ်လေး တွေနဲ့နော်။ ခုပဲ ထပြီးထွက်ပြေးတော့မလို ဖြစ်နေတာ။ ဒေါ်ကြည်ဖြူ ကပဲ စိတ်ရှုပ်လျက် မျက်နှာအိုကျလျက် ဦးနေမင်းဆီ စိုးရိမ် တကြီး လှမ်းကြည့်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှ ဖုန်းချသွားသံ ကြားလိုက်မှ ဦးနေမင်း လှုပ်လှုပ်ရှားရှား ဖြစ်သွားပါသည်။ သူ့ဆီက ဘာတုံ့ပြန်သံမှ မရတော့သောအခါမှာ ဦးကျော်ငွေ သူ့ဘာသာ ဖုန်းချပြီး ဒီကို ထွက်လာဖို့ ဆုံးဖြတ်လိုက်ပြီထင်သည်။

ဘယ်လို လုပ်ရပါ့မလဲ၊ သားတို့ကို တစ်နေရာရာ ထွက်သွားခိုင်းရမလား။ ဒါမှမဟုတ် ဒီအတိုင်း ရင်ဆိုင်ခိုင်းရမလား။ ကျော်ငွေ့ကိုပဲ ဖျောင်းဖျပြောဆို နားချရမလား။

တကယ်ဆို ဒီမှာ ရှိတယ်ဆိုတာ မပြောလိုက်သင့်ဘူး။ စကားနိုင်လုရင်းက လွှတ်ခနဲ ထွက်သွားတာ၊ မထူးတော့ပါဘူးလေဆိုပြီး ဆက်ပြောနေရတာ။ အမှန်တော့ သူ မသိတာကို မသိအောင် နေရမှာ၊ ငါကိုက မှားသွားတာပါ။

ဦးနေမင်း မျက်နှာမသာမယာဖြင့် ဒီဘက် ပြန်လှည့်လာလျှင် ဒေါ်ကြည်ဖြူက အရင်စမေးပါသည်။

"ကိုကျော်ငွေက ဘာတဲ့လဲ"

"သူ ... သူ ... အိမ်က ထွက်လာလောက်ပြီ"

"ဟင်"

"ဒီကိုလာလိမ့်မယ်"





မှျင်သည် ဝမ်းပန်းတနည်းဖြင့် ...

"မှျင့်ကို လာခေါ်ပြီလား၊ မှျင် ပြန်မလိုက်ချင်ဘူး။ မှျင် သားပြည့်ကို ချစ်လွန်းလို့ သူ့နောက်ကို မျက်စိမှိတ်လိုက်လာရတာပါ အန်ကယ်လ်ရယ်"

ဟု ငိုကြီးချက်မဖြင့် ပြောလိုက်ပါသည်။

"ဟာ ... ဒီလိုနေလို့ ဘယ်ဖြစ်မလဲ၊ လာ ... လာ ... အခုထွက်ပြေးရင် လွတ်သေးတယ် မှျင်။ လာ ... သွားရအောင်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သားတို့ သွားတော့။ ကိုကျော်ငွေလာရင် မေမေ ပြောလိုက်မယ်၊ ကလေးတွေ ကြောက်ပြီး ထွက်ပြေးသွားပြီလို့ ပြောလိုက်ပါ့မယ်"

ဒေါ်ကြည်ဖြူ ဦးနေမင်းကိုလည်း အပြစ်တင်လိုဟန် ကြည့်ကာ ...

"ကိုနေမင်းကလည်းလေ ဒီမှာ ရှိတာကို ဘာလို့ ပြောလိုက်ရတာလဲရှင်။ ခက်တော့တာပဲ။ သားတို့က ဒီလောက် တောင်းပန်ရက်ကြားက ရှင်ကပါ စိတ်ကြီးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမင်းသည် သူ့ခေါင်းထဲမှာ ကျော်ငွေကို နိုင်အောင်ဘယ်လို ပြန်ပြောရမလဲဟဲ တွေးနေရာ ဒေါ်ကြည်ဖြူ စကားကို မတုံ့ပြန်အားပါ။

"ကဲ ... သားတို့ သွားတော့၊ သားပြည့် ရော့ ... ရော့၊ ပိုက်ဆံယူသွားဦး"

မေမေက ပိုက်ဆံတစ်ထပ် ထုတ်ပေးရာ ပြည့်လျှံ လှမ်းယူလိုက်စဉ်မှာ ဦးနေမင်းက ...

"နေဦး ငါ ပြောစရာရှိတယ်"

ဟု အသံအကြာကြီး တိတ်နေရာမှ စကားစလိုက်ပါသည်။

"သမီး ငွေချည်မျှင်၊ သမီးတို့ ဒီလို လျှောက်ပြေးနေရတာလဲ၊ စိတ်ပင်ပန်းတယ်၊ အဆင်လည်း မပြေဘူး။ ဒီတော့ သမီးအဖေ သမီးတို့ကို လုံးဝ မခွဲနိုင်အောင် တစ်ခုခု ပြောပေးလို့ရမလား"

မျှင် မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ် လုပ်ပြီး နားထောင်ပါသည်။ ပြည့်လျှံက မျှင့်ကို အားပေးသလို လက်ကလေး ဖျစ်ညှစ်လိုက်၏။





"ဘာ ... ဘာများလဲ အန်ကယ်လ်၊ ဘာပြောပေးရမှာလဲ။ ဘယ်လိုစကားမျိုးက ဖေဖေ မျှင်တို့ကို လုံးဝမခွဲတော့အောင် ပြောလို့ရမှာလဲ"

ဦးနေမင်းက အနိုင်ရသူတစ်ယောက်လိုပဲ ပြုံးနေပါသည်။ သူ အကြံပေးလိုက်သော စကားတစ်ခွန်းကို သူ့ဘာသာ ကျေနပ်လို့မဆုံးဖြစ်နေသည်။

ပြည့်လျှံ၊ မျှင်နှင့် ဒေါ်ကြည်ဖြူတို့ကတော့ ဦးနေမင်းခေါင်းထဲက ထွက်လာသော အကြံကို အံ့ဩလျက် ငေးကြောင်ကြည့်နေကြပါသည်။

မျှင်က ဆုံးဖြတ်ရခက်သလိုမျိုး တွေဝေနေစဉ်မှာ တံခါးဘဲလ်သံအကျယ်ကြီးက သူတို့ရဲ့ တိတ်ဆိတ်မှုကို နှောင့်ယှက်ဖျက်ဆီး တပ်လှန့်လိုက်တော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ငွေသည် ငွေချည်မျှင် စကားတစ်ခွန်းကြောင့် 'ဘာ'ခနဲ တစ်ခွန်းသာ အော်လိုက်နိုင်တော့သည်။ သူ့မျက်နှာပြင်သည် အရှက်ကြီး ရှက်သွားသော လူတစ်ယောက် ပီသစွာ နီမြန်းအေးခဲနေခဲ့သည်။

"တယ် ... ငါရိုက်လိုက်ရ၊ မိုက်လိုက်တဲ့ သမီး၊ ခွေးမနင့်ကို မွေးရလို့ ငါပါ ခွေးဖြစ်တဲ့သဘောပဲ"

ဦးကျော်ငွေသည် လက်သာရှယ်သော်လည်း တကယ်တော့ သူဟာ သမီးကို ချစ်လွန်းသူမို့ မျက်နှာလေး အသင့်မော့ပြီး အရိုက်ခံရန် အဆင်သင့်နေပေးနေသည်ကို မြင်လျှင် ဘယ်လိုမှ မရိုက်ရက်တော့ပေ။ ငယ်ငယ်လေးတည်းက လက်ဖျားနဲ့တောင် မတို့ရက်ခဲ့တဲ့ သမီး။ မအေရိုက်ရင်တောင် စိတ်တိုပြီး၊ သမီးဘက်က





ဝင်ပါတဲ့ ဖအေတစ်ယောက်ပီပီ ဒီသမီးကို အသားနာအောင် ဘယ်ရိုက်ရက်ပါ့မလဲ။ သမီး ဘယ်လောက် အမှားလုပ်လုပ် ရိုက်နက်ပြီးတော့ မဆုံးမရက်တော့ပါ။

ဦးကျော်ငွေသည် ဦးနေမင်း၏ အနိုင်ရဟန်ဖြင့် မထိတထိ ပြုံးနေသော မျက်နှာကို တစ်ချက်စိုက်ကြည့်ကာ၊ ထိုအိမ်မှ ချာခနဲ လှည့်ထွက်လိုက်ပါသည်။

အိမ်ခန်းတံခါးဝမှာ ရပ်လိုက်ပြီးမှ နောက်ကို ပြန်မလှည့်ကြည့်တော့ဘဲ ...

"အေး ... ကောင်းပြီ။ ဒါဆိုလည်း မနက်ဖြန်ကျရင် ငါ့သမီးကို ပြန်လာအပ်ပါ၊ ငါကိုယ်တိုင် တရားသူကြီး ခေါ်ထားပေးမယ်၊ ငါ့ရှေ့မှာပဲ လက်မှတ်ထိုးပြီး လက်ထပ်ကြ"

ဟု ပြောလိုက်ပြီးတာနဲ့ သူ့ခြေလှမ်းတွေ တစ်လှမ်းချင်း လှေကားထစ်များကို နင်း၍ စိတ်ဓာတ်ကျစွာ ဆင်းလာခဲ့တော့လေသည်။

တောက် ... အဲဒါပြောတာပေါ့။ သမီး မွေးရတာကိုယ့်ဘက်က ရှုံးတာချည်းပဲ။ ဦးကျော်ငွေသည် မျက်နှာငယ်လေးနဲ့ "ဖေဖေ"ဟု ပြေးဖက်ကာ ပြောလိုက်သော သမီးရဲ့စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ကြားယောင်မိကာ ဘယ်သူ့ကို သတ်ပစ်ချင်မှန်းမသိ၊ ဘယ်သူ့ကို ဒေါသဖြစ်ရမှန်း မသိ။

ရှက်ကလည်းရှက်။ ဒေါသကလည်းထွက်။ ဒီ,တစ်သက် ငါဟာ နေမင်းကို ဘယ်လိုမှ ပြန်အနိုင်ယူလို့ မရတော့ဘူး။

"သမီးမှာ ကိုယ်ဝန်ရှိနေပြီ"ဆိုတဲ့ စကားက ကြည့်စမ်း ... ဘယ်လောက် ရှက်စရာကောင်းလိုက်တဲ့ အရှုံးလဲ။










www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦး မဝေးကြရဖို့ဆိုရင် သစ္စာတွေရှိဖို့ လိုတယ်။
နားလည်မှုတွေလည်း လိုအပ်တယ်။
စိတ်ချင်း ညီဖို့လည်း အရေးကြီးတယ်။
ဒါပေမဲ့ ...
အရေးကြီးဆုံးကတော့ ...
စစ်မှန်နက်ရှိုင်းတဲ့ နှလုံးသားထဲက
ချစ်ခြင်းမေတ္တာတစ်ခု ခိုင်ခိုင်မာမာ တည်ရှိနေဖို့ပေါ့။
မဝေးကြရဖို့ ...
အချစ်ရှိမှ ဖြစ်မယ်နော်။

(နေမင်းပြည့်လျှံ နဲ့ ငွေချည်မျှင်)

ရှင်မိုး
(ဆေးတက္ကသိုလ်)
4th Nov, Saturday
2003.



BURMESE CLASSIC .com

www.burmeseclassic.com